the bookhouse
we bring your future

ဟိန်းလတ်
ပြုစုသည်။




# ကင်မ်ဂျုံအီ (သို့မဟုတ်) မြောက်ကိုရီးယား၏ ချစ်လှစွာသောခေါင်းဆောင်ကြီး

the bookhouse
we bring your future

# စုစည်းမှု

| | |
|---|---|
| အမှာစာ | ၁ |
| **အခန်း ၁** မဟာခေါင်းဆောင်ကြီး ကင်မ်အီဆွန်း | ၂၈ |
| **အခန်း ၂** ကိုရီးယားစစ် | ၃၈ |
| **အခန်း ၃** ခေါင်းဆောင်တစ်ဦးပေါ်ထွန်းလာခြင်း | ၄၆ |
| **အခန်း ၄** ကင်မ်ဂျုံအီ၏ငယ်ဘဝ | ၆၀ |
| **အခန်း ၅** ပါဝါသို့ဦးတည်လာသောခြေလှမ်းများ | ၇၈ |
| **အခန်း ၆** မျိုးဆက်တစ်ခုမှ မျိုးဆက်တစ်ခုသို့ | ၉၂ |
| **အခန်း ၇** လမ်းညွှန်မှု ရောင်ခြည်တန်းများ | ၁၀၀ |
| **အခန်း ၈** ထမင်းဘူးထဲမှ ဓါးသီးသနပ်တစ်ဖတ် | ၁၀၈ |
| **အခန်း ၉** နှစ်ဆယ့်တစ်ရာစု၏ နေမင်း | ၁၁၆ |
| **အခန်း ၁၀** ခေါင်းဆောင်ဆက်ခံမှု အလားအလာ | ၁၃၄ |
| **အခန်း ၁၁** ကေပီအေ - ကိုရီးယားပြည်သူ့တပ်မတော် | ၁၄၂ |
| **အခန်း ၁၂** ခေါင်းဆောင်သစ်အလွဲအပြောင်း | ၁၅၂ |
| **အခန်း ၁၃** မြောက်ကိုရီးယားစစ်အင်အားကြီးထွားလာပုံ | ၁၆၂ |
| **အခန်း ၁၄** မြောက်ကိုရီးယားထူထောင်ခြင်း | ၁၇၀ |
| **အခန်း ၁၅** မြောက်ကိုရီးယားလုံခြုံရေးအစီအစဉ်များ | ၁၇၆ |
| **အခန်း ၁၆** ချူကလီးယားအရှင်သခင် | ၁၈၆ |
| **အခန်း ၁၇** ကုလသမဂ္ဂနှင့်မြောက်ကိုရီးယား | ၁၉၆ |
| **အခန်း ၁၈** ကင်မ်ဒေးဂျုံနှင့်တောင်ကိုရီးယားလမ်းစဉ် | ၂၀၂ |
| **အခန်း ၁၉** ကင်မ်ဂျုံအီ၏ ချူကလီးယားဂိမ်းနှင့် ရှေ့အနာဂတ်အလားအလာ | ၂၁၄ |

**နောက်ဆက်တွဲ (က)**

| | |
|---|---|
| ကင်မ်ဂျုံအီအကြောင်း ဝီကီပီဒီးယားမှ ဘာသာပြန်ဆိုချက် | ၂၂၂ |

**နောက်ဆက်တွဲ (ခ)**

| | |
|---|---|
| ကင်မ်အီဆွန်းကိုးယားပန်းသည် ---- ထာဝရပန်းဖြစ်သည် | ၂၃၃ |

**နောက်ဆက်တွဲ (ဂ)**

| | |
|---|---|
| ရည်ညွှန်းစာအုပ်များ | ၂၄၀ |



ဖခင် ကင်မ်အီဆွန်း၊
မိခင် ကင်မ်ဂျုံဆွတ်နှင့်
ကင်မ်ဂျုံအီ




ဖခင် ကင်မ်အီဆွန်း၊ မိခင် ကင်မ်ဂျုံဆွတ်နှင့်
ကင်မ်ဂျုံအီတို့ တော်လှန်ရေးကာလကပုံ



မိခင် ကင်မ်ဂျုံဆွတ်နှင့် ကလေးများ။
မိခင်အနီးမှ ကလေးငယ်မှာ ကင်မ်ဂျုံအီ



ကင်မ်အီဆွန်း၊
ကင်မ်ဂျုအီနှင့်
သူ့ညီမငယ်






ကင်မ်ဂျုံအီ တက္ကသိုလ်ကျောင်းသားဘဝ



ပါတီဗဟိုကော်မတီတွင်
စတင်တာဝန်ထမ်းဆောင်စဉ်



"သွေးပင်လယ်" တော်လှန်ရေးအော်ပရာကို
လမ်းညွှန်နေစဉ်



မဟာဆမ်ဂျီယွန်ရုပ်တုတော်ကို
စစ်ဆေးနေစဥ်
(၂၂-၃-၁၉၇၉)



ပါတီဗဟိုကော်မတီအတွက်
စာတမ်းများ ပြင်ဆင်နေပုံ



ပါတီပြန်ကြားရေးဝန်ထမ်းများ
အမျိုးသားလေ့ကျင့်ရေးသင်တန်း
နှီးနှောဖလှယ်ပွဲတွင် မိန့်ခွန်းပြောကြားနေပုံ
(၁၉-၂-၁၉၇၄)



ကင်မ်အီဆွန်းနှင့်အတူ
ပါတီညီလာခံဖွင့်ပွဲတစ်ခုတွင်
အတူတက်ရောက်နေပုံ
(၁-၇-၁၉၈၉)

# ကင်မ်ဂျုံအီ
# (သို့မဟုတ်)
# မြောက်ကိုရီးယား၏ ချစ်လှစွာသောခေါင်းဆောင်ကြီး

## အမှာစာ

ကျွန်တော်ဘွဲ့ရပြီးကာစ ၁၉၇၀ ပိုင်းတွင် မိုးဝေစာပေ မဂ္ဂဇင်း၌ ဆောင်းပါးများ၊ ဝတ္ထုများဆက်တိုက်ရေးဖြစ်လာသည်။ ထို့နောက် ရှုမဝမဂ္ဂဇင်းတွင်ပါ ဖြန့်ကျက်ရေးဖြစ်လာသောအခါ စာပေရောင်းရင်း အပေါင်းအသင်းတွေ အတော်များများတိုးလာ၏။ ကျွန်တော်တို့ ကျက်စားရာနေရာများမှာ မင်္ဂလာတောင်ညွန့်ရှိ မိုးဝေမဂ္ဂဇင်းတိုက်၊ ဆင်း၁၀စ်လမ်းရှိ ရှုမဝမဂ္ဂဇင်းတိုက်၊ ကျောက်မြောင်း ဓမ္မဝိဟာရလမ်းရှိ မေတ္တာမိုးပုံနှိပ်တိုက်တို့ဖြစ်သည်။ မေတ္တာမိုးပုံနှိပ်တိုက်မှ အစ်ကိုကြီး ဦးစိုးနိုင်၊ အစ်မကြီး ဒေါ်ခင်စီတို့ အိမ်မှာ ကျွန်တော်တို့အတွက် စားအိမ်သောက်အိမ်လိုဖြစ်နေပြီး ကျွန်တော်တို့ စာပေသမားအုပ်စု အမြဲပင် စုတည်းချကြရာ ရိပ်မြုံဖြစ်လာသည်။

ရှုမဝ မောင်မြင့်မြတ်၊ ဆရာတက္ကသိုလ်မင်းမော်၊ ဆရာငြိမ်းကျော်၊ ဆရာဇော်ဇော်အောင်၊ ဆရာတက္ကသိုလ်ဝင်းမွန်၊ ကိုစိုးမင်းဦး၊ ကိုစိန်မျိုးမြင့်၊ ဒဂုန်မဂ္ဂဇင်းမှ

the bookhouse



ကိုမြတ်သစ် စသူတို့နှင့် အမြဲဝိုင်းဖွဲ့ ဖြစ်ကြ၏။ မေတ္တာမိုးပုံနှိပ်တိုက်တွင် အရိုက်များသည်က 'ကင်မ်အီဆွန်း' စာအုပ်မျိုးစုံဖြစ်သည်။ မြောက်ကိုရီးယားသံရုံးက 'ကင်မ်အီဆွန်' စာအုပ်မျိုးစုံကို ဤပုံနှိပ်တိုက်တွင် ရိုက်သည်။ ထို့ကြောင့် ထိုစာအုပ်တွေကို လက်ဆောင်ရသဖြင့် ကျွန်တော်အများဆုံးဖတ်ဖြစ်သည်။ ထိုအချိန်မှစ၍ ခေါင်းဆောင်ကြီး 'ကင်မ်အီဆွန်း' ကို အထင်ကြီးလေးစားစိတ်အမြစ် တွယ်ခဲ့သည်။ ထိုမှတစ်ဆင့် 'ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ' အကြောင်း စိတ်ဝင်တစား လေ့လာဖတ်ရှုမိသည်။ 'ကင်မ်အီဆွန်း' ကွယ်လွန်ပြီးလျှင် မြောက်ကိုရီးယားဘယ်လိုဖြစ်လာမည်ကို ခန့်မှန်းမိသည်။ 'ကင်မ်အီဆွန်း'၏ အရိုက်အရာကို ဆက်ခံမည့်သူ မည်သူဖြစ်မည်ကိုပါ နိုင်ငံတကာရေးရာလေ့လာသူများ စိတ်ဝင်စားသကဲ့သို့ ကျွန်တော် လည်းစိတ်ဝင်စားမိ၏။

ဤတွင် 'ကင်မ်အီဆွန်း' ၏သားဖြစ်သူ 'ကင်မ်ဂျုံအီ' ၏အကြောင်းကို မလေ့လာမဖြစ် လေ့လာမိလာသည်။ ပထမဆုံး 'ကင်မ်ဂျုံအီ' အကြောင်းရှာတွေ့မိတာကတော့ အနောက်နိုင်ငံထုတ် Time မဂ္ဂဇင်း၊ Newsweek မဂ္ဂဇင်းများမှတစ်ဆင့်ဖြစ်သည်။ သူတို့၏ ရေးသားချက်အများစုသည် 'ကင်မ်ဂျုံအီ' အကြောင်း မကောင်းသည့်အချက်များကိုသာ ဖောင်းပေးရေးသားသည်ကို တွေ့ရသည်။ 'ကင်မ်ဂျုံအီ' ကို ကမ္ဘာ့ဆိုးပေကြီးတစ်ဦးအလား ချဲ့ကားအပုတ်ချကာ အရေးများ၏။

မည်သို့ဆိုစေ ဖတ်မိသမျှအကြောင်းအရာအားလုံးကို ကျွန်တော်စုစည်းသိမ်းဆည်းထားခဲ့သည်။ တောင်ကိုရီးယားမှ ထုတ်ဝေသော Korea Today စာစောင်များထဲတွင်လည်း 'ကင်မ်ဂျုံအီ' အကြောင်းပါ၏။ သို့သော် သူတို့ရေးသားချက်မှာမူ အနောက်တိုင်းအရေးအဖွဲ့ကဲ့သို့ အသားလွှတ်အပုတ်ချသော အကြောင်းအရာမျိုးမဟုတ်ဘဲ သမာသမတ်ရှိရှိ ရေးသားသည်ကိုတွေ့ရ၏။ အထူးသဖြင့် တောင်ကိုရီးယားသမ္မတ 'ကင်မ်ဒေးဂျုံ' လက်ထက်တွင် အပြုသဘောဆောင်သော ဆောင်းပါးများအရေးများလာသည်။ ကိုရီးယားနှစ်နိုင်ငံ ပေါင်းစည်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲလုပ်ဆောင်ကာ ကိုရီးယားကျွန်းဆွယ်စည်ပင်ဝပြောရေးစသော ရည်ရွယ်ချက်ကောင်းများဖြင့် ရေးသားချက်များကို ဖတ်ရသည်။

'ကင်မ်ဂျုံအီ' အကြောင်း အပြည့်အစုံရေးသားထားသော နောက်ဆုံးထုတ်စာအုပ်နှစ်အုပ်ကို ကိုမိုးသန်းချစ်ထံမှရရှိသောအခါ ကျွန်တော် 'ကင်မ်ဂျုံအီ' အကြောင်းရေးဖို့ အသင့်ဖြစ်သွားပြီ။ ထိုစာအုပ်နှစ်အုပ်မှာ Jasper Becker ရေးသော 'Kim Jong IL and North Korea'၊ ၂၀၀၆ ခုနှစ် Oxford မှ ထုတ်သောစာအုပ်နှင့် Bradley K-Martin ရေးသော Under The Loving Care of the Fatherly Leader ၂၀၀၆ ခုနှစ်ထုတ်တို့

the bookhouse

ဖြစ်ကြသည်။ ဤစာအုပ်နှစ်အုပ်ထက်ပို၍ ပြည့်စုံစွာ 'ကင်မ်ဂျုံအီ' အကြောင်း ရေးသားသော စာအုပ်များ မထွက်ဘူးသေးပါ။

၂၁ရာစုခေတ် နိုင်ငံရေးသိပ္ပံကို လေ့လာစူးစမ်းလိုသူများအတွက် 'ကင်မ်ဂျုံအီ' အကြောင်း မသိမဖြစ်သိရမည်သာဖြစ်သည်။ ကမ္ဘာ့စာပေနယ်တွင်ပါ 'ကင်မ်ဂျုံအီ' အကြောင်း စာအုပ်အထွက်နည်းသေးရာ မြန်မာနိုင်ငံတွင်မူ 'ကင်မ်ဂျုံအီ' အတ္ထုပ္ပတ္တိ တစ်အုပ်မှ မထွက်ဘူးသေးပါ။ ထိုလိုအပ်ချက်ကွက်လပ်ကို ကျွန်တော်တတ်အားသမျှ ကြိုးပမ်းဖြည့်ဆည်းလိုက်ပါသည်။

အိန္ဒိယမျိုးချစ်သူရဲကောင်း 'ဆူဘတ်ချန္ဒရာဘို့စ်'၊ အိန္ဒိယဘာသာရေးခေါင်းဆောင် 'ဆွာမိဝိဝေကာနန္ဒ'၊ ဆိုဗီယက်မှ စံပြပုဂ္ဂိုလ် 'ဇာဇင်စကီး'၊ တရုတ်ပြည်မှ 'မော်စီတုံး' 'တိန့်ရှောင်ဖိန်'၊ စင်ကာပူမှ 'လီကွမ်းယု'၊ အမေရိကန်မှ 'ဟီလာရီကလင်တန်' 'သမ္မတဘားရက်အိုဘားမား' 'မီရှဲလ်အိုဘားမား'၊ ထင်ရှားကျော်ကြား စီးပွားရေးသမားများ စသည်ဖြင့် လူချွန်လူမွန်များ၏ အတ္ထုပ္ပတ္တိများစွာကို ကျွန်တော် မြန်မာဘာသာဖြင့် ရေးသားထုတ်ဝေခဲ့ပြီးပါပြီ။ ယခု ကျွန်တော် 'ကင်မ်ဂျုံအီ' အကြောင်းရေးဖြစ်ခဲ့ပြန်ပါပြီ။ သူ့ကို 'ချစ်လှစွာသော ခေါင်းဆောင်ကြီး' (Dear Leader)ကို ကိုရီးယားပြည်သူများက အမြတ်တနိုးခေါ်ဆိုကြသည်။ 'ကင်မ်ဂျုံအီ (သို့မဟုတ်) ချစ်လှစွာသော ခေါင်းဆောင်ကြီး' စာအုပ်မှနေ၍ နိုင်ငံရေး အသိပညာဗဟုသုတများ၊ ဆောင်ရန် ရှောင်ရန်များ များစွာ ရရှိနိုင်မည်ဟု ကျွန်တော်ကောင်းစွာယုံကြည်မိပါသည်။

၂၀၀၆ခုနှစ် အောက်တိုဘာ ၉ရက်နေ့တွင် မြောက်ကိုရီးယားက ပထမဆုံးအကြိမ် နျူကလီးယား စမ်းသပ်ဖောက်ခွဲမှုကို မြေအောက်တွင် ပြုလုပ်ခဲ့သည်။ ယခင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် လေပေးဖြောင့်ခဲ့သော်လည်း ယခုကဲ့သို့ သူ့ကိုမတိုင်ပင်ဘဲ ရုတ်တရက် နျူကလီးယားစမ်းသပ်မှုလုပ်ခဲ့သဖြင့် တရုတ်နိုင်ငံက အတော်ကသိကအောက် ဖြစ်သွားပုံရ၏။ အမေရိကန်ကမူ သူအတန်တန်တားထားသည့်ကြားမှ ယခုကဲ့သို့ ဇွတ်လုပ်လိုက်သည်ကို ဒေါသူပုန်ထသွားသည်။ မြောက်ကိုရီးယား၏ ဒုံးပျံစက်ကွင်း ပစ်မှတ်ထဲတွင် ကျရောက်နေသည့် ဂျပန်နိုင်ငံကလည်း အတော်တုန်လှုပ်သွား၏။ သို့သော် ဂျပန်ကမူ စစ်အင်အားမသုံးဘဲ ငြိမ်းချမ်းစွာပြဿနာဖြေရှင်းမည်ဟု ပြောသည်။

တရုတ်သမ္မတ 'ဟူကျင်းတောင်' နှင့် အမေရိကန်သမ္မတ 'ဂျော့ဘွတ်ရှ်' တို့ အရေးပေါ်တယ်လီဖုန်းလိုင်းမှ စကားပြောကြရသည်အထိဖြစ်လာ၏။ တရုတ်ကမူ မြောက်ကိုရီးယားကို အတင်းဖိအားမပေးဘဲ ခြောက်နိုင်ငံဆွေးနွေးပွဲဖြင့် ညှိနှိုင်းကြည့်လိုသော ဆန္ဒရှိ၏။ အမေရိကန်ကမူ မြောက်ကိုရီးယား၏ခေါင်းမာလှသော သဘောထားကို





ပိုမိုပြင်းထန်သော ဖိအားပေးပြီး နှိပ်ကွပ်လို၏။ ဤတွင် ပြဿနာတစ်ခုတက်နေသည်မှာ တရုတ်ကရော မြောက်ကိုရီးယားကို မည်မျှထိတိုက်တွန်းကာ ခြောက်နိုင်ငံဆွေးနွေးပွဲ တက်လာနိုင်ရန် သိမ်းသွင်းစည်းရုံးနိုင်မလဲ။ အမေရိကန်ကရော မြောက်ကိုရီးယားက လိုက်လျောညီထွေ အလျှော့ပေးပါရန် မည်မျှဖိအားကို သုံးနိုင်မလဲ။ တရုတ်နိုင်ငံခြားရေး ဝန်ကြီးဟောင်း 'တန်ကြားရှန်'သည် သမ္မတ 'ဟူကျင်းတောင်' ၏ စကားကိုသယ်ဆောင်ပြီး မြောက်ကိုရီးယားခေါင်းဆောင် 'ကင်မ်ဂျုံအီ' နှင့် သွားတွေ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး 'ကွန်ဒိုလီဇာရိုက်စ်' ကလည်း ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ ရုရှားတို့ကို ခရီးလှည့်ပြီး စည်းရုံးရေးဆင်းနေ၏။ ထိုနိုင်ငံများမှ ထောက်ခံမှုကိုရယူကာ မြောက်ကိုရီးယားအပေါ် မည်မျှဖိအားပေးနိုင် မပေးနိုင် အကဲစမ်းကြည့်ခြင်းဖြစ်သည်။ ထိုသို့ သံခင်းတမန်ခင်း နည်းဗျူဟာ မဟာဗျူဟာများစွာတို့ကို ထုတ်သုံးနေကြပြီး လိပ်ခဲတင်းလင်း ဖြစ်နေကြ၏။

ဤတွင် ၂၀၀၉ခုနှစ် မေလ ၂၅ရက်နေ့တွင် မြောက်ကိုရီးယားက ဒုတိယအကြိမ် နျူကလီးယားလက်နက်ကို စမ်းသပ်ဖောက်ခွဲလိုက်၏။ စမ်းသပ်သည့် လက်နက်ပြင်းအားမှာ ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်တို့ ဂျပန်နိုင်ငံအပေါ် ချခဲ့သည့်ဗုံးနှင့် ပြင်းအားတူ၏။ 'ကင်မ်ဂျုံအီ' ကမူ သူ့နိုင်ငံကို ဖိအားအတင်းပေး၊ ဗိုလ်ကျလွှမ်းမိုးသည့် နိုင်ငံများရန်မှ ကာကွယ်ရန် နျူကလီးယားလက်နက်ကို စမ်းသပ်နေခြင်းဖြစ်သည်ဟု ပြောသည်။ 'ကင်မ်ဂျုံအီ' ၏ မြောက်ကိုရီးယားနျူကလီးယားဂိမ်းသည် ပရိယာယ်ဝေဝုစ်များ၏။ 'ကင်မ်ဂျုံအီ' ၏ ပြင်ပရုပ်ဟန်သွင်ပြင်သည် မထုံတတ်တေးနိုင်သည်ဟု ထင်ဖွယ်ရာရှိ၏။ နျူကလီးယားစမ်းသပ်မှုကို ဟန်ပြလုပ်ကာ သံတမန်နည်းအရ အသာစီးရယူပြီး ခြောက်နိုင်ငံဆွေးနွေးပွဲကို စိတ်ကြိုက်တောင်းဆိုမှုများရယူပြီးမှ ပြန်တက်မည့်သဘောရှိ၏။

'ကင်မ်ဂျုံအီ' သည် နိုင်ငံတကာအခြေအနေများကို မျက်ခြေပြတ်မခံ၊ အသေးစိတ် စောင့်ကြည့်နေသူ ဖြစ်၏။ သူသည် လိမ္မာပါးနပ်စွာဖြင့် နိုင်ငံရေးကျားကွက်ဆင်တတ်သူ ဖြစ်၏။ အမေရိကန်သမ္မတဟောင်း 'ဘီလ်ကလင်တန်' နှင့်လည်း မျက်နှာချင်းဆိုင် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ထိန်းသိမ်းထားသော သတင်းထောက်နှစ်ဦးကို ချက်ချင်းလွှတ်ပေးခြင်း သည်လည်း သူ၏သံတမန်ပရိယာယ်တစ်သွယ်ဖြစ်သည်။ လက်ရှိအနေအထားကို သုံးသပ်ပါက မြောက်ကိုရီးယားသည် အပေါ်စီးမှစောင့်ကြည့်နေသည့်သဘောရှိ၏။ တရုတ်က မည်ရွေ့မည်မျှ လိုက်လျောဆွဲဆောင် သိမ်းသွင်းနိုင်မလဲ။ အမေရိကန် ဖိအားကတော ပြင်းအားဘယ်လောက်ထိ ရှိနိုင်သလဲ။

'ကင်မ်ဂျုံအီ' က အရှုံးအမြတ် သေသေချာချာတွက်ပြီး တွက်ခြေကိုက်မှသာ

သံတမန်နည်းဖြင့် စေ့စပ်ညှိနှိုင်းဖြေရှင်းရေးကဏ္ဍကို သဘောတူမည် ဖြစ်၏။ ယနေ့ကမ္ဘာတွင် နိုင်ငံတကာဆက်ဆံရေးနည်းဗျူဟာများသည် အလွန်ရှုပ်ထွေးနေသည်။ ယခင်သဘောတရားဟောင်းများကို ပုံစံခွက်ချပြီး ဖော်မြူလာထုတ်သုံး၍ မရတော့။ ကျွမ်းကျင်သော စွန့်လွှတ်သမားတစ်ဦးကဲ့သို့ မည်သည့်မှန်စာပစ္စည်းတွေသုံးပြီး မည်သို့မှန်စာတိုက်ရမည်မှအစ ရစ်လုံးကိုလှပကျင်လည်စွာသုံးပြီး တင်းကြိုး၊ လျှော့ကြိုး ပရိယာယ်မျိုးစုံသုံးကာ ပြိုင်ဘက်စွန်များအပေါ် မြှားရှင်း၊ ကစားရင်း မိမိစွန်မပြတ်အောင် စွန်ဖြတ်ပြိုင်ပွဲဝင်နေသည့်ပုံစံမျိုး ပေါက်နေသည်။ မည်သို့ဆိုစေ ၂၁ရာစုစောစောပိုင်း၏ နိုင်ငံတကာဆက်ဆံရေးပညာကို သဘောပေါက်နားလည်လိုသူများအဖို့ မြောက်ကိုရီးယား ခေါင်းဆောင် 'ကင်မ်ဂျုံအီ' အကြောင်း မသိမဖြစ်သိထားကြရန်ကား အထူးအရေးကြီးပါသည်။

**'ကင်မ်ဂျုံအီ' (သို့မဟုတ်) မြောက်ကိုရီးယား၏ ချစ်လှစွာသော ခေါင်းဆောင်ကြီး** စာအုပ်မှ မျက်မှောက်ခေတ် နိုင်ငံရေး အသိပညာများ ရရှိလိမ့်မည်ဟု ကျွန်တော်ကောင်းစွာယုံကြည်မိပါသည်။

ဟိန်းလတ်

the bookhouse

ကင်မ်ဂျုံအီ (သို့မဟုတ်)
မြောက်ကိုရီးယား၏
ချစ်လှစွာသော ခေါင်းဆောင်ကြီး



အခန်း ၁

## မဟာခေါင်းဆောင်ကြီး ကင်မ်အီဆွန်း

သူ့အသက်က ၄၀ သာ ရှိသေးသည်။ သို့သော် လူထုက သူ့ကို
"ဆူရှုန်း" (ခေါင်းဆောင်ကြီး)ဟု စတင်ခေါ်ဝေါ်နေကြပြီ။

## မဟာခေါင်းဆောင်ကြီး ကင်မ်အီဆွန်း

'ကင်မ်ဂျုံအီ'အကြောင်းကို ပိုမိုနားလည်စေရန် သူ၏ဖခင် 'ကင်မ်အီဆွန်း'အကြောင်းကို နောက်ခံကားချပ်အနေဖြင့် သိထားရန် ပို၍လိုအပ်လှ ၏။

ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ကို အနုမြူဗုံးအကြဲခံရပြီး ဂျပန်တို့ လက်နက်ချခဲ့သည်။ နောက်ပိုင်းတွင် 'ကင်မ်အီဆွန်း'သည် ဆိုဗီယက် ယူနီယံမှ ကိုရီးယားသို့ ပထမဆုံး ရောက်လာခဲ့၏။ သူ၏အမည်ရင်းက 'ကင်မ်ဆွန် ဂျူ'ဖြစ်သည်။ သူ့ကို ၁၉၁၂ ခုနှစ်တွင် မွေးသည်။ မြောက်ပိုင်းသို့ သူရောက်လာသောအခါ ၁၉၀၅ ခုနှစ်က ဂျပန်တော်လှန် ရေးတွင် ထင်ရှားခဲ့သည့် တော်လှန်ရေး ခေါင်းဆောင်ကြီး 'ကင်မ်အီဆွန်း' အမည်ကို သဘောကျကာ ထိုအမည်ကို ပြောင်းလဲ ဆက်ခံခဲ့၏။ တော်လှန်ရေး မီးရှူးတန်ဆောင်ကို ဆက်လက်ကိုင်ဆောင်သောသဘောကို စွဲခြင်းဖြစ်သည်။

၁၉၄၅ ခုနှစ်က 'ကင်မ်အီဆွန်း'ကို အဖြူအမည်းဓာတ်ပုံများ ထဲ၌ ဆိုဗီယက် တပ်မတော်အရာရှိများနှင့်အတူ တွေ့ရ၏။ ကိုယ်လုံးကိုယ်ပေါက် ခပ်တောင့်တောင့်၊ ဥပမိရုပ်ကောင်းကောင်း ဖြစ်သည်။ အသက် ၃၃ နှစ် အရွယ်ရောက်သောအခါ အတော်ဝလာသည်။ ဂျပန်ကျူးကျော်စစ်ကာလက သူ၏မိဘများသည် အခြားသော စစ်ပြေးများကဲ့သို့ပင် နိုင်ငံမှထွက်ပြေး တိမ်းရှောင်ခဲ့ကြ၏။ ထိုအချိန်တွင် သူ၏အသက်မှာ



၇ နှစ်သာ ရှိသေး၏။ သူ့မိဘနှစ်ပါးလုံး ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။ သူတို့သည် တရုတ်ပြည်မြောက်ပိုင်း ယခု ကျီလင်ခရိုင်တွင် နေထိုင်ကြသည်။ ထိုစဉ် ၁၉၁၁ တွင် ကျင်းမင်းဆက်ကျဆုံးကာ တရုတ်စစ်ဘုရင်များက ထိန်းချုပ် ထားသောကာလဖြစ်သည်။ ရုရှားနှင့် ဂျပန်တို့ကလည်း အာဏာလုပြီး ပြိုင်ဆိုင်နေကြချိန်ဖြစ်သည်။

ကင်မ်သည် တရုတ်ပြည်တွင်ပင် ပညာသင်ခဲ့ကာ နောက်ထပ်နှစ်နှစ်ဆယ်ကြာသည်အထိ တရုတ်နှင့် ဆိုဗီယက်ကွန်မြူနစ်ပါတီတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ သူ ကိုရီးယားနိုင်ငံသို့ပြန်လာသောအခါ သူ၏ ကိုရီးယားဘာသာစကားသည် အတော်ပင်ညံ့ဖျင်းနေ၍ ဆရာတစ်ဦးခေါ်ကာ ကိုရီးယားဘာသာစကားကို ပြန်သင်ယူရသည်။ သို့သော် သူ၏ မဆုတ်မနစ်ကြိုးစားမှုဖြင့် ကိုရီးယားပြည်သူများအား တရားဟောပြောရာတွင် အဟောအပြောကောင်းသူတစ်ဦး မကြာခင်ဖြစ်လာ၏။ သူ၏သားအကြီးဆုံး ကင်မ်ဂျုံအီကိုလည်း ဆိုဗီယက်နယ်မြေတွင်ပင် မွေးဖွားခဲ့သည်။

ကင်မ်အီဆွန်း ဆိုဗီယက်ယူနီယံတွင်ရှိနေစဉ် ကိုရီးယားလူမျိုးအချို့သည် ရုရှားပြည် အရှေ့ဖျားဘက်တွင် အစုလိုက် အပြုံလိုက် ခိုလှုံကြ၏။ ၁၉၃၀ ပတ်ဝန်းကျင်တွင်ကား စတာလင်သည် ထိုသူများကို အာရှတိုက်အလယ်ပိုင်းသို့ နှင်ထုတ်ခဲ့၏။ အချို့ကိုလည်း ဂျပန်သူလျှို များဟု စွပ်စွဲကာ ပစ်သတ်ခဲ့၏။ သူတို့ထဲမှအချို့သည် ကိုရီးယားပြည်နယ်သစ်ကို ထူထောင်ရန် ကြံစည်ကြပြီး စတာလင်ကို ဆန့်ကျင် သည်ဟု ယူဆကြ၏။

တရုတ်စစ်ဘုရင်တစ်ဦးဖြစ်သူ 'ဇန်ဇိုလင်း'မန်ချူးရီးယားကို အုပ်ချုပ်နေစဉ်တွင် မြို့ကြီးတော်တော်များများ၌ ရုရှားလူမျိုးများ နေထိုင်ကြ၏။ ရုရှားလူမျိုးများသည် မီးရထားလမ်းများကို စိုးပိုင်ကြချိန်တွင် ဂျပန်တို့က ပိုပြီးအင်အားတောင့်လာကြ၏။ သူတို့က ရုရှားတို့၏ စည်းစိမ်ဥစ္စာများကို သိမ်းပိုက်ကြကာ မာရှယ်ဇိုလင်းကိုပင် လုပ်ကြံသတ်ဖြတ်ခဲ့ကြ၏။ မန်ချူးရီးယားကို သူတို့သိမ်းပိုက်ပြီးနောက် မန်ချူးကိုးအမည်ဖြင့် ကိုလိုနီတစ်ခုကို တည်ထောင်ကြ၏။ ကျင်းမင်းဆက်၏နောက်ဆုံး မန်ချူးဧကရာဇ်ဖြစ်သော ပုယီကို ရုပ်သေးအစိုးရအဖြစ် တင်မြှောက်ကြ၏။ ထိုဒေသသို့ ဂျပန်လူမျိုး သန်းနှင့်ချီ၍ ဝင်ရောက်အခြေချကြ၏။

ဂျပန်တော်လှန်ရေးကို တရုတ်ကွန်မြူနစ်များက ဦးဆောင်တိုက်ခိုက်ကြ၏။ သူပုန်အုပ်စုအချို့ကလည်း ဆန့်ကျင်ကြ၏။ ကင်မ်သည်လည်း အသက် ၁၄နှစ်တွင် ကျောင်းပညာတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်ကာ ကွန်မြူနစ်ပါတီသို့ဝင်ခဲ့၏။ ထိုသို့ ကွန်မြူနစ်ပါတီဝင်သည့်အတွက် (၈)လမျှ အဖမ်းခံခဲ့ရသည်။ သူ့အသက် ၂၀၊ ၁၉၃၂ တွင် တရုတ်ကွန်မြူနစ်ပါတီ၏ ပြောက်ကျားတပ်ဖွဲ့သို့ ဝင်ခဲ့၏။ သူပုန်တပ်သား ၂၀၀ ခန့်ကို

အုပ်ချုပ်ကာ ဆယ်နှစ်တိုင်တိုင် ဂျပန်တို့ကို တိုက်ခိုက်ခဲ့သည်။ ဤသို့ဖြင့် ပြည်သူကြားတွင် သူ၏ စည်းရုံးမှုကျယ်ပြန့်လာကာ အရှေ့မြောက်ဂျပန်ဆန့်ကျင်ရေး တပ်ပေါင်းစု၏ ခေါင်းဆောင်ဖြစ်လာ၏။ ထိုတပ်ပေါင်းစုတွင် သူ၏လက်အောက်၌ တပ်ဖွဲ့ဝင် ၃၀,၀၀၀ ခန့်ထိ စည်းရုံးရောက်ရှိခဲ့၏။

၁၉၄၅ အထိ သူသည် တရုတ်နိုင်ငံရေးမှူးများထံမှ အမိန့်ကို နာခံခဲ့ရ၏။ သယံဇာတကြွယ်ဝသော မန်ချူးရီးယားနယ်နိမိတ်တွင် တရုတ်တို့၏ဩဇာပိုမိုဆောက်တည်ရန် ရည်မှန်းချက်ကို သူကအကောင်အထည်ဖော်ပေးရခြင်းဖြစ်၏။ ဂျပန်တို့ကလည်း သူတို့ပင်လယ်ရပ်ခြား အင်ပါယာကို ဖန်တီးတည်ဆောက်ရာတွင် အာရှတိုက်အနှံ့ ပြန့်ကြဲနေထိုင်နေကြသော ကိုရီးယားလူမျိုး ၄သန်းကျော်ကို တပ်သားသစ်အဖြစ် စုဆောင်းကြ၏။ ကိုရီးယားတိုင်းရင်းသားအများစုကမူ မော်စီတုံး၏တပ်များသို့ ဝင်ကြကာ အချို့ဆိုလျှင် ရာထူးကြီးကြီးများပင် ရနေကြပြီဖြစ်၏။ ကိုရီးယားအချို့ကမူ ဆိုဗီယက်ယူနီယံတွင်ပင် အမှုထမ်းကြကာ အချို့ကလည်း မန်ချူးရီးယားတွင် သွားရောက်အခြေချကြ၏။

ရှေးခေတ်အခါက တရုတ်ဧကရာဇ်များသည် ကိုရီးယားကို သူတို့၏လက်အောက်ခံနယ်မြေအဖြစ် သဘောထားကာ အပေါ်စီးမှအုပ်ချုပ်ခဲ့ကြ၏။ ဤသို့ တိုင်းတစ်ပါး၏လက်အောက်ခံအဖြစ်မှ မနေလိုကြသည့် ကိုရီးယားမျိုးချစ်ပုဂ္ဂိုလ်များက ၁၉ ရာစုတွင် နိုင်ငံခြားစိုးမိုးမှု တံပိုးများအောက်မှ အပြီးတိုင်လွတ်မြောက်အောင် ကြိုးပမ်းခဲ့ကြသည်။ အမျိုးသားခေါင်းဆောင်တစ်ဦးဖြစ်သူ 'ဆုဂျေပီးလ်' သည် 'လွတ်လပ်ရေးကလပ်' ကို တည်ထောင်ကာ လွတ်မြောက်ရေးတံခါးကို စဖွင့်ခဲ့၏။ တရုတ်တို့၏ သံခြေကျင်း အောက်မှ လွတ်မြောက်ရန် စတင်ကြိုးပမ်းမှုပင်ဖြစ်သည်။ 'တရုတ်ကို ကြည်ညိုခြင်းခန်းမ' ကြီးတွင် တရုတ်သံတမန်များကို ဖျော်ဖြေဧည့်ခံလေ့ရှိကြ၏။ ထိုခန်းမကို 'လွတ်လပ်ရေးခန်းမနှင့် လွတ်လပ်ရေး ပန်းခြံ' အဖြစ် ပြောင်းလဲပစ်ခဲ့ကြ၏။ ပြုံးယမ်းမြို့တွင် တည်ဆောက်ထားသော 'အောင်ပွဲကျောက်တိုင်' သည် 'ဆိုဂျေပီးလ်' ၏ အိပ်မက်ကို အကောင်အထည် ဖော်ပေးခဲ့ခြင်းဖြစ်၏။

မန်ချူးမင်းဆက်အား အနောက်တိုင်းတပ်များ၊ ပြည်တွင်းသူပုန်များက ဖြိုချဖျက်သိမ်းလိုက်သောအခါ ကိုရီးယား၏ လွတ်မြောက်ရေး အခွင့်အလမ်းပေါ်လာ၏။ ၁၈၉၅ တွင် တရုတ်ပြည်ကို သိမ်းပိုက်ကာ တရုတ်(တိုင်ပေ)ကိုပါ အရယူပြီးနောက် ကိုရီးယားဘက်သို့ ခြေဦးလှည့်လာကြ၏။ ၁၉၀၅ တွင် ဂျပန်လုပ်ကြံရေးသမား ၃၀ သည် ဆိုးလ်မြို့၏ နန်းတွင်းသို့ပင် ဝင်ရောက်ကာ မင်းမိဖုရားကို ဓားနှင့်ထိုးသတ်ကြ၏။ ထို့နောက် ရုပ်အလောင်းကို ထင်းများပုံ၍ ရေနံဆီလောင်းကာ မီးရှို့ခဲ့ကြ၏။ နိုင်ငံကို နှစ်ပေါင်း ၅၀၀ ကြာစိုးစံခဲ့ကြသော ချိုဆွန်မင်းဆက်သည် ရှုရှားသံရုံးထဲတွင် ထွက်ပြေးခိုလှုံကြရ၏။ ထို့နောက် ဂျပန်နှင့်ရုရှားတို့က ကိုရီးယားကို ခွဲဝေအုပ်ချုပ်ရန် ကြံစည်ကြသည်။ သို့သော် မတော်မီဂျပန်ရေတပ်က ရုရှားရေတပ်ကို နှစ်ကြိမ်တိုင်တိုင် ချေမှုန်းတိုက်ဖျက်ပြီး ဂျပန်တို့က အသာစီးရခဲ့၏။ သို့ဖြင့် ကိုရီးယားသည် ဂျပန်လက်အောက် ရောက်ခဲ့သည်။ နောက်ထပ် ရာစုဝက်ခန့်ကြာသောအခါ ယောလ်တာတွင် စတာလင်က ကိုရီးယားရှိ ရုရှားအခွင့်အရေးများကို တောင်းဆိုနေဆဲဖြစ်၏။ ၁၉၁၀ တွင် ဂျပန်တို့က ကိုရီးယားကိုတရားဝင် သိမ်းပိုက်ကာ 'ချိုဇင်'ဟု အမည်ပြောင်းခဲ့၏။ ဂျပန်ရင်းနှီး မြှုပ်နှံသူများ၊ အခြေစိုက်နေထိုင်သူများ သောင်းနှင့်ချီ၍ ကိုရီးယားသို့ ဝင်လာကြ၏။ ၁၉၃၀ နှစ်များတွင် ဂျပန်တို့က ကိုရီးယားလူမျိုးများ၏ အစဉ်လာနှင့် ရိုးရာယဉ်ကျေးမှုများမှအစ ဖျက်သိမ်းပစ်ရန်အထိ စတင်ကြိုးပမ်းလာကြသည်။

ထိုအခါတွင် ကိုရီးယားလူမျိုးအချို့က ဂျပန်ကို တွန်းလှန်ရန် အတွက် တရုတ်ကို မြေးကပ်ကြ၏။ အချို့သည် မော်စီတုံး၏အခြေစိုက်စခန်းဖြစ်သော ယင်အန်းသို့ သွားကြ၏။ အချို့ကမူ ချန်ကေရှိတ်၏ အမျိုးသားပါတီသို့ ဝင်ကြ၏။ အချို့ကလည်း အမေရိကသို့ သွားကာ သမ္မတဝုဒ်ဒရိုးဝီလဆင်ထံမှ အကူအညီတောင်းကြ၏။ အချို့သော ကိုရီးယားလူမျိုးတို့ကမူ ၁၉၂၅ တွင် ကိုရီးယားကွန်မြူနစ်ပါတီကို ထူထောင်ကာ လွတ်မြောက်ရေးအတွက် မော်စကိုနှင့် ကိုမင်တန်ကို အားကိုးကြ၏။ စတာလင်ကမူ ကိုရီးယားကွန်မြူနစ်များကို မလိုလား။ ၁၉၃၀ နှစ်များတွင် သူက ကိုမင်တန်မှနေ၍ သူတို့ကို ထုတ်ပယ်လိုက်၏။ မျိုးချစ်စိတ် အစွန်းရောက်သူများဟူသောအကြောင်းပြချက်ဖြင့် သူက ထုတ်ပယ်လိုက်ခြင်းဖြစ်၏။

ကင်မ်အီဆွန်းကမူ ကျီလင်ခရိုင်တွင် ဂျပန်တို့ကို လက်နက်ကိုင်တိုက်ခိုက်၏။ ၁၉၃၇ တွင် ဂျပန်စစ်ရဲတပ်က ကင်မ်၏ပြောက်ကျား တပ်များကို အင်အားသုံး၍ ချေမှုန်းကာ တရုတ်ပြည် မြောက်ပိုင်းအထိ ကျူးကျော်ဝင်ရောက်ခဲ့ပြီး ပေကျင်းကိုပင်သိမ်းပိုက်ကြ၏။ ၁၉၄၁ တွင် ကြွင်းကျန်ရစ်သော ပြောက်ကျားတို့သည် နယ်စပ်မှဖြတ်ကျော်ကာ ဆိုဗီယက်ယူနီယံသို့ ပြေးဝင်ခဲ့ကြ၏။ ကင်မ်ကို ခါဘရောက်ဗ် ခြေလျင်တပ်အရာရှိ သင်တန်းကျောင်းသို့ ခေါ်သွားကာ ထိုနေရာမှတစ်ဆင့် ဗီဆက်ဆီကီစခန်းသို့ ပို့၏။ ထိုနေရာတွင် သူသည် တရုတ်လူမျိုးနှင့် ကိုရီးယားလူမျိုး ၃၀၀ ခန့် ပါဝင်သောတပ်ဖွဲ့၏ ဗိုလ်ကြီး ရာထူးကိုရခဲ့၏။ သူ့အထက်အရာရှိကမူ တရုတ်လူမျိုး 'ဝမ်ဆုံ'ဖြစ်၏။ သူတို့၏ တန်ပြန်ထောက်လှမ်းရေးတပ်သည် အမှတ် ၈၈ တပ်မ၏ အစိတ်အပိုင်းဖြစ်၏။ ဂျပန်တို့

ဆိုဗီယက်က မန်ချူးရီးယားတွင် တိုက်ခိုက်ရန်အတွက် ထောက်လှမ်းရသောတပ်ဖြစ်၏။ ထိုအချိန် ကာလတွင်ပင် ကင်မ်၏ဇနီး 'ကင်မ်ဂျုံဆွတ်' က အကြီးဆုံးသား 'ကင်မ်ဂျုံအီ'ကို မွေး၏။ ၁၉၄၁ တွင် ဆိုဗီယက်တပ်စခန်း၌ မွေးခဲ့ခြင်း ဖြစ်၏။ ရုရှားလူမျိုးတို့က သူ့အမေကို 'ဗာရာ'ဟုခေါ်ပြီး သားလေးကို 'ယူရာ' ဟုခေါ်ကြ၏။ 'ကင်မ်ဂျုံအီ'သည် ရုရှား စကားပြောကာ ရုရှားကလေး များနှင့်အတူ အသက် ၁၂ နှစ်အထိ ပညာသင်ခဲ့ရ၏။

ယနေ့ခေတ် မြောက်ကိုရီးယားတွင် ကလေးများသည် 'ကင်မ်အီဆွန်' အကြောင်း မသင်မနေရ သင်ကြရ၏။ 'ကင်မ်အီဆွန်း' အကြောင်း ရုပ်ရှင်တွေ၊ ကျောင်းသုံးစာအုပ်တွေ၊ ပန်းချီကားတွေ၊ တံဆိပ်ခေါင်းတွေ၊ ဝတ္ထုတွေများစွာရှိ၏။ 'ကင်မ်အီဆွန်း'သည် အသက် ၁၄ နှစ်တွင် 'နယ်ချဲ့ ဆန့်ကျင်ရေးအဖွဲ့ချုပ်'ကို တည်ထောင်ခဲ့ကာ ၁၉ နှစ်တွင် နိုင်ငံတော်၏ 'ဂျူချေအတွေးအခေါ်' ကို တီထွင်ခဲ့ကြောင်း၊ သံချပ်ကာကားများ ပါဝင်သော ကိုရီးယား သူပုန်တပ်ကို ဦးဆောင်ခဲ့ကြောင်း သင်ကြားကြရ၏။ သူသည် ဂျပန်ကို တိုက်ထုတ်ကာ ကိုရီးယားမှ မောင်းထုတ်နိုင်ခဲ့ကြောင်းလည်း ရေးသားထား၏။

၁၉၄၅ ဩဂုတ်လနောက်ပိုင်းတွင် မန်ချူးရီးယားရှိ မြေအောက်ကွန်မြူနစ် ပါတီသည် ဂျပန်တို့စွန့်ပစ်ခဲ့ကြသော လက်နက်များကိုသိမ်းပိုက်ကာ ကိုရီးယားတိုင်းရင်းသား ၂၀,၀၀၀ ခန့်ကို စုစည်းပြီး ကေအမ်တီ (တရုတ်အမျိုးသားပါတီ)နှင့်အတူ တရုတ်ကို ထိန်းချုပ်ခဲ့ကြ၏။ ဆိုဗီယက်တို့က ဩဂုတ် ၁၈ ရက်တွင် ပစိဖိတ်စစ်ပွဲသို့ဝင်လာ၏။ ဂျပန်တို့ လက်နက်မချမီ တစ်ပတ်အလိုတွင်ဖြစ်သည်။ သူတို့သည် ဂျာမန်တို့လက်နက်ချပြီးနောက် ဂျပန်တို့နှင့် ရှည်ကြာစွာတိုက်ခိုက်ရန် ပြင်ဆင်ထားကြ၏။ စတာလင်တွင် ကိုရီးယားအတွက် စီမံကိန်း တိတိကျကျမရှိ။ နောက်တစ်ပတ်တွင် ဆိုဗီယက် အမှတ် ၂၅ တပ်မသည် ကိုရီးယားသို့ ရောက်လာကြ၏။ ဩဂုတ်လ ၁၅ ရက်တွင် အခုအခံအတိုက်အခိုက်မရှိဘဲ တပ်နီတော်က ပြုံးယမ်းကိုသိမ်းလိုက်ကြ၏။ အင်ကေဗီဒီ (ကေဂျီဘီမပေါ်မီကတပ်)၏ အရှေ့ဖျားတပ်မဌာနချုပ်က ကင်မ်ကို အစိုးရအဖွဲ့တွင် တာဝန်ယူရန်တာဝန်ပေးခဲ့၏။ အင်ကေဗီဒီ၏ အကြီးအကဲ 'လာဗင်ထရီဗားရီးယား' သည် ကိုရီးယားခေါင်းဆောင်များထဲမှ ကင်မ်အီဆွန်းကိုသာ ရွေးချယ်ခဲ့ခြင်းဖြစ်၏။

ထိုစဉ်က ကင်မ်၏ အသက်သည် ၃၃ နှစ်သာရှိသေး၏။ သူသည် ဂျပန် တော်လှန်ရေးစစ်ပွဲကာလတွင် နာမည်ရလာသူဖြစ်သည်။

ထိုအချိန်က ကိုရီးယားတွင် အမျိုးသားခေါင်းဆောင်များထဲမှ ထင်ရှားသူများမှာ 'ကင်မ်ကု'၊ 'ဆစ်ဂမန်ရီး'၊ 'ချိုမန်ဆစ်'တို့လည်း ရှိ၏။ 'ဆစ်ဂမန်ရီး'သည် ဟားဗတ်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ပရင့်စတန်တက္ကသိုလ်မှ

the bookhouse



ဒေါက်တာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သူဖြစ်ကာ ၁၉၁၉ မတ်လ ၁ ရက် တိုက်ပွဲ၏ ခေါင်းဆောင်ဖြစ်သည်။ 'ချိုမန်ဆစ်' မှာကား ဂျပန်တို့၏ထောင်သွင်းအကျဉ်းချခြင်းကို ကြိမ်ဖန်များစွာ ခံခဲ့ရသူဖြစ်၏။ 'ကင်မ်ကု' သည်လည်း အမျိုးသားတိုက်ပွဲတွင် နှစ်လ ရှည်ကြာစွာ တိုက်ပွဲဝင်ခဲ့သူဖြစ်သည်။

၁၉၄၅ ခုနှစ် ဩဂုတ်လ ၂၂ ရက်တွင် ကင်မ်သည် ကိုရီးယားသို့ရောက်လာ၏။ သူသည် ဆိုဗီယက်တပ်မတော်ယူနီဖောင်းကိုဝတ်ထားကာ တပ်နီတော်ဆုတံဆိပ်ကို ရင်ဘတ်တွင် ထိုးထားသည်။ ကင်မ်နှင့်အတူ ကိုရီးယားအရာရှိ ၆၆ ဦးတို့သည် ဆိုဗီယက်စစ်သင်္ဘော 'ပူဂါချက်ဗ်' နှင့် ကိုရီးယားသို့ ပြန်လာကြ၏။ ဩဂုတ်လ ၂၃ ရက်တွင် သူ အရပ်ဝတ်လဲ၏။ ပြောကြားမည့်မိန့်ခွန်းကို သုံးရက်ကြာပြင်ဆင်၏။ ဂျပန်တို့ လက်အောက်မှလွတ်မြောက်လာကြသော ကိုရီးယားကွန်မြူနစ်ပါတီ၏ ရဲဘော်ဟောင်း များက ဦးစီးကျင်းပသော ပထမဆုံးအကြိမ် ပါတီကွန်ဂရက်အခမ်းအနားတွင် ပြောကြားသောမိန့်ခွန်းဖြစ်၏။ ကင်မ်က 'အလုပ်သမားပါတီ' ထူထောင်ထားပြီး ၎င်းပါတီကိုယ်စား မိန့်ခွန်းပြောခြင်းဖြစ်၏။ မကြာမီမှာပင် ပါတီအားလုံးသည် ကင်မ်၏ 'အလုပ်သမားပါတီ'နှင့် ပူးပေါင်းလာကြ၏။ 'ကင်မ်' သည် ကိုရီးယားကို ကယ်တင်ခဲ့သော စစ်ရေးခေါင်းဆောင်ဘဝမှ အမျိုးသားခေါင်းဆောင်အဆင့်သို့ ရောက်လာသည်။

၁၉၄၆ ခုနှစ် မတ်လ ၁ ရက်တွင် ပြုံးယမ်းရှိ ဂုဏ်ပြုခံစင်မြင့်ပေါ်၌ ရှိနေစဉ် လူအုပ်ထဲမှ လုပ်ကြံသူတစ်ဦးက သူ့ကို လက်ပစ်ဗုံးဖြင့်ပစ်ခဲ့၏။ ထိုသူကို ချက်ချင်းပင် ဖမ်းမိသွားသည်။ လက်လုပ်ဗုံးသည် ဖမ်းဆီးသူ၏ လက်ထဲတွင် ပေါက်သွားသည်။ သို့သော် အနည်းငယ်သာ ထိခိုက်ဒဏ်ရာရခဲ့၏။ လုံခြုံရေးတပ်ဖွဲ့ကမူ 'ဆစ်ဂမန်ရီး'၏ လက်ချက် ဟု စွပ်စွဲခဲ့သည်။

ထိုအချိန်တွင် ကိုရီးယား၌ ဆိုဗီယက်တို့ ခြေရှုပ်နေချိန်ဖြစ်၏။ သူတို့ကို ကိုရီးယားပြည်သူများက သိပ်မနှစ်မြို့ကြ။ ဆိုဗီယက်ဆန့်ကျင်ရေး ဆန္ဒပြပွဲများပင် ကျင်းပနေကြ၏။ စက်မှုမြို့ကြီးတစ်မြို့ဖြစ်သော 'ဟမ်ဟွန်း' တွင် ကျောင်းသား ၁၀၀၀ ကျော်လောက်က 'တပ်နီတော်ပြန်များ' ဟု ကြွေးကြော်ဆန္ဒပြကြ၏။ လုံခြုံရေးတပ်ဖွဲ့ဝင် များက သေနတ်ပစ်ဖောက်ဖြိုခွဲခဲ့ရ၏။ ကိုရီးယားမျိုးချစ်ခေါင်းဆောင်တစ်စုကလည်း ဆိုးလ်မြို့တွင် စုဝေးကာ နိုင်ငံခြားစွက်ဖက်မှုများကို ဆန့်ကျင်ကြ၏။ သူတို့နိုင်ငံကို အမေရိကန် ဩဇာရော၊ ရုရှားဩဇာရော မည်သည့်ဩဇာမှ မခံနိုင်ဟု ဆုံးဖြတ်ကြ၏။

ထိုအချိန်တွင် ကိုင်ရို၊ ယောလ်တာနှင့် ပို့စ်ဒမ်တို့တွင် ကိုရီးယားကံကြမ္မာကို ချုပ်ဆွေးနွေးနေကြ၏။ သို့သော် ဒုတိယကမ္ဘာစစ် အရှိန်ကောင်းနေချိန်တွင် ကိုရီးယားကိစ္စမှာ

the bookhouse

သိပ်အရေးမပါလှဘဲ ရှိနေ၏။ တရုတ်ပြည်ကိုကိုယ်စားပြုသော ချန်ကေရှိတ်က ကိုရီးယားကိစ္စကို ချပြကာ ၁၉၄၃ တွင် ကိုင်ရိုကြေညာစာတမ်းကို လက်မှတ်ထိုးခဲ့၏။ အမေရိကန်၊ ဗြိတိန်နှင့် တရုတ်တို့က ကိုရီးယားကိုစောင့်ရှောက်ကာ လွတ်လပ်သောနိုင်ငံအဖြစ် တည်ထောင်ပေးမည်ဟု စာတမ်းတွင်ဖော်ပြခဲ့၏။ သမ္မတဖရန်ကလင်ရုစဗဲ့က ဤနိုင်ငံသုံးနိုင်ငံ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ကိုရီးယားသည် နှစ် ၂၀၊ နှစ် ၃၀ ခန့်နေပြီးမှ သူ့ဘာသာသူ အုပ်ချုပ်ခွင့်ပြုမည်ဟူသော စာသားပါထည့်သွင်းပြောကြားခဲ့၏။ ယောလ်တာတွင် ကျင်းပသော ၁၉၄၅ ညီလာခံအတွင်းတွင် ဝင်စတန်ချာချီကလည်း ဤသဘောမျိုး ပြောခဲ့၏။ သမ္မတရုစဗဲ့ကမူ အမေရိကန်-ဆိုဗီယက်-တရုတ်တို့က ကိုရီးယားကို ဂေါပကသဖွယ် ထိန်းသိမ်းအုပ်ချုပ်ရေးကို ဆက်၍တိုက်တွန်းခဲ့၏။

ဂျပန်ကို အနိုင်ရရန် စစ်ပွဲရှည်ကြီးကို ဆင်နွှဲရန်ပြင်ဆင်နေသော အမေရိကန်အဖို့ ဤဂေါပကအဖွဲ့သည် မည်မျှထိအလုပ်ဖြစ် မဖြစ်ကို အလေးအနက် မစဉ်းစား။ ၁၉၄၅ ခု ဩဂုတ်လ ၁၀ ရက်တွင် အိမ်ဖြူတော်ဘေးရှိခန်းမတွင် တစ်ညလုံးဆွေးနွေးကြကာ ကိုရီးယားတွင် ဝံ့နှစ်ခုကိုသိမ်းပိုက်ရန် အရာရှိနှစ်ဦးအား တာဝန်ပေးခဲ့၏။ အရာရှိတစ်ဦးမှာ ဒုတိယဗိုလ်မှူးကြီး ဒင်းရပ်စ်ဖြစ်ပြီး တစ်ဦးမှာ ဗိုလ်မှူးကြီးချားလ်စ်ဘွန်စတီးလ်ဖြစ်၏။ သူတို့ကို မိနစ် ၃၀ မျှ အချိန်ပေးကာ မြေပုံတွင် မျဉ်းကြောင်းဆွဲရန် ရှာဖွေခိုင်း၏။ မှန်ကန်သော မြေပုံတစ်ခုကိုရှာရရေးသည် မလွယ်လှ။ နေရှင်နယ်ဂျီအော်ဂရပ်ဖစ်မဂ္ဂဇင်းဟောင်းတစ်ခုကို ကမန်းကတန်းရှာကာ ၃၈ မျဉ်းပြိုင်ကို ဆွဲခဲ့ကြ၏။

သို့ဖြင့် ကိုရီးယားမြောက်ပိုင်းသည် စတုရန်းမိုင်ပေါင်း ငါးသောင်းပါဝင်သွားကာ ဂျပန်တို့ ချန်ရစ်ခဲ့သော စက်မှုလုပ်ငန်းများစွာ ကျန်ခဲ့၏။ ရေအားလျှပ်စစ်စက်ရုံများ အပါအဝင်ဖြစ်၏။ ဒေသမှာ တောင်တန်းထူထပ်သော ဒေသဖြစ်၏။ တောင်ဘက်ခြမ်းမှာမူ မြောက်ဘက်ထပ်စာလျှင် သေး၏။ သို့သော် လူဦးရေက နှစ်ဆများ၏။ အထွက်ကောင်းသော လယ်မြေများစွာလည်းရှိ၏။ ကိုရီးယားကို ထိုသို့နှစ်ခြမ်းဘာကြောင့်ခွဲလိုက်သည်ကို တိတိကျကျ အဖြေမပေးနိုင်။ ဂျာမနီကို နှစ်ခြမ်းခွဲလိုက်ခြင်းသည် ဒဏ်ခတ်ခြင်း ဖြစ်၏။ ဂျပန်ကျတော့ အပြစ်ရှိသော်လည်း နှစ်ခြမ်းမခွဲခဲ့ကြ။ ကိုရီးယားသည်ကား ကျူးကျော်သူမဟုတ်။

ဒုတိယကမ္ဘာစစ်၏ သားကောင်သာဖြစ်၏။ ကိုရီးယားနိုင်ငံသားတို့အဖို့ ဘာမှအပြစ်မရှိဘဲ ယခုကဲ့သို့ နှစ်ခြမ်းခွဲခံရခြင်းသည် ခံပြင်းစရာ ကောင်းလှ၏။ ဤသို့နိုင်ငံကို နှစ်ခြမ်းခွဲလိုက်ခြင်းကြောင့် တိုင်းပြည်ခွန်အားသည် နည်းပါးလာ၏။ စွမ်းအားကြီးသော နိုင်ငံကြီးများ ပြုသမျှခံရမည့်သဘောလည်း ကျရောက် နေ၏။ ဤသို့ နှစ်ခြမ်းခွဲခံရခြင်းသည်

the bookhouse
we bring your future



အမေရိကန်၏စနက်ဖြစ်ကြောင်းသိကြသော ကိုရီးယားလူမျိုးများအနေဖြင့် အမေရိကန်အပေါ် မည်သည့်အခါမှ ကျေနပ်နိုင်မည်မဟုတ်။

ဤသို့ ဆုံးဖြတ်ချက်ချပြီးနောက် ဗိုလ်ချုပ်ကြီးဂျွန်အာရ်ဟော့ချ်သည် ဂျပန်မှနေ၍ တပ်များဖြင့် ရောက်လာ၏။ အမေရိကန်နောက်ခံပြုသော 'ကိုရီးယားသမ္မတနိုင်ငံ' ကို ၁၉၄၅ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် ကြေညာခဲ့၏။ စက်တင်ဘာလ ၉ ရက်တွင် ဆိုဗီယက်တို့က ကိုရီးယားပြည်သူ့သမ္မတနိုင်ငံကို ကြေညာခဲ့၏။ ဒီဇင်ဘာလတွင် မော်စကို၌ အင်အားကြီးသော လေးနိုင်ငံစုရုံးကာ အာဏာရသော နိုင်ငံဂေါပကအဖွဲ့သည် နောက်ထပ် ငါးနှစ်ထိ ဆက်၍အုပ်ချုပ်ကြမည်ဟု သဘောတူညီကြ၏။ ဤအချိန်အတောအတွင်းတွင် အမေရိကန်ဆိုဗီယက်ကော်မရှင်က နိုင်ငံလုံးအနှံ့ ရွေးကောက်ပွဲများလုပ်ပေးမည်။ ထို့နောက်မှ တပ်စွဲထားသော နိုင်ငံခြားတပ်များ ထုတ်ပေးမည်ဟု ဆို၏။ သို့ဖြင့် ကိုရီးယားတွင် ရှိနေကြသော ဂျပန်အရပ်သားနှင့် တပ်သား ၇ သိန်း စတင်ထွက်ခွာကြ၏။

ကင်မ်အီဆွန်းကမူ ဆိုဗီယက်၏ သဘောထားကို လက်ခံသော်လည်း ကုလသမဂ္ဂက ကြီးမှူးကျင်းပမည့် ရွေးကောက်ပွဲကိုမူ လက်မခံ။ သူက မန်ချူးရီးယား၊ ကိုရီးယားတို့ကိုအားကိုးကာ သူ၏အုပ်ချုပ်ရေးကို ဆက်လုပ်ချင်သည်။ ထိုသူတို့သည် လျှို့ဝှက်ပုလိပ်များနှင့် စစ်တပ်၏ကျောရိုးများဟုလည်း သူက သဘောထား၏။ သူ့ပြည်သူကလည်း ကင်မ်ကို ထောက်ခံ၏။ ထို့ကြောင့် ၁၉၄၉ တွင်ပင် သူ၏ ပုံတူရုပ်တုကြီးကို ထုလုပ်ကြ၏။ ထိုအချိန်တွင် သူ့အသက်က ၄၀ သာရှိသေးသည်။ သို့သော် လူထုက သူ့ကို 'ဆူရယွန်း' (ခေါင်းဆောင်ကြီး)ဟု စတင် ခေါ်ဝေါ်နေကြပြီ။

■

the bookhouse
we bring your future

ကင်မ်ဂျုံအီ (သို့မဟုတ်)
မြောက်ကိုရီးယား၏
ချစ်လှစွာသော ခေါင်းဆောင်ကြီး



the bookhouse
we bring your future

## အခန်း ၂
## ကိုရီးယားစစ်

ပြုံယမ်းသို့လာရောက်သော ဧည့်သည်တော်များကို အမြဲပင် ကိုရီးယားတော်လှန်ရေးပြတိုက်ကြီးသို့ ခေါ်ကာ ပြသလေ့ရှိကြ၏။ ပြတိုက်ထဲတွင်ကား ၁၉၅၀ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် တောင်ဘက်မှမြောက်ဘက်သို့ စတင်တိုက်ခိုက်ခဲ့ပုံမှစ၍ စစ်သမိုင်းကို စနစ်တကျပြသထားသည်။

## ကိုရီးယားစစ်

ပြုံးယမ်းသို့လာရောက်သော ဧည့်သည်တော်များကို အမြဲပင် ကိုရီးယား တော်လှန်ရေးပြတိုက်ကြီးသို့ခေါ်ကာ ပြသလေ့ရှိကြ၏။ ဤပြတိုက်ကြီး၏ရှေ့တွင် ပေ ၇၀ မြင့်သော ကင်မ်အီဆွန်း၏ ရုပ်တုကြီးရှိ၏။ ပြတိုက်ထဲတွင်ကား ကိုရီးယားစစ်သမိုင်းကို အပြည့်အစုံပြထား၏။

၁၉၅၀ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် တောင်ဘက်မှမြောက်ဘက်သို့ စတင်တိုက်ခိုက်ခဲ့ ပုံမှစ၍ စစ်သမိုင်းကို စနစ်တကျပြသထားသည်။ သုံးရက်အကြာတွင် ကင်မ်၏တပ်မတော်က ပြန်လည်တွန်းလှန်တိုက်ခိုက်ရင်းဖြင့် ကျွန်းဆွယ်၏တောင်ဘက်ခြမ်း ထိပ်ထိ မိုင်ပေါင်းများစွာ သိမ်းပိုက်နိုင်ခဲ့၏။

ကိုရီးယားစစ်တွင် တောင်ကိုရီးယားဘက်မှ အမေရိကန်တပ်များက ကူတိုက်ပေး သကဲ့သို့ မြောက်ကိုရီးယားဘက်မှလည်း မော်စီတုံး၏တပ်သား ၉ သိန်းက ဝင်တိုက်ပေးခဲ့၏။ ထိုတိုက်ပွဲတွင် မော်စီတုံး၏သားတစ်ဦးပင်ကျဆုံးခဲ့၏။ စင်စစ် ဤကိုရီးယားစစ်ပွဲသည် အမေရိကန်တို့၏စနက်ကြောင့် စတင်ဖြစ်ပွားခဲ့ရကြောင်း ကိုရီးယားလူမျိုးအများစုက ယုံကြည်ကြ၏။

ဤစစ်ပွဲတွင် နှစ်ဖက်လုံးမှပြည်သူများ အိုးအိမ် စည်းစိမ်များစွာ ပျက်စီး ဆုံးရှုံးခဲ့၏။ စုစုပေါင်းအရပ်သား သုံးသန်းသေကြေခဲ့ကာ စစ်ပြေးဒုက္ခသည်ပေါင်း ၅ သန်း ထိရှိခဲ့၏။

the bookhouse
we bring your future



ဤစစ်ပွဲကြောင့် ကလေးပေါင်းတစ်သိန်း မိဘမဲ့ဖြစ်ကြရ၏။ လူတစ်သန်းသည် မြောက်ဘက်မှတောင်ဘက်သို့ စစ်ပြေးဒုက္ခသည်အဖြစ် ပြေးခဲ့ကြ၏ ၁၉၈၃ အထိ သားတကွဲ မယားတကွဲ မိတကွဲ ဖတကွဲ ဖြစ်ကြသူပေါင်းများစွာ ရှိနေသေး၏။

နှစ်သုံးဆယ်အတွင်းတွင် ဆွေတွေမျိုးတွေကွဲခဲ့ရာမှ ပြန်ဆုံခဲ့ကြသူပေါင်း တစ်သောင်းကျော်ရှိခဲ့၏။ မိသားစုပေါင်း သန်းပေါင်းများစွာက တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းကွဲပြားလျက်ရှိကြရာ စာအဆက် အသွယ်၊ ဖုန်းအဆက်အသွယ် ယခုထိ မရကြသေး။

နယ်ချဲ့တို့၏ခြေထိုးမှုကြောင့် ကိုရီးယားလူမျိုးအချင်းချင်း သတ်ကြ ဖြတ်ကြ ဖျက်ဆီးခဲ့ကြသည်မှာ ရင်နင့်စရာကောင်း၏။ ကိုရီးယား၏ ကံကြမ္မာသည် ကိုရီးယားလူမျိုး မဟုတ်သူများ၏လက်ထဲတွင် အဆုံးအဖြတ် ကျရောက်ခဲ့၏။

မြောက်ကိုရီးယားသည် စစ်ဒဏ်ကြောင့် နာလန်မထူခဲ့သဖြင့် ဆိုဗီယက်ထံမှ ပြန်လည်ထူထောင်ရေးအတွက် အကူအညီတောင်းရ၏။ တရုတ်ကို ကြွေးတွေ လျော်ပစ်ဖို့ တောင်းပန်ရ၏။ ကိုရီးယားနှစ်နိုင်ငံပေါင်းစည်းရန်ဆိုကာ တောင်ဘက်ပိုင်းမှ 'ဆင်ဂမန်ရီး'က မြောက်ပိုင်းကို စစ်ဆင်သည်ဟုလည်း ဆိုကြ၏။ သူက ကွန်မြူနစ်အစိုးရကို ဖြုတ်ချနိုင်မှသာ ကိုရီးယားပေါင်းစည်းမှုရမည်ဟု ယုံကြည်သူဖြစ်၏။

ဝါရှင်တန်ကမူ ကုလသမဂ္ဂကို ကိုရီးယားကိစ္စတွင် ဖြေရှင်းစေလို၏။ သို့ဖြင့် ကိုရီးယားပြဿနာသည် ဒုတိယကမ္ဘာစစ် အောင်နိုင်ခဲ့သူများ၏ ထည့်သွင်းစဉ်းစားရမည့် ပထမဆုံးအမှုကိစ္စဖြစ်လာ၏။ အမေရိကန်အစိုးရက ကိုရီးယားကိစ္စကို အသစ်ဖန်တီး ထားသော ကုလသမဂ္ဂအထွေထွေညီလာခံသို့ ဝင်အောင်လုပ်ပေး၏။ ယာယီကော်မရှင် တပ်ဖွဲ့ကို ကိုရီးယားသို့စေလွှတ်ကာ လွတ်လပ်သော ကိုရီးယားအစိုးရတစ်ခု ဖွဲ့စည်းရေးအထိ ဆောင်ရွက်ပေးရန် အမေရိကန်ကတောင်းဆိုခဲ့၏။

အထွေထွေညီလာခံက အမေရိကန်၏တိုက်တွန်းချက်ကို လက်ခံ၏။ သို့သော် ပြုံးယမ်းကမူ ပယ်ချ၏။ မြောက်ကိုရီးယားသို့ ကုလသမဂ္ဂတပ်ဖွဲ့များ စေလွှတ်ရေးကို လက်မခံ။ ၁၉၄၈ ခုနှစ် မေလ ၁၀ ရက်တွင် တောင်ဘက်ခြမ်း၌ ရွေးကောက်ပွဲများ ကျင်းပကြ၏။ မြောက်ပိုင်းတွင်မူ ရွေးကောက်ပွဲမလုပ်။ ရွေးကောက်ပွဲက ဆင်ဂမန်ရီးကိုပင် သမ္မတပြန်တင်နိုင်ကြသည်။ မြောက်ပိုင်းကမူ ပြည်သူ့ညီလာခံတစ်ရပ်ခေါ်ယူကာ ရွေးချယ် ပွဲကျင်းပခဲ့၏။

၁၉၄၈ ခုနှစ် နှောင်းပိုင်းတွင် ဆိုဗီယက်တို့က သူတို့တပ်ဖွဲ့များကို ရုပ်သိမ်း၏။ ၁၉၄၉ ခုနှစ် ဇွန်လတွင် အမေရိကန်တပ်လည်းလိုက်ဆုတ်၏။ သို့သော် နည်းပြဆရာ

the bookhouse
we bring your future

၅၀၀ ကိုမူ ချန်ရစ်ထားခဲ့၏။

တောင်ကိုရီးယားဘက်မှ အမေရိကန်တို့ ပါဝင်သကဲ့သို့ မြောက်ကိုရီးယားဘက်မှလည်း ဆိုဗီယက်တို့ကူညီကြ၏။ ကိုရီးယားစစ်ပွဲတွင် ဆိုဗီယက်တပ်မှတပ်သား နှစ်သောင်း ပါဝင်ခဲ့၏။ ရှေ့တန်း စစ်မျက်နှာတွင် ဝင်မတိုက်သော်လည်း ဆိုဗီယက်စစ်ရေးပါရဂူများက မြောက်ကိုရီးယားတပ်သား ၉ သောင်းကျော်ကို လေ့ကျင့်ပေးခဲ့၏။ လေကြောင်းမှနေ၍ အကာအကွယ်ပေးခဲ့ကြ၏။

ဆိုဗီယက် မစ် ၁၅ တိုက်လေယာဉ်များကို တရုတ်လေတပ်တံဆိပ်ကပ်ပြီး ဆိုဗီယက်လေသူရဲများက တရုတ်တပ်မတော်ဝတ်စုံဝတ်ကာ ဝင်တိုက်ပေးကြသည်ဟုဆို၏။ ယာလူးမြစ်ကို ဖြတ်ကူးသောတံတားများကို အမေရိကန်ဗုံးကြဲလေယာဉ်များက တိုက်ခိုက်မှုကို အကာအကွယ်ပေးကြခြင်းဖြစ်၏။

ပထမတွင် ဆိုဗီယက်တို့ မြောက်ကိုရီးယားသို့ဝင်လာခြင်းသည် ဟန်သလိုလိုဖြစ်နေ၏။ တောင်ဘက်ခြမ်းအစွန်အဖျားသို့ပင် မြောက်ဘက်တပ်တွေ ရောက်လာကြသည်။ ကင်မ်အီဆွန်းကိုယ်တိုင်ပင်လျှင် ပူဆန်ဆိပ်ကမ်းရုံအနီးသို့ ရောက်ခဲ့သည်။ တောင်ဘက်ခြမ်း ကွမ်ဂျူမြို့နားထိ သူရောက်ခဲ့သည်ဆို၏။ ကုလသမဂ္ဂတွင် လုံခြုံရေးကောင်စီက ဆိုဗီယက်ယူနီယံမတက်သောအစည်းအဝေးတွင် မဲဆန္ဒပေးကာ မြောက်ကိုရီးယားကို စစ်ကြေညာခဲ့၏။

သမ္မတထရူးမင်းက ဂျပန်မှတပ်သား ၁၀,၀၀၀ ကို ချက်ချင်းစေလွှတ်၏။ အမေရိကန်တပ်နှင့် တောင်ကိုရီးယားတပ်တို့ပေါင်းကာ အင်အား ၉၀,၀၀၀ ရှိသော မြောက်ကိုရီးယားတပ်များကို တိုက်ကြ၏။ အမေရိကန် ဗိုလ်ချုပ်မက်အာသာသည် ကုလသမဂ္ဂတပ်မတော်အောက်မှ နိုင်ငံပေါင်းစုံတပ်ကို ကြီးကြပ်၏။

သို့ဖြင့် မြောက်ကိုရီးယားတပ်များကို ၃၈ မျဉ်းပြိုင်အကျော်ကို မောင်းထုတ်နိုင်ခဲ့၏။ မကြာခင်မှာပင် ကုလသမဂ္ဂတပ်များသည် မြောက်ဘက်သို့ ချဉ်းနင်းဝင်ရောက်ကာ တရုတ်ပြည်နယ်တပ်နားအထိ ချီတက်လာကြ၏။

၁၉၅၀ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကလည်း စစ်ထဲဝင်လာ၏။ တရုတ်ပြည်မှ အပျော်တမ်း တပ်သား ၃ သိန်းသည် ကုလသမဂ္ဂတပ်များနှင့် ရင်ဆိုင်၏။ တရုတ်ဗိုလ်ချုပ် 'ပင်ဒါဟွေ့' က ဦးဆောင်၏။

မော်စီတုံးသည် ၁၉၄၉ အောက်တိုဘာတွင် ကေအမ်တီကို အောင်ပွဲခံကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခဲ့သော ချန်ကေရှိတ်က တရုတ်(တိုင်ပေ)သို့ ပြေး၏။

ဗိုလ်ချုပ်ကြီး မက်အာသာကမူ တရုတ်ပြည်ကို ဝင်တိုက်ချင်၏။ အရှေ့အာရှတွင်

the bookhouse
we bring your future



ကိုရီးယားကိုဝင်တိုက်ခြင်းထက် တရုတ်ကို ဝင်တိုက်ရတာ ပိုတန်သည်ဟု သူ ယုံကြည်သည်။ သို့သော် မက်အာသာ ရာထူးမှ ပြောင်းရွှေ့ခံရ၏။

ကိုရီးယားစစ်ပွဲသည် ၁၉၅၃ ဇူလိုင် ၂၇ ရက်တွင် ပြီးဆုံးခဲ့၏။ စစ်ပြေငြိမ်းစာချုပ်ကား မချုပ်၍ တရားဝင်ပြီးပြတ်သော စစ်ဟုကား မဆိုနိုင်။ အမေရိကန်စစ်သား ၃၃,၀၀၀ သည် ကုလသမဂ္ဂတပ်သား ၃၀၀၀ နှင့်အတူ ကျဆုံးခဲ့ရ၏။ ကုလတပ်ဖွဲ့တွင် ဗြိတိန်၊ တူရကီ၊ ပြင်သစ်၊ ဩစတြေးလျ၊ ကနေဒါလူမျိုးများပါကြ၏။ တောင်ကိုရီးယားဘက်မှ တပ်သား ၅၈,၈၀၉ ကျဆုံး၏။ မြောက်ကိုရီးယားကမူ ၂၁၅,၀၀၀ ကျဆုံး၏။ တရုတ်ဘက်မှမူ ၄ သိန်းကျော် ကျဆုံးသည်။ စစ်သုံ့ပန်းများစွာ နှစ်ဘက်တွင် ကျန်ရစ်၏။

၁၉၅၂ ဖေဖော်ဝါရီ ၂၂ ရက်တွင် မြောက်ကိုရီးယားက ကုလ သမဂ္ဂကို တိုင်ကြား၏။ အမေရိကန်လေယာဉ်သည် ရောဂါပိုးများပါသောဗုံးကို ၇ ကြိမ် ကြဲချခဲ့သည်ဟုဆို၏။

ရက်သတ္တနှစ်ပတ်အကြာတွင် တရုတ်ပြည်မှ ချူအင်လိုင်းကလည်း အမေရိကန်လေတပ်သည် လေယာဉ် ၄၄၈ စင်းဖြင့် ၆၈ ကြိမ်မျှ ပလိပ်ရောဂါ၊ ဝမ်းရောဂါ၊ ဆင်ခြေထောက်ရောဂါ စသည့်ပိုးများကို ကြဲချသည်ဆို၏။

ဗြိတိသျှလူမျိုး ဇီဝဓာတုပညာရှင် 'ဂျိုးဇက်နီဒန်' ခေါင်းဆောင်သော 'နိုင်ငံတကာသိပ္ပံကော်မရှင်'က စာမျက်နှာ ၆၆၉ မျက်နှာပါသော အစီရင်ခံစာကို ထုတ်ပြန်ကာ တရုတ်၏တိုင်ကြားချက် မှန်ကန်ကြောင်းသက်သေပြခဲ့၏။ ထို့ကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီနှင့် စာနယ်ဇင်းများ၏လှုံ့ဆော်မှုဖြင့် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲများစွာကို ကမ္ဘာတစ်ဝန်းကျင်းပခဲ့၏။

၁၉၈၉ တွင် ဗြိတိသျှစာနယ်ဇင်းသမား ပီတာဝီလျံမ်စ်နှင့် ဒေးဗစ်ဝါးလေ့စ်တို့ရေးသောစာအုပ်တွင်လည်း ဤအချက်ကို ထောက်ခံရေးသားခဲ့၏။ ပုလိပ်ရောဂါ၊ ဝမ်းရောဂါဖြစ်ပွားနေသော မြောက်ကိုရီးယားနိုင်ငံသားတို့ကလည်း ဖမ်းဆီးရမိထားသော အမေရိကန်လေသူရဲ ၂၅ဦးကို ဤသို့ ရောဂါပိုးကြဲချခြင်းကို ဝန်ခံခိုင်း၏။

ကိုရီးယားစစ်ပွဲပြီးဆုံးသောအခါ ကင်မ်အီဆွန်းသည် မြောက်ကိုရီးယား၏ ပြိုင်ဘက်မရှိ ခေါင်းဆောင်ကြီးအဖြစ် ပြည်သူက အထူးလေးစားခြင်းခံရသော ပုဂ္ဂိုလ်ဖြစ်ခဲ့၏။ မော်စကိုနှင့် ပေကျင်းကလည်း သူ့ကိုထောက်ခံကာ ကျောထောက်နောက်ခံ ပြုပေးကြ၏။

စစ်ရပ်စဲရေးစာချုပ်တွင် လက်မှတ်ရေးထိုးပြီး သုံးရက်အကြာတွင် သူပြီးလျှင် ဒုတိယတာဝန်အကြီးဆုံးပုဂ္ဂိုလ်ဖြစ်သော 'ပတ်ဟွန်ယောင်'ကို တာဝန်မှဖယ်ရှားခဲ့၏။ ထိုသူသည် တောင်ကိုရီးယားက ကျူးကျော်လျှင် မြောက်ကိုရီးယားပါတီဝင် နှစ်သိန်းက

the bookhouse
we bring your future

ထောက်ခံကြသည်ဟု စတာလင်ကို ပြောခဲ့သူဖြစ်၏။

'ပတ်ဟွန်ပေါင်'သည် ကင်မ်အီဆွန်း'အာဏာကို လုမည့်သူဟုလည်း စွပ်စွဲကြ၏။ နောက်နှစ်နှစ်အကြာတွင် ဝန်ကြီးချုပ်ဟောင်းကို အပြစ်ရှိသည်ဆိုကာ သေဒဏ်စီရင်ခဲ့၏။ စစ်တွင်းကာလက ကင်မ်အီဆွန်း၏ အနီးကပ်အကြံပေး ပုဂ္ဂိုလ်အတော်များများသည်လည်း အမေရိကန်နှင့်ပူးပေါင်းသည်ဟူသော စွဲချက်ဖြင့် ရာထူးမှ ဖယ်ရှားခြင်းခံကြရ၏။

မြောက်ကိုရီးယား၏ ပထမဆုံးအစိုးရအဖွဲ့ဝင် ၂၂ ဦးအနက် ၁၇ ဦးသည် အထုတ်ပယ်ခံခဲ့ရ၊ အပြစ်ပေးခံခဲ့ရသည်ဟု သိရသည်။ ဆိုဗီယက်အုပ်စု၊ တရုတ်အုပ်စု တော်တော်များများ အဖယ်ရှားခံကြရ၏။

၁၉၅၈ မှ ၁၉၆၁ အတွင်း ပါတီဝင် ၉၀၀၀ ကျော် အရေးယူခံကြရ၏။ သူတို့သည် ပါတီဆန့်ကျင်ရေးသမားများ၊ ခွဲထွက်ရေးသမားများ၊ တန်ပြန်တော်လှန်ရေးသမားများအဖြစ် အစွပ်စွဲခံကြရ၏။

တောင်ကိုရီးယားဘက်မှ မြောက်ကိုရီးယားသို့ ကူးပြောင်းနေထိုင်သူများသည်လည်း ဖောက်ပြန်ရေးသမားများ၊ ပါတီဆန့်ကျင်ရေးသမားများအဖြစ် အစွပ်စွဲခံကြရ၏။ ပါတီဝင်များထဲမှလည်း ပါတီဝင် ၆ သိန်းသည် အစုံစမ်းအစစ်ဆေးခံကြရပြီး ထိုအထဲမှ ၄ သိန်းခွဲသည် ပါတီစည်းကမ်းဖောက်ဖျက်မှုအရ အရေးယူခံကြရ၏။ ၁၉၆၀ ခုနှစ်များတွင် ပါတီတွင်းမှ ပါတီဝင်သုံးပုံနှစ်ပုံသည် ပါတီသန့်စင်ရေးတွင် ပါသွားကြ၏။

■

the bookhouse

**ကင်မ်ဂျုံအီ (သို့မဟုတ်)**
**မြောက်ကိုရီးယား၏**
**ချစ်လှစွာသော ခေါင်းဆောင်ကြီး**



## အခန်း ၃
## ခေါင်းဆောင်တစ်ဦး ပေါ်ထွန်းလာခြင်း

ခေါင်းဆောင်ကြီးက ကျွန်ုပ်တို့ကို အဝတ်အထည်ဆင်ပေးတယ်။
လူတစ်လုံး သူတစ်လုံးဖြစ်အောင် လုပ်ပေးတယ်။
ဒါကြောင့် ခေါင်းဆောင်ကြီးရဲ့ကျေးဇူးသစ္စာကို စောင့်သိလိုက်နာဖို့က ကျွန်ုပ်တို့ရဲ့တာဝန်ပဲ။

## ခေါင်းဆောင်တစ်ဦးပေါ်ထွန်းလာခြင်း

၁၉၉၇ ဖေဖော်ဝါရီလ၏ နေ့လယ်ခင်းတွင် ဆံပင်ဖြူဖြူ အသက် ကြီးကြီး ပုဂ္ဂိုလ်တစ်ဦးသည် ပေကျင်းရှိ မြောက်ကိုရီးယားသံရုံးမှထွက်လာ၏။ ဈေးဝယ်ထွက်မည်ဟု ပြောရင်း အငှားကားတစ်စင်းဖမ်းတားကာ တောင်ကိုရီးယား ကောင်စစ်ဝန်ရုံးသို့သွား၏။ ထိုရုံးတွင် သူက နိုင်ငံရေး ခိုလှုံခွင့်တောင်း၏။ သူ့အမည်က 'ဟွမ်ဂျန်ယော့' ဖြစ်၏။ 'ဟွမ်'သည် ကင်မ်အီဆွန်း၏ သီးသန့်ရုံး၌ ၁၉၅၈ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ရာ ၃၉ နှစ်တိတိ ကြာခဲ့၏။ သူသည် ကင်မ်အီဆွန်း၏ ဂျူချေအတွေးအခေါ်ကို ဖန်တီးပေးသူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်၏။

နောက်ထပ် ရက်သတ္တပတ် ၆ပတ်ကြာမျှအထိ မြောက်ကိုရီးယားမှ အရပ်ဝတ်စုံထောက်များသည် ၇၄ နှစ်အရွယ် ပညာရှင်ကြီးဟွမ်ကို ကိုရီးယားသံရုံးအပြင်ဘက်မှ စောင့်နေကြ၏။ ပြုံးယမ်းကမူ ဟွမ်းသည် ပြန်ပြေးဆွဲခံရသည်ဟု သတင်းထုတ်ပြန်ခဲ့၏။ အမိကရုဏ်းနှိမ်နင်းရေး ဝတ်စုံဝတ်ထားသော တရုတ်တပ်သားများကလည်း ကောင်စစ်ဝန်ရုံးအပြင်တွင် နေရာယူထား၏။ အချိန်ကြာမြင့်စွာ စေ့စပ်ညှိနှိုင်းမှုများလုပ်ပြီးမှ 'ဟွမ်' နှင့် သူ့အဖော် 'ကင်မ်ဒွတ်ဟောင်' တို့သည် တရုတ်ပြည်မှ ထွက်ခွာခွင့်ရခဲ့၏။ ဧပြီလကျမှ ဆိုးလ်မြို့သို့ရောက်၏။ သူက ကင်မ်ဂျုံအီအစိုးရကို ဝေဖန်အပြစ်တင်မှုများ ပြုခဲ့၏။

တောင်ကိုရီးယားတွင် သူက စာအုပ်တွေ၊ ဆောင်းပါးတွေ ရေးသည်။ အင်တာဗျူး



အလုပ်ခံသည်။ သူသည် မြောက်ကိုရီးယားအတွင်းရေးကို အပြည့်အစုံ ဖော်ထုတ်နိုင်ခဲ့သည့် ပထမဆုံးပုဂ္ဂိုလ်ဖြစ်၏။

'ဟွမ်'ကို ကင်မ်အီဆွန်းက စတာလင်ကွယ်လွန်ချိန်ပြီးနောက် ခေါ်ယူခဲ့ခြင်းဖြစ်၏။ ထိုအချိန်တွင် ပြုံးယမ်းသည် မော်စကိုနှင့် ပေကျင်းအကြား ဘယ်ဘက်လိုက်ရမှန်း မသိဖြစ်နေသောကာလဖြစ်၏။ 'ဟွမ်'သည် ပထမဦးစွာ ဘောဂဗေဒဆရာတစ်ဦးအနေဖြင့် ပါတီသို့ဝင်၏။ ကင်မ်အီဆွန်းတက္ကသိုလ်တွင် မာ့က်ခ်ဝါဒသင်ယူခဲ့ပြီးနောက် ၁၉၅၀ တွင် မော်စကို တက္ကသိုလ်တက်၏။ ၁၉၅၃ တွင် ဒေါက်တာဘွဲ့ရ၏ (ထိုဒေါက်တာဘွဲ့မှာ အမေရိကတွင် မဟာဘွဲ့နှင့်တန်းတူ၏)။

နောက်တစ်နှစ်အကြာတွင် သူသည် ကင်မ်အီဆွန်းတက္ကသိုလ်တွင် မာ့က်စ်ဝါဒသင်ယူ ထိပ်တန်းကထိကတစ်ဦးဖြစ်လာသည်။ ၁၉၅၈ ဇန်နဝါရီတွင် သူ့ကို ကင်မ်အီဆွန်းက ကက်ဘိနက်အဖွဲ့ရုံးတွင် အတွင်းရေးမှူးသုံးဦးနဲ့ လာရောက်တွဲဘက်လုပ်ကိုင်ရန် ခေါ်ယူ၏။ သူတို့အတွင်းရေးမှူးလေးဦးအဖွဲ့တွင် သုံးဦးမှာဘောဂဗေဒပါရဂူများဖြစ်ကြ၏။

၁၉၄၅ တွင် ကင်မ်အီဆွန်း အာဏာရလာသောအခါ သူသည် စတာလင်ကို ကိုးကွယ်မှုစခဲ့၏။ မည်သည့်အစည်းအဝေးတွင်မဆို စတာလင် သက်တော်ရာကျော် ရှည်ပါစေဟူသော ကြွေးကြော်သံဖြင့် အဆုံးသတ်ရ၏။ တစ်ချိန်တည်းမှာပင် သူ၏ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုကိုလည်း တည်ထောင်ခဲ့သည်။ သူ့အသက် ၄၀ အရွယ်တွင် သူ၏ ပထမဆုံးရုပ်တုကို ထုလုပ်ထူထောင်ခဲ့၏။ တက္ကသိုလ်ကိုလည်း သူ့နာမည်ပေးခဲ့၏။ ကင်မ်အီဆွန်းတက္ကသိုလ်ကို တက်မည့်သူများအားလုံးသည် ပါတီဝင်ဖြစ်ရန်လိုသည်ဟု ပြဋ္ဌာန်းထား၏။

'ဟွမ်' သည် မာ့က်စ်ဝါဒကို ကိုရီးယားဘာသာပြန်ပေးရ၏။ ဆက်လက်၍ မာ့က်စ်ဝါဒကိုအခြေခံကာ 'ဂျူချေ' အတွေးအခေါ်ကိုပါ ကင်မ်၏ ကိုယ်ပိုင်အတွေးအခေါ်အဖြစ် ဖန်တီးခဲ့၏။ "ဂျူချေဆိုတာ ချီဆန်တော်လှန်ရေးကို ဆိုလိုတယ်။ ချီဆန်ဆိုတာက ကိုရီးယားရဲ့ မျိုးရာအမည်နာမပဲ"ဟု ကင်မ်က ပြောခဲ့၏။

"ကျွန်တော်တို့က ဂျူချေကို ချဲ့ထွင်တယ်။ အဓိပ္ပာယ်တွေ ပိုရှိအောင် ပေါင်းစပ်ပေးတယ်။ မြောက်ကိုရီးယားပြည်သူတိုင်း ဒါကို နားလည်ဖို့ ပညာပေးရတယ်" ဟု 'ဟွမ်' က ပြော၏။ ၁၉၅၉ ခုနှစ်ကုန်တွင် 'ဟွမ်'သည် ပါတီဝါဒဖြန့်ချိရေးရုံး၏ ဒုတိယအကြီးအကဲ ဖြစ်လာသည်။ ၁၉၆၅ ခုနှစ်တွင်ကား သူသည် ကင်မ်အီဆွန်းတက္ကသိုလ်၏ ဥက္ကဋ္ဌ၊ ဂျူချေဝါဒ၏ အဓိကတရားဟော ဆရာကြီးဖြစ်လာသည်။

၁၉၆၃ မေလတွင် ဆိုဗီယက်သံတမန်တစ်ဦးက ကင်မ်အီဆွန်း၏ အကြံပေး

ပုဂ္ဂိုလ်များသည် 'နိုင်ငံရေးဂက်စတာပို' များ ဖြစ်သည်ဟုဆို၏။ ပြုံးယမ်းတွင် ကိုရီးယား လူမျိုးများကို နိုင်ငံခြားသားဇနီးသည်များနှင့်ကွာရှင်းခိုင်း၏။ နိုင်ငံခြားသား လက်မထပ်ရ လှုပ်ရှားမှုကို စတင်၏။ နိုင်ငံခြားသားကိုလက်ထပ်ခြင်းသည် ကိုရီးယားလူမျိုးကို ဖျက်ဆီးအောင်လုပ်သော ရာဇဝတ်မှုပင်ဖြစ်သည်ဟု ပြောကြ၏။

'ကင်မ်'၏ အမိန့်အရ 'ဟွမ်'သည် စတာလင်ကို ချီးကျူးမှုလုပ်သော အစီရင်ခံစာများ၊ မိန့်ခွန်းများကို လိုက်ဖျက်ရ၏။ 'ဟွမ်'သည် ကိုရီးယားကွန်မြူနစ်ဝါဒသမိုင်းကိုလည်း ပြန်ပြင်ရေး၏။ 'ဂျူချေ'သမိုင်းကိုလည်း ထပ်မံဖြည့်စွက်တီထွင် ရေးသားရ၏။ 'ဂျူချေ'သည် ကွန်မြူနစ်ဝါဒ၏ အမျိုးသားရေးဆိုင်ရာ ဘာသာတရားဖြစ်ပါသည်။ ဆိုဗီယက်ဝါဒနှင့်လည်း မတူ၊ တရုတ်ဝါဒ နှင့်လည်းမတူသော ကိုရီးယားဝါဒ စစ်စစ်ဖြစ်လာ၏။

ပြည်သူအများက ကင်မ်အီဆွန်းကို ဘုရားတစ်ဆူပမာ ယုံကြည်ကိုးကွယ်ကြ၏။ ၁၉၆၃ ခုနှစ် မတ်လအတွင်းက 'မင်ချွန်ဟို' အမည်ရှိ ငါးဖမ်းသင်္ဘောတစ်စင်းသည် မုန်တိုင်းထဲတွင် အလူးအလဲ လှိမ့်ခံနေရ၏။ အချိန်မရွေးပင် မြုပ်သွားနိုင်၏။ ဤတွင် သင်္ဘောသားအားလုံးက မိနစ် ၅၀ ကြာမျှ ကင်မ်အီဆွန်းအတ္ထုပ္ပတ္တိထဲမှ ဂျပန်ဆန့်ကျင်ရေးတိုက်ပွဲအကြောင်းကို ညီညီညာညာအောင် ဖတ်ကြ၏။

ထိုအခါ မုန်တိုင်းက ငြိမ်သွားပြီး အားလုံးအသက်ချမ်းသာရာ ရခဲ့သည်ဆို၏။ ထိုကဲ့သို့သော ဇာတ်လမ်းတွေ များစွာပေါ်လာ၏။ ကင်မ်၏ ဂျူချေအတွေးအခေါ်သည် ခရစ်ယာန်သမ္မာကျမ်းစာလိုလို၊ အစ္စလာမ်ဘာသာဝင်များ၏ ကုရ်ဆန်ကျမ်းစာလိုလို လူတွေက အတော်ပင်ယုံကြည်ကိုးစား နေကြသည်။

၁၉၆၇ တွင် တရုတ်ပြည်မှ တပ်နီများက ကင်မ်အပေါ် ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ ပြုလုပ်လာကြ၏။ ထို့ကြောင့် ကင်မ်က တရုတ်နှင့်ဆိုဗီယက်တို့ ဩဇာကင်းသော အမျိုးသားရေးဝါဒဖြစ်သည့် 'ဂျူချေ'အတွေးအခေါ်ကို ပို၍ဖောင်းပေးစည်းရုံးခဲ့၏။ မည်သူ့ကိုမှ အားမကိုးဘဲ ကိုယ့်ဘာသာကိုယ်အားကိုးခြင်းသည်သာ အကောင်းဆုံးဟု ခံယူယုံကြည်လာကြ၏။

၁၉၇၀ ခုနှစ်တွင် ကျင်းပသော ပဉ္စမအကြိမ်မြောက် ပါတီကွန်ဂရက်က 'ဂျူချေ' အတွေးအခေါ်ကို အမျိုးသားအတွေးအခေါ်ဖြစ် ပြဋ္ဌာန်းခဲ့၏။ ထိုအချိန်တွင် တရုတ်ပြည်ကလည်း မာရှယ်လင်ပြောင်က 'စာအုပ်နီလေး'ကို တပ်မတော် အတွက် သမ္မာကျမ်းစာအဖြစ် အသုံးပြုခိုင်းသောကာလဖြစ်၏။

၁၉၇၀ စောစောပိုင်းတွင် လင်ပြောင်သည် ဆိုဗီယက်သို့ထွက်ပြေးရန် ကြိုးစားရင်း လေယာဉ်ပျက်သေဆုံးခဲ့၏။ မော်၏ဇနီး 'ကျန်းကျင်း' နှင့်လေးဦးဂိုဏ်းက တစ်စခန်းထ၏။





ပြုံးယမ်းတွင်မူ 'ကင်မ်အီဆွန်း' ၏ညီဖြစ်သူ 'ကင်မ်ယုံဂျူ'နှင့် 'ကင်မ်'၏သားကြီး 'ကင်မ်ဂျုံအီ'တို့နှစ်ဦး မည်သူက ခေါင်းဆောင်အရိုက်အရာကို ဆက်ခံမည်ဆိုသည်ကို စိတ်ဝင်စားနေကြ၏။ 'ချစ်လှစွာသော ခေါင်းဆောင်ကြီး' ဟု အခေါ်ခံရသည်ကိုနှစ်သက်သော 'ကင်မ်ဂျုံအီ'သည် အခြားသောညီအစ်ကိုတော်များက ခေါင်းဆောင်နေရာ ဝင်ယူကြမည့်အရေးကိုလည်း ရင်လေးနေရ၏။

'ကင်မ်ဂျုံအီ'သည် ဖခင်နှင့်အတူ တကောက်ကောက်လိုက်ပါရင်း ဖခင်ကြီးကို အရိပ်တကြည့်ကြည့်နေတတ်သူဖြစ်၏။ ၁၉၅၉ တွင် မော်စကိုသို့ ဖခင်နှင့်အတူ သွားရောက်သောအခါ ဖခင်ကိုတွဲထူ တွဲထလုပ်ပေးသည်မှအစ ဖိနပ်စီးပေးသည်အထိ အောက်ခြေသိမ်း အကုန်လုပ်ပေးခဲ့သည်ဟု အဖွဲ့ဝင်အနေဖြင့် လိုက်ပါသွားသူများက မှတ်တမ်းတင်ထားကြ၏။

ကင်မ်အီဆွန်းကို ကြည်ညိုလေးစားသည့်နေရာတွင် ကင်မ်ဂျုံအီကို မည်သူမျှ မမီ။ ကင်မ်ဂျုံအီသည် ဖခင်ကြီး၏ခြေရာကို တစ်ထေရာထဲ နင်းနိုင်အောင် အမြဲတစေ ကြိုးစားနေသူဖြစ်ပြီး ဖခင်ကို ဘုရားတစ်ဆူလို ခြွင်းချက်မရှိ ယုံကြည်ကိုးကွယ်သူလည်း ဖြစ်သည်။

'ကင်မ်ဂျုံအီ' ကို နိုင်ငံခြားတွင် ပညာသင်ရန် စေလွှတ်၏။ သို့သော် သူက ဖခင်ကြီးကို စိတ်မချဆိုကာ နိုင်ငံခြားမသွား။ နိုင်ငံခြားပညာသင်မည့်အစား ကင်မ်အီဆွန်း တက္ကသိုလ်တွင်ပင်တက်ရောက်ကာ ဂျူချေအတွေးအခေါ်ကို ကျေညက်အောင် လေ့လာခဲ့၏။ ထိုတက္ကသိုလ်၏ ဥက္ကဋ္ဌဖြစ်သူ 'ဟွမ်'သည် 'ကင်မ်ဂျုံအီ'၏ အနီးကပ်ဆရာဖြစ်ခဲ့၏။ အလက်ဇန္ဒားမင်းသားအား ပညာစုံသင်ပေးသူ ဆရာဆိုကရေးတီးနှင့် သူတို့နှစ်ဦးကို နှိုင်းရ၏။

'ကင်မ်အီဆွန်း'ကို ကြည်ညိုလေးစားသူများက ကင်မ်အပြင် သူ့ဖခင်၊ မိခင်၊ အဘိုး၊ အဘွားတို့ကိုပါ ဆွေစဉ်မျိုးဆက် ကြည်ညိုကြ၏။ 'ကင်မ်အီဆွန်း'၏ ဖခင်ကြီးကို ကိုရီးယားအမျိုးသားလှုပ်ရှားမှုကို စတင်သူ၊ ဂျပန်ဆန့်ကျင်ရေးလှုပ်ရှားမှုကို ဦးဆောင်သူ မျိုးချစ်ပုဂ္ဂိုလ်ကြီးအဖြစ် လေးစားကြ၏။ သူ၏ အဘိုးဖြစ်သူမှာလည်း 'ဂျင်နရယ်ရှားမင်း' အမည်ရှိ အမေရိကန်သင်္ဘောကို ၁၈၆၀ တွင် တိုက်ခိုက်ခဲ့ရာ၌ ခေါင်းဆောင်ခဲ့သူ သူရဲကောင်းအဖြစ် ဂုဏ်ပြုကြ၏။

'ကင်မ်ဂျုံအီ'သည် ၁၉၆၄ တွင် ပါတီဝင်ဖြစ်လာ၏။ နောက်နှစ် အနည်းငယ် အကြာတွင် သူသည် ပါတီ၏ဝါဒဖြန့်ချီရေးဌာနတွင် အကြီးအကဲရာထူးကို ထမ်းဆောင်နိုင်ခဲ့၏။ ရုပ်ရှင်တွေ၊ ပြဇာတ်တွေ တင်ဆက်ကပြကာ ပါတီစည်းရုံးရေးကို အောင်မြင်စွာ

လုပ်ဆောင်ပြခဲ့၏။ မော်စီတုံး၏ဇနီး 'ကျန်းကျင်း'က မော်ဝါဒတော်လှန်ရေး စံပြအော်ပရာများကို တင်ဆက်ကာ မော်၏တန်ခိုး အာဏာကြီးထွားအောင် လုပ်ဆောင်နေပုံများကို 'ကင်မ်ဂျုံအီ' က နမူနာယူ၏။ 'ကင်မ်'ကိုယ်တိုင်ပင်လျှင် 'သွေးပင်လယ်'နှင့် 'ပန်းပွင့်ဇကရီ' အမည်ရှိ တော်လှန်သော အော်ပရာများကို ရေးသားကာကပြစေခဲ့၏။

၁၉၇၀ တွင် 'ကင်မ်ဂျုံအီ'သည် 'ပါတီ၏တုနှိုင်းမမီ အတွေးအခေါ်စနစ်ကို ဖန်တီးပေးခဲ့သော ကျွန်ုပ်တို့မဟာခေါင်းဆောင် ရဲဘော်ကင်မ်အီဆွန်း၏ တောက်ပသောလက်ရာမွန်' ဟူသောစာအုပ်၊ 'ကင်မ်အီဆွန်းဝါဒကို မှန်ကန်စွာနားလည်ခြင်း' စာအုပ်များကို ရေးခဲ့၏။

'ခေါင်းဆောင်ကြီးက ကျွန်ုပ်တို့ကို အဝတ်အထည် ဆင်ပေးတယ်။ စားစရာကျွေးတယ်။ ကျောင်းထားပေးတယ်။ လူတစ်လုံး သူတစ်လုံးဖြစ်အောင် လုပ်ပေးတယ်။ ဒါကြောင့် ခေါင်းဆောင်ကြီးရဲ့ကျေးဇူးသစ္စာကို စောင့်သိလိုက်နာဖို့က ကျွန်ုပ်တို့ရဲ့တာဝန်ပဲ' ဟူသော သဘောတရားကို ပြည်သူများကြားတွင် သွပ်သွင်းပေး၏။

၁၉၇၂ တွင် ဖခင်ကြီး၏ အသက် ၆၀ ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် 'ကင်မ်ဂျုံအီ'က ဖခင်ကြီး၏ ပေ ၇၀ မျှ မြင့်သော ရုပ်တုကြီးကို အမေရိကန်ဒေါ်လာသန်း ၈၀၀ မျှ တန်ကြေးထိုက်သောရွှေချကာ ပြုံးယမ်းမြို့လယ်ခေါင်တွင် စိုက်ထူခဲ့၏။ အသက် ၆၀ ဆိုလျှင် တရုတ်ဇကရာဇ်များသည် သူတို့အရိုက်အရာကို ဆက်ခံမည့်သူအား ရွေးချယ်ရတာ ထုံးစံရှိ၏။ အချို့ဇကရာဇ်များဆိုလျှင် သူ့အရိုက်အရာဆက်ခံမည့်သူ၏ အမည်ကို လည်ပင်းမှာဆွဲထားသောအိတ်ဖြင့် သိမ်းထားတတ်ကြ၏။

ယခုလည်း ကင်မ်အီဆွန်း အသက် ၆၀ ရှိပြီ။ သားဖြစ်သူ 'ကင်မ်ဂျုံအီ' သည်လည်း အသက် ၃၀ ရှိနေပြီ။ အာဏာအမွေဆက်ခံမှုပြဿနာသည် အမြင့်ဆုံး အခြေအနေတွင် ရောက်လာပြီ။ ဤအချိန်တွင် ကင်မ်ဂျုံအီ၏ဦးလေး 'ကင်မ်ယုံဂျူ'နှင့် 'ကင်မ်ဂျုံအီ'၏ ဖအေတူ မအေကွဲ ညီငယ် 'ကင်မ်ပြုံးအီ' တို့က ပြည်တွင်းနိုင်ငံရေးမြင်ကွင်းမှ ပျောက်သွားကြသည်။ 'ကင်မ်ယုံဂျူ' သည် နာတာရှည်ရောဂါဖြင့် အိပ်ရာထဲလဲနေသည်။ 'ကင်မ်ပြုံးအီ'ကမူ အရှေ့ဥရောပ နိုင်ငံများစွာတွင် သံတမန်သွားလုပ်သည်။

သို့ဖြင့် ၁၉၇၄ ဧပြီလတွင် ကျင်းပသော အလုပ်သမားပါတီအစည်းအဝေးတွင် 'ကင်မ်ဂျုံအီ'သည် ဖခင်ကြီးအရိုက်အရာကို ဆက်ခံမည့်တရားဝင်ပုဂ္ဂိုလ်အဖြစ် အရွေးချယ်ခံလိုက်ရ၏။ ထိုအချိန်မှစ၍ သူ့ကိုပြည်သူများက 'ချစ်လှစွာသော ခေါင်းဆောင်ကြီး' ဟု ခေါ်ဆိုလာကြ၏။ သူသည် သူ့ဖခင်ခရီးလှည့်လည်ရာတိုင်းတွင် လိုက်ပါခဲ့၏။ သို့သော် သူက ရှေ့တန်းသိပ်မထွက်။ အသံလွှင့်မိန့်ခွန်းတွေ ဘာတွေမပြော။ ၁၉၉၂ ကျမှသာ

the bookhouse
we bring your future



တပ်မတော်ကို သူတာဝန်ယူခဲ့ပြီး 'သူရဲကောင်းပီသသော ပြည်သူ၏တပ်မတော်အောင်ပွဲ' ဟူသော စကားတိုတိုဖြင့် အသံလွှင့်ခဲ့၏။

၁၉၉၂ တွင်ပင် ပါတီသည် ကင်မ်ဂျုံအီ ချမှတ်သော 'အတွေးအခေါ်တစ်ရပ်ထူထောင်ရန် မူဝါဒဆယ်ချက်'ကို ပြဋ္ဌာန်းခဲ့၏။ မူဝါဒဆယ်ချက်တွင် စကားပိုဒ်ပေါင်း ၆၅ ပိုဒ်ပါ၏။ ဤသည်တို့မှ နိုင်ငံ၏ပညတ်တော်ဆယ်ပါးပင်ဖြစ်သည်။ ဤသည်တို့မှာ နိုင်ငံတော်ပေါ်လစီပင်ဖြစ်၏။ ဤပညတ်တော်ဆယ်ပါးသည်ပင်လျှင် ကင်မ်ဂျုံအီ၏ ပုဂ္ဂလိကနိုင်ငံရေးပလက်ဖောင်းကို တည်ဆောက်လိုက်ခြင်းပင်ဖြစ်သည်ဟု နိုင်ငံရေးအကဲခတ်သမားများက ဆို၏။ 'ကင်မ်'သည် ကိုရီးယားပြည်သူအားလုံးတို့၏ခေါင်းဆောင်၊ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုတွင်ပါဝင်သည့် ပြည်သူအားလုံး၏ ကယ်တင်ရှင်ကြီးလည်း ဖြစ်သည်။ ပါတီဝင်တိုင်းသည် -

၁။ မဟာဥက္ကဋ္ဌကြီး၊ ရဲဘော်ကင်မ်အီဆွန်း၏တော်လှန်ရေးအတွေးအခေါ်ကို လူမှုအဖွဲ့အစည်းတစ်ခုလုံးက လိုက်နာအကောင်အထည်ဖော်ရမည်။

၂။ မဟာဥက္ကဋ္ဌကြီး၊ ရဲဘော်ကင်မ်အီဆွန်း၏ ဩဇာအာဏာကို အကြွင်းမဲ့ ယုံကြည်ရမည်။

၃။ မဟာဥက္ကဋ္ဌကြီး၊ ရဲဘော်ကင်မ်အီဆွန်း၏ တော်လှန်သောအတွေးအခေါ်ကို ယုံကြည်ကာ ဥက္ကဋ္ဌကြီး၏သင်ကြားမှုများကို တစ်သဝေမတိမ်း လိုက်နာရမည်။

ထို့ပြင်ပါတီဝင်တို့သည် အောက်ပါအချက်များကိုလည်း လိုက်နာရန်လို၏။

၁။ ပါတီဝင်တိုင်းသည် ရဲဘော်ကင်မ်အီဆွန်း၏ ဩဇာအာဏာကိုသာ အသိအမှတ်ပြုရမည်။

၂။ ဆုံးဖြတ်ချက်အားလုံးကို ဥက္ကဋ္ဌကြီး၏ သင်ကြားချက်များအား ကိုက်တံအဖြစ် သုံးစွဲမှုကို လက်ခံရမည်။

၃။ အစီရင်ခံစာရေးသောအခါ၊ ခေါင်းစဉ်တစ်ခုကို ဆွေးနွေးသောအခါ၊ တစ်စုံတစ်ခုကို ကိုးကားသောအခါ၊ ဥက္ကဋ္ဌကြီး၏ သင်ကြားချက်များကို ကိုးကားရမည်။ ဥက္ကဋ္ဌကြီးအမြင်နှင့် မတူညီသောအချက်များကို မပြောရ မရေးရ။

ခေါင်းဆောင်ကြီးကို ကိုရီးယားဘာသာဖြင့် 'ဆူရီယောင်း'ဟု ခေါ်၏။

'ဆူရီယောင်းသည် ဦးနှောက်ဖြစ်၏။ ပါတီသည် အာရုံကြောဖြစ်၏။ ပြည်သူတို့သည် လက်တွေ၊ ခြေတွေ ဖြစ်၏။ ဦးနှောက်နှင့် အာရုံကြောမရှိလျှင် လက်နှင့် ခြေသည်

the bookhouse
we bring your future

ဘာမှလှုပ်၍မရ' ဟူသော သဘောတရားကို ကိုရီးယားပြည်သူများက လက်ခံကြ၏။

ပြည်သူများသည် သမိုင်းနှင့်တော်လှန်ရေးကို ထိန်းချုပ်သောခန္ဓာကိုယ်ဖြစ်သည်ဟုလည်း ယုံကြည်ကြ၏။ သို့သော် သူတို့တွင် ဦးနှောက်လို၏။ ထိုထိပ်တန်းဦးနှောက်မှာ ရဲဘော်ကင်မ်အီဆွန်းပင် ဖြစ်သည်။

ပြည်သူတို့ ယုံကြည်လက်ခံနိုင်အောင်လည်း ငယ်ငယ်ကတည်းက စနစ်တကျ သင်ကြားသွပ်သွင်းမှုများ ရှိခဲ့၏။ ကလေးများသည် အသက်နှစ်နှစ်တွင် မူကြိုကျောင်းများ တက်ကြရ၏။ ထိုလူမမယ်အရွယ်ကတည်းက သူတို့ကို ကင်မ်အီဆွန်းကဲ့သို့ ကင်မ်ဂျုံအီကဲ့သို့ တွေးတောရန်၊ စကားပြောရန်၊ လုပ်ဆောင်ရန် လေ့ကျင့်ပေးထား၏။

ကင်မ်အီဆွန်းနှင့် ကင်ဂျုံအီတို့၏ ငယ်စဉ်ကလေးဘဝအကြောင်းများကို ကလေးများသင်ကြရ၏။ ထို့နောက် ကျောင်းနေသောအရွယ်ရောက်သောအခါ ကျောင်းသုံးစာအုပ်များ သင်ရ၏။ ထိုစာအုပ်များတွင် သိပ္ပံစာအုပ်၊ သင်္ချာစာအုပ်မှအစ ကင်မ်အီဆွန်းနှင့် ကင်မ်ဂျုံအီတို့၏ သင်ကြားချက်များ ထည့်သွင်းဖော်ပြထား၏။

မူလတန်းမှ တက္ကသိုလ်အဆင့်အထိ ကျောင်းသုံးစာအုပ်များ၏ ၃၃. ၃ ရာခိုင်နှုန်းသည် ခေါင်းဆောင်ကြီးများ၏အကြောင်းပါဝင်နေ၏။ သင်ကြားသမျှ ဘာသာရပ်အားလုံး၏ သုံးပုံတစ်ပုံဟု ဆိုရပေမည်။ ကင်မ်အီဆွန်းနှင့် ကင်မ်ဂျုံအီတို့၏တော်လှန်ရေးအတွေ့အကြုံများမှအစ သူတို့၏စာပေအနုပညာသဘောတရားများအထိ ဘာသာရပ်ပေါင်းစုံတွင် ပျံ့နှံ့ပါဝင်နေ၏။

ကင်မ်အီဆွန်း၏ ဘဝလမ်းကြောင်းကလည်း စိတ်ဝင်စားစရာဖြစ်၏။

ကင်မ်အီဆွန်းကို ကိုရီးယားနိုင်ငံ ပြုံးယမ်းမြို့ မန်ယုန်ဒယ်ကျေးရွာတွင် ၁၉၁၂ ခုနှစ် ဧပြီလ ၁၅ ရက်တွင် ဆင်းရဲသော လယ်သမားမိသားစုမှ မွေးဖွားခဲ့သည်။ သူ၏ ဘိုးတော်သူ မစ္စတာကင်မ်အွန်ဘူမှာ ၁၈၆၆ တွင် 'ဂျင်နရယ်ရှားမင်း' အမည်ရှိ ပင်လယ်ကူးပြသင်္ဘောကို နစ်မြုပ်ရေးတိုက်ပွဲကို ဦးဆောင်ခဲ့သူဖြစ်၏။

ထိုသင်္ဘောသည် အမေရိကန် နယ်ချဲ့တို့ကား သွေးတိုးစမ်းကျူးကျော်ရန် စေလွှတ်လိုက်သောသင်္ဘောဖြစ်၏။ သူ၏အဘိုး မစ္စတာကင်မ်ဘိုယွန်နှင့် အဘွားမစ္စစ်လီဘိုအစ်တို့မှာလည်း ကျူးကျော်ရေးသမားများကို တော်လှန်ခဲ့သူမျိုးချစ်ပုဂ္ဂိုလ်များဖြစ်ကြ၏။

သူ၏ဖခင် မစ္စတာကင်ဟျုဂျစ်မှာ ဂျပန်ဆန့်ကျင်ရေးခေါင်းဆောင်တစ်ဦးဖြစ်ကာ ၁၉၁၇ မတ်လတွင် ကိုရီးယားအမျိုးသား အသင်းကို တည်ထောင်ခဲ့သူဖြစ်၏။ ဤအဖွဲ့သည် ဂျပန်ဆန့်ကျင်ရေးတွင် အကြီးဆုံးသော မြေအောက်တော်လှန်ရေးအဖွဲ့ဖြစ်၏။ ၁၉၁၇ တွင်



သူနှင့်တကွ အဖွဲ့ဝင်တစ်ရာကျော်ကို ဂျပန်နယ်ချဲ့ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ ထောင်မှလွတ်သောအခါ တရုတ်ပြည်အရှေ့မြောက်ပိုင်းသို့ထွက်ပြေးပြီး ဂျပန်ဆန့်ကျင်ရေးလှုပ်ရှားမှုကို အင်တိုက်အားတိုက် လှုပ်ရှားခဲ့၏။ ကင်မ်အီဆွန်း၏မိခင် မစ္စစ်ကန်ဘန်ဘွတ်သည်လည်း ခင်ပွန်းသည်ကို ရာသက်ပန်ကူညီကာ ဂျပန်တို့၏ဖိနှိပ်မှုဒဏ်ကို ကြံ့ကြံ့ခံပြီး တော်လှန်ရေးအတွက် စိတ်ရော ကိုယ်ပါ စွန့်လှူခဲ့သူဖြစ်သည်။

ကင်မ်အီဆွန်း၏ဦးလေးဖြစ်သူ မစ္စတာကင်မ်ဟျုကွန်မှာလည်း ငယ်စဉ်ကပင် တော်လှန်ရေးတိုက်ပွဲတွင် ပါဝင်ခဲ့သူဖြစ်သည်။ ကိုရီးယားတော်လှန်ရေးတပ်မတော်သို့ဝင်ကာ ၁၉၃၀ တွင် ကိုရီးယားမြောက်ပိုင်း၌ လက်နက်ကိုင် စစ်ဆင်မှုများကို ရဲရဲဝံ့ဝံ့ဆင်နွှဲပြီး ဂျပန်နယ်ချဲ့တို့ကို တိုက်ခိုက်ခဲ့သူဖြစ်၏။

ကင်မ်အီဆွန်း၏ ညီငယ်နှစ်ဦးလုံးမှာလည်း ငယ်ရွယ်စဉ်အခါကပင် ဂျပန်ဆန့်ကျင်ရေးတိုက်ပွဲများတွင် ရဲရဲရင့်ရင့် တိုက်ပွဲဝင်ခဲ့ကြသူများဖြစ်ကြ၏။ ညီဖြစ်သူ ကင်မ်ချုလ်ဂျူမှာ ကွန်မြူနစ်လူငယ်အစည်းအရုံး၏ခေါင်းဆောင်ဖြစ်သည်။ ထို့နောက် ဂျပန်ဆန့်ကျင်ရေး ပြောက်ကျားတပ်တွင် ရဲရဲရင့်ရင့် စွန့်စားတိုက်ခိုက်ရင်း ၁၉၃၅ တွင် ကျဆုံးခဲ့၏။ ညီအစ်ကိုဝမ်းကွဲတစ်ဦးဖြစ်သူ ကင်မ်ဝန်ဂျူမှာ မြေအောက်တော်လှန်ရေးအဖွဲ့မှ တိုက်ခိုက်ခဲ့သူဖြစ်သည်။

ကင်မ်အီဆွန်း၏မိခင်ဘက်မှအဘိုး မစ္စတာကန်ဒွတ်အွတ်နှင့် မိခင်ဘက်မှ ဦးလေးဖြစ်သူ မစ္စတာကန်ဂျင်ဆွတ်တို့သည်လည်း ဂျပန်ဆန့်ကျင်ရေးတပ်သားများဖြစ်သည်။

ကင်မ်အီဆွန်း၏မိသားစုနှင့် ဆွေမျိုးများအထိ အဘိုး၊ အဘွား၊ ဖခင်၊ မိခင်၊ ဦးလေး၊ ညီငယ်တို့မှအစ မိခင်ဘက်မှအဘိုးနှင့်ဦးလေးအထိ ဆွေစဉ်မျိုးဆက်သည် နိုင်ငံလွတ်လပ်ရေးနှင့် ပြည်သူတို့၏ လွတ်လပ်မှုနှင့် လွတ်မြောက်ရေးတို့အတွက် စွဲစွဲမြဲမြဲ တိုက်ပွဲဝင် ခဲ့ကြသူများချည်းဖြစ်၏။

ကင်မ်အီဆွန်းသည် အသက် ၁၄နှစ်မှစ၍ နိုင်ငံ၏လွတ်လပ်ရေးကို မဖြစ်မနေ ရရှိရန် ဂျပန်တို့ကိုဆန့်ကျင်တိုက်ခိုက်လိုသည့်အတွက် တရုတ်ပြည်အရှေ့မြောက်ပိုင်းသို့ ထွက်ခဲ့၏။ ၁၉၂၆ ခုနှစ်တွင် ဝှာကျွန်ခရိုင် 'ဝှာဆွန်ယူဘွတ်' ကျောင်းသို့တက်ခဲ့၏။ ထိုအချိန်မှစ၍ ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒ စာအုပ်များကို စတင်လေ့လာခဲ့၏။

ထို့နောက် 'နယ်ချဲ့ဝါဒ တိုက်ဖျက်ရေးသမဂ္ဂ' ဟူသော တရားမဝင်အဖွဲ့အစည်းကို စတင်ထူထောင်ခဲ့၏။ ထိုအချိန်မှစ၍ သူသည် တော်လှန်သောလူငယ်ကျောင်းသားလှုပ်ရှားမှု၏ခေါင်းဆောင် ဖြစ်လာသည်။

ထို့နောက် သူသည် 'ဝယ်နာလ်' ခေါ် 'ကလေးသူငယ်များသမဂ္ဂ'ကို ဖွဲ့စည်းကာ

'ဝယ်နာလ်' နေ့စဉ်သတင်းစာကို ထုတ်ဝေခဲ့၏။ ၁၉၂၇ တွင် တိုးတက်သောလူငယ်ကျောင်းသားများကို ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးနိုင်ရန် 'နယ်ချဲ့ဝါဒတိုက်ဖျက်ရေးသမဂ္ဂ'ကို 'နယ်ချဲ့ဆန့်ကျင်ရေး လူငယ်အစည်းအရုံး' ဟု နာမည်ပြောင်းခဲ့သည်။ ထိုအစည်းအရုံးမှ အမာခံလူငယ်များဖြင့် 'ကိုရီးယားကွန်မြူနစ်လူငယ် အစည်းအရုံး'ကို ဖွဲ့စည်းခဲ့ပြန်သည်။

တော်လှန်ရေးကာလအတွင်း ကင်မ်အီဆွန်းသည် သုံးကြိမ်တိုင်တိုင် ရန်သူတို့၏ ဖမ်းဆီးခြင်းခံခဲ့ရသည်။ ကီလင်အကျဉ်းထောင်ထဲတွင် သူသည် တော်လှန်ရေးအဖွဲ့အစည်းများကို ဆက်လက်လမ်းညွှန်ဦးဆောင်ခဲ့သည်။ ၁၉၃၀ တွင် ကင်မ်အီဆွန်းသည် ခါလွန်သို့ သွားရောက်ကာ ကွန်မြူနစ်လူငယ်အစည်းအရုံးနှင့် နယ်ချဲ့ဆန့်ကျင်ရေးလူငယ်အစည်းအရုံးတို့မှ ထိပ်တန်းအဖွဲ့ဝင်များကို အစည်းအဝေးခေါ်ယူခဲ့၏။ ကိုရီးယားတော်လှန်ရေး၏ အသွင်လက္ခဏာမှာ နယ်ချဲ့ဆန့်ကျင်ရေး၊ ပဒေသရာဇ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီတော်လှန်ရေး အသွင်လက္ခဏာဖြစ်ကြောင်း ရှင်းပြခဲ့၏။

ထိုနှစ် နွေရာသီမှာပင် ကင်မ်အီဆွန်းသည် နယ်ချဲ့ဆန့်ကျင်ရေး လူငယ်အစည်းအရုံးဝင်များကို အမြုတေအဖြစ်ထားကာ ကိုရီးယားတော်လှန်ရေးတပ်မတော်ကို ဖွဲ့စည်းတည်ထောင်ခဲ့၏။ တစ်ချိန်တည်းမှာပင် နိုင်ငံရေးသင်တန်းများ၊ 'ဘိုလ်ရှီဗစ်' သတင်းစာ၊ 'နုန်ဥ' (တောင်သူလယ်သမား)မဂ္ဂဇင်းစသော စာနယ်ဇင်းများ၊ အနုပညာဝါဒဖြန့်ချိမှုအဖွဲ့များစသည့် လူထုနိုင်ငံရေးလုပ်ငန်းရပ်များမှတစ်ဆင့် ပြည်သူလူထု၏ အမျိုးသားရေးနှင့်လူတန်းစားနိုးကြားမှုတို့ကို မြှင့်တင်ခဲ့၏။

ထိုအချိန်မှစ၍ သူ့ကို လူထုကကြည်ညိုမှုများပြားလာကာ 'ရဲဘော်ကင်မ်အီဆွန်း' ဟု စတင်ခေါ်ဝေါ်လာခဲ့ကြ၏ (ယခင်က ရဲဘော် 'ကင်မ်ဆွန်ဂျူ'ဟုခေါ်ကြ၏)။ ပထမက 'ရဲဘော်အီဆွန်း' (အီမှာ တစ်၊ ဆွန်းမှာ ကြယ်ပွင့်)ဟု ခေါ်ကြသည်။ တော်လှန်ရေး၏ မိုးသောက်ကြယ်ဟု အဓိပ္ပာယ်ရ၏။ နောက်တွင် 'ရဲဘော်ဟန်ဗြိုလ်' ဟုလည်းခေါ်ကြ၏။ တော်လှန်ရေးကြယ်တစ်ပွင့်ဟု ဆိုလို၏။ နောက်တစ်ခါ 'ရဲဘော်အီဆွန်း' ဖြစ်လာသည်။ (အီ မှာ နေ၊ ဆွန်းမှာ ရရှိခြင်း) တစ်မျိုးသားလုံး၏ခေါင်းဆောင်ကြီးအား မိုးထက်ကြယ်မျှနှင့် နိုင်းနှိုင်း၍မလုံလောက်ဘဲ ကိုရီးယား၏ 'နေမင်းတစ်ဆူ' အလား လေးစားသမှု ခေါ်ကြခြင်းဖြစ်၏။

သူသည် ဂျပန်ဆန့်ကျင်ရေး လက်နက်ကိုင်တိုက်ပွဲကို ပြောက်ကျားစစ်ဆင်ရေးပုံစံဖြင့်ဆင်နွှဲရန် သေနင်္ဂဗျူဟာ ချမှတ်ခဲ့သူလည်းဖြစ်၏။ တော်လှန်သည့်လူထုကြီးသည် သူ၏ ဦးဆောင်လမ်းညွှန်မှုအောက်တွင် ပါဝင်လာကြကာ ရန်သူ၏ဖိနှိပ်ရေး လေးခင်းပြမှုများကို ဖျက်ဆီးချေမှုန်းကြ၏။ ဂျပန်ဆန့်ကျင်ရေး ပြောက်ကျားတပ်မတော်သည်





ရန်သူထံမှ လက်နက်များ၊ ရိက္ခာများကိုသွေးချောင်းစီး ရင်ဆိုင်တိုက်ပွဲများမှ ရယူကာ အောင်ပွဲဆီသို့ ချီတက်ခဲ့ကြ၏။

ကင်မ်အီဆွန်းသည် ပြည်သူ့တော်လှန်ရေး အစိုးရသဘောတရားကိုလည်း တင်ချပြခဲ့၏။ "ကျွန်တော်တို့တည်ထောင်မယ့် အစိုးရဟာ ဘယ်ဘုရင်ကမှ ဦးစီးမှာမဟုတ်ဘူး။ မြေရှင်တွေ၊ အရင်းရှင်တွေ၊ ပုဂ္ဂလိကတွေရဲ့ အကျိုးစီးပွားတွေကို အလုပ်အကျွေးမပြုဘူး။ ပြည်သူတွေရဲ့ အခွင့်အရေးတွေ၊ ပျော်ရွှင်မှုတွေ၊ လွတ်လပ်မှုတွေ ဆောင်ကြဉ်းပေးမယ့် ပြည်သူ့အစိုးရပဲ ဖြစ်စေရမယ်"

၁၉၃၄ ခုနှစ် မတ်လတွင် ဂျပန်ဆန့်ကျင်ရေး ပြောက်ကျားတပ်မတော်၏ စည်းရုံးရေးစနစ်ကို ပြန်လည်ပြုပြင်ကာ ကိုရီးယားပြည်သူ့တော်လှန်ရေးတပ်မတော်အဖြစ် စည်းရုံးဖွဲ့စည်းခဲ့၏။

၁၉၃၆ ခုနှစ် မေလ ၅ ရက်တွင် ဂျပန်ဆန့်ကျင်ရေးအမျိုးသား ညီညွတ်ရေး တပ်ပေါင်းစုအဖွဲ့အစည်းဖြစ်သည်။ 'အဖနိုင်ငံတော် ပြန်လည်ရရှိရေးအသင်း' ကိုဖွဲ့စည်းခဲ့၏။ ထိုအသင်း၏ဥက္ကဋ္ဌမှာ ကင်မ်အီဆွန်းပင်ဖြစ်၏။ ဤအသင်းကြီး၏ လုပ်ငန်းစဉ် ၁၀ ရပ်မှာ ကင်မ်အီဆွန်း၏ ကြီးမြတ်သည့် 'ဂျူချေအတွေးအခေါ်' ပင်ဖြစ်သည်။

ကင်မ်အီဆွန်း၏ဦးဆောင်မှုဖြင့် ဂျပန်နယ်ချဲ့သမားများကို အနိုင်ရခဲ့ကာ ပြုံးယမ်းတွင် လုပ်သားပြည်သူတစ်သိန်းကျော်တို့က လူထုအစည်းအဝေးကြီးဖြင့် ကြိုဆိုခဲ့ကြ၏။ ၃၆ နှစ်လုံးလုံးကြာခဲ့သော မည်းမှောင်သည့်ဘဝမှ ကိုရီးယားသည် လွတ်မြောက်ခဲ့လေပြီ။ ၁၉၄၅ခုနှစ် အောက်တိုဘာ ၁၀ ရက်နေ့၌ ပြုံးယမ်းမြို့တွင် မြောက်ကိုရီးယားကွန်မြူနစ်ပါတီ ဗဟိုအစည်းအရုံးကော်မတီကို ဖွဲ့စည်းတည်ထောင်ခဲ့၏။

၁၉၅၀ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ကိုရီးယားမြောက်ပိုင်းကို အမေရိကန်နှင့်လက်ပါးစေများက ဝင်ရောက်တိုက်ခိုက်ကြ၏။ ကင်မ်အီဆွန်းက ဇွန်လ ၂၆ ရက်နေ့တွင် 'ကြိုးပမ်းမှုတိုင်းသည် စစ်အောင်နိုင်ရေးအတွက်' ဆိုသော သမိုင်းဝင်မိန့်ခွန်းပြောကြားကာ စစ်အောင်နိုင်ရေး စစ်ရေးဆိုင်ရာလုပ်ငန်းတာဝန်များကို ချပြခဲ့၏။

ကိုရီးယားစစ်ပွဲ ၃ နှစ်တာအတွင်း အမေရိကန်စစ်သားပေါင်း ၃၉၇,၀၀၀ အပါအဝင် ရန်သူတပ်သားပေါင်း ၁,၀၉၃,၈၀၀၊ လေယာဉ် ၁၂,၂၀၀ ကျော်၊ စစ်သင်္ဘော ၂၅၀ ကျော် ဆုံးရှုံးခဲ့၏။ ဒုတိယ ကမ္ဘာစစ်အတွင်း ပစိဖိတ်စစ်ပွဲ ၄ နှစ်တာကာလ ဆုံးရှုံးမှုထက် ၂.၃ဆ ပိုခဲ့၏။ ၁၉၅၃ ခုနှစ် ဇူလိုင်လ ၂၇ ရက်တွင် ကင်မ်အီဆွန်း၏ ထူးခြားထင်ရှားသော သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်များ၊ အမြော်အမြင်ပြည့်ဝသော ဦးဆောင်မှုများကြောင့် ကိုရီးယားပြည်သူတို့သည် မဟာအောင်ပွဲရခဲ့၏။

စစ်ပြီးကာလတွင် အကြီးစားစက်မှုလုပ်ငန်း ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုဦးစားပေးကာ အသေးစားစက်မှုလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေခဲ့၏။ အဖနိုင်ငံကို ဒီမိုကရေစီအရ ပေါင်းစည်းရန်၊ လုံးဝအမျိုးသားလွတ်လပ်ရေးရရှိစေရန်လည်း ဦးတည်ချက်ချမှတ်ခဲ့၏။

၁၉၆၀ တွင် စက်မှုထွက်ကုန်မှာ ၄ နှစ် စီမံကိန်းတွင် ချမှတ်ထားသည်ထက် ၁. ၃ ဆ၊ စက်မှုထွက်ကုန်စုစုပေါင်းမှာ ၁၉၅၆ ကထက် ၃. ၅ ဆ၊ ဆန်စပါးထုတ်လုပ်သူ ၃၂ ရာခိုင်နှုန်းထိ မြင့်တက်လာ၏။ ၁၉၆၇ ခုနှစ် ဒီဇင်ဘာတွင်ကျင်းပသော စတုတ္ထပြည်သူ့လွှတ်တော်ချုပ်၏ ပထမညီလာခံက သမ္မတနိုင်ငံ၏ဝန်ကြီးချုပ်အဖြစ် ကင်မ်အီဆွန်းကို ပြန်လည်ခန့်အပ်ခဲ့၏။

"နိုင်ငံတော်၏ လုပ်ငန်းဆောင်တာနယ်ပယ်အားလုံးတွင် လွတ်လပ်မှု၊ မိမိကိုယ်မိမိအားကိုးမှုနှင့် မိမိကိုယ်မိမိ ကာကွယ်မှုဟူသော တော်လှန်ရေးစိတ်ဓာတ်ကို ပိုမိုလေးနက်စွာ ရှပ်လုံးဖော်ရမည်' ဟူသော သမိုင်းဝင်လုပ်ငန်းစဉ်ကို ကြေညာခဲ့၏။

နိုင်ငံရေးလမ်းစဉ်တွင် 'ဂျူချေ' အတွေးအခေါ်ကို ထွန်းတောက်စွာ ရုပ်လုံးဖော်ရန် အရေးကြီးကြောင်းလည်း ပြောခဲ့၏။ နိုင်ငံရေးလုပ်ငန်းစဉ်တွင် ဂျူချေအတွေးအခေါ် အရ ကိုရီးယား၏ပကတိတရားများကို လေ့လာခြင်း၊ ဆန်းစစ်ခြင်းနှင့် နိုင်ငံတည်ဆောက်ရေးတွင် ပေါ်လာသည့် ပြဿနာအားလုံးကို လွတ်လပ်စွာ ဖြေရှင်းခြင်းတို့တွင် မူဝါဒကို ခိုင်ခိုင်မာမာ ကျင့်သုံးရန် လိုအပ်ကြောင်းပြောကြားခဲ့၏။ နိုင်ငံ၏နိုင်ငံရေးလုပ်ငန်းစဉ်၌ပါရှိသည့် အခြေခံအတွေးအခေါ်များမှာ ကင်မ်အီဆွန်း၏ ကြီးမြတ်သော ဂျူချေ အတွေးအခေါ်ပင်ဖြစ်၏။

၁၉၆၈ ဇန်နဝါရီလတွင် အမေရိကန်သူလျှိုသင်္ဘော 'ပွေဘလို'ကို ဖမ်းမိခဲ့၏။ ထိုကိစ္စနှင့်ပတ်သက်ပြီး ကင်မ်အီဆွန်းက ဤသို့ ပြောခဲ့၏။ "ကျွန်တော်တို့က စစ်ကို မလိုလားဘူး။ ဒါပေမဲ့ စစ်ကိုမကြောက်ဘူး။ ကျွန်တော်တို့က အမေရိကန်ရဲ့တုံ့ပြန်ထိုးနှက်မှုကို တုံ့ပြန်ထိုးနှက်မှုနဲ့ လုံးဝဥဿုံစစ်ကို လုံးဝဥဿုံစစ်နဲ့ အဖြေပေးမယ်"

ကင်မ်အီဆွန်းသည် ငယ်ရွယ်စဉ်ကာလတွင် တော်လှန်ရေးတိုက်ပွဲ၌ ခြေချခဲ့သည့် အချိန်မှစ၍ ကွယ်လွန်ချိန်အထိ ဘဝတစ်သက်တာလုံး ပြည်သူတို့၏ လွတ်လပ်ရေး။

ယခုခေါင်းဆောင်ကြီး ကင်မ်အီဆွန်းကွယ်လွန်ခဲ့သည်မှာ ၁၅နှစ် ပင်ရှိခဲ့ပြီ။ သို့သော် သူ့ပြည်သူများကမူ သူ့ကျေးဇူးတရားများကို သိတတ်နားလည်စွာဖြင့် 'မြောက်ကိုရီးယား၏ ရာသက်ပန်သမ္မတ' ရာထူးကို ဆက်လက်ခန့်အပ်ချီးမြှောက်ထားဆဲဖြစ်သည်။

■

the bookhouse



### အခန်း ၄
## ကင်မ်ဂျုံအီ၏ငယ်ဘဝ

မဟာခေါင်းဆောင်ကြီးရဲ့ ပေါ်လွန်တဲ့အတွေးအခေါ်တွေကို နှုတ်တက်ရွရွ
အလွတ်ကျက်ထားဖို့ လိုအပ်တယ်။ တစ်ခါဖတ်ရင် ဆယ်ခါကနေ အခါနှစ်ဆယ်အထိဖတ်။
သဘောတရားကို ခေါင်းထဲစိမ့်မဝင်မချင်း ဖတ်သင့်တယ်ဟု ကင်မ်ဂျုံအီကပြောသည်။

## ကင်မ်ဂျုံအီ၏ငယ်ဘဝ

'ကင်မ်ဂျုံအီ'၏ငယ်ဘဝတွင် ဝမ်းနည်းစရာများနှင့် ကြုံခဲ့ရ၏။ အသက် ၇ နှစ်တွင် ညီငယ်ကွယ်လွန်၏။ မိခင်ကြီး ကွယ်လွန်၏။ သူ့ဖခင်သည် သူနှင့်အတူ မရှိတာကများ၏။ တောင်ကိုရီးယားကျူးကျော်မှုကိုဖြေရှင်းရင်း သုံးနှစ်ကြာစစ်ပွဲဆင်နွှဲခဲ့ရ၏။ ကုလသမဂ္ဂတပ်များက ဥစမျဉ်းပြိုင်ကို ကျော်ဖြတ်လာ၏။ 'ကင်မ်ဂျုံအီ' ခေါ် 'ယူရာ'နှင့်သူ့ညီမလေးတို့သည် စစ်နှင့်ဝေးရာတွင် ရှောင်တိမ်းနေကြရ၏။

စစ်ပြီးကာလတွင်လည်း ကွယ်လွန်သူမိခင်ကြီး၏ပြိုင်ဘက်ရန်သူ ပြိုင်ဘက် အမျိုးသမီးက အကြီးအကဲကတော်ဖြစ်လာ၏။ ဖခင်၏အိမ်ထောင်သစ်က ယခင်အိမ်ထောင်မှရသောသားသမီးများကို မိထွေးပီပီဆက်ဆံသည်ကတော့ မဆန်းလှ။ 'ကင်မ်ဂျုံအီ' သည် မိခင်မေတ္တာငတ်မွတ်စွာ ကြီးပျင်းလာခဲ့ရသည်ကားအမှန်။

မည်သို့ပင်ဆိုစေ နိုင်ငံခေါင်းဆောင်ကြီး၏အကြီးဆုံးသားအဖြစ်ကား သူသည် အုပ်ချုပ်သူအသိုက်အဝန်း၏အရေးပေးခြင်းကိုကား ရရှိခဲ့ပါသည်။ ကောလိပ်မှ ဘွဲ့ရပြီးသောအခါ သူသည် ပြုံးယမ်း၏အုပ်ချုပ်မှုပိုင်းဆိုင်ရာတွင် အတော်အတန်ဂုဏ်သတင်း ပျံ့မွှေးခဲ့သည်။ အထူးသဖြင့် သူ၏ဉာဏ်ရည်ထက်မြက်မှုနှင့် အနုပညာပါရမီရှိမှုတို့က သူ့ကို ပိုမိုထင်းပြက်လာစေ၏။





သို့ဖြင့် သူသည် နိုင်ငံ၏ရုပ်ရှင်လောကနှင့် ဇာတ်သဘင်တင်ဆက်မှုများကို အပြောင်းလဲကြီးပြောင်းလဲအောင် စွမ်းဆောင်နိုင်ခဲ့၏။ တစ်ချိန်တည်းမှာပင် နိုင်ငံရေးရာတွင်လည်း ကျွမ်းကျင်စွာကိုင်တွယ်ဖြေရှင်းတတ်မှု အရည်အသွေးများကို တစ်ခုပြီးတစ်ခု ပြသနိုင်ခဲ့လေရာ သူသည် ဖခင်ကြီး၏အရိုက်အရာကို ဆက်ခံနိုင်မည့်သူအဖြစ် ပို၍လူသိများထင်ရှားလာခဲ့၏။

ကိုရီးယားအမေရိကန်ကပြားဖြစ်သူ 'ပီတာဟွန်း'က ဆိုးလ်လစဉ်ထုတ် 'ချိဆန်' မဂ္ဂဇင်းတွင် ၁၉၉၉ က 'လီမင်း'နှင့် အင်တာဗျူးကို ရေးပြခဲ့၏။ 'လီမင်း'သည် 'ကင်မ်အီဆွန်း'ရော၊ သူ့ဇနီးနှင့်ပါ ဂျပန်ဆန့်ကျင်ရေးကာလကရင်းနှီးခဲ့သူ ရဲဘော်တစ်ဦးဖြစ်၏။ 'ကင်မ်ဂျုံအီ' ၏မိခင် 'ကင်မ်ဂျုံဆွတ်'သည် တော်တော်လှသည့် အမျိုးသမီးဟု 'လီမင်း'က ပြောပြ၏။

"သူ့မျက်နှာက မင်းသမီးတစ်ပါးလိုပဲ သိပ်လှပြီး သိပ်ကျက်သရေရှိတာပဲ။ ဒါပေမဲ့ အသားကတော့ ခပ်ညိုညို။ တောထဲ၊ လယ်ကွင်းထဲမှာ နေရတာအကြာကြီးဆိုတော့ အသားတွေကနေလောင်နေတာပေါ့။ မျက်ခုံးကောင်းကောင်း။ မျက်တောင်မွေးတွေကလည်း ကော့ပျံနေတာပဲ။ ဒါကြောင့် သူက သိပ်ဆွဲဆောင်မှုရှိနေတာပေါ့။ သူ့ကိုယ်လုံးကိုယ်ပေါက်ကတော့ ပိုပြီးဆွဲဆောင်မှုရှိတဲ့ အချိုးအဆစ်ရှိတယ်"

'လီမင်း'သည် ဂျပန်တို့ ထိုးစစ်ကြောင့် ဆိုက်ဘေးရီးယားအထိ ထွက်ပြေးခဲ့ရသူ တိုက်ပွဲဝင်တစ်ဦးဖြစ်၏။ ၁၉၄၂ တွင် သူမသည် 'ကင်မ်အီဆွန်း' နှင့် စတွေ့၏။ ထိုစဉ်က 'ကင်မ်'သည် ၈၈ တပ်မတွင် ဗိုလ်ကြီးတာဝန်ထမ်းဆောင်နေချိန်ဖြစ်၏။

တစ်ချိန်တည်းမှာပင် 'ကင်မ်'၏ဇနီးနှင့်ပါ သိကျွမ်းခဲ့သည်။ 'လီ'မှာမူ မန်ချူးရီးယားတွင် ဂျပန်ဆန့်ကျင်ရေးတိုက်ပွဲကိုဦးဆောင်သူ တရုတ်အမျိုးသားတစ်ဦးနှင့် လက်ထပ်ခဲ့၏။ သူ့ခင်ပွန်းသည် နောက်ပိုင်းတွင် 'ဟေ့လုံဂျန်' ဒေသ၏ အုပ်ချုပ်ရေးမှူး ဖြစ်လာ၏။ 'လီ' သည်လည်း ပြည်နယ်တွင် အဆင့်မြင့်အရာရှိကြီးတစ်ဦးဖြစ်လာ၏။

"ကျွန်မ ကင်မ်ဂျုံဆွတ်နဲ့စသိချိန်မှာ ကင်မ်ဂျုံအီကို မွေးပြီးနေပြီ။ ဒါကြောင့် ကင်မ်ဂျုံအီကို ဘယ်ဒေသမှာမွေးခဲ့သလဲတော့ ကျွန်မ မသိဘူး" ဟု 'လီ'က ပြော၏။ ၁၉၄၂ မှ ၁၉၄၅ အတွင်း အမျိုးသမီးနှစ်ဦးသည် ဆိုးတိုင်ပင် ကောင်းတိုင်ပင် တတွဲတွဲ နေခဲ့ကြ၏။

"ဆောင်းရာသီမှာ အိမ်တွင်းပုန်းနေကြ၊ နွေရာသီမှာ အပြင်ထွက်ကြနဲ့ပေါ့။ ကင်မ်ဂျုံဆွတ်က သွက်လက်ဖျတ်လတ်တယ်။ သဘောထားကြီးတယ်။ အရည်အချင်းလည်း တော်တော်ရှိတယ်။ အချက်အပြုတ်၊ အချုပ်အလုပ် ကျွမ်းကျင်ရုံမကဘူး၊ သီချင်းဆိုတာ၊ ကရုပ်ဆောင်တာတွေပါ တော်တယ်။ ၈၈ တပ်မက တင်ဆက်တဲ့ ပြဇာတ်တော်တော်

များများမှာတော့ နည်းစနစ်တွေကို သူပဲ ဒါရိုက်တာလုပ်ခဲ့တယ်။ တချို့အခန်းတွေမှာဆိုရင် သူကိုယ်တိုင်တောင် ဝင်ကခဲ့တာပဲ”ဟု ‘လီ’က ပြောပြ၏။ “ကင်မ်ဂျုံအီ” ကတော့ ငယ်ငယ်ကတည်းက ဉာဏ်ကောင်းတဲ့ကလေးပဲ။ သွက်လက်ချက်ခြာတာလည်း မပြောပါနဲ့တော့။ သူ့အမေလိုပဲ မျက်လုံးမည်းမည်း တောက်တောက်ကလေးတွေ ရှိတယ်။ အသားကလည်း သူ့အမေလိုပဲ ခပ်ညိုညို။ သူက ချစ်စရာကလေးငယ်တစ်ယောက်ပဲ”

‘လီ’က ပြန်ပြောပြသည်။ ကင်မ်ဂျုံအီသည် ငယ်ငယ်ကတည်းကပင် သစ်သားသေနတ်ကိုထမ်းကာ ရဲဘော်သစ်များလေ့ကျင့်ရာကွင်းတွင် သွားကစားနေတတ်သည်ဆို၏။

“သူက ချိုဟိုင်ရှန်းရဲ့သမီး ဂုပ်တန်ရယ်၊ တခြားကလေးတွေ နဲ့ အတူတူကစားတိုင်း သူက အမြဲပဲ ဗိုလ်ကြီးလုပ်တတ်တယ်။ ဂုပ်တန်က သူ့ထက် တစ်နှစ်ကြီးတယ်။ ကျွန်မက သူ့ကို သစ်သားသေနတ်နဲ့ ဂျပန်ကို သတ်ရဲသလားလို့မေးတဲ့အခါ သူက မဆိုင်းမတွ ဖြေတတ်တယ်။ သိပ်သတ်ရဲတာပေါ့တဲ့။ ကျွန်မကပြောတယ်၊ တကယ်သတ်ချင်ရင် သေနတ်အစစ်နဲ့မှ သတ်လို့ရမယ်လို့ပြောတဲ့အခါ သူက သူ့အမေဆီက သေနတ်အစစ်ကို တောင်းတယ်။ အဲဒီအခါ သူ့အမေပြောလိုက်တာကလည်း မှတ်သားစရာပဲ။ သားကို အဖေ့ရဲ့သေနတ်အစစ် မပေးနိုင်ဘူး။ သေနတ်အစစ်လိုချင်ရင် ရန်သူကို သစ်သားသေနတ်နဲ့ ရအောင်သတ်ပြီး ယူရမယ်တဲ့။ ဒါမှ သားလည်း သားအဖေလို ဗိုလ်ချုပ်ကြီးဖြစ်လာမယ်လို့ ပြောတယ်”

သူ့မိခင်က သူ့သားကိုချစ်သော်လည်း အလိုမလိုက်ဘဲ စည်းကမ်းနှင့် ထားသည်ဆို၏။ ၈၈ တပ်မရှိ ကလေးများသည် ရုရှားမူကြိုကျောင်းတွင် တက်ကြရ၏။ ‘ယူရာကင်မ်’နှင့် အခြားကလေးများသည် စတာလင်နှင့်မော်စီတုံးတို့၏ နိုင်ငံရေးသဘော တရားများကို သင်ယူကြရ၏။ ဆိုဗီယက်ယူနီယံမှ ပြုံးယမ်းသို့ ‘ကင်မ်’တို့မိသားစုပြောင်းခင် နောက်ဆုံးနေခဲ့သောအိမ်၏ ဓာတ်ပုံများရှိ၏။ ထိုအိမ်မှာ အနောက်တိုင်းပုံစံ၊ ကျောက်နှင့် ဆောက်ထားသော အထပ်မြင့်အိမ်ကြီးဖြစ်၏။ ဂျပန်ကိုလိုနီနယ်ချဲ့ သို့မဟုတ် အနောက်တိုင်း သာသပြုတစ်ဦးဦးနေသွားသော အိမ်ဖြစ်ဟန်တူ၏။ သူ့တို့အိမ်တွင် အိမ်ဖော်အဖြစ် လုပ်ကိုင်ဘူးသော ဂျပန်အမျိုးသမီးတစ်ဦးက ‘ကင်ဂျုံဆွတ်’ အကြောင်းကို ဤသို့ ပြောဘူး၏။

“သူက သိပ်အလုပ်လုပ်တာပဲ။ အဝတ်အစားတွေ ဘာတွေ သိပ်လှလှပပ မဝတ်ဘူး။ ဖြစ်သလိုပဲ ဝတ်တယ်။ အဆောင်အယောင် ပကာသနတွေ သိပ်မရှိဘူး။ ခြံထဲဆင်းပြီး ဟင်းသီးဟင်းရွက် ကိုယ်တိုင်စိုက်တယ်။ ကြက်၊ ဘဲမွေးတယ်။ ခြံထဲမှာဆိုရင် သူက ဖိနပ်တောင် မစီးဘူး။ ခြေဗလာနဲ့ပဲ သွားလာတာပဲ။ ဧည့်သည်တွေ ဘာတွေလာရင် သူကိုယ်တိုင် ကြက်၊ ဘဲ သတ်တယ်။ ကြက်မွေး၊ ဘဲမွေး နုတ်တာကအစ သူက သိပ်ကျွမ်း

the bookhouse
we bring your future



ကျင်တယ်။ ဘယ်သူမှ သူ့လောက်မြန်မြန် အမွေးမနုတ်တတ်ဘူး”

၁၉၄၅ တွင် ‘ကင်မ်ဂျုံအီ’တို့ ကိုရီးယားပြန်ရောက်၏။ သူ့ဖခင်ဘက်မှ ဆွေမျိုးများရှိရာ မန်းဂျုံဒေးသို့ သွားလည်၏။ အဘိုး၏ဖခင်ဖြစ်သူ မုတ်ဆိတ်ဖြူအဘိုးကြီး ‘ကင်မ်ဆိုဟိုင်ရှန်’က သုံးနှစ်အရွယ် မြစ်ကလေးကိုတွေ့ရ၍ သိပ်ဝမ်းသာနေသည်။ “သိပ်ကျေးဇူးတင်တာပဲ မြေးချွေးမရယ်။ မင်းက ဒီမြစ်ကလေးကို ငါတို့ဆီ ခေါ်လာတော့မှ ငါတို့မျိုးဆက်တွေ ပြန်ရှင်သန်တော့တာပဲ” ဟု ပြောသည်ဆို၏။

ကိုရီးယားသို့ပြန်လာသောအခါ ကလေးနှစ်ဦးပါလာ၏။ ‘ကင်မ်ဂျုံအီ’ ၏ညီငယ် တစ်နှစ်သားလေးလည်း ပါလာသည်။ နောက်သုံးနှစ်အကြာတွင် ထိုကလေးသည် ရေနစ်ပြီး ကွယ်လွန်ခဲ့၏။ ထိုညီငယ်လေးကို ရုရှားအမည်ပြောင်ဖြင့် ‘ရှုရာ’ဟု ခေါ်၏။

ငယ်စဉ်က ‘ကင်မ်ဂျုံအီ’သည် အဆော့သန်၏။ တစ်ခါက သူသည်အစောင့် ရဲဘော်တစ်ဦး၏လုံ့စွပ်ကို အသာလေးယူသွားကာ ထိုအစောင့်ရဲဘော်၏ နွားပေါက် ကလေးကို ဓားနှင့်ပေါက်ကစားခဲ့သည်။ ထိုနွားပေါက်ကလေး ဒဏ်ရာရသွားခဲ့၏။ တစ်ခါကလည်း လက်သမားဆရာတစ်ဦး၏ဆူးဆောက်များကို တူဖြင့်ထုကစားရာ ထိုဆူးဆောက်တွေ သုံးမရအောင် ပျက်စီးကုန်သည်။ လက်သမားဆရာက နောက်တစ်ချီတွင် ချောင်းဖမ်းရာ ကင်မ်ဂျုံအီက သူ၏လွှကို ကွန်ကရစ်ကြမ်းပြင်ပေါ်တိုက်နေ၍ လွှသွားများ ပျက်စီးကုန်သည်ကို တွေ့ရ၏။ ထို့ကြောင့် လက်သမားဆရာက ဒေါသထွက်ကာသူ့ကို ရိုက်နှက်လွှတ်လိုက်၏။ ထိုအကြောင်းကို ‘ကင်မ်အီဆွန်း’ သိသွားသောအခါ လက်သမား ဆရာကိုခေါ်၍ တောင်းပန်၏။

“ရဲဘော်လက်သမားဆရာ၊ ရဲဘော်လုပ်တာ မှန်တယ်ဟော့။ ခေါင်းဆောင်ကြီးရဲ့ သားပဲဖြစ်ပစေ၊ မဟုတ်တာလုပ်ရင် အဲဒီလို ဆုံးမပစ်ရမယ်”

‘ကင်မ်ဂျုံအီ’၏မိခင်သည် ၁၉၄၉ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ကွယ်လွန်ခဲ့သည်။ ဆေးရုံသို့သွားခါနီးတွင် သူ့မိခင်က ‘ကင်မ်ဂျုံအီ’ကို နှုတ်ဆက်ခဲ့၏။

“သားရေ. . မေမေ ခဏသွားတာနော်။ မကြာခင် ပြန်လာမယ်” ၃၂ နှစ်အရွယ် အမျိုးသမီးသည် အပြုံးမပျက်ဘဲ ဆေးရုံတက်ခဲ့၏။ ‘ကင်မ်ဂျုံအီ’နှင့် သူ့ညီမလေးတို့သည် မိခင်ပြန်အလာကို စောင့်ကြ၏။ ကားတစ်စင်း ခြံထဲဝင်လာသည်။ ‘ကင်မ်’က မိခင်ပြန် လာသည်ထင်ကာ ပြေးထွက်ကြို၏။ သို့သော် သူ့မိခင်မဟုတ်ဘဲ သူတို့အမျိုးထဲမှာ အမျိုးသမီးကြီးတစ်ဦးဖြစ်နေသည်။ သူ့မိခင်ဆေးရုံတွင် ကွယ်လွန်သွား၍ ရုပ်အလောင်း မြင်ရန် သူ့မိခင်၏အကျႌတစ်ထည် လာယူခြင်းဖြစ်၏။

“မေမေကော ပါမလာဘူးလား”

the bookhouse
we bring your future

"သားမေမေက မနက်ဖြန်မနက်ကျမှ ပြန်လာလိမ့်မယ်"

ထိုအမျိုးသမီးက ကလေးမျက်နှာကို မကြည့်ရဲတော့၍ လိမ်ပြောကာ ချာခနဲ လှည့်ထွက်သွားသည်။ နောက်နေ့မနက်ကျမှ ဖြစ်ရပ်မှန်ကို သူသိရ၏။ သူ့ညီမလေးလက်ကို ဆုပ်ကိုင်ကာ ဆေးရုံသို့ထွက်ပြေးပြီး မိခင်ကြီးကို သွားတွေ့ရန် ကြိုးစား၏။ အိမ်သူအိမ်သားများက အဝင်တံခါးပိတ်ထားကြ၏။

"အမေရေ. . အမေရေ. . သားတို့ဆီ ပြန်လာပါတော့"

'ကင်မ်ဂျုံအီ' က သံကုန်ဟစ်ပြီး အော်ငို၏။ မည်သူမျှချော့၍ မရ။

ပါတီဗဟိုကော်မတီအစည်းအဝေးခန်းမတွင် သူ့မိခင်ရုပ်အလောင်းကို ပြင်ဆင်ထား၏။ 'ကင်မ်'ကို သူ့မိခင်ရုပ်အလောင်းကို နောက်ဆုံးအနေနှင့်လိုက်ပြ၏။ မိခင်ကြီးကို တွေ့လျှင်တွေ့ခြင်း 'ကင်မ်'သည် မည်သို့မျှထိန်း၍မရတော့။ သူ့မိခင်၏ ရင်ဘတ်ပေါ် မျက်နှာအပ်ပြီး ငိုချလိုက်၏။ ဆွေမျိုးတွေက သူ့ကိုပြန်ခေါ်ကြ၏။ သို့သော် 'ကင်မ်အီဆွန်း'က ဝင်ပြောလိုက်၏။

"ထားလိုက်ပါကွာ၊ မနက်ဖြန်ဆို သူ့မှာ ခုလိုဖက်ပြီးငိုစရာ အမေမှ မရှိနိုင်တော့တာပဲ" 'ကင်မ်အီဆွန်း' ကိုယ်တိုင်ပင် မျက်ရည်တွေ တွေတွေကျလာ၏။ လက်ကိုင်ပဝါ ထုတ်ကာ မျက်ရည်သုတ်ပြီး သူ့သား၏ပရိဒေဝကို သူကြည့်ပြီး ဖြေမဆည်နိုင်အောင် ရှိနေ၏။

မိခင်ကွယ်လွန်ပြီးနောက် သူနှင့်သူ့ညီမလေးကို အမျိုးသမီးကြီးတော်တော်များများက လာထိန်းကြ၊ စောင့်ရှောက်ကြ၏။ မန်ချူးရီးယားတွင် ပြောက်ကျားစစ်ဆင်နွှဲကတည်းက ပါရှိခဲ့သော ရဲဘော်ဟောင်းတစ်ဦး၏ဇနီးဖြစ်သူ 'ကင်မ်အုတ်ဆွန်'သည် သူတို့မောင်နှမ၏အနွံအတာကို အခံရဆုံးဖြစ်၏။

သူ၏ခင်ပွန်း 'ချိုဂွမ်'သည် နောက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်လာသူဖြစ်၏။ ဗိုလ်ချုပ်ကြီး 'ရီအွလ်ဆိုးလ်' သည်လည်း သူတို့မောင်နှမကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် မွေးမြူစောင့်ရှောက် ပေးရာတွင် ကျေးဇူးကြီးလှ၏ဟု 'ကင်မ်အီဆွန်း' ကိုယ်တိုင်ပြောဖူးတာလည်း ရှိသည်။

■

'ကင်မ်ဂျုံဆွတ်' ကွယ်လွန်ပြီးနောက် ၉ လအကြာတွင် ကိုရီးယားစစ်ပွဲစဖြစ်၏။ 'ကင်မ်အီဆွန်း'သည် နေအိမ်နေ၍ စစ်ဌာနချုပ် ဘန်ကာသို့ ပြောင်းနေ၏။ သားဖြစ်သူမှာမူ

the bookhouse
we bring your future



အိမ်တွင် ကျန်ခဲ့၏။ စစ်ကသိပ်နီးလာမှ သူလည်း ပြောင်းခဲ့ရ၏။ ထိုစဉ်ကတည်းက အမေရိကန်တို့၏နှိပ်စက်ကျူးကျော်မှုကို 'ကင်မ်ဂျုံအီ'သည် ကောင်းစွာနာကျည်းခံပြင်းခဲ့၏။ ကိုရီးယားပြည်သူတို့ကို နှစ်ပေါင်းတစ်ရာကျော် နှိပ်စက်ကလူပြုခဲ့သော ရန်သူများကို သူ အခဲမကျေ။ သူကြီးပြင်းလာလျှင် သူ့ပြည်သူများ၏သွေးကြွေးကို အဆပေါင်းတစ်ထောင်ကျော် ပြန်ပေးဆပ်မည်ဟု သစ္စာပြုခဲ့၏။ ထိုစဉ်က သူသည် ရှစ်နှစ်သားအရွယ်သာရှိသေး၏။

စက်တင်ဘာလတွင် သူနှင့်သူ့ညီမသည် ဖခင်ကြီးနှင့်အတူ ပြူးယမ်းမှထွက်ခဲ့၏။ လမ်းတစ်လျှောက်လုံး စစ်ပြေးဒုက္ခသည်များ ပြည့်ကြပ်နေ၏။ ညဘက်ပဲ ခရီးသွား၍ရ၏။ နေ့ဘက်တွင် ရန်သူလေယာဉ်ပျံများ၏ ဗုံးဒဏ်ကို လွတ်အောင်ရှောင်ပြေးနေကြရ၏။ ပြေးရင်းလွှားရင်းက သူတို့နှင့်အတူလိုက်ပါလာသောရဲဘော်တစ်ဦးက ထမင်းချက်ရန်အတွက် အနီးအနားရှိ သစ်ပင်တစ်ပင်ကိုခုတ်ပြီး ထင်းလုပ်၏။ ဤသည်ကို မြင်သွားသော 'ကင်မ်'က "ဘယ်တော့မှ ရှင်သန်နေတဲ့ အပင်ကို မခုတ်ရဘူး။ သေနေတဲ့ အပင်တွေကိုပဲ ထင်းလုပ်ရမယ်"ဟု တားခဲ့ဖူးသည်။ ဤသည်မှာ ရှစ်နှစ်သားလေး 'ကင်မ်ဂျုံအီ'၏ ထိန်းသိမ်းရေးကို ဂရုတစိုက်လုပ်ခဲ့သည့် ဥပမာတစ်ခုဖြစ်သည်။

ယူရာနှင့် သူ့ညီမလေးတို့သည် ယာလူးမြစ်အနီးရှိ တောင်တန်းပေါ်တွင် အချိန်အနည်းငယ်အကြာနေခဲ့ကြရ၏။ ထို့နောက် တရုတ်ပြည်နယ်စပ်သို့ ရွှေ့ပြောင်းကြရ၏ (ဤနေရာမှာ သူ့ဖခင်ငယ်စဉ်က အလယ်တန်းကျောင်းတက်ခဲ့ရာ တရုတ်ပြည် ကျီလင်းဒေသဟု သိရ၏) 'ကင်မ်အီဆွန်း' သည် ထိုနေရာတွင် ယာယီကျောင်းတစ်ခုတည်ထောင်ပေး၏။ 'ကင်မ်ဂျုံအီ' လည်း ထိုကျောင်းတက်ခဲ့ရ၏။ သူ့အဘိုးဖြစ်သူ ကင်မ်ကြီးရယ်၊ အခြားဆွေမျိုးတစ်စုရယ် တစ်အိမ်ထဲနေကြပြီးနောက်မှ ကျောင်းပရိဝုဏ်ထဲပြောင်းနေခဲ့၏။ 'ကင်မ်ဂျုံအီ' သည် ငယ်စဉ်ကတည်းက ဉာဏ်ထက်မြက်သူဖြစ်ရာ တစ်တန်းကိုတစ်နှစ်မနေရဘဲ တစ်နှစ်ကို နှစ်တန်းမျှကျော်၍ အတန်းတင်ပေးခြင်းခံရ၏။ ဆရာများက သူ့ဖခင် 'ကင်မ်အီဆွန်း'၏ အကြောင်းများသင်ပေးသောအခါ သူက အားတက်သရော အမေးအမြန်းများထုတ်ကာ စူးစူးစိုက်စိုက် မှတ်သားနာယူတတ်၏။ ဆရာများ လစ်ဟာသွားသော အချက်များကိုပင် သူကထောက်ပြတတ်၏။

စစ်ပြေငြိမ်း စာချုပ်ချုပ်ပြီးသောအခါ မိသားစုများ ပြန်ဆုံကြရ၏။

"ကဲ. . စစ်လည်း ပြီးသွားပြီပေါ့။ ပါပါတို့ ခုမှပဲ အတူတူနေကြရတော့မယ်။ ပါပါကတော့ အမေရိကန်တွေ ဖျက်ဆီးသွားတဲ့နိုင်ငံကြီးကို ပြန်ပြီးတည်ဆောက်ရဦးမယ်။ သားကတော့ ပညာဆက်သင်ပေါ့ကွယ်"ဟု 'ကင်မ်အီဆွန်း'က ပြောသည်။

ထိုအချိန်တွင် 'ကင်မ်'၏မိခင်ကြီး ကွယ်လွန်ခဲ့ပြီးဖြစ်သဖြင့် 'ကင်မ်အီဆွန်း'က

the bookhouse
we bring your future

တစ်ပင်လဲမှတစ်ပင်ထူပြီးဖြစ်သည်။ 'ကင်မ်ဂျုံအီ' က သူ့မိထွေးကို အမေဟုမခေါ်ဘဲ အန်တီဟု ခေါ်ခဲ့၏။ သူ့မိထွေး 'ကင်မ်ဆုံအီ' နှင့် 'ကင်မ်ဂျုံအီ' က သိပ်အစေးမကပ်လှ။ သူ့မိခင်နေရာကို အစားထိုးဝင်ရောက်သူ မည်သူ့ကိုမဆို သူကမနှစ်မြို့။ မိထွေးနှင့်ရသော ဖအေတူ မအေကွဲ သားလေး 'ကင်မ်ပြုံအီလ်' ကို ၁၉၅၃ တွင် မွေးသည်။ 'ပြုံအီလ်'သည် 'ကင်မ်အီဆွန်း' နှင့် ပိုတူ၏။ ဖခင်ကြီးကလည်း နောက်မွေးလာသည့် သားကိုချစ်သည်။

'ကင်မ်အီဆွန်း'သည် တစ်နေကုန်အလုပ်လုပ်ကာ ညဉ့်နက်မှအိမ်ပြန်လာတတ်သည်။ အိမ်ပြန်ရောက်ရောက်ချင်းလည်း မအိပ်၊ သန်းခေါင်ကျော်သည်အထိ အလုပ်လုပ်သည်။ မနက်ကျတော့လည်း စောစောထသည်။ သားကြီး 'ကင်မ်ဂျုံအီ'ကို နှိုးကာ နံနက်စောစော လမ်းလျှောက်သည်။ ထိုအချိန်တွင် သားအဖနှစ်ဦး စကားပြောခွင့်ကြုံ၏။ ဝန်ကြီးချုပ်၏ခြံဝင်းထဲ သူတို့လျှောက်ကြ၏။ ခြံဝင်းထဲတွင် သီးပင်စားပင်တွေ အများအပြား စိုက်ထားသည်။ ပြည်သူက နမူနာယူနိုင်ရန်ဖြစ်၏။ သားအဖနှစ်ယောက်ပြောသော စကားများတွင် 'ပညာရေး၊ အနုပညာ၊ ဂျပန်ဆန့်ကျင်ရေးတိုက်ပွဲကာလက ရဲဘော်ရဲဘက်စိတ်၊ ကိုရီးယား၏နာမည်ကျော်ဗိုလ်ချုပ်ကြီးများ' စသဖြင့် အကြောင်းအရာ စုံလှ၏။

'ကင်မ်ဂျုံအီ'သည် ဖခင်ကြီး၏အလုပ်များကို ငယ်စဉ်ကတည်းက တတ်အားသမျှ ကူလုပ်တတ်၏။ နမူနာယူစရာအဖြစ် အပျက်တစ်ခုရှိသည်။ တစ်ခါက 'ကင်မ်ဂျုံအီ'သည် ဈေးသို့သွားကာ ကျောင်းအတွက်ပစ္စည်းပစ္စယတွေဝယ်၏။ လက်လီဈေးနှင့် လက်ကားဈေး ကွာခြားလှသည်ကို သူ သတိပြုမိသည်။

"နိုင်ငံက ပြည်သူတွေကို ပစ္စည်းတွေဘယ်လောက်ပဲ ဈေးချိုချိုသာသာနဲ့ ဖြန့်ချိပေးပေမယ့် ကုန်သည်တွေလက်ထဲရောက်သွားရင် မဟားဒရားအမြတ်တင်ကြတာကြောင့် ကုန်သည်တွေကို ထိန်းရမယ်။ သူတို့ကို ထိန်းလို့မရရင် ပြည်သူက ဘယ်တော့မှ သက်သာချောင်ချိကြမှာ မဟုတ်ဘူး"

'ကင်မ်'က သူ့ဖခင်ကို ထိုသို့ပြောပြ၏။ ထို့နောက် သူဝယ်လာသော ကလောင်တန်များကို သူ့ဖခင်ကိုပြ၏။ လက်ကားဈေးကတစ်မျိုး၊ လက်လီဈေးကျတော့ မတရားအမြတ်တင်ထားပုံ။ "ကုန်သည်တွေကို ဆိုရှယ်လစ်လုပ်သားပြည်သူဖြစ်အောင် ပြန်ပုံလောင်းပေးရမှာပဲ"ဟု 'ကင်မ်အီဆွန်း'က ပြန်ပြောသည်။ ထိုအချိန်မှစ၍ အစိုးရအဖွဲ့က ကုန်သည်များကို အထူးကန့်သတ်ချက် အမိန့်များထုတ်ကာ သမဝါယမပုံစံမျိုးများ ဖွဲ့စည်းလုပ်ဆောင်စေခဲ့၏။

တစ်ခါကလည်း သူ့ဖခင်နှင့်လမ်းလျှောက်နေစဉ်တွင် 'ကင်မ်ဂျုံအီ' သည် ဖက်ရှင်ဝတ်စုံတစ်မျိုးကို စဉ်းစားပေးသဖြင့် ထိုဖက်ရှင်သည် နိုင်ငံအနှံ့ဝတ်ဆင်ရသော ပုံစံဖြစ်လာ၏။

the bookhouse
we bring your future



'ကင်မ်အီဆွန်း' က ပြည်သူ့တပ်မတော်သား အချို့ သူ့ဘေးမှ ဖြတ်သွားသည်ကို ကြည့်ကာ သူတို့ယူနီဖောင်းများက ခေတ်မမီတော့သည်ကို မှတ်ချက်ချခဲ့၏။ 'ကင်မ်ဂျုံအီ'က ချက်ချင်းပင် လက်ခံသဘောတူကာ ဂျပန်ဆန့်ကျင်ရေး ပြောက်ကြားများဝတ်ခဲ့သော ယူနီဖောင်းကို အခြေခံကာ ဒီဇိုင်းသစ် ချက်ချင်းထွင်ပြသည်။ 'ကင်မ်အီဆွန်း' က ချက်ချင်းပင် သဘောကျလက်ခံကာ သူ့သားကို တပြုံးပြုံးဖြင့် ချီးကျူး၍မဆုံး ဖြစ်ခဲ့၏။

■

ကိုရီးယားစစ်ပွဲနောက်ပိုင်းတွင် 'ကင်မ်ဂျုံအီ' သည် ဆမ်ဆွတ် မူလတန်းကျောင်း၊ ပြုံးယမ်းမူလတန်းကျောင်း အမှတ်(၄)၊ ပြုံးယမ်းအလယ်တန်းကျောင်း အမှတ်(၁)၊ နမ်ဆန်အလယ်တန်းကျောင်းစသည်တို့ တစ်ခုပြီးတစ်ခုတက်ရ၏။ အလယ်တန်းလွန်ကျောင်းသည် အမေရိကန်အထက်တန်းကျောင်းနှင့် အဆင့်တူ၏။ ထိုကျောင်းပြီးလျှင် ကောလိပ်တက်ရ၏။ အချို့ကလည်း တပ်ထဲအရင်ဝင်ပြီးမှ ကောလိပ်တက်ရ၏။

ကျောင်းနေစဉ်ကာလတွင် 'ကင်မ်ဂျုံအီ' သည် ရုပ်ရှင်ကြည့် အလွန်ဝါသနာပါသူဖြစ်ခဲ့၏။ သို့သော် ကျောင်းစာတွင်လည်း အမြဲပင်ထိပ်တန်းအဆင့်မှ အောင်မြင်သည်။ မည်သည့်ပြိုင်ပွဲမဆို သူပင် ပထမရသည်။ ဘက်စကက်ဘော၊ ဘောလုံးမှအစ အားကစားမျိုးစုံ ထူးချွန်သည်။ ဂီတလည်း အတော်ဝါသနာထုံသည်။ တူရိယာပစ္စည်းမျိုးစုံ တီးတတ်၏။ ၁၂ နှစ်သားတွင် သူသည် အတန်းထဲရှိကလေးများသမဂ္ဂ၏ ဥက္ကဋ္ဌအဖြစ် အရွေးခံရသည်။ သူက ကိုယ့်အတန်းဖော် အတန်းဖက်တွေကို ပြန်စည်းကမ်းထိန်းသိမ်းရသည်။

ခေါင်းဆောင်ကြီး၏ 'ပိုချွန်ဘိုကိုလိုနီအာဏာပိုင်'များကို တိုက်ပွဲအောင်နိုင်ခြင်း ၁၇ နှစ်မြောက်နှစ်ပတ်လည်ကို ဂုဏ်ပြုသည့်အခမ်းအနားတွင် 'ကင်မ်ဂျုံအီ' က ပြဇာတ်တစ်ပုဒ်တင်ဆက်၏။ ထိုပြဇာတ်၏ ပရိုဂျူဆာ၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာ၊ သရုပ်ဆောင်သူ အားလုံးမှာ တစ်ဦးတည်း။ သူသည် သူ့ဖခင် 'ကင်မ်အီဆွန်း' ၏ နေရာတွင် သရုပ်ဆောင်ရ၏။ ဆရာ၊ ဆရာမတွေရော၊ ကျောင်းသားတွေပါ ထိုပြဇာတ်ကို အလွန်သဘောကျကြ၏။ သူ၏အနုပညာဇမှာ ငယ်စဉ်ကတည်းကရှိကြောင်း ကောင်းစွာပြသနိုင်သော ဥပမာဖြစ်၏။

၁၃ နှစ်အရွယ်တွင် သူသည် ပြုံးယမ်းအလယ်တန်းကျောင်း အမှတ်(၁) တစ်ခုလုံး၏ ကလေးများသမဂ္ဂဥက္ကဋ္ဌဖြစ်လာ၏။ ထိုစဉ်က သူသည် ဒုတိယနှစ်ကျောင်းသားပင်

the bookhouse
we bring your future

ဖြစ်လင့်ကစား နန်ဆန်ရှိ ဒီမိုကရက်တစ်လူငယ်အဖွဲ့ချုပ်ကိုပင် သွားရောက်တာဝန်ယူခဲ့ရ၏။

"သူ့ရဲ့အုပ်ချုပ်မှုအောက်မှာ ကျောင်းတစ်ခုလုံးဟာ စည်းကမ်းရှိပြီး ပညာရည် ထူးချွန်တဲ့ကျောင်းသားတွေ အများအပြားမွေးထုတ်နိုင်ခဲ့တယ်" ဟု ထိုစဉ်က ကျောင်းအုပ်ကြီး လုပ်ခဲ့သူက မှတ်ချက်ချ၏။

တစ်ခါက ဖခင်ကြီး 'ကင်မ်အီဆွန်း'နှင့်အတူ 'ကင်မ်ဂျုံအီ'သည် ကိုရီးယား စစ်ပွဲကာလအတွင်း ကားနှင့်ခရီးထွက်လာကြ၏။ လမ်းဆုံတစ်ခုရောက်သောအခါ အစောင့် ရဲဘော်တစ်ဦးက အခြားလမ်းမှသွားရန်၊ ဤလမ်းက အန္တရာယ်များကြောင်း ပြော၏။

"ဗိုလ်ချုပ်ကြီး ဒီလမ်းက သိပ်ကြမ်းပါတယ်။ လမ်းမှာ အစောင့်အကြပ်လည်း မရှိဘူး" သို့သော် 'ကင်မ်အီဆွန်း'ကမူ ထိုလမ်းကိုပဲသွားမည်ဟုဆိုသဖြင့် အစောင့်ရဲဘော်မှာ ဘာလုပ်ရမှန်းမသိဘဲ ကြောင်အမ်းအမ်းဖြစ်နေရှာ၏။ ဤတွင် 'ကင်မ်ဂျုံအီ'က ဝင်ပြော သည်။ "ဘာကြောင်နေတာလဲဗျ။ ဗိုလ်ချုပ်ကြီးက ဒီလမ်းသွားမယ်လို့ ပြောနေတာ၊ ဒီလမ်းကပဲ သွားပါစေပေါ့"

ကားလည်း ဆက်မောင်းလာခဲ့၏။ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့်။ ဤသည်ကို ကြည့်ခြင်းဖြင့် 'ကင်မ်ဂျုံအီ'သည် အဆုံးအဖြတ်ပြတ်သားကာ သူ့ဖခင်၏အလိုဆန္ဒကို တစ်သဝေမတိမ်း လုပ်ဆောင်သူဖြစ်ကြောင်း သိသာ၏။ ဤလမ်းကို ရွေးခဲ့သည်မှာ မှန်၏။ မူလက ရဲဘော်ပြသောလမ်းကိုသာရွေးခဲ့လျှင် မကြာခင်မှာပင် အမေရိကန်တို့ဗုံးကြဲ လေယာဉ်၏ ဗုံးစာခံရမည်မှာ မလွဲ။ လမ်းညွှန်သောအစောင့်ရဲဘော်သည် အမေရိကန် သူလျှိုဖြစ်နေ၏။ ဤသည်မှာ 'ကင်မ်ဂျုံအီ' ၏ အဆုံးအဖြတ်မှန်မှု၏ သက်သေတစ်ခုဖြစ်၏။

တစ်ခါကလည်း 'ကင်မ်ဂျုံအီ' တက်နေသောကျောင်းတွင် ကိုရီးယား အမျိုးသား ရေးဝါဒီတစ်ဦးက လာရောက်ဟောပြောသည်။ 'ကင်မ်အီဆွန်း'၏ အကြီးစားစက်မှု လုပ်ငန်းများ အရေးပေးဆောက်လုပ်နေမှုသည် ပြည်သူ၏လူနေမှုဘဝကို ပို၍နိမ့်ကျ စေသည်ဟု သူကဝေဖန်ခဲ့၏။ ထိုပုဂ္ဂိုလ်က 'ကင်မ်ဂျုံအီ' ဤကျောင်းတက်နေသည်ကို မသိ။

"ကျွန်တော်တို့ ထရပ်ကားတွေ၊ လယ်ထွန်စက်တွေ လိုအပ်လို့ထုတ် လုပ်နေတာကို ခင်ဗျားက မလိုအပ်ဘူးလို့ ဆိုလိုချင်တာလား။ ဒါဆို ခင်ဗျားက ဖောက်ပြန်ရေးသမားပဲ"

'ကင်မ်ဂျုံအီ'က ပရိသတ်ထဲမှ ထပြော၏။ ဟောပြောသူလည်း အခြေအနေ ရိပ်မိကာ မျက်စေ့မျက်နှာပျက်နှင့် စကားပြောစင်မြင့်မှ ပြေးဆင်းသွားရ၏။ ကျောင်းသူ၊ ကျောင်းသားအားလုံးက 'ကင်မ်ဂျုံအီ'ကို လက်ခုပ်သြဘာညံမစဲ ထောက်ခံချီးကျူးကြသည်။ "ကျွန်တော်တို့ပြည်သူအားလုံးဟာ မာရှယ်ကင်မ်အီဆွန်းရဲ့အတွေးအခေါ်တွေနဲ့အညီ အချိန် မရွေး၊ နေရာမရွေး ကျင့်ကြံ တွေးတော လုပ်ဆောင်ရမယ်"ဟု 'ကင်မ်ဂျုံအီ' ကပြောခဲ့သည်။

the bookhouse



တစ်ခါကလည်း 'ကင်မ်ဂျုံအီ'နှင့် ကျောင်းနေဘက်များသည် 'ပိုချွန်ဘို'သို့ လေ့လာရေးခရီးထွက်ကြ၏။ မြို့ရောက်သောအခါ သူတို့သည် 'ကင်မ်အီဆွန်း'ရုပ်တုကို သွားကြည့်ကြ၏။ ထိုရုပ်တုသည် ပြောက်ကျားစစ် အောင်ပွဲအထိမ်းအမှတ်ရုပ်တုကြီးဖြစ်၏။ ထိုရုပ်တုရှေ့ ရောက်သောအခါ 'ကင်မ်ဂျုံအီ'က "ဗိုလ်ချုပ်ကြီး ကင်မ်အီဆွန်းဟာ ဂျပန်ဆန့်ကျင်ရေးတိုက်ပွဲမှာ ရဲရင့်တောက်ပြောင်တဲ့ တပ်မှူးကြီး ဖြစ်တယ်။ ဒီရုပ်တုကြီးဟာ ရန်သူစခန်းကို မှန်ပြောင်းနဲ့လှမ်းကြည့်နေတဲ့ပုံပဲ" ဟု ပြောသည်။ ကျောင်းသားအားလုံးက မတ်မတ်ရပ်ကာ ဦးညွှတ်ပြီး အရိုအသေပြုကြ၏။

'ကင်မ်ဂျုံအီ'ကမူ ရုပ်တုကိုကြည့်ပြီး သိပ်မကျေနပ်။

"ခေါင်းဆောင်ကြီးဟာ တုနှိုင်းဘက်မရှိတဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးပဲ။ ဒီပုဂ္ဂိုလ်ကြီးကို အလေးအမြတ်ပြုတဲ့အနေနဲ့ ထုလုပ်တဲ့ရုပ်တုဟာ သေးလွန်းအားကြီးနေတယ်။ ခေါင်းဆောင်ကြီးရဲ့ ဂုဏ်ပုဒ်နဲ့စာရင် သိပ်ကိုသိမ်ငယ်နေတယ်။ နောက်ပြီး ခင်ဗျားတို့ ဒီရုပ်တု နေရာကို ရွေးတာလည်း မှားနေတယ်။ ပတ်ဝန်းကျင်က မြင့်နေပြီး ရုပ်တုထားတဲ့နေရာက နိမ့်နေတယ်။ ဒါကို ဒီနယ်မြေက လူကြီးတွေ သတိပြုမိကြရဲ့လား။

'ကင်မ်ဂျုံအီ'၏စကားကို ကြားရသောအခါ ဒေသတာဝန်ရှိ သူများအားလုံး မျက်လုံးပြူး မျက်ဆံပြူးဖြစ်ကုန်ကြသည်။ သူပြောတာတွေက အကုန်မှန်နေသည်။ ဒါကို ယခင်က မည်သူမျှ သတိ မပြုမိကြ။ အသက်ငယ်ရွယ်သော်လည်း အမြင်စူးရှပြီး လေ့လာမှု အားကောင်းသော 'ကင်မ်ဂျုံအီ' ကို လူတိုင်းလက်ဖျားခါ ချီးကျူးကြရ၏။

ထိုခရီးစဉ်တွင်ပင် 'ကင်မ်ဂျုံအီ'၏ အရည်အသွေးပြကွက်တစ်ခု နောက်ထပ် ရှိသေး၏။ သူသည် 'ဆမ်ဂျီရေကန်' ကို သွားချင်သည်။ ထိုနေရာသည် သူ့ဖခင်၏ ပြောက်ကျားစစ် အခြေစိုက်စခန်းလုပ်ခဲ့သော သမိုင်းဝင်နေရာတစ်ခုဖြစ်၏။

သို့သော် လမ်းပြက ထိုနေရာသို့ သွားသောလမ်းမဖောက်ရသေးကြောင်း၊ ယခုသွားလျှင် လမ်းအလွန် ကြမ်းတမ်းခက်ခဲကြောင်းပြော၏။ "ဒါဆိုလည်း ရအောင်သွား တာပေါ့"ဟု ၁၄ နှစ်သား 'ကင်မ်'က ပြောကာ သူတို့အုပ်စုသည် တောလမ်းအတိုင်း လမ်းထွင်၍သွားကြ၏။ သူတို့ သွားသောလမ်းကို နောင်တွင် လမ်းဖောက်ခဲ့ကြသည်။

ထိုအချိန်မှစ၍ 'ကင်မ်ဂျုံအီ'သည် သူ့ဖခင်၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော 'ပက်ကတူးတောင်' မှစ၍အခြားသော တော်လှန်ရေးသမိုင်းဝင်နေရာအားလုံးကို ဆက်သွယ်နိုင်သော လမ်းကြောင်းများဖောက်ရန် အကြံပြုခဲ့၏။ သူပြောသည့်အတိုင်းပင် အားလုံးက လိုက်လုပ်ကြ၏။

ငယ်စဉ်က ဆိုဗီယက်ယူနီယံတွင်နေသော်လည်း သုံးနှစ်အရွယ်တွင် ပြုံယမ်းသို့

the bookhouse

'ကင်မ်' ရောက်ခဲ့၏။ ကိုရီးယားစစ်ပွဲကာလတွင်ကား တရုတ်ပြည်တွင် နေခဲ့ရပြန်၏။ သို့သော် ဆွေမျိုးများ၊ ရဲဘော်အပေါင်းအသင်းများနှင့် ကြီးပြင်းခဲ့ရ၍ တရုတ်လူမျိုးများနှင့် သိပ်အဆက်အဆံမရှိခဲ့။ တရုတ်ဘာသာစကားလည်း မသင်ခဲ့။

အထက်တန်းကျောင်းမပြီးခင်တွင် သူသည် ဖခင်ကြီးနှင့်အတူ ဆိုဗီယက်ယူနီယံသို့လိုက်ပါလာခဲ့၏။ သူ၏ အလွန်နည်းပါးလှသော နိုင်ငံခြားခရီးများထဲမှ တစ်ခုဖြစ်သည်။ ထိုအချိန်က သူသည် ၁၇ နှစ်အရွယ် ရောက်နေပြီ။ သူ့ဖခင်ကြီး၏ခရီးစဉ်ကို သူပင်ရေးဆွဲပေးကာ အစစအရာရာ ကူညီလုပ်ကိုင်ပေးခဲ့၏။

"ကင်မ်အီဆွန်းက မနက်ပိုင်း ဟိုတယ်ကထွက်ပြီး အစည်းအဝေးတွေ၊ အခမ်းအနားတွေတက်ရင် 'ကင်မ်ဂျုံအီ' က တံခါးဝအထိ လိုက်ပို့တယ်။ ဖိနပ်ကအစ စီးပေးတယ်။ 'ကင်မ်အီဆွန်း' က အဲဒီတုံးက ၄၇ နှစ်ပဲရှိသေးတယ်။ ဗလကလည်း ခပ်ကောင်းကောင်း၊ လူငယ်တွေတောင် မနာလိုစရာ ကျန်းမာရေးသိပ်ကောင်းနေချိန်ပဲ။ ဒါတောင် သူ့သားက သူ့အဖေကို အစစ အရာရာ ထူမ,တယ်။ တွဲပို့တယ်။ ယုယကြင်နာတယ်။ သူ့သားက သူ့ကို ထူမ,တွဲပို့၊ ဖိနပ်စီးပေးတာကို သူ့အဖေကလည်း အကျေနပ်ကြီး ကျေနပ်နေပုံပဲ"

ပါတီအတွင်းရေးမှူးအနေဖြင့် ထိုခရီးတွင် လိုက်ပါလာသော 'ဟွမ်ဂျန်ယွပ်'က ပြန်ပြောပြ၏။ ထိုခရီးတွင် အတူလိုက်ပါလာသော ဆရာဝန်များ၊ သူနာပြုဆရာမများ အဖွဲ့ဝင်များကို 'ကင်မ်ဂျုံအီ'က ကြီးကြပ်ကွပ်ကဲသည်။ ယနေ့လုပ်ရမည့်အစီအစဉ်၊ မနက်ဖြန်လုပ်ရမည့် အစီအစဉ်များကို သူပင်ရေးဆွဲပေး၏။

"အားလပ်ချိန်တွေမှာ သူက ကျွန်တော့်ကိုနိုင်ငံရေးသဘော တရားတွေမေးတယ်။ သူက ဘာမဆို သိပ်သိချင်တဲ့လူငယ်ပဲ။ သူမေးတာတွေကို လိပ်ပတ်လည်အောင် ဖြေရတာ အတော်ခက်တယ်။ ကပ်သီးကပ်သတ်တွေကအစ သူမေးတတ်တယ်။ သူက နိုင်ငံရေးကို တော်တော်စိတ်ဝင်စားကပုံပေါ်တယ်"ဟု 'ဟွမ်ဂျန်ယွပ်' က ပြောသည်။

'ဟွမ်'က မော်စကိုခရီးတွင် 'ကင်မ်ဂျုံအီ' အား မော်စကိုတက္ကသိုလ်တွင် ပညာသင်သင့်ကြောင်း အကြံပေး၏။ သို့သော် သူက လက်မခံ။ အမိ နိုင်ငံမှာပဲ ပညာသင်ချင်တယ်ဟု ပြော၏။

"ကိုယ့်ပြည်တွင်းနိုင်ငံရေးကို ကိုယ်ပဲသိတယ်။ နိုင်ငံရေးနဲ့ပတ်သက်ရင် အဖေ့ဆီက သင်တာအကောင်းဆုံးပဲ။ ကျွန်တော် နိုင်ငံခြားမှာသွားပညာသင်နေရင် အဖေ့ကို ဘယ်လိုကူညီနိုင်မလဲ" ဟူ၍ အကြောင်းပြ၏။ ထို့ကြောင့် သူသည် ပြုံယမ်းတွင်ပင် 'ကင်မ်အီဆွန်းတက္ကသိုလ်' ဆက်တက်၏။

"ဂျူချေအတွေးအခေါ် ဆိုတာ ကိုရီးယားမှာပဲသင်ယူလို့ရတာ။ ဒါမျိုးကို တခြား

the bookhouse
we bring your future



နိုင်ငံခြားတိုင်းပြည်တွေမှာ ဘယ်သင်လို့ရမလဲ"ဟု အမြဲပင်ပြောတတ်သည်။ ငယ်စဉ်ကသူ့ကို ရှုရှားနာမည်ဖြစ်သော 'ယူရာ' ဟုသာ အခေါ်များကြသော်လည်း အထက်တန်းကျောင်းသားဘဝတွင်မူ သူ့ကို 'ဂျုံအီ' ဟုပဲ ခေါ်ကြပါရန် သူကိုယ်တိုင်မိတ်ဆွေများကို ပြော၏။

"သူ့မိခင် 'ကင်မ်ဂျုံဆွတ်' က ၁၉၄၉ မှာ ကွယ်လွန်ခဲ့တယ်လေ။ အဲဒီနောက်ပိုင်းမှာ သူဟာ သူ့ဘာသာသူပဲ ပျိုးထောင်ကြီးပြင်းခဲ့ရတာပဲ။ သူ့ကို ဘယ်သူကမှ အနီးကပ်ပွန်သပ်ဆုံးမတာတွေ မရှိဘူး။ သူက ငယ်ငယ်ကတည်းက ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်အဝရှိခဲ့သူပဲ" ဟု သူနှင့်အနီးကပ်ဆက်ဆံခဲ့ရသူ နိုင်ငံရေးပါရဂူ 'ဟွမ်ဂျန်ယွပ်'က ပြောသည်။

ကင်မ်အီဆွန်းတက္ကသိုလ်ကား မြောက်ကိုရီးယားတွင် အကြီးဆုံးနှင့်ဩဇာအညောင်းဆုံးတက္ကသိုလ်ဖြစ်၏။ ဆရာ၊ ဆရာမပေါင်း ၆၀၀၀ ကျော်ရှိ၏။ ကျောင်းသားကမူ သောင်းကျော်ရှိသည်။ 'ကင်မ်ဂျုံအီ'သည် တက္ကသိုလ်တွင် ပညာထူးချွန်သော ကျောင်းသားအဖြစ် လူသိများသည်။ သူနှင့် ကျောင်းနေဖက်တိုင်း ဤအချက်ကို မငြင်းနိုင်ကြ။

သူသည် အတန်းတိုင်းတွင် ဂုဏ်ထူးနှင့်ပင် အမြဲအောင်တတ်သည်။ ကျောင်းစာတွင်ရော၊ ကျောင်းပြင်ပ ပညာရေးတွင်ပါ သူဦးဆောင်တတ်သည်။ အားကစားလှုပ်ရှားမှုများတွင်ပါ သူက အမြဲပင်တက်ကြွစွာပါဝင်တတ်သည်။ သူရေးသားသော စာပေလက်ရာ ၁၂၀၀ တွင် စာချုပ်များ၊ မိန့်ခွန်းများ၊ စာပေအနုပညာ၊ ဘာသာဗေဒ၊ ဥပဒေ၊ နိုင်ငံရေးသဘာဝသိပ္ပံ စသဖြင့် ဘာသာရပ်ပေါင်းစုံ ပါဝင်၏။ 'ခေတ်သစ်နယ်ချဲ့ဝါဒ၏ စရိုက်လက္ခဏာနှင့် ၎င်း၏ ရန်လိုမှု သဘာဝ'ဟူသောကျမ်းမှာ သူ၏ အထင်ရှားဆုံးလက်ရာဖြစ်၏။

'ကင်မ်ဂျုံအီ'၏ အထူးပြုသင်ကြားသောဘာသာရပ်မှာ နိုင်ငံရေး ဘောဂဗေဒဖြစ်၏။ "ဆိုရှယ်လစ်ဘောဂဗေဒနဲ့ အရင်းရှင်ဘောဂဗေဒတို့ရဲ့ ခြားနားချက်ကို သူကောင်းကောင်းနားလည်တယ်။ မာက့်စ်ရဲ့အရင်းကျမ်းကို သူ ပိုင်ပိုင်နိုင်နိုင်လေ့လာတယ်။ ဓနရှင်ဝါဒရဲ့ အားနည်းချက်ကို သူကောင်းကောင်းသိတယ်"ဟု သူ့ဆရာများက မှတ်ချက်ချ၏။

တက္ကသိုလ်တွင် သူက လူတကာကို နှိမ့်နှိမ့်ချချပင် ဆက်ဆံတတ်၏။ ပါမောက္ခများနှင့် အတန်းသူ၊ အတန်းသားများကို ကျောင်းစတက်သောနေ့က ဦးထုပ်ချွတ်အရိုအသေပြုကာ "ဆရာတို့၊ ဆရာမတို့ဆီက ကျွန်တော် အများကြီးသင်ယူခွင့်ရမှာကို ဝမ်းသာနေပါတယ်"ဟု ပြော၏။ နောက်ပိုင်းတွင်ကား သူသည် ကျောင်း၏သင်ရိုးညွှန်းတမ်းများ၊ သင်ကြားမှုနည်းစနစ်တွေ၊ ကျောင်းသုံးစာအုပ်များကို ဝေဖန်စရာရှိတာ ဝေဖန်၏။ ထို့ကြောင့် ပြုပြင်စရာရှိတာတွေလည်း ပြုပြင်လာကြ၏။

the bookhouse
we bring your future

"တက္ကသိုလ်အဆင့်မှာ ကွန်ပျူတာတွေ ဂဏန်းပေါင်းစက်တွေ ဘာတွေရှိနေပြီးသား။ အဲဒါဘာဖြစ်လို့ ပေသီးကို သင်နေရတာလဲ။ အထူးသဖြင့် တက္ကသိုလ်ရဲ့ဘောဂဗေဒသင်ရိုးမှာ ဆလိုက်ရူးလ်တွေ၊ ပေသီးတွေ မသင်မနေရ သင်နေဖို့ လိုအပ်သေးလို့လား"

သူ၏ဝေဖန်ချက်ကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့က မစဉ်းစားမဖြစ် စဉ်းစားလာကြရ၏။ "မဟာခေါင်းဆောင်ကြီးရဲ့တော်လှန်တဲ့ အတွေးအခေါ်တွေကို နှုတ်တက်ရွရွ အလွတ်ကျက်ထားဖို့ လိုအပ်တယ်။

တစ်ခါဖတ်ရင် ဆယ်ခါကနေ အခါနှစ်ဆယ်အထိဖတ်၊ သဘောတရားကို ခေါင်းထဲစိမ့်မဝင်မခြင်း ဖတ်သင့်တယ်"ဟုလည်း ပြောသည်။ မကြာခင် မှာပင် ဥက္ကဋ္ဌမော်၏ဩဝါဒစာအုပ်နီလေးကဲ့သို့ပင် 'ကင်မ်အီဆွန်း' ၏ ဩဝါဒများကို နေရာတကာတွင် ဖတ်ရှုကြလာသည်ကို တွေ့လာရ၏။ စာကြည့်တိုက်ထဲမှာ၊ ပန်းခြံထဲမှာ၊ ထမင်းစားခန်းထဲမှာ ဘယ်နေရာမဆို၊ ဘယ်အချိန်မဆို ဤဩဝါဒများ ဖတ်ရှုလေ့လာနေကြသည်ကို တွေ့လာရ၏။

'ကင်မ်ဂျုံအီ' သည် တက္ကသိုလ်ကျောင်းသားဘဝတွင် အလုပ်သမားပါတီသို့ဝင်၏။ ထိုအချိန်က သူသည် ပါတီစာသင်ခန်း၏ခေါင်းဆောင်လည်း မဟုတ်သေး။ တက္ကသိုလ်ဒီမိုကရက်တ် လူငယ်အဖွဲ့ချုပ်ခေါင်းဆောင်လည်း မဟုတ်သေး။ သူ့ကို ပါတီခေါင်းဆောင်လုပ်ရန် ဝိုင်းထောက်ခံကြ၏။

"ကျွန်တော်က အတွေ့အကြုံနုပါသေးတယ်။ သာမန်ပါတီဝင် အနေနဲ့ပဲ အလုပ်အကျွေးပြုပါရစေ"ဟု သူ ငြင်းဆန်ခဲ့သည်။ မည်သို့ပင်ဆိုစေ သူ၏ ပညာဉာဏ်ရည်ထက်မြက်မှုကြောင့် သူသည် တက္ကသိုလ်တွင် လူငယ်ခေါင်းဆောင်အဖြစ် သူသိများခဲ့၏။ သူ့ကို စံနမူနာပြုလို၍ လူကိုယ်တိုင် လာကြည့်ကြသူများပင်ရှိသည်။ သူ၏ကောင်းသတင်းမှာ ဖုံးဖိမရနိုင်လောက်အောင်ပင် ပျံ့သင်းလျက်ရှိ၏။

၁၉၆၃ ခုနှစ်တွင် သတင်းစာဆရာအချို့ တက္ကသိုလ်တွင်လာလေ့လာကြ၏။ အထူးချွန်ဆုံးအတန်းဆုကို 'ကင်မ်' တို့အတန်းမှရရာ၊ ဤဆုကို ဆွတ်ခူးနိုင်အောင် ဦးဆောင်သူမှာ 'ကင်မ်' ဖြစ်ကြောင်း သိကြ၍ သူ့ကို အင်တာဗျူးလာလုပ်ကြ၏။

"ကျွန်တော်တစ်ယောက်တည်းကို အင်တာဗျူးလာလုပ်မယ်ဆိုတော့ မဟုတ်သေးပါဘူးဗျာ။ ခုလိုဆုရတာ ကျွန်တော်တစ်ယောက်တည်းကောင်းလို့မှ မဟုတ်တာ။ တစ်တန်းလုံးကောင်းလို့ပဲ။ ကျွန်တော်က အတန်းရဲ့ကိုယ်စားလို့ပြောရမယ်။ အားလုံးကိုပဲမေးပါ။ ကျွန်တော်လည်း အများထဲကတစ်ယောက်ပါ"ဟု 'ကင်မ်ဂျုံအီ' ကပြောကာ အင်တာဗျူးကို ငြင်းဆန်ခဲ့၏။

the bookhouse
we bring your future



ဓာတ်ပုံလေးရိုက်ပါရစေဟု တောင်းပန်သည်ကိုလည်း သူငြင်းပယ်၏။

"ပြောပြီးသားပဲဗျာ။ ကျွန်တော် တစ်ယောက်တည်းမလုပ်ပါနဲ့။ အတန်းသားအားလုံးစုပြီးပဲရိုက်ပါ"ဟု ပြောသည်။

ထို့နောက် အတန်းသူ၊ အတန်းသားများ၏အာဘော်ကို လိုက်မေးခိုင်းသည်။ စုပေါင်း၍ ဖြေကြသည်။ ထိုအဖြေကို စုစည်းပြီး သတင်းစာဆရာများကို ပေးလိုက်သည်။ သတင်းမရေးမီ သူတို့ကို ပြန်လာပြပြီးမှ သတင်းစာတွင်ဖော်ပြရန်လည်း ပြောလိုက်၏။

သူ၏စည်းစနစ်ကျသော ခေါင်းဆောင်မှု၏သရုပ်ကို သတင်းစာဆရာများက ချီးကျူး၍ မဆုံးကြ။

စုပေါင်းဓာတ်ပုံရိုက်သောအခါတွင်လည်း သတင်းစာဆရာများက 'ကင်မ်ဂျုံအီ' ကို အတန်း၏အလယ်မှနေ၍ ရပ်ပေးပါရန်ပြောသည်။

"ကျွန်တော်က တကယ့်ခေါင်းဆောင်မှ မဟုတ်တာဗျာ။ အဓိကက ပါတီကလပ်စည်းခေါင်းဆောင်ရယ်၊ ဒီမိုကရက်တစ်လူငယ်အဖွဲ့ချုပ်ဥက္ကဋ္ဌရယ်၊ အတန်းသားခေါင်းဆောင်ရယ်ပါ။ သူတို့ကို အလယ်မှာ နေရာယူပါစေ။ ကျွန်တော်က အများထဲကတစ်ယောက်ပါ" ဟု ပြောကြောင်းလည်း သိရ၏။

၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလတွင် ထိုဓာတ်ပုံသတင်းစာထဲတွင် ပါလာ၏။ 'ကင်မ်ဂျုံအီ' သည် အလယ်တန်းလက်ဝဲဘက် ဒုတိယနေရာတွင်ရှိ၏။ ဤသည်မှာ မြောက်ကိုရီးယားမီဒီယာတွင် 'ကင်မ်ဂျုံအီ' ၏ ပထမဆုံးဖော်ပြခြင်းခံရသော ဓာတ်ပုံဖြစ်၏။ ပြည်သူတို့သည် ကင်မ်၏နှိမ့်ချတတ်မှုအရည်အသွေးကို ထိုစဉ်ကတည်းကစ၍ ချီးကျူးခဲ့ကြ၏။

'ကင်မ်ဂျုံအီ'သည် အရပ်ပု၏။ ၅ ပေ ၂ လက်မသာရှိသော သူ့အရပ်အမောင်းကို သူ မကျေနပ်။ နောက်ပိုင်းတွင် ဒေါက် ၃ လက်မမြင့်သော ရှူးဖိနပ်ကို သူစီး၏။ ဆံပင်ကိုလည်း ခပ်ထောင်ထောင်ထားရာ အရပ်နည်းနည်းမြင့်လာသလိုလို ပုံဖမ်း၏။ ကရုတ်ပြည်သူ့သမ္မတနိုင်ငံခေါင်းဆောင်ကြီး 'တိန့်ရှောင်ဖိန်'သည်လည်း အရပ်ပုသူ ဖြစ်ရာ အရပ်ပုသောခေါင်းဆောင်များ ဉာဏ်ထက်မြက်သည်ဟူသောစကားကြောင့် သူ့အဖို့ အနည်းငယ်နေသာထိုင်သာ ရှိခဲ့၏။

'ကင်မ်ဂျုံအီ'၏ ကောလိပ်ကျောင်းသားဘဝတွင် ပြည်သူကြားထဲတွင် အတော်ထင်းခဲ့သောသတင်းများကို ကြားသိရ၏။ စာလည်းတော်၊ 'ကင်မ်အီဆွန်း' ၏သားလည်း ဖြစ်သဖြင့် အမျိုးသမီးကြားတွင် ရေပန်းစားပြီး စွံလည်း စွံသူတစ်ဦးဖြစ်၏။

၁၉၆၃ ဖေဖော်ဝါရီလတစ်ရက်တွင် 'ကင်မ်အီဆွန်း' သည် သူ့သား 'ကင်မ်ဂျုံအီ'

the bookhouse
we bring your future

ကိုပါခေါ်၍ တပ်စခန်းများကို လှည့်လည်စစ်ဆေးသည်။ သားအဖနှစ်ဦး အုပ်စုနှစ်စုခွဲ၍ သွားကြသည်။ 'ကင်မ်ဂျုံအီ'က တစ်ခုတည်းသော သောက်သုံးရေ ရရန်နေရာသည် ရေခဲဖုံးနေသောမမ်းတွင်းမှ ဖြစ်သည်ကိုတွေ့ခဲ့၏။ သုံးရေမရ၍ အရာရှိဆောင်၊ ထမင်းစားခန်း၊ ရေချိုးခန်းတို့မှာ ဘာမှအလုပ်မဖြစ်တော့။ 'ကင်မ်အီဆွန်း'က ရဲဘော်များကို ဘာအခက်အခဲရှိ သလဲမေး၏။ ရဲဘော်တို့က ဘာမှမရှိပါဟု ဖြေကြ၏။

'ကင်မ်ဂျုံအီ'က သူ့ဖခင်နားကပ်ပြီး ရေအခက်အခဲရှိပုံကို ပြောပြသည်။ ပိုက်လုံးအနည်းငယ်နှင့် မြေတူးကိရိယာအနည်းငယ်ရှိရုံမျှဖြင့် ဤဒေသမှာပြေလည် နိုင်ကြောင်းကိုပါ ပြောပြသည်။ ထို့ကြောင့် ရေအရင်းအမြစ်ကျွမ်းကျင်သူတို့ကို ချက်ချင်း ခေါ်ကာ ရေပြဿနာကို ဖြေရှင်းပေး၏။ နှစ်ပတ်အတွင်းတွင် တပ်တစ်ခုလုံး ရေဖောဖော သီသီ သုံးကြရ၏။ တပ်သားများက 'ကင်မ်ဂျုံအီ' ကို ကျေးဇူးတင်လိုက်ကြသည့်ဖြစ်ခြင်း။

ရှေ့တန်းတစ်နေရာတွင်လည်း စားနပ်ရိက္ခာပြတ်လတ်နေ၍ ရဲဘော်များ၏ သားသမီးများမှာ ထမင်းအစားအာလူးပြုတ်သာ စားနေရကြောင်း 'ကင်မ်ဂျုံအီ'တွေ့သွား၏။ သူက သူ့ဖခင်ကို ဤအကြောင်း အစီရင်ခံ၏။ မြေဆီလွှာကောင်းရစေရန် မြေလှန်ပစ်၊ မြေဩဇာကျွေး၊ အပင်သန်သော မျိုးစေ့များစိုက်၊ မြစ်ထဲမှ ရေကို သွယ်ယူ။ နှစ်လခန့်အတွင်း ထိုမြေနေရာတွင် စားနပ်ရိက္ခာတွေ ဖူလုံလာ၏။ နောက်ပိုင်းပိုလျှံ၍ အခြားဒေသများကို ရောင်းချရသည်အထိ။

'ကင်မ်ဂျုံအီ'သည် သွားလေရာရာတွင် မျက်စေ့ရှင်ရှင်ထားပြီး လေ့လာတတ်၏။ လေ့လာတွေ့ရှိချက်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်သည်။ ကျောင်းတစ် ကျောင်းဝင်စစ်ဆေးရင်းနှင့် သိပ္ပံလက်တွေ့စမ်းသပ်ခန်းတွင် ဒေသထွက်သစ်ပင်များ၊ သီးနှံများ၊ ပန်းမန်များကို အခြေပြုကာ လက်တွေ့သင်ကြားမှုကို 'ကင်မ်ဂျုံအီ' က လုပ်ပြ၏။ သမားရိုးကျစာသင်နည်းများဖြင့် ရိုးအီနေကြသော ကျောင်းသူ၊ ကျောင်းသားများမှာ သူ၏ လက်တွေ့ဆန်သော သင်ပြနည်းများကြောင့် မျက်စေ့ပွင့် အသိဉာဏ် ပိုကြွယ်လာကြ၏။

အေးချမ်းသောတောင်ပေါ်ဒေသတွင် ပန်းသီးပင် မည်သို့စိုက်ရမည်ကိုလည်း 'ကင်မ်ဂျုံအီ' က ပြပေးသည်။ မြေပြန့်တွင်စိုက်၍ရသောအပင်များကို တောင်ပေါ်ဒေသတွင် မည်သို့ပြုပြင်ပြီး ရှင်သန်အောင် စိုက်ပျိုးရမည်ကို သူက ကောင်းစွာပြသပေးရာ ဒေသခံ များကပင် အံ့ဩလက်ဖျားခါ ယူကြသည်အထိ အောင်မြင်ခဲ့၏။

စာသင်ခန်းတစ်ခုတွင် ကြမ်းပြင်က ပေါက်ပြနေ၏။ လေအေးက ထိုကြမ်းပေါက် ထဲမှ တဟူးဟူး တိုးဝင်နေသည်။

"ဒီကြမ်းပေါက်ကလေးကိုမှ ဆရာကြီးတို့က ကြံဖန်ပြီး မဖာထားဘူးဆိုရင် ကလေးတွေ အအေးမိကုန်မှာပေါ့"ဟု 'ကင်မ်ဂျုံအီ' က ပြောကာ သစ်သားအတိုအစများဖြင့် ချက်ချင်း ဖာထေးလိုက်သည်။

ကျောင်းအုပ်ကြီးက သူသတိမပြုမိသော အသေးအဖွဲလေးကိုပင် ကလေးငယ် တစ်ဦးက ချက်ချင်းမြင်တတ်ပုံကို အလွန်သဘောကျနေ၏။ 'ကင်မ်ဂျုံအီ'၏ အမြင်စူးရှပုံ၊ လက်တွေ့ကျပုံတို့ကို ထိုဒေသတွင် ချီးကျူး၍ မကုန်ကြတော့။

ထို့ပြင် 'ကင်မ်ဂျုံအီ'သည် အနီးအနားမှ သစ်ပင်တစ်ပင်၏ အခေါက်ကိုယူကာ ဖြန့်ဖြူးအောင်လုပ်လိုက်ပြီး စာရေးစရာ စက္ကူအစားထိုး သုံးစွဲ၍ရနိုင်ကြောင်းကိုပါ ပြခဲ့၏။ ဤနည်းပညာကို သူ့ဖခင် ပြောက်ကျား စစ်ဆင်နွှဲစဉ်က ရရှိခဲ့ခြင်းဖြစ်ပြီး သူက ထိုနည်းကို ယခုပြန်လည်ဖြန့်ဖြူးခဲ့ခြင်းဖြစ်၏။

ထိုနှစ်နွေရာသီကုန်ဆုံး၍ တက္ကသိုလ်ပြန်ဖွင့်သောအခါ 'ကင်မ်ဂျုံအီ' သည် ဘွဲ့ယူရန်အတွက် စာတမ်းပြင်ဆင်ရသည်။ ထိုအချိန်တွင် သူ့ဖခင်သည် ကျေးလက်ကို အခြေခံပြီး ဆိုရှယ်လစ်ဝါဒ ခိုင်မာစွာထူထောင်ရန် စိုင်းပြင်းနေချိန်ဖြစ်၏။

'ကင်မ်ဂျုံအီ'က သူ့ဖခင်၏ပေါ်လစီကို ဘွဲ့ယူစာတမ်းခေါင်းစဉ်အဖြစ် ရွေးပြီး တင်ချင်သည်။ ပါမောက္ခကမူ ဝိဇ္ဇာဘွဲ့အဆင့်လောက်ဖြင့် ဤခေါင်းစဉ်သည် မြင့်လွန်း သည်ဟု ဆို၏။ ပါရဂူဘွဲ့စာတမ်းအဆင့်လောက်မှတန်သည့် ခေါင်းစဉ်မျိုးဖြစ်၏။ နိုင်ငံတော်၏ စီမံကိန်းကော်မရှင်နှင့် စီးပွားရေးလမ်းညွှန်မှုအေဂျင်စီတို့ထံမှ အချက်အလက် များရယူပြီးမှ ရေးသားနိုင်မည့် ကျမ်းမျိုးဖြစ်သည်။

'ကင်မ်ဂျုံအီ' ကမူ သူရည်ရွယ်ထားသည်ကို အလျှော့မပေး။ မဖြစ်ဖြစ်အောင် ကြိုးစားရေးသားသည်။ သို့ဖြင့် 'ဆိုရှယ်လစ်ဝါဒ ထူထောင်ရာတွင် ကျေးလက်ဒေသ၏ နေရာနှင့်အခန်းကဏ္ဍ' ဟူသော ခေါင်းစဉ်ဖြင့် ကျမ်းတစ်ခု ပြုစုပြီးသွား၏။

'ကင်မ်အီဆွန်းတက္ကသိုလ်' တွင် နှစ်နိုင်ငံ ကျောင်းသားလဲလှယ်ရေး အစီအစဉ် အရ ကျောင်းလာတက်နေသော ဘူဂေးရီးယားနိုင်ငံမှ ကျောင်းသားက 'ကင်မ်ဂျုံအီ' သည် စကားပြောကောင်းပြီး နိုင်ငံခြားသားများကို ဖက်လှဲတကင်း ဆက်ဆံတတ်သည်ဟု မှတ်ချက် ချ၏။ အရှေ့ဥရောပနိုင်ငံမှ ကျောင်းလာတက်သူအများစုကလည်း 'ကင်မ်ဂျုံအီ'၏ ဉာဏ်ပညာအရည်အသွေးနှင့် ပေါင်းသင်းဆက်ဆံရေးကို ချီးကျူးကြသည်။ သူ့ကို စာပေသင် ကြားပေးသူ ပါမောက္ခများကမူ "ခေါင်းဆောင်ကြီး၏သားဆို၍ ပို၍ ချီးမြှောက်စရာမလို။ သူသည် သူ့နဂိုကတည်းကပင် မသွေးဘဲ ချွန်ပြီးသား လူချွန် လူမွန်တစ်ဦး ဖြစ်သည်"ဟု တညီတညွတ်တည်း မှတ်ချက်ချခဲ့ကြ၏။

■



the bookhouse
the bookhouse

## ကင်မ်ဂျုံအီ (သို့မဟုတ်) မြောက်ကိုရီးယား၏ ချစ်လှစွာသော ခေါင်းဆောင်ကြီး



the bookhouse
we bring your future

# အခန်း ၉

# ပါဝါသို့ဦးတည်လာသောခြေလှမ်းများ

"ရေမရှိလျှင် ငါးသည် အသက်မရှင်နိုင်။ ပြည်သူ့တပ်မတော်မရှိလျှင် ပြည်သူများ အသက်မရှင်နိုင်၊ ကင်မ်အီဆွန်မရှိလျှင် ပြည်သူများ အသက်မရှင်နိုင်" ဆောင်ပုဒ်များကို အိမ်တိုင်းတွင် ကပ်ထားကြ၏။

## ပါဝါသို့ ဦးတည်လာသော ခြေလှမ်းများ

၁၉၇၀ ခုနှစ်များတွင် 'ကင်မ်အီဆွန်း'သည် သူ၏သား 'ကင်မ်ဂျုံအီ' ကို သူ၏ အရိုက်အရာ ဆက်ခံမည့်သူအဖြစ် လျာထားစ ပြုလာပြီဖြစ်သည်။ ဘွဲ့ရပြီးနောက် 'ကင်မ်ဂျုံအီ'သည် အလုပ်သမား ပါတီ၏ ဗဟိုကော်မတီတွင် ဝင်ရောက်လုပ်ကိုင်ရန် နေရာချထားခြင်း ခံရ၏။ အုပ်ချုပ်မှု၏ ဗဟိုအာရုံ ကြောချက်မဖြစ်သည့် ဤအလုပ်သမား ပါတီဗဟိုကော်မတီတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ရခြင်းသည် သူ့အတွက် မဟာအခွင့်အရေး ကြီးပင်ဖြစ်သည်။

နှစ်နှစ်မျှတာကာလအတွင်း သူသည် ပါတီ၏ဝါဒဖြန့်ချိရေးဌာနတွင် ဒုတိယ အကြီးအကဲဖြစ်လာ၏။ သူ့ဖခင်ကလည်း သူ့ကိုသူ့လက်သူ့ခြေ စိတ်တိုင်းကျလုပ်ပိုင်ခွင့် ပေးခဲ့၏။ လုပ်ငန်းသဘာဝအရ သူသည် လူတန်းစားအလွှာအသီးသီးနှင့်လည်း ဆက်ဆံခဲ့ ရ၏။ သို့ဖြင့် သူသည် နိုင်ငံ၏ ရုပ်ရှင်နှင့် အော်ပရာကို ပုံစံပြောင်းရေးအစီအစဉ်ကို စတင် တာစူလာ၏။ ထိုအချိန်တွင် တရုတ်ပြည်တွင်လည်း မဟာပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးကြီးက အရှိန်အဟုန် ကောင်းနေချိန်ဖြစ်၏။

'ကင်မ်ဂျုံအီ'သည် ပထမဆုံး ၁၉၆၉ ရုပ်ရှင်နှင့် ၁၉၇၁ တော်လှန်ရေးအော်ပရာ 'သွေးပင်လယ်' ကို သူတင်ဆက်ခဲ့ရာ ချီးကျူးသြဘာသံများ ညံမစဲဖြစ်ခဲ့၏။



ထိုအချိန်တွင် 'ကင်မ်အီဆွန်း'၏ စီးပွားရေးပေါ်လစီကို ခေါင်းဆောင်ပိုင်းအချို့က ဝေဖန်ခဲ့၍ ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ခဲ့၏။ ရဲဘော်ကင်မ်အီဆွန်း၏ တော်လှန်ရေး အတွေးအခေါ်များကို ဆန့်ကျင်မှုများအား အရေးယူမှုများ ပြုလုပ်ခဲ့သည်။ နိုင်ငံတော်တွင် ကင်မ်အီဆွန်းဝါဒကို တရားသေကိုင်စွဲနေကြမှုကို ဝေဖန်မှုများရှိခဲ့သော်လည်း 'ကင်မ်ဂျုံအီ' ကမူ ထိုသို့ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုအရှိန်ကို မြှင့်တင်ခဲ့၏။ အမေရိကန်နှင့် 'ကင်မ်အီဆွန်း'တို့ တင်းမာမှုကလည်း ပိုလာ၏။

ပါတီ၏သဘောတရားရေးရာခေါင်းဆောင် 'ဟွမ်ဂျန်ယွပ်'က "မြောက်ကိုရီးယား ခေါင်းဆောင်များသည် တရုတ်ပြည်၏ယဉ်ကျေးမှုတော်လှန်ရေးကို ဆန့်ကျင်မည်ဟု ပြောသော်လည်း တကယ်တမ်းတွင် ယိမ်းယိုင်မှု အနည်းငယ်တော့ ရှိခဲ့သည်"ဟု ဆို၏။

"သူတို့က 'ကင်မ်အီဆွန်း'ကို ပုဂ္ဂိုလ်ရေးကိုးကွယ်မှု ပိုပြီးဖန်တီးကြတယ်။ ပညာတတ်တွေကို အပုတ်ချတယ်။ မနရှင်ဝါဒကို အစွန်းရောက်ဆန့်ကျင်မှုတွေ လုပ်ကြတယ်"ဟု ဆက်ပြော၏။

ထိုအချိန်တွင် 'ကင်မ်ဂျုံအီ'နှင့် သူ့ဦးလေး 'ကင်မ်ယုံဂျု'တို့၏ တိုက်ပွဲကလည်း ပြင်းထန်လာသည်။ အထူးသဖြင့် 'ကင်မ်ဂျုံအီ' ဘွဲ့ရပြီးနောက် ပါတီတွင် အလုပ်လုပ်ရာမှစ၍ ပဋိပက္ခ ပိုပြင်းထန် လာသည်။ မူလကမူ 'ကင်မ်အီဆွန်း' အရိုက်အရာကို ဆက်ခံမည့်သူမှာ 'ကင်မ်ယုံဂျု'ဖြစ်၏။ သူ့ကို ထောက်ခံအားပေးသူများထဲတွင် ထိပ်တန်းအရာရှိကြီးများရှိ၏။

ထိုပုဂ္ဂိုလ်များထဲတွင် 'ကင်မ်အီဆွန်း'၏ ဇနီး 'ဆုံအီ' ပင်ပါ၏။ ပါတီ ခေါင်းဆောင်ပိုင်းမှာလည်း သူသည်သာလျှင် 'ကင်မ်အီဆွန်း'နေရာကို ဆက်ခံမည့်သူဟု တွက်ထားကြသည်။ သို့သော် တကယ်တမ်းတွင်မူ အကြွင်းမဲ့အာဏာကုန်ပိုင်ဆိုင်သော 'ကင်မ်အီဆွန်း' ၏ သဘောထားသည်သာလျှင် တစ်ခုတည်းသော အဆုံးအဖြတ်ဖြစ်၏။

'ကင်မ်ယုံဂျု'သည် ပါတီဗဟိုကော်မတီစည်းရုံးရေးနှင့် ညွှန်ကြားရေး ဌာနမှူး၏ ညွှန်ကြားရေးမှူးဖြစ်သည်။ သူ့တူ 'ကင်မ်ဂျုံအီ'၏ အထက်အရာရှိလည်း ဖြစ်၏။ သို့သော် သမိုင်းကြောင်းကို ပြန်လိုက်သောအခါ 'ကင်မ်ယုံဂျု' သည် ၁၉၃၀ နှစ်များကာလက ဂျပန်တို့၏ အဖမ်းကိုခံခဲ့ရဖူးကာ နောက်ပိုင်းတွင် အလိုတော်ရိဖြစ်ခဲ့ဘူးသော အစဉ်အလာ ရှိ၏။ (တောင်ကိုရီးယားသမ္မတ 'ပတ်ချုံဟီး'သည်လည်း တစ်ခါက ဂျပန်စစ်သား ဖြစ်ခဲ့ဘူးသည်။ မည်သူမဆို ဂျပန်တော်လှန်ရေး ကာလတွင် ဂျပန်ကို ဆန့်ကျင်မှု မည်မျှ ရှိ မရှိပေါ်မူတည်၍ မျိုးချစ် စိတ်ကို တိုင်းတာကြသည်) 'ကင်မ်ယုံဂျု'သည် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၏ စတုတ္ထတပ်မတွင် နိုင်ငံရေးမှူးအဖြစ် ဆောင်ရွက်ဘူးသည်ဟု သူ့အာသာသူ သက်သေပြဘူးသည်။ တကယ်တော့ ထိုကော်မတီ၏ တကယ့်ပုဂ္ဂိုလ်စစ်စစ်

တို့မှာ တရုတ်ကွန်မြူနစ်ခေါင်းဆောင်များဖြစ်ကြသော 'လျူရှောက်ချီ'နှင့် 'ချင်ယီ'တို့ဖြစ်၏။

တူဝရီးနှစ်ယောက် ထိပ်တိုက်ပဋိပက္ခများကြီးလာ၍ 'ကင်မ်အီဆွန်း' က သူ့သားကို ပါတီဗဟိုကော်မတီမှနေ၍ ဟမ်ရုံး မြောက်ပိုင်းပြည်နယ် ပါတီရုံးသို့ ပြောင်းပေးလိုက်ရ၏။ သူသည် ဒေသ ပါတီကော်မတီဥက္ကဋ္ဌ 'ကင်မ် ဂုတ်တေး'၏ လက်အောက်တွင် တာဝန် ထမ်းဆောင်ရ၏။ 'ကင်မ်ဂုတ်တေး' သည် 'ကင်မ်ချက်'၏သားဖြစ်သည်။ 'ကင်မ်ချက်'သည် ဂျပန်ဆန့်ကျင်ရေး ကာလကပြောက်ကျား ဗိုလ်ချုပ် တစ်ဦးဖြစ်ခဲ့သည်။ 'ကင်မ်အီဆွန်း'နှင့် ခေတ်ပြိုင်ဖြစ်ပြီး ကိုရီးယား တိုက်ပွဲတွင် ကျဆုံးခဲ့သည်။ 'ကင်မ်ဂုတ်တေး' နှင့် 'ကင်မ်ဂျုံအီ' တို့သည် ငယ်စဉ်ကတည်းက လည်ပင်းဖက်ပေါင်းခဲ့ကြသူတွေ ဖြစ်ကြ၏။

■

၁၉၆၆ ပတ်ဝန်းကျင်တွင် 'ကင်မ်'သည် မြို့ယမ်းသို့ ပြန်လာကာ သူ့ဖခင်၏ ကိုယ်ရံတော်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်၏။ သူ့ရာထူးအဆင့်က ဗိုလ်မှူးရာထူးဖြစ်ပြီး ကိုယ်ရံတော်တပ်ဖွဲ့၏ တပ်မှူးဖြစ်သော 'အိုဘေးယွန်'နှင့် သူက သိပ်မသင့်တင့်။ 'အိုဘေးယွန်' သည် ယခင်က 'ကင်မ်အီဆွန်း' ၏ ဂျပန်ဆန့်ကျင်ရေးပြောက်ကျား တပ်မှ ရဲဘော်ဖြစ်၏။

'ကင်မ်ဂျုံအီ'သည် သူ့ဖခင် သွားလေရာနောက်ကို တကောက်ကောက်လိုက် စောင့်ရှောက်ရသည်။ သူ့ဖခင်အတွက် အစစအရာရာ ပြင်ဆင်ပေးတတ်သည်။ တစ်ခါက သံမဏိစက်ရုံတစ်ခုကို သွားရောက်စစ်ဆေးရာတွင် 'ကင်မ်အီဆွန်း' မရောက်မီ သူက ရောက်နှင့်ကာ ခေါင်းအုံးရိုးရိုးအစား ဇာထိုးပန်းထိုး ကိုရီးယားရိုးရာခေါင်းအုံးများကို လဲလှယ်စေ၏။ ရေအေးအိုးများအစား လတ်လတ်ဆတ်ဆတ် ရေနွေးအပူများကို ပြင်ဆင်စေသည်။ ထိုသို့ သူ့ဖခင်အကြိုက် အသေးအဖွဲမှအစ စီစဉ်တတ်၍ သူ့ကို လူကြီးများက သဘောကျကြ၏။

၂၄ နှစ်သား 'ကင်မ်ဂျုံအီ'သည် အရာရာ မျက်စေ့ရှင်၏။ သံမဏိ စက်ရုံတွင် ဖုံတွေ ထူထပ်နေသည်ကို တွေ့ရသောအခါ ချက်ချင်း ဖုံစုပ်စက် တည်ခိုင်း၏။ ဖုံစုပ်စက် မပြီးမချင်း စက်ရုံကို ပိတ်ခိုင်း၏။ အလုပ်သမားများ ၏ ကျန်းမာရေးအတွက် စက်ရုံမှူးများ မမြင်သည့်အချက်များကို သူက ချက်ချင်း မြင်၊ ချက်ချင်း ပြင်ခိုင်းသည်။

စက်ရုံမှ အမှိုက်သရိုက်များကိုရှင်းလင်းရာတွင် သူကိုယ်တိုင်အကျီလက်မောင်းကို ပင့်တင်ကာ အလုပ်သမားများနှင့် ဝိုင်းလုပ်ပေးသည်။ သူ့တစ်ကိုယ်လုံး ညစ်ပတ်ပေရေသည်



အထိ သူအားကြိုး မာန်တက်လုပ်ကိုင်ပေးသည်မှာလည်း အများ၏စံနမူနာပြုစရာ ဖြစ်ခဲ့၏။

၁၉၆၇ ခုနှစ် ဇူလိုင်လတွင် တောင်ကိုရီးယား၊ အမေရိကန်တို့နှင့် စစ်ရေးတင်းမာမှု အမြင့်ဆုံးအချိန်ဖြစ်နေသည်။ သူသည် ဂျပန် ပင်လယ်ရှိ ကမ်းရိုးတန်းဌာနချုပ်အထိပင် သွားသည်။ ထိုနှစ်စောစောပိုင်းက မြောက်ကိုရီးယားကမ်းခြေစောင့်တပ်က တောင်ကိုရီးယား အစောင့်သင်္ဘော တစ်စင်းကို ပစ်ခတ်နှစ်မြုပ်ခဲ့၏။ နောင်နှစ် ဇန်နဝါရီတွင် 'ပွေဗလို'သူလျှို သင်္ဘောကို ဖမ်းမိ၏။

'ကင်မ်ဂျုံအီ'သည် လက်နက်ငယ်ပစ်ခတ်ရာတွင် ကျွမ်းကျင်သူ ဖြစ်၏။ အထူးသဖြင့် ရိုင်ဖယ်ပစ်ရာတွင် ပစ်မှတ်ကို အသေချာဆုံး ပစ်နိုင်အောင်ပင် ထူးချွန်၏။ ၂၅ နှစ်အရွယ်တွင် သူသည်သေနတ်ပစ်အတော်အချိန်ကုန်ခံ လေ့ကျင့်ကာ လေ့ကျင့်သလောက်လည်း ပစ်မှတ်ကိုဗဟိုချက်မှန်းပြီး ပစ်ရာတွင် အမြဲပင် အမှတ်ပြည့်ရခဲ့သူ ဖြစ်သည်။ သူ၏ ကိုယ်ရံတော်တပ်ဖွဲ့ရာထူးထမ်းဆောင်နေသည့် အချိန်ကာလ တစ်လျှောက်လုံး သေနတ်ပစ်ကို မပြတ်လေ့ကျင့်ခဲ့သည်။

■

ကိုယ်ရံတော်တပ်ဖွဲ့မှတစ်ဆင့် ပါတီဗဟိုကော်မတီသို့ ပြန်ရောက်လာသည်။ ဝါဒဖြန့်ချိရေးနှင့် လှုံ့ဆော်ရေးဌာနတွင် တာဝန်ထမ်းဆောင်၏။ ဗဟိုကော်မတီတွင်း ရောက်ပြီးအချိန်အတွင်းတွင် သူသည် ပါတီတွင်းပဋိပက္ခအချို့ကို ချက်ချင်းသဘောပေါက် နားလည်လာသည်။ ပါတီဝင်အချို့သည် ဝတ်ကျေဝတ်ကုန်သာ ပါတီတာဝန်ထမ်းဆောင် ကြပြီး ပါတီစည်းကမ်းကိုမှ လျော့လျော့ရဲရဲ ရှိကြသည်ကိုတွေ့ရ၏။ ပါတီအပေါ်သစ္စာ စောင့်သိသူလည်း နည်းလှ၏။ ပါတီတွင်းမှ လိုက်စားနေမှုများကို သူရိပ်စားမိလာပြီး တစ်ခုခုလုပ်မှဖြစ်မည်ကို သူသိလာသည်။ အထူးသဖြင့် ပါတီတာဝန်ကို အဆင့်မြင့်မြင့် ယူထားသူအချို့၏ ဖောက်လွဲဖောက်ပြန်ပြုမှုများကို သူလုံးဝဘဝင်မကျ။ ထိုပုဂ္ဂိုလ်များထဲတွင် 'ကင်မ်တိုမင်' ဆိုသူလည်းပါ၏။ ထိုသူသည် ၁၉၆၆ ခုနှစ်က ပါတီဝါဒဖြန့်ချိရေးဌာနတွင် အတွင်းရေးမှူး တာဝန်ထမ်းဆောင်သူဖြစ်သည်။ 'ကင်မ်ဂျုံအီ' က 'ရိုးဖြောင့်မှုလုပ်ရပ်' ဆိုသော ပြဇာတ်တင်ဆက်ကာပြစေ၏။ ထိုပြဇာတ်သည် ပါတီတွင်းဝေဖန်ရေးကို စတင် လိုက်သောလုပ်ရပ်ဖြစ်သည်။

၁၉၆၇ ခုနှစ် မေလတွင် 'ကင်မ်အီဆွန်း'က ပါတီဗဟိုကော်မတီ အကြီးအစည်း အဝေးခေါ်ကာ ပါတီတွင်းမှ ပြန်လည်ပြင်ဆင်ရေးဝါဒများကို ဝေဖန်ခဲ့၏။ 'အတွေးအခေါ်

မြုပြင်ရေး’ လှုပ်ရှားမှုကိုစခဲ့၏။ ထိုအစည်းအဝေးမှနေ၍ ‘ကင်မ်တိုမင်’နှင့် လုပ်ဖော်ကိုင်ဖက်အများစုသည် ပါတီသန့်စင်ရေးတွင် ပါသွားကြ၏။

၁၉၆၇ ဇူလိုင်လတွင် ‘ကင်မ်ဂျုံအီ’ ကိုယ်တိုင် ဟမ်ယွန်းတောင်ပိုင်းခရိုင်သို့ဆင်းပြီး နိုင်ငံရေးစည်းရုံးမှုကိုလုပ်၏။ ထိုဒေသတွင် သူ၏အားကြိုးမာန်တက် စည်းရုံးလုပ်ဆောင်မှုများကို မှတ်တမ်းများအရ ထင်ထင်ရှားရှားတွေ့မြင်ရ၏။ အထူးသဖြင့် နိုင်ငံခေါင်းဆောင်ကြီး၏သားတစ်ဦးအနေဖြင့် နေ့မအားညမအား အပင်ပန်းအဆင်းရဲခံကာ ပါတီတွင်း စည်းရုံးရေးကို ဆောင်ရွက်မှုများကို လူတိုင်းလက်ဖျားခါချီးကျူးကြသည်။

၁၉၅၈ မှ ၁၉၆၅ အထိ ‘ကင်မ်အီဆွန်း’၏ သဘောတရားရေးရာဆိုင်ရာ အတွင်းရေးမှူးလုပ်ခဲ့သူ ‘ဟွမ်ဂျန်ယွပ်’ ပင်လျှင် ‘ကင်မ်ဂျုံအီ’ နှင့်ယှဉ်လျှင် ဇာတာစန်းလက်ကျလာ၏။ ထို့ကြောင့် သူသည် ရာထူးအချခံခဲ့ရသည်။ ၁၉၆၇ တွင်ကား တောင်ကိုရီးယားသို့ ထွက်ပြေးသွားခဲ့၏။

၁၉၇၀ မှ ၁၉၈၀ ခုနှစ်များကြားတွင် ‘ကင်မ်ဂျုံအီ’ ၏ လုပ်ဆောင်မှုများကို သူ၏အတ္ထုပ္ပတ္တိပြုစုသူများက အသေးစိတ်မှတ်တမ်းတင်ခဲ့ကြသည်။ အထူးသဖြင့် သူနှင့် အတူတူလုပ်ဆောင်ဘူးသူ၊ တွေ့ဆုံဆက်ဆံဘူးသူတို့ကို အင်တာဗျူးများလုပ်ပြီး ကိုးကားရေးသားခဲ့ကြခြင်းဖြစ်သည်။ အသက် ၂၅ နှစ်အရွယ် ‘ကင်မ်ဂျုံအီ’၏ ပြောကြားချက်များအားလုံးကို အသေးစိတ် မှတ်တမ်းတင်ထားသည်။

“သူစကားပြောပြီးရင် အတွေးအခေါ် ရှုပ်ထွေးနေတာတွေ တစ်ခါတည်း ရှင်းလင်းသွားတာပဲ။ သူက ဝါဒမှိုင်းမိပြီး အမြင်မကြည်လင်တဲ့သူတွေကို မျက်စည်းခပ်ပေးသလို ရှင်းရှင်းလင်းလင်း လုပ်တတ်အောင်၊ တွေးတတ် ခေါ်တတ် ပြောတတ် ဆိုတတ်တဲ့သူပဲ။ သူက သဘောတရားရေးရာမှာ ထူးချွန်တဲ့ ပါရမီရှင်။ အတွေးအခေါ်ပိုင်းဆိုင်ရာမှာလည်း ထွင်းဖောက် သိမြင်တတ်တဲ့ ပါရမီရှင်ပဲ”

သူနှင့် တွေ့ဆုံဆက်ဆံဖူးသူတိုင်း ဤသို့ပင် မှတ်ချက်ချတတ်ကြ၏။

သို့ဖြင့် ‘ကင်မ်ဂျုံအီ’သည် ဝါဒဖြန့်ချိရေးမှူးအနေနှင့်သာမက သဘောတရားရေးရာပါရဂူအနေနှင့်ပါ ထင်ရှားလာသည်။ သူက သူ့ဖခင် ‘ကင်မ်အီဆွန်း’၏ဝါဒကို ဆက်လက်တည်တံ့အောင် စည်းရုံးအကောင်အထည်ဖော်ရာတွင် ထူးချွန်လှ၏။ ‘ကိုရီးယားအလုပ်သမားပါတီသမိုင်းလေ့လာရေးခန်းမ’ ကို ‘ရဲဘော်ကင်မ်အီဆွန်း၏ တော်လှန်သောသမိုင်းလေ့လာရေးခန်းမ’ ဟု နိုင်ငံနှင့်တစ်ဝန်း အမည်ပြောင်းလဲခဲ့၏။ ထိုခန်းမတိုင်းတွင် သမိုင်းဝင်ဓာတ်ပုံများကို အပြည့်အစုံ စုစည်းပြသထားစေ၏။

၁၉၆၀ ခုနှစ်များတွင် ပြုံးယမ်း၏ အတ္ထုပ္ပတ္တိရေးဆရာ ‘ဘိတ်ဘုံ’ က ‘ကင်မ်အီဆွန်း’





သည် ကောင်းကင်ဘုံနှင့်မြေလွှာကိုပင် အမိန့်ပေးအုပ်ချုပ်နိုင်စွမ်းသော ဒဏ္ဍာရီလာသူရဲကောင်းလည်းဖြစ်၊ မတ်စောက်သော တောင်တန်းရှည်ကြီးများကို တစ်ချက်တည်းနှင့် မြေကြောရွှံ့နိုင်သူ၊ ရန်သူ့ခေါပဏီတပ်ကြီးကို တစ်ချက်တည်းနှင့်အလဲထိုး အနိုင်ယူနိုင်သူစသဖြင့် ချီးကျူးရေးသားခဲ့၏။

‘ကင်မ်အီဆွန်း’ သည် တော်လှန်ရေး၏မြင့်မြတ်သော မိသားစုမှဆင်းသက်လာပုံမှအစ ချီးကျူးရေးသားကြ၏။ ‘ကင်မ်အီဆွန်း’ ၏ဖခင် ‘ကင်မ်ဟျုဂျစ်’ သည် ၁၉၁၇ ကပင် ကိုရီးယားအမျိုးသားအဖွဲ့ချုပ်ကြီးကို မြေအောက်တွင်ထူထောင်ခဲ့သူ၊ ဂျပန်ဆန့်ကျင်ရေးအဖွဲ့များထဲတွင် အကြီးဆုံးအဖွဲ့ကို တည်ထောင်ခဲ့သူ ဧရာမပုဂ္ဂိုလ်ကြီးအဖြစ် ချီးကျူးရေးသားခဲ့ကြ၏။

‘ရေမရှိလျှင် ငါးသည် အသက်မရှင်နိုင်။ ပြည်သူ့တပ်မတော်မရှိလျှင် ပြည်သူများအသက်မရှင်နိုင်၊ ကင်မ်အီဆွန်းမရှိလျှင် ပြည်သူများအသက်မရှင်နိုင်’ စသော ဆောင်ပုဒ်များကို အိမ်တိုင်းတွင်ကပ်ထားကြ၏။

‘ကင်မ်အီဆွန်း’၏ ‘လက်ရွေးစင်ကျမ်း’ တတိယအကြိမ်ထုတ်ဝေရာတွင် သူ၏အတ္ထုပ္ပတ္တိကိုပါ ပူးတွဲဖော်ပြခဲ့၏။ ထိုအတ္ထုပ္ပတ္တိကို အသေးစိတ်ရေးသားပေးသူမှာ ‘ကင်မ်ဂျုံအီ’ပင်ဖြစ်သည်။

‘ပါတီဝင်တိုင်းသည် ခေါင်းဆောင်ကြီး၏ရည်မှန်းချက်နှင့် သင်ကြားချက်များနှင့်အညီ တညီတညွတ်လှုပ်ရှားတွေးခေါ်နိုင်ကြစေရန်၊ ခေါင်းဆောင်ကြီးသည် စိတ်ပိုင်းဆိုင်ရာအရ ထောက်ပံ့ကူညီသူအဖြစ် အကြွင်းမဲ့ယုံကြည်ကြစေရန်’ စသော ရည်ရွယ်ချက်များဖြင့် ဤစာအုပ်ထုတ်ဝေခြင်းဖြစ်သည်ဟု ရေးသားခဲ့၏။

ထိုကဲ့သို့ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရန် ‘ကင်မ်ဂျုံအီ’ သည် မဆုတ်မနစ် ကြိုးပမ်းအားထုတ်ခဲ့၏။ “ပါတီဝင်တိုင်းဟာ ခေါင်းဆောင်ကြီးရဲ့သင်ကြားမှုတွေကို နေရာတိုင်း၊ အချိန်တိုင်းမှာ ဘာပဲလုပ်လုပ် အသုံးချကြရမယ်။ ခေါင်းဆောင်ကြီးရဲ့ သင်ကြားမှုတွေဟာ အရာရာကို တိုင်းတာမယ့် ကိုက်တံတွေပဲ။ ဒါကို ပါတီ ဝင်တွေသာမက သူ့ရဲ့မိသားစုတွေ၊ ဆွေမျိုးတွေကို တညီတညွတ်ထဲ လိုက်နာကျင့်သုံးဖို့ လိုအပ်တယ်” ဟု ‘ကင်မ်ဂျုံအီ’က ပြောတတ်သည်။

ပါတီကွန်ဂရက်၏ မှတ်တမ်းမှုကြမ်းတွင် ပါတီထိပ်တန်းပုဂ္ဂိုလ်များစာရင်းကို ဖော်ပြရာတွင် ‘ကင်မ်ဂျုံအီ’ က သူ့ဖခင် ‘ကင်မ်အီဆွန်း’ ၏အမည်ကို ထိပ်ဆုံးမှထားကာ ခေါင်းဆောင်ကြီး၏အမည်နှင့် အခြားသူများအမည်ကြားတွင် နေရာလပ်ချန်ပြီးမှရိုက်စေ၏။ ထိုစာရင်းထွက်လာပြီးနောက် ‘ကင်မ်ဂျုံအီ’ က ပြန်ဖတ်ပြီး “ခေါင်းဆောင်ကြီးရဲ့

နာမည်ကို စာလုံးကြီးကြီးနဲ့ ရိုက်ရမှာပေါ့။ စဉ်းစားကြည့်လေ။ နေမင်းရဲ့အလင်းရောင်ကမှ တခြားဂြိုဟ်နက္ခတ်တွေကို ဖြာကျစေနိုင်တယ်လေ"ဟု အမိန့်ပေး၏။

၁၉၇၀ ပါတီကွန်ဂရက်မှစ၍ 'ကင်မ်ဂျုံအီ'က သူ့ဖခင်၏ပုံပါသော ရင်ထိုးတံဆိပ်ကို စ,ထွင်ကာ ပါတီဗဟိုကော်မတီဝင်များ၊ ညီလာခံကိုယ်စားလှယ်များကို တပ်စေ၏။

'ကင်မ်ဂျုံအီ' သည် ငယ်စဉ်ကတည်းက ရုပ်ရှင်ဝါသနာပါ၏။ ၁၉၆၄ တွင် သူက သူ့ဖခင်အား ပါတီပေါ်လစ်ဗျူရိုအစည်းအဝေးကို ကိုရီးယားရုပ်ရှင်စတူဒီယိုတွင် ကျင်းပရန် အကြံပေး၏။ ထိုအစည်းအဝေးသို့ စတူဒီယိုမှဝန်ထမ်းများကိုလည်း တက်စေ၏။ 'ကင်မ်အီဆွန်း' က ရုပ်ရှင်ဖြင့်ပြည်သူအကျိုးပြုရန် မိန့်ခွန်းပြောသည်။ ရုပ်ရှင်ကို သမားရိုးကျပုံစံမှ တော်လှန်သောပုံစံပြောင်းရန် အကြံပြု၏။

ရုပ်ရှင်၏ရည်မှန်းချက် သုံးရပ်ကိုလည်းချပေး၏။ (၁) ကင်မ်အီဆွန်း၏ ဂျပန်ဆန့်ကျင်ရေးတိုက်ပွဲကဏ္ဍ၊ (၂) ကိုရီးယားစစ်ပွဲ၊ (၃) ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးတွင် ကြီးမားသောတော်လှန်ရေး လှုပ်ရှားမှုများကဏ္ဍတို့ဖြစ်၏။ ထိုမိန့်ခွန်းပြောပြီးသောအခါ တက်ရောက်လာသူ အားလုံးမတ်တပ်ရပ်လက်ခုပ်ဩဘာတီးပြီး 'ကင်မ်အီဆွန်း' နှင့် 'ကင်မ်ဂျုံအီ' ကို ထောက်ခံအားပေးကြ၏။ ဤအစည်းအဝေးမှစ၍ နောက်ပိုင်းတွင် 'ကင်မ်ဂျုံအီ' ၏ ရုပ်ရှင်ပိုင်းဆိုင်ရာ လမ်းညွှန်မှုများ စတင်တော့သည်။

အသက်နှစ်ဆယ်ကျော်ပိုင်းအရွယ်တွင် 'ကင်မ်ဂျုံအီ' သည် ပါတီဗဟိုကော်မတီတွင် ဝါဒဖြန့်ချိရေးနှင့် လှုံ့ဆော်ရေးဌာန၏ ဒုတိယညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်ခဲ့၏။ (ယခု ရာထူးတွင်လည်း သူ့မိတ်ဆွေ 'ကင်မ်ဂွတ်တေး'၏ လက်အောက်တွင်ပင်ဖြစ်၏) သူ ရာထူးတာဝန်ထမ်းဆောင်သော ဇန်နဝါရီလတွင်ပင် သူသည်တစ်နိုင်ငံလုံးမှ ရုပ်ရှင်သမားများကို ညီလာခံခေါ်ခဲ့၏။ ယခင်နှစ်က ရုပ်ရှင်များကို စစ်တမ်းထုတ်ခိုင်း၏။ ထို့နောက် ရှေ့ဆက်လျှောက်လှမ်းသည့် ရုပ်ရှင်များ၏အနာဂတ်ကို ဆွေးနွေး၏။

"ဒီနေ့ ဒီအချိန်ကစပြီး ရုပ်ရှင်ကိုရသဆိုင်ရာ ဝေဖန်ဆန်းစစ်မှုဆိုတဲ့ စကားလုံးအသုံးအနှုန်းတွေ မသုံးကြပါနဲ့တော့။ အဲဒီလို အသုံးအနှုန်းတွေအစား ခေါင်းဆောင်ကြီးရဲ့ အနုပညာနဲ့စာပေဆိုင်ရာ အတွေးအခေါ်တွေကိုပဲ လေ့လာကြရမယ်" ဟု 'ကင်မ်ဂျုံအီ' က မိန့်ခွန်းပြောခဲ့၏။

ရက်အနည်းငယ်အကြာတွင် 'ကင်မ်ဂျုံအီ' သည် ခေါင်းဆောင်ကြီး၏ ဂျူချေ အတွေးအခေါ် အခြေခံစာပေနှင့်အနုပညာလေ့လာရေး ပထမဆုံးအစည်းအဝေးကို စတင်ကျင်းပခဲ့၏။

ထိုဆွေးနွေးပွဲတွင် စာတမ်းတစ်ခုတင်သွားသော ပုဂ္ဂိုလ်တစ်ဦး၏ 'မော်ရယ်လ်'

the bookhouse
we bring your future



(စာရိတ္တ)ဟူသောစကား၊ 'ဆပ်စပင့်ဇ်' (သည်းထိတ်ရင်ဖို) ဟူသောစကားများကို နိုင်ငံခြားဘာသာစကားနှင့် သုံးနှုန်းသွားမှုအပေါ် သူကဝေဖန်ကာ ကိုရီးယားဘာသာစကားဖြင့် ထိထိမိမိ သုံးနှုန်းနိုင်သောစကားလုံးများရှိနေပါလျက် တိုင်းခြားစကားလုံးများ မသုံးသင့် ကြောင်းပြောသွားသည်။ ထို့နောက် 'ကင်မ်ဂျုံအီ' သည် ယခင်က ရုပ်ရှင်ဝေဖန်ရေးများကို ပယ်ဖျက်သင့်ကြောင်း၊ ဂျူချေအတွေးအခေါ်အခြေခံသော အနုပညာစံကိုသာသုံးစွဲ သင့်ကြောင်းအကြံပြုခဲ့၏။

ဤအစည်းအဝေးသည် 'ကင်မ်ဂျုံအီ' ၏ အနုပညာမျိုးစေ့မှန်ကို စတင်ဖော်ထုတ်ခြင်း၊ အနုပညာ 'ချူကလီယပ်'ကို စတင်တွေ့ရှိခြင်းဖြစ်သည်ဟု ဝိုင်းဝန်းချီးကျူးခြင်းခံရ၏။ ဤမျိုးစေ့မှန်ကို စာရေးဆရာနှင့်ဒါရိုက်တာများက အမိအရဆုပ်ဖမ်းကာ ရုပ်ရှင်သစ်များကို ဖော်ထုတ်ရိုက်ကူးကြရန် ပြောဆိုကြ၏။

"ပါတီအပေါ်လည်း သစ္စာရှိတဲ့၊ သမိုင်းရေးရာအရလည်း တိကျမှန်ကန်တဲ့ အခြေခံတွေပေါ် မူတည်ပြီး ပြည်သူအကျိုးပြု ဇာတ်ကားတွေ ရိုက်ရမယ်" ဟု 'ကင်မ်ဂျုံအီ' က လမ်းညွှန်၏။

ဗိုလ်ချုပ်ကြီး 'ကင်မ်အီဆွန်း' ၏အကြောင်းကို ရိုက်ကူးသော 'ပြောက်ကျားညီနောင်ငါးဖော်' ဇာတ်ကားမှာ ထိုရည်မှန်းချက်များနှင့်အညီ ရိုက်ကူးထား၍ ပြည်သူက အလွန်ကြိုက်ကြသော ဇာတ်ကားတစ်ခုဖြစ်လာသည်။ မန်ချူးရီးယားတွင် ဂျပန်ဆန့်ကျင်ရေးကာလ ဇာတ်လမ်းများကို ရိုက်ကူးသော 'သွေးပင်လယ်' ဇာတ်ကားကိုလည်း လူကြိုက်များ၏။ ထိုဇာတ်ကားကို ရိုက်ကူးရန် 'ကင်မ်ဂျုံအီ' ၏ဝန်ထမ်းများသည် ဇာတ်ညွှန်းကို တစ်နှစ်ကြာအောင် ရေးရ၏။ ထိုတစ်နှစ်တာကြာသောကာလတွင် 'ကင်မ်ဂျုံအီ' ကိုယ်တိုင် ညဉ့်နက်သန်းခေါင်အထိ ပါဝင်လုပ်ကိုင်၏။

"လပေါင်းအတော်ကြာ ညဉ့်နက်ခံပြီး အလုပ်လုပ်ကြရ၍ ဇာတ်ညွှန်းအဖွဲ့သားတွေလည်း ခြေကုန်လက်ပန်းကျနေကြပြီ။ သို့သော် တစ်ညတွင် 'ကင်မ်ဂျုံအီ' က ဇာတ်ညွှန်းရေးဆရာအဖွဲ့ကို ထပ်ခေါ်၏။ အချိန်ကြည့်လိုက်တော့ မနက် ၂ နာရီခွဲ။ "ဆရာရယ် ပင်ပန်းလှပါပြီ။ အိပ်ပါတော့။ မနက်ကျမှပဲ လုပ်စရာရှိတာ ဆက်လုပ်ကြတာပေါ့"ဟု တပည့်တွေက ပြော၏။ "အိပ်တာက အရေးမကြီးပါဘူးကွာ။ ခေါင်းဆောင်ကြီးဆိုရင် ညပေါင်းများစွာ မအိပ်မနေ လုပ်ခဲ့ဖူးတာပဲ။

အဲဒီတုံးက ခုလိုအေးအေးဆေးဆေးတောင်မဟုတ်ဘူး။ ဂျပန်တွေနဲ့ တိုက်ခိုက်ပြီးသူ့သေ ကိုယ်သေ တိုက်ပွဲဝင်နေရတဲ့ အချိန်တွေ။ အခု ခေါင်းဆောင်ကြီးရဲ့ လှုပ်ရှားမှုတချို့ကို ငါတို့ ရုပ်ရှင်ရိုက်ပြရမယ်ဆိုတော့ အပင်ပန်းခံနိုင်သရွေ့ ခံကြရမှာပဲ။ မအိပ်မနေကို

the bookhouse
we bring your future

လုပ်ကြရမယ်။ ခုလို အေးအေးဆေးဆေး ငြိမ်ငြိမ်ဆိတ်ဆိတ်ရှိတဲ့အချိန်မျိုးမှာ ညဏ်က ပိုရှင်တယ်ကွ။ ပေးစမ်း ဇာတ်ညွှန်မူကြမ်းတွေ၊ ငါပြင်စရာရှိတာ ထပ်ပြင်မယ်"

သူမျက်လုံးများက စိတ်အားထက်သန်မှုဖြင့် ဝင်းလက်နေ၏။ 'ကင်မ်ဂျုံအီ' သည် ဇာတ်ညွှန်းမူကြမ်းဖတ်လိုက်၊ စဉ်းစားလိုက်၊ ပြင်စရာရှိတာ ပြင်လိုက်၏။ ဇာတ်ညွှန်းဆရာအုပ်စုက ထိုင်စောင့်ရင်း ငိုက်မြည်းလာကြ၏။ ဖျတ်ခနဲလန့်နိုးလာတော့ မိုးစင်စင်လင်းပြီ။ 'ကင်မ်ဂျုံအီ' ကတော့ သူ့အလုပ်ထဲတွင် ရှာန်ဝင်နေဆဲ။

'ကင်မ်ဂျုံအီ' ၏ 'သွေးပင်လယ်' ဇာတ်ကား ရိုက်ကူးစဉ်ကာလ မှတ်တမ်းကို ထိုသို့ပင် ရေးသားထား၏။ ၁၉၆၉ တွင် ထိုဇာတ်ကားထွက်၏။ ၁၉၇၀ တွင် 'မိမိကိုယ်ကိုမိမိ ကာကွယ်စောင့်ရှောက်သူတပ်သားတစ်ဦး၏ကံကြမ္မာ' ဇာတ်ကား ဆက်ရိုက်၏။ ထိုဇာတ်ကားကို 'ပိုချွန်ဘို' ဒေသ တောင်တန်းပေါ်တွင်သွားရိုက်၏။

ရာသီဥတုက အရိုးခိုက်သမျှ အေး၏။ သားမွေးထည် အထပ်ထပ်ဝတ်၊ ဖောင် အထူကြီးတွေ ခြုံ၊ မီးတွေလှုံရင်း ရိုက်ကြရ၏။ ကင်မရာမှန်ဘီလူးများပင် ရေခဲငွေ့တွေ ဖုံးနေသဖြင့် အတော်အပူပေးကာ ရိုက်ရ၏။ ရည်မှန်းချက်က တစ်နေ့ကို မီတာ ၈၀ ရိုက်ရန်ဖြစ်၏။

သို့သော် 'ကင်မ်ဂျုံအီ' ၏ အနီးကပ်ကြီးကြပ်မှုဖြင့် တစ်နေ့ကို မီတာ ၂၅၀ ထိ ရိုက်နိုင်၏။ တစ်နှစ်အတွင်း ပြီးရမည့်ဇာတ်ကားသည် ရက် ၄၀ နှင့် အချောသတ်၍ ရခဲ့သည်။ ၁၉၇၀ တစ်နှစ်တည်းတွင် ပထမတန်းစား ဇာတ်ကားပေါင်း ၁၂ ကား ထွက်နိုင်ခဲ့ခြင်းသည် 'ကင်မ်ဂျုံအီ' ၏မဆုတ်မနစ်သော ဇွဲလုံ့လကြောင့်ပင်ဖြစ်သည်။ 'မြန်လွန်းလျှင် ကားထွက် မကောင်းတတ်' ဟူသော ဖောက်ပြန်သောအယူအဆကို 'ကင်မ်ဂျုံအီ' တို့က မှားယွင်းကြောင်း လက်တွေ့ချေပ ပြလိုက်နိုင်ခြင်းဖြစ်၏။

"ထွန်းတောက်လာသော ရွာကလေး' နှင့် 'အလုပ်သမားမိသားစု' ဆိုသော ဇာတ်ကားနှစ်ကားသည် 'ပြည်သူ့အကယ်ဒမီဆု' ကို ရခဲ့ကြ၏။ ပြည်သူလည်းကြိုက်၊ အနုပညာလည်းမြောက်သော ဇာတ်ကားများပေါ်ထွန်းလာခဲ့သည်မှာ ချမှတ်သောပေါ်လစီ မှန်ကန်၍ဖြစ်၏။ ထိုဇာတ်ကားများ ကောင်းမွန်ရခြင်း၏ လက်သည်အစစ်အမှန်မှာ 'ကင်မ်ဂျုံအီ' ပင်ဖြစ်သည်။ တစ်ညလုံးတည်းဖြတ်ခန်းတွင်ထိုင်ပြီး ကတ်ကြေးတစ်လက်ဖြင့် ဖြတ်လိုက် ဆက်လိုက် သူလုပ်ခဲ့ခြင်းဖြစ်၏။

ကားကို တာဝန်ယူရိုက်ကူးသော ဒါရိုက်တာက 'ကင်မ်ဂျုံအီ' ၏ ကတ်ကြေးစာ အများစုကိုကြည့်ပြီး ပင့်သက်အကြိမ်ကြိမ် ချနေ၏။ "ဘာလဲ ခင်ဗျားက ခင်ဗျားလက်ရာတွေ အကုန်ပါကုန်လို့ နှမြောနေတာလား။ ကျွန်တော်ဖြတ်ပြီးသားတွေ ပြန်ကြည့်ဗျာ။ ပြီးမှ





ကျွန်တော့်ကို ကျေးဇူးတင်မိလိမ့်မယ်"

'ကင်မ်ဂျုံအီ' က ထိုသို့ပြောကာ တည်းဖြတ်ခန်းမှထွက်သွားသည်။ ဒါရိုက်တာက သူတည်းဖြတ်သွားသောကားကို ပြန်ကြည့်သည်။ ကြည့်ပြီးပြီး ချင်း 'ကင်မ်ဂျုံအီ' ထံ ချက်ချင်း ဖုန်းဆက်လိုက်၏။

"ဟုတ်ပါတယ်။ တည်းဖြတ်လိုက်တော့မှ ဇာတ်ကားက ပိုသွက် ပိုကောင်းသွားတယ်။ တကယ့်ကို ကျေးဇူးတင်ပါတယ်ဗျာ" 'ကင်မ်ဂျုံအီ' ကြီးကြပ်ရိုက်ကူးခဲ့သော ဇာတ်ကားများကို သူတို့မြောက်ကိုရီးယား ပြည်သူများသာ ကြိုက်နှစ်သက်ကြသည်မဟုတ်။ ပြင်ပကမ္ဘာမှ ရုပ်ရှင်ဝေဖန်ရေးသမားများကလည်း ရသမြောက် ဇာတ်ကားကောင်းများ အဖြစ် ချီးကျူးခဲ့ကြသည်။

'ကင်မ်ဂျုံအီ' သည် ရုပ်ရှင်နယ်ပယ်သာမက အော်ပရာလောကကိုလည်း တစ်ခေတ်ဆန်းစေခဲ့သူဖြစ်သည်။ သူ့ဖခင် 'ကင်မ်အီဆွန်း' အသက် ၆၀ ပြည့်မွေးနေ့ ဂုဏ်ပြုပွဲအတွက် ဂုဏ်ပြုတေးများကို ၁၅လ မှစ၍ ကြိုတင် စပ်ဆိုခိုင်းသည်။ 'ခေါင်းဆောင်ကြီး သက်တော်ရာကျော်ရှည်ပြီး ကျန်းမာပါစေ' ဟူသောတေးကို ၁၉၇၂ နှစ်သစ်ကူးနေ့တွင် သီဆိုရန် သူကစီစဉ်၏။ ဂီတစာဆိုများစွာ စပ်ဆိုတင်ပြခဲ့ကြသော်လည်း သူကတစ်ပုဒ်မှမကြိုက်။ နောက်ဆုံးသတ်မှတ်ထားသောရက် နီးကပ်လာသည်။ ဂီတစာဆိုများအားလုံးကို သူခေါ်တွေ့သည်။

"ခင်ဗျားတို့ရဲ့အနုပညာအရည်အသွေးတွေကို ကျွန်တော် ကောင်းကောင်း ယုံတယ်ဗျာ။ နားလည်တယ်ဗျာ။ ဒါပေမဲ့ ခင်ဗျားတို့က ကျွန်တော့်ကို နားမလည်ကြဘူး။ ခေါင်းဆောင်ကြီးက နှစ်သစ်မှာ ၆၀ ပြည့်ပြီ။ နှစ်သစ်ကူးနေ့ နံနက်မှာ သူ့ကို သီချင်းနဲ့ ဂုဏ်ပြုချင်တယ်။ သူ့ဘဝတစ်လျှောက်လုံး ခါးသည်းတဲ့အတွေ့အကြုံတွေ ဖြတ်သန်းခဲ့ရတယ်။ သူ အသက်စွန့်ပြီး နိုင်ငံကိုကယ်တင်ခဲ့ရတယ်။ သူ့ရဲဘော်တွေ တစ်ယောက်ပြီး တစ်ယောက် ကျဆုံးတိုင်း သူမျက်ရည်မဆည်နိုင်ခဲ့ဘူး။

ဒီနေ့ထိ အဲဒီရဲဘော်တွေအတွက် သူကြေကွဲနေတုံးပဲ။ ခုလည်း စိတ်အေးချမ်းသာ နေရတယ် မှတ်နေလား။ မန်ချူးရီးယားမှာ နှင်းထဲ၊ မိုးရေထဲမှာ နှစ်နှစ်ဆယ်အပင်ပန်းခံ၊ အဆင်းရဲခံပြီး နိုင်ငံသစ်ကိုအောင်ဖို့ ကြိုးစားခဲ့ရတယ်။ ပြီးတော့ ရန်သူနဲ့သုံးနှစ် ကိုရီးယား စစ်ဆင်နွှဲရသေးတယ်။ ခုလည်း အစားမမှန်၊ အအိပ်မမှန်နဲ့ တိုင်းပြည်အတွက် အလုပ်လုပ် နေရတုံး။ သူက ခင်ဗျားတို့၊ ကျွန်တော်တို့အတွက် ဒီလောက် အပင်ပန်း၊ အဆင်းရဲခံ၊ အနစ်နာခံ လုပ်ခဲ့တာကိုမှ ကျွန်တော်တို့၊ ခင်ဗျားတို့က သီချင်းလေးတစ်ပုဒ် ပီပီပြင်ပြင် စပ်ပြီးဂုဏ်မပြုနိုင်ဘူးလားဗျာ"

'ကင်မ်ဂျုံအီ' ၏ရင်ထဲမှစကားများကိုကြားရပြီး ဂီတစာဆိုများအတွက် တွန်းအားဖြစ်သွားသည်။ သူတို့ ချက်ချင်းပင် သီချင်းစပ်ကြ၏။ နှစ်သစ်ကူးနေ့ရောက်ပြီ၊ ခန်းမကြီးထဲတွင် 'ကင်မ်အီဆွန်း' အပါအဝင် ခေါင်းဆောင်ပိုင်းများ ရောက်လာကြ၏။ အဆိုကျော်များက ခေါင်းဆောင်ကြီး၏ရှေ့တွင် ပထမဆုံး သီချင်းဆိုကြရမည်ဖြစ်၍ ရင်ခုန်နေကြ၏။ 'ကင်မ်ဂျုံအီ' က အချက်ပြလိုက် သောအခါ အားလုံး သီချင်း စဆိုကြ၏။

သီချင်းသံပြိုင်ဆိုကြရင်းနှင့် ဂီတမှူးရော၊ တီးဝိုင်းဆရာရော၊ သီဆိုသူများပါ မျက်ရည်ဖြိုင်ဖြိုင် ကျနေကြ၏။ ရဲဘော်'ကင်မ်ဂျုံအီ'က ပရိသတ်ထဲတွင်ရောက်နေသော အခြားအဆိုကျော်များကိုပါ စင်ပေါ်တက်၍ ဆိုခိုင်း၏။

တဖြည်းဖြည်းနှင့် ပရိသတ်ကပါ မနေနိုင်တော့ဘဲ လိုက်ဆိုကြ၏။ သီချင်းဆိုသံများကြားတွင် ရှိုက်သံတွေပါ ပါလာ၏။ ဖခင်ပမာ မေတ္တာထားသောခေါင်းဆောင်ကြီး သက်တော်ရာကျော် ရှည်ပါစေဟူသော အပိုဒ်တွင်ကား အတက်ကြွဆုံး၊ အလှိုက်လှဲဆုံး သံပြိုင်ဆိုကြ၏။

နားထောင်သော ပရိသတ်အားလုံး ထိုင်မနေနိုင်ကြဘဲ မတ်တပ်ရပ်နေကြ၏၊ သီချင်းဆုံးတာတောင်မှ မထိုင်ကြသေး။ ငိုသံတွေ နေရာအနှံ့ကြားရ၏။ ဖခင်ခေါင်းဆောင်ကြီးပင်လျှင် မျက်ရည်ဝိုင်းလာ၍ လက်ကိုင်ပဝါထုတ်ကာ သုတ်နေရ၏။ သူ့ဘေးမှ ရဲဘော်ကြီးများကို လိုက်လက်ဆွဲနှုတ်ဆက်၏။ "ကျေးဇူးပါပဲ၊ ကျေးဇူးပါပဲ။ မငိုကြပါနဲ့ဗျာ။ ထိုင်ကြပါ" ထိုအချိန်တွင် နံဘေးမှရပ်နေသော 'ကင်မ်ဂျုံအီ' ၏ မျက်လုံးအိမ်တွင် မျက်ရည်တွေ ဝိုင်းလို့။

မှတ်တမ်းတွင် ထိုသို့ ဖတ်ခဲ့ရ၏။

■

တရုတ်ပြည်တွင် ယဉ်ကျေးမှုတော်လှန်ရေး ငြိမ်ကျသွား၏။ မော်စီတုံးကွယ်လွန်ပြီးနောက် ၁၉၇၆ တွင် 'ကျန်းကျင်း' လည်း အဖမ်းခံရသည်။ လေးဦးဂိုဏ်းကို ရုံးတင်ကာ အပြစ်ဒဏ်ချမှတ်၏။ သူတို့ထိုးနှက် အပုတ်ချခဲ့သော 'တိန့်ရှောင်ဖိန်' ပြန်အာဏာရလာ၏။

မြောက်ကိုရီးယားတွင်ကား 'ကင်မ်အီဆွန်း'ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုက ပိုလာ၏။ ဘာသာရေး တစ်ရပ်အနေဖြင့်ပင် 'ကင်မ်အီဆွန်းဝါဒ' ကို ရှေ့တန်းတင်လာကြ၏။ ဆိုဗီယက်ယူနီယံတွင် 'ဘရက်ဇနက်' ကိုလည်းကောင်း၊ ဂျာမနီ၌ 'အားရစ်ဟွန်နက်ကာ' ကိုလည်းကောင်း နောက်ကြ၊ ပြောင်ကြသော ဟာသများထွက်လာသည်။

သို့သော် 'ကင်မ်အီဆွန်း'ကိုမူ မည်သူမျှ မထိရဲ၊ မနောက်ရဲ၊ မပြောင်ရဲ၊ 'ပြည်သူ၏





ပျော်ရွှင်မှုကို မြတ်နိုးသောလူသည် စိတ်ချမ်းသာ၏။ ပြည်သူကို စိတ်မချမ်းသာအောင် လုပ်သော လူသည် မပျော်ရွှင်ပါ' ဟူသော စကားကို 'ကင်မ်အီဆွန်း' အမြဲပြောတတ်သည်။ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးက သူ့ကိုကြည်ညိုမြတ်နိုး ချစ်ခင်ကြ သည်မှာ သဘာဝကျ၏။

ရုက္ခဗေဒပညာရှင်တစ်ဦး မျိုးစပ်သောပန်းအလှ မျိုးစိတ် တစ်စိတ်ကိုပင် 'ကင်မ်အီဆွန်းကိုးယား' ဟူသော အမည်ပေးကာ ထိုပန်းကို ပြည်သူတို့က အမြတ်တနိုး တန်ဖိုးထားကြ၏။ 'ကင်မ်အီဆွန်း' ပြီးလျှင် သူတို့ ချစ်ကြည်ညိုသော ခေါင်းဆောင်မှာ 'ကင်မ်ဂျုံအီ'။

■

## ကင်မ်ဂျုံအီ (သို့မဟုတ်)
## မြောက်ကိုရီးယား၏
## ချစ်လှစွာသော ခေါင်းဆောင်ကြီး



# အခန်း ၆
# မျိုးဆက်တစ်ခုမှ မျိုးဆက်တစ်ခုသို့

"ကင်မ်ဂျုံအီ"သည် ဧည့်ခံပွဲများကို မကြာခဏလုပ်၏။ အပျော်သဘောထက် ဘယ်သူက ဘယ်ပုံစံမျိုး ရှေ့တွင်တစ်မျိုး နောက်ကွယ်တစ်မျိုး ဘယ်လိုစရိုက်ရှိသည်ဆိုသည်တို့ကို အနီးကပ်အကဲခတ်ချင်၍ဖြစ်၏။ အလုပ်ဌာနအသီးသီးတွင် သူ့ရက်ဖြပ်နှင့်သူ ဣန္ဒြေဆောင်နေတတ်ကြသော်လည်း ဧည့်ခံပွဲများကျတော့ စားရင်းသောက်ရင်းနှင့် စရိုက်မှန်ပေါ်တတ်ကြောင်း သူကောင်းကောင်းသိ၏။

## မျိုးဆက်တစ်ခုမှ မျိုးဆက်တစ်ခုသို့

၁၉၈၂ တွင် 'ကင်မ်အီဆွန်း' အသက် ၇၀ ပြည့်သည်။ နိုင်ငံရေးမငြိမ်သက်မှုအချို့ ပေါ်လာ၍ မတ်လ ၁၅ ရက်မှစ၍ တစ်လလုံး နိုင်ငံရေးသဘောတရား မမှန်ကန်သူများကို အပြစ်ပေးမှု၊ ပါတီမှထုတ်ပယ်မှု၊ ခံဝန်ချက်လက်မှတ်ထိုးမှုများကို ပြုလုပ်၏။ ၁၉၈၀ နောက်ပိုင်းတွင် မြောက်ကိုရီးယားတို့သည် တရုတ်နှင့်ဂျပန်မှကုန်သည်များနှင့် ဆက်ဆံရင်း ငွေကြေးကြွယ်ဝတိုးတက်နေကြသော တရုတ်၊ ဂျပန်တို့ကို အားကျလာကြ၏။ တစ်ချိန်တည်း မှာပင် မိမိတို့နိုင်ငံ၏ မတိုးတက်မှုများကို ဝေဖန်သုံးသပ်လာကြ၏။

၁၉၇၃ စက်တင်ဘာလတွင် ဗဟိုကော်မတီက 'ကင်မ်ဂျုံအီ' ကို ပါတီပေါ်လစ်ဗျူရိုအဖွဲ့ဝင်အဖြစ်ရွေးချယ်ကာ ပါတီစည်းရုံးရေးနှင့်လမ်းညွှန်ရေးအတွက် ပါတီအတွင်းရေးမှူး ခန့်ခဲ့၏။ သူ့ဦးလေး 'ကင်မ်ယုံဂျု' တာဝန်ယူခဲ့သော အလွန်အာဏာရှိသည့် ရာထူးဖြစ်၏။ ယခုတော့ သူ့ဦးလေးထက်ပင် သူအဆင့်မြင့်လာခဲ့ပြီ။ 'ကင်မ်ဂျုံအီ' မှတစ်ဆင့်သာ 'ကင်မ်အီဆွန်း' ထံ အစီရင်ခံစာများ ရောက်၏။ 'ကင်မ်ဂျုံအီ' ကို မဖြတ်သန်းဘဲ 'ကင်မ်အီဆွန်း' ထံ ဘာမှမရောက်။

၁၉၇၅ ဖေဖော်ဝါရီတွင် ပြုံးယမ်းရုပ်မြင်သံကြား၌ မဲဆန္ဒပေးပွဲတစ်ရပ်တွင် 'ကင်မ်ဂျုံအီ' သည် 'ကင်မ်အီဆွန်း'နှင့် 'ကင်မ်အီ' တို့နောက်မှကပ်၍ မဲပေးသည်ကို တွေ့ရ၏။

the bookhouse
we bring your future



'ကင်မ်အီ' သည် ပြောက်ကျားစစ်ကာလက တိုက်ဖော်တိုက်ဖက်ဖြစ်ခဲ့၏။ ၁၉၇၅ မှစ၍ 'ကင်မ်ဂျုံအီ' ၏ ဓာတ်ပုံကို ဖခင်နှင့်တွဲလျက် အများပြည်သူ ဖြတ်သန်းသွားလာသော နေရာများတွင် ထောင်ထားသည်ကို တွေ့လာရ၏။

'ကင်မ်ဂျုံအီ' သည် တရုတ်တပ်နီတော်ပုံစံမျိုး တော်လှန်ရေးသုံးရပ်အဖွဲ့ကို ဖွဲ့ခဲ့၏။ ထို့ပြင် စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးကိုလည်း သူက ဖောင်းပေးလုပ်ဆောင်ပြ၏။

'ကင်မ်ဂျုံအီ' သည် ထူးချွန်သောလုပ်သားများကို ထိုက်ထိုက်တန်တန် ချီးမြှင့်တတ်၏။ ရုပ်မြင်သံကြားကင်မရာသမား မိဘမဲ့လေးတစ်ဦးအိမ်ထောင်ပြုရာ သူ၏ အလုပ်ကြိုးစားမှုကို အသိအမှတ်ပြုသည့်အနေဖြင့် 'ကင်မ်ဂျုံအီ' ကိုယ်တိုင် လက်ဆောင်သွားပေးဖူးသည်။

တိုက်မြင့်မြင့်အသစ်ကြီးတစ်ခုရှေ့တွင် ကားတစ်စင်းရပ်လာ၏။ သားသားနားနား လူတစ်ယောက် ကားပေါ်မှဆင်းလာကာ ပထမထပ်၊ အခန်း ၁၀ သို့သွား၏။ သူနှင့်အတူ လူငယ်တစ်ဦး လိုက်ပါလာသည်။ "ကဲ- ဒီအခန်းကို ဖွင့်ကြည့်၊ ဟောဒီမှာ စာရွက်စာတန်းတွေ။ ဒီနေ့ကစပြီး မင်း ဒီတိုက်ခန်းအပိုင်ဖြစ်သွားပြီ။ လူငယ်က အံ့ဩတွေဝေနေ၏။ အခန်းပေးသူမှာ 'ကင်မ်ဂျုံအီ'။

'ကင်မ်ဂျုံအီ' သည် ရုပ်မြင်သံကြားစက်များ၊ ရေဒီယိုများ၊ လက်ပတ်နာရီများကို ရဲဘော်အလုပ်သမားကို မကြာခဏလက်ဆောင်ပေးတတ်၏။ 'ကင်မ်' စီးသောကားနံပါတ်က '၂၁၆' ဖြစ်၏။ သူ့မွေးနေ့ ဖေဖော်ဝါရီ ၁၆ ရက်ကို ကိုယ်စားပြုထားခြင်းဖြစ်၏။

'ကင်မ်ဂျုံအီ' ၏ဦးလေး 'ကင်မ်ဂျုံယု' သည် ၁၉၅၀ တွင် ပေါ်လစ်ဗျူရိုအဖွဲ့တွင် ဆဋ္ဌမမြောက်အဆင့်ရှိသူဖြစ်၏။ ၁၉၇၂-၇၃ တွင် သူ့ကို 'ကင်မ်အီဆွန်း' က တောင်ကိုရီးယားမှ ထောက်လှမ်းရေးအကြီးအကဲ 'လီဟူရပ်' နှင့် တောင်ဘက်-မြောက်ဘက်ကိစ္စ ဆွေးနွေးစေ၏။ သို့သော် အဆင်မပြေသဖြင့် ရာထူးမှကျခဲ့၏။ သူ့နေရာကို 'ကင်မ်ဂျုံအီ' က ယက်လာ၏။ သူ့ဦးလေးကိုကား နှစ်သိမ့်ရာထူးအနေဖြင့် ဒုတိယဝန်ကြီးချုပ်ဆိုသော အာဏာမရှိသည့် ရာထူးပေးလိုက်သည်။ ၁၉၇၅ ဧပြီလမှစ၍ သူ့လှုပ်ရှားမှုများကို သတင်းတွင် မတွေ့ရတော့။ သူနှင့်အပေါင်းအပါဖြစ်သူ 'ရုဂျန်ရှစ်' သည်လည်း ၁၉၇၅ စက်တင်ဘာလမှစ၍ လူထုကြားမှ ပျောက်ကွယ်ခဲ့၏။

'ကင်မ်အီဆွန်း' ၏ဒုတိယဇနီး 'ကင်မ်ဆုံအီ' မှ မွေးသောသားနှစ်ဦးရှိ၏။ အကြီးက 'ကင်မ်ပြုံအီလ်'၊ အငယ်က 'ကင်မ်ယုံအီ'။ သူတို့ကို သူတို့ မိခင်က ဖခင်၏အရိုက်အရာ ခံစေချင်၏။ သို့သော် သူတို့သည် 'ကင်မ်ဂျုံအီ' ကို မကျော်နိုင်ကြ။

'ပြုံအီလ်' ကို ၁၉၅၀ တွင် မွေး၏။ ၁၉၆၀ နှောင်းပိုင်းတွင် 'မော်လ်တာ' ၌

the bookhouse
we bring your future

အင်္ဂလိပ်ဘာသာ သင်ကြား၏။ ထို့နောက် မြောက်ကိုရီးယား တပ်မတော်အကယ်ဒမီ တက်သည်။ ထိုမှတစ်ဆင့် အရှေ့ဂျာမနီတွင် ခရီးသည်တင် လေယာဉ်မောင်းသင်တန်း တက်၏။ (အချို့ကမူ သူသည် မော်စကိုတွင် သင်တန်းတက်သည်ဟုဆိုကြ၏) သူသည် ဖအေတူ မအေကွဲ အစ်ကိုဖြစ် သူ 'ကင်မ်ဂျုံအီ'ကဲ့သို့ပင် သူ့ဖခင်၏ ကိုယ်ရံတော်တပ်ဖွဲ့တွင် အမှုထမ်း၏။ 'ကင်မ်ယုံအီလ်' ကမူ အရှေ့ဂျာမနီ၊ ဒရက်ဇ်ဒင်စက်မှုတက္ကသိုလ်တွင် အီလက်ထရွန်နစ်ပညာသင်၏။ ဂျာမန်ဘာသာ မွတ်နေအောင်တတ်သူဖြစ်သည်။

ထို့နောက် ဘာလင်တွင် ဒေါက်တာဘွဲ့ရယူခဲ့၏။ သူ၏ရည်မှန်းချက်မှာ ဘွဲ့ရပြီးလျှင် မြောက်ကိုရီးယား သို့ပြန်ပြီး အီလက်ထရွန်းနစ်စက်ရုံတစ်ရုံ ကြီးကြပ်ဖွင့်လှစ်ရန်ဖြစ်၏။ သူတို့ညီအစ်ကို နှစ်ဦးလုံးပင် 'ဉာဏ်ပညာ ထက်မြက်ပြီး ပညာတတ်များဖြစ်သည်' ဟု အရှေ့ဂျာမနီမှ ဆရာများက မှတ်ချက်ချ၏။ နှစ်ဦးလုံး ဂျာမန်ရော၊ ရုရှားဘာသာပါ ကျွမ်းကျင်ကြ၏။

'ကင်မ်ပြုံအီလ်' သည် ပညာတတ်တစ်ဦးပီပီ၊ သူ့ဖခင်၏ ကိုယ်ရံတော်တပ်တွင် ရာထူးအတက်မြန်ခဲ့၏။ နောက်ဆုံးတွင် ဗိုလ်မှူးကြီးရာထူးအဆင့်မြင့်ဖြင့် ကိုယ်ရံတော်တပ်ဖွဲ့၏ သေနင်္ဂဗျူဟာဌာန၏ ဒုတိယဌာနမှူးဖြစ်လာသည်။

'ကင်မ်ပြုံအီလ်' ၏ ဘဝပုံစံသည် ခမ်းနားထည်ဝါလွန်း၏။ သူ၏ အပေါင်းအဖော်များထဲတွင် နိုင်ငံတော်လုံခြုံရေးဌာနအကြီးအကဲ 'ကင်မ်ပြုံဟာ' ၏သား 'ကင်မ်ချန်ဟာ' တို့၊ ကိုယ်ရံတော်တပ်ဖွဲ့မှူး၏သား 'ချိုဝီ' တို့ ပါဝင် ၏။ သူတို့သည် 'ကင်မ်ပြုံဟာ'၏ အိမ်တွင် မကြာခဏ ဆုံဆည်းကြသည်။ ထိုအိမ်တွင် ပါတီပွဲများ မကြာခဏ ကျင်းပ၏။

သူ၏ဝါသနာတစ်ခုမှာ 'ကင်မ်အီဆွန်း' ဟု အမည်ထွင်းထားသော လက်ပတ်နာရီများကို လက်ဆောင်ပေးတတ်ခြင်းဖြစ်၏။ သူ့ပတ်ဝန်းကျင်တွင် သူ့ကိုမြှောက်ပင့်ပေါင်းသင်းနေသူ များ၏။ 'ကင်မ်ပြုံအီလ်' ၏ ဟော့ဟော့ရမ်းရမ်းနေတတ်မှုများကို 'ကင်မ်အီဆွန်း' က မကြိုက်။ ထို့ကြောင့် သူ့ကိုနောက်ပိုင်းတွင် နိုင်ငံခြားသို့ ပို့လိုက်၏။ သို့ဖြင့် သူ၏နိုင်ငံရေး ရည်မှန်း ချက်ကြီး ပြိုကွဲခဲ့ရ၏။

'ကင်မ်အီဆွန်း' ၏ဒုတိယဇနီး 'ကင်မ်ဆုံအီ' ၏ အခြားကလေးတစ်ဦးဖြစ်သူ 'ကန်မြုံဒို' ၏ ပြောကြားချက်အရမူ 'ပြုံအီလ်' ၏ အစ်မ 'ကင်မ်ပြုံဂျင်း' သည် သံတမန်တစ်ဦးဖြစ်သူ 'ကင်မ်ကွမ်ဆွတ်'နှင့် အကြောင်းပါခဲ့သည်ဆို၏။ 'ကင်မ်ကွမ်ဆွတ်'သည် ချက်ပြည်ထောင်စု၏ သံအမတ်ကြီးဖြစ်သည်။ 'ကင်မ်ဂျုံအီ' ၏ ဖအေတူ မအေကွဲ ညီဖြစ်သူ 'ကင်မ်ယုံအီ' ကား ပြုံယမ်းတွင် တစ်ကိုယ်တည်းနေထိုင်ကာ အလုပ်မရှိသူဖြစ်သည်ဆို၏။

'ကင်မ်ယုံအီ' သည် ကြိုးစားသူဖြစ်ကာ အီလက်ထရွန်းနစ်ပညာအပြင်

the bookhouse



လူမှုရေးပညာကိုလည်း အထူးစိတ်ဝင်စားသည်ဆိုသည်။ သူ့အစ်ကို 'ပြုံအီလ်'နှင့် မတူသည်ကား သူသည် နိုင်ငံရေးကို စိတ်မဝင်စားသူဖြစ်၏။ သို့သော် 'ပြုံအီလ်' ကဲ့သို့ပင် ပြည်သူက သူတို့ကို မနှစ်မြို့သည်ကို သိ၏။ သူသည် နိုင်ငံခြားသို့မသွားဘဲ ပြုံးယမ်း အိမ်ကြီးတွင်သာ နေထိုင်ပြီး သမိုင်းပြုစုနေ၏။ သူ့သူငယ်ချင်းတစ်ဦး မှာ 'အိုအီလ်ဆု' ဖြစ်၏။ 'အိုဂျင်စု' ၏သားဖြစ်ကာ သူနှင့်အတူ အရှေ့ဂျာမနီ တွင် ပညာသင်ဖူးသူများဖြစ်၏။

■

၁၉၅၈ မှ ၁၉၆၅ အထိ 'ဟွမ်ဂျန်ယွတ်' သည် ပါတီအတွင်း ရေးမှူးဖြစ်ခဲ့၏။ ၁၉၆၅ တွင် ဗဟိုကော်မတီမှထွက်ခဲ့ပြီး ၁၉၇၉တွင် ပြန်ဝင်လာသည်။ ၁၉၅၈ မှ ၁၉၆၅ အထိ သူတာဝန်ထမ်းဆောင်စဉ်က 'ကင်မ်အီဆွန်း' ၏ညီငယ် 'ကင်မ်ဂျုံယု'သည် ပါတီရေးရာတွင် အကြီးအကဲဖြစ်၏။ ၁၉၇၉ တွင် ပါတီဗဟိုကော်မတီ အတွင်းရေးမှူးအဖြစ် သူပြန်ဝင်လာသောအခါ 'ကင်မ်ဂျုံအီ' က ပါတီတွင် အကြီးအကဲဖြစ်နေ၏။ သူမရှိစဉ်ကာလတွင် အကြီးအကျယ် အပြောင်းအလဲများဖြစ်ခဲ့၏။

ပါတီတွင် လုပ်ရကိုင်ရသည်မှာ ပိုတင်းကြပ်လာသည်။ လွတ်လပ်မှု သိပ်မရှိတော့။ အလုပ်သမား လူတန်းစားတစ်ရပ်လုံးကို 'ကင်မ်ဂျုံအီ' ၏ အုပ်ချုပ်မှုအောက်မှ ပါတီဗဟိုကော်မတီက ကြိုးကိုင်ထားသည်။ 'ကင်မ်အီဆွန်း'က စကားပြောလျှင် အပြုံသဘော ဥပမာများပြောကာ အားပေးအားမြှောက် ပြုတတ်လေသည်။ 'ကင်မ်ဂျုံအီ' ကမူ ဝေဖန်မှုများပိုကာ တင်းတင်းကြပ်ကြပ် ပြောတတ်ဆိုတတ်၏။ စေတနာကတော့ တူ၏။ သားအဖချင်း စရိုက်ကတော့ နည်းနည်းလေးခြား၏။ အပြောချိုသူနှင့် အပြောဆိုးသူသာကွာ၏။ ပါတီတွင်း ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင်မူ သားအဖနှစ်ဦးလုံး သူ့နည်းသူ့ဟန်နှင့်သူ ကျွမ်းကျင်ပါးနပ်ကြသည်။

'ကင်မ်ဂျုံအီ'သည် သူ့ကိုယ်သူ ယုံကြည်မှု အပြည့်အဝ ရှိသူဖြစ်သည်။ မည်သည့်ကိစ္စမဆို ကိုယ်တိုင်လုပ်ရမှ ကျေနပ်၏။ စာရွက်စာတမ်းများကို သူကိုယ်တိုင် ဖတ်တတ်သည်။ ထို့အတွက် အသေးအဖွဲမှအစ သူလိုက်လုပ်၍ ပိုပင်ပန်းသည်။

ထို့ကြောင့် မည်သည့်အမိန့်ကြော်ငြာမဆို 'ကင်မ်ဂျုံအီ' သေသေချာချာဖတ်ပြီး သဘောတူကြောင်း လက်မှတ်ထိုးမှသာ အတည်ဖြစ်၏။ တရားဝင်၏။ 'ကင်မ်ဂျုံအီ' သည် ညစာစားပွဲများကို မကြာခဏလုပ်၏။ အပျော်သဘောထက် ဘယ်သူက ဘယ်ပုံစံမျိုး၊ ရှေ့တွင် တစ်မျိုး၊ တော်ကြာတစ်မျိုး ဘယ်လိုစရိုက်ရှိသည် စသည်တို့ကို အနီးကပ်အကဲခတ်

the bookhouse

ချင်၍ဖြစ်၏။ အလုပ်ဌာနအသီးသီးတွင် သူ့ဂုဏ်ဖြပ်နှင့်သူ ဣန္ဒြေဆောင်နေတတ်ကြသော်လည်း ညှိနှိုင်းမှု ညစာပွဲများကျတော့ စားရင်း သောက်ရင်းနှင့် စရိုက်မှန်ပေါ်တတ်ကြောင်း သူ ကောင်းကောင်းသိ၏။

'ကင်မ်ဂျုံအီ' သည် နှစ်သစ်ကူးနေ့မတိုင်မီ ညသန်းခေါင် ၁၂ နာရီ ထိုးသည်နှင့် သူ၏ လုပ်ဖော်ကိုင်ဖက်များအားလုံးဆီသို့ ဖက်စ်နှင့်သဝဏ်လွှာ ပို့တတ်၏။ 'ပြီးခဲ့တဲ့နှစ်က လူတိုင်း ကြိုးစားလုပ်ကိုင်ခဲ့ကြတယ်။ ဒီနှစ်တော့ ပိုပြီးကြိုးစားကြပြီး ပိုမိုကြီးမားတဲ့ အောင်ပွဲတွေရအောင် လုပ်ကြစို့ရဲ့'

'ကင်မ်ဂျုံအီ' ၏သဝဏ်လွှာကို ရသူတိုင်းက ချက်ချင်းပြန်ကြားကြ၏။ တိုင်းပြည်နှင့်လူမျိုးအတွက် ပိုမိုကြိုးစားလုပ်ကိုင်ပါမည်ဟူသော ကတိကဝတ် သစ္စာပြုလွှာများ။ 'ကင်မ်ဂျုံအီ' ကို သူ့ရဲဘော်ရဲဘက် အတော်များများက ချစ်ကြည်ညိုလေးစားကြ၏။ သို့သော် သူ၏အားနည်းချက်တစ်ခုမှာ ပွင့်ပွင့်လင်းလင်း မရှိခြင်း၊ လျှို့လျှို့ဝှက်ဝှက် နေတတ်ခြင်းဖြစ်၏။ ထို့ကြောင့် သူ့သဘောအရင်းအမှန်ကို မည်သူမျှ မသိကြ။ ထို့ကြောင့် သူ ပြုံပြင်မှာ၊ စိတ်ထဲတေးမှတ်ထားမှာကို ကြောက်ကြ၏။

■

၁၉၇၉ တွင် 'ကင်မ်အီဆွန်း' အရိုက်အရာကို ဆက်ခံမည့်သူမှာ 'ကင်မ်ဂျုံအီ' ဆိုသည်ကို အတော်များများက ရိပ်စားမိလာကြပြီ။ တကယ်တော့လည်း သူသည် နိုင်ငံ၏ အဓိကအခန်းကဏ္ဍများတွင် ပါဝင်လုပ်ဆောင်ခဲ့သည်မှာ ၁၅ နှစ်ပင် ကြာခဲ့ပါပြီ။ သူ့ဖခင်နှင့် တွဲဖက် အုပ်ချုပ်ခဲ့သည့် သက်တမ်းကလည်း ၅ နှစ်မျှ ရှိခဲ့ပြီ။

၁၉၈၀ မေလတွင် ပြင်ပကမ္ဘာသို့ သတင်းများ အခိုင်အမာ ထွက်လာသည်။ မြောက်ကိုရီးယား၏ ပြောရေးဆိုခွင့်ရှိသူက 'ကင်မ်ဂျုံအီ'၏ အနာဂတ်ကို တရားဝင် ထုတ်ဖော်ပြောခဲ့၏။ နိုင်ငံခြား စာနယ်ဇင်းသမားများကို တွေ့ဆုံရာတွင် ပြုံးယမ်းသတင်းစာ (တိုကျို တွင်ပုံနှိပ်သောသတင်းစာ) ၏ အယ်ဒီတာ 'ချိုဥဝှန်း'က အနောက်တိုင်း သတင်းဌာနများသည် 'ကင်မ်ဂျုံအီ' အရိုက်အရာဆက်ခံခြင်းမှာ မျိုးရိုးအလိုက် အဖေမှသားသို့ အာဏာလွှဲပေးခြင်းမှာ မဟုတ်မှန်ကြောင်း ပြောကြားခဲ့၏။ အရည်အချင်း ဘာမှမည်မည်ရရ မရှိဘဲ ဖခင်ဘုရင်ဖြစ်၍ သားလည်းဘုရင်ဖြစ်သည်ဟူသော အယူအဆမျိုးမဟုတ်ကြောင်း ပြောကြားခြင်းဖြစ်သည်။

"ကင်မ်ဂျုံအီဟာ ထက်မြက်ထူးချွန်တဲ့ ခေါင်းဆောင်ပါ။ သူ့မှာ အကောင်းဆုံး

the bookhouse



ခေါင်းဆောင်တစ်ဦးမှာ ရှိသင့်ရှိထိုက်တဲ့ စာရိတ္တမျိုးတွေ ပိုင်ဆိုင်တယ်။ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုရေးရာတွေမှာသာမက စစ်ရေးစစ်ရာလည်း ပြိုင်ဘက်ကင်း နိုင်နင်းကျွမ်းကျင်တဲ့သူဖြစ်တယ်"ဟု 'ချိုဥဝှန်း'က ပြောခဲ့၏။

ထိုအချိန်တွင် 'ပြုံးယမ်းအနုပညာသဘင်အဖွဲ့' က တိုကျိုတွင် ဖြေဖျော်ရန် ရောက်ရှိနေချိန်ဖြစ်ရာ 'ချို'က "ဒီအဖွဲ့က ပညာရှင်အများစု၊ ဂီတပညာရှင်တွေ၊ ကချေသည်တွေ၊ မျက်လှည့်ဆရာတွေကအစ အားလုံးဟာ 'ကင်မ်ဂျုံအီ'ရဲ့ အနီးကပ်လမ်းညွှန်မှုနဲ့ ဖြစ်ထွန်းလာသူတွေပဲ။ ကကြိုးကကွက် အဆင်အပြင်တွေကအစ 'ကင်မ်ဂျုံအီ' စီစဉ်ပေးတာ။ သူက ကမ္ဘာပေါ်မှာ အကောင်းဆုံး ဒါရိုက်တာတစ်ဦးလည်းဖြစ်တယ်။ ဟာဗ်ရှ်ကော့ချ်တို့လို ဒါရိုက်တာမျိုးပဲ။ လီနင်က ရုရှားစာရေးဆရာ ဂေါ်ကီကို မြေတောင်မြှောက်ပေး ပေးကျွေးပေးသလို ကင်မ်ဂျုံအီကလည်း အနုပညာရှင်တွေ အမြောက်အမြားကို မွေးထုတ်ပေးသူပဲ"ဟု ပြောခဲ့၏။

၁၉၈၀ အောက်တိုဘာတွင် ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် ပါတီကွန်ဂရက်တွင် ပြည်သူ့လုံခြုံရေးအဖွဲ့ဝန်ကြီး 'လီဂျင်ဆု' က 'ကင်မ်ဂျုံအီ' ၏ အနာဂတ်ကိုဖွင့်ဖော်ကြေညာခဲ့၏။

ထိုပါတီကွန်ဂရက်တွင် ထူးခြားသောအချက်တစ်ခုမှာ 'ကင်မ်အီဆွန်း' ၏ဇနီး၊ 'ကင်မ်ပြုံအီ' ၏မိခင် 'ကင်မ်ဆုံအီ' သည် ၁၉၇၀ ပါတီဗဟိုကော်မတီဝင် နံပါတ် ၆၇ မှ ၁၉၈၈ တွင် နံပါတ် ၁၀၅ သို့ ကျသွားခြင်းပင်ဖြစ်၏။

"ကင်မ်အီဆွန်းရဲ့သားသမီးတွေထဲမှာ 'ကင်မ်ဂျုံအီ' တစ်ယောက်တည်းကပဲ ဖခင်ကြီးရဲ့ယုံကြည်မှုကို ခံရသူဖြစ်တယ်။ သူက 'ကင်မ်အီဆွန်း' ခြေရာကို နင်းနိုင်မယ့် တစ်ဦးတည်းသော ပုဂ္ဂိုလ်ပါပဲ" ဟု သံတမန်များက မှတ်ချက်ချကြ၏။

ဤကွန်ဂရက်တွင် 'ကင်မ်ဂျုံအီ' သည် ပေါ်လစ်ဗျူရို၏ဦးဆောင်အဖွဲ့ဝင် ၅ဦး ထဲတွင် တစ်ဦးအပါအဝင် အရွေးခံခဲ့ရကာ ပါတီ၏စစ်ရေးကော်မရှင်တွင်လည်း အဖွဲ့ဝင်ဖြစ်ခဲ့၏။ စစ်ရေးကော်မရှင်ဥက္ကဋ္ဌမှာ သူ့ဖခင်ဖြစ်၏။

■

the bookhouse

**ကင်မ်ဂျုံအီ (သို့မဟုတ်)**
**မြောက်ကိုရီးယား၏**
**ချစ်လှစွာသော ခေါင်းဆောင်ကြီး**



## အခန်း ၇
## လမ်းညွှန်မှု ရောင်ခြည်တန်းများ

"ကင်မ်ဂျုံအီ" သည် စကားပြောရသည်ကို သိပ်ဝါသနာပါဟန်မတူ။ မဖြစ်မနေ ပြောဟောစရာရှိလျှင်
လက်တန်းမပြောဘဲ စာဖတ်ပြီးပြောတတ်၏။ သူက ပရိသတ်ကိုမကြည့်ဘဲ ပြောတတ်၏။
စကားအများမဆို၊ လက်လွတ်စပယ်မပြောဘဲ တိတိကျကျ ကျစ်ကျစ်လစ်လစ် ပြောလိုပုံရ၏။

## လမ်းညွှန်မှု ရောင်ခြည်တန်းများ

၁၉၈၀ တွင် 'ကင်မ်အီဆွန်း' အရိုက်အရာကို ခံယူမည့်သူ အဖြစ် 'ကင်မ်ဂျုံအီ'ကို တရားဝင်ကြေညာခဲ့သည်။ သို့သော် သူသည် ပြည်သူကြားထဲ တွင် ခေါင်းဆောင်အနေဖြင့် လူလုံးပြ သိပ်မထွက်။ သို့သော် တစ်ချိန်လုံး တိုင်းပြည်အနှံ့ခရီးထွက်ကာ ပြည်သူတို့ကို လမ်းညွှန်မှုများ ပေးခဲ့၏။ သူသည် လူတွေသူတွေနှင့် ရောရောနှောနှော နေခြင်းထက် သူ၏အခန်းထဲတွင်သာ ရုပ်ရှင်များကြည့်ပြီး အပန်းဖြေတတ်တာများ၏။

၁၉၈၃ တွင် တရုတ်ပြည်သို့ ခရီးသွားသည်မှအပ ပြည်ပခရီးထွက်ခဲ၏။ နိုင်ငံခြားရောက်လျှင်လည်း ရုပ်ရှင်ရုံ သွားကြည့်တာ၊ တိုင်းခြားအစားအသောက်များကို စားသောက်တာတို့မှလွဲ၍ နေရာတကာသွားရောက်ခြင်း မရှိလှ။ ပြည်တွင်းတွင်လည်း သူ့ခမျာအားသည်ဟူ၍မရှိ။ ပါတီရေးရာ၊ အုပ်ချုပ်ရေးရာ၊ စစ်မှုရေးရာများနှင့် လုံးလား ထွေးလားရှိနေ၏။ သူအလေးထားသည့်အထဲတွင် အမျိုးသမီးများ၏ ဂုဏ်သိက္ခာပိုင်း လည်းပါ၏။

သူသည် အမျိုးသားနောက်မှအမျိုးသမီးက စက်ဘီးထိုင်စီးခြင်းကိုလည်း မကြိုက်။ ဤသည်မှာ အမျိုးသမီးသိက္ခာကျသည်ဟု သူကယူဆ၏။ အမျိုးသမီးကိုယ်တိုင် စက်ဘီး စီးတာကျတော့လည်း မမြင်မတော်ဟု သူကထင်၏။

the bookhouse



တကယ်တော့ 'ကင်မ်' တို့ မျိုးရိုးမှာ တကယ်သမိုင်းဝင် မျိုးချစ် မျိုးဆက်ဖြစ်၏။ 'ကင်မ်အီဆွန်း' ၏ မိဘများ၊ ဦးလေးများ၊ အဘိုးအဘွားများ၊ ဘိုးဘေးများသည်ပင် မျိုးချစ်ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြ၏။

၁၉၇၇ တွင် ပြုံးယမ်းရေဒီယိုမှ အသံလွှင့်ရာ၌ "ကမ္ဘာတစ်ဝန်းလုံးကလူတွေက ကိုရီးယားပြည်သူတွေရဲ့ ခေါင်းဆောင်မျိုးဆက်ကိုကြည့်ပြီး အားကျကြတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ကင်မ်မိသားစုနဲ့ သူတို့ရဲ့တောက်ပတဲ့ အစဉ်အလာကို သစ္စာရှိပြီး ကြည်ညိုလေးစားကြရမယ်" ဟု ထုတ်လွှင့်ခဲ့၏။

တရုတ်ကွန်မြူနစ်တို့ကမူ ပြုံးယမ်းကွန်မြူနစ်ဆိုတာ မြေရှင် ဆိုရှယ်လစ်ဝါဒလား၊ ဆိုရှယ်လစ်မြေရှင်ဝါဒလား တစ်ခုခုတော့ဖြစ်မှာပဲဟု ကိုရီးယားအုပ်ချုပ်သူ မျိုးဆက်ပြသနာ ကို မကျေနပ်ကြ။

■

၁၉၇၄ အောက်တိုဘာတွင် နိုင်ငံစီးပွားရေးမှာ အခက်အခဲများစွာနှင့် ရင်ဆိုင် နေရ၏။ ထိုအချိန်တွင် 'ကင်မ်ဂျုံအီ' က ပါတီဗဟိုကော်မတီပေါ်လစ်ဗျူရို အစည်းအဝေး ပေါ်ယူကာ 'စီးပွားရေးအခက်အခဲများကို ကျော်နင်းနိုင်ရန် အမြန်စစ်ပွဲများ ဆင်နွှဲရမည်'ဟု တပ်လှန့်ခဲ့၏။ အောက်တိုဘာ ၅ ရက်နေ့တွင် 'ကင်မ်ဂျုံအီ' က 'အမျိုးသားစီးပွားရေးအတွက် ရက် ၇၀ စစ်ပွဲစတင်ရန်' လှုံ့ဆော်ခဲ့၏။ ဤ 'အမြန်စစ်' များသည် 'ကင်မ်ဂျုံအီ' ၏ ခေါင်းဆောင်မှုပုံစံ၏ အမှတ်သင်္ကေတပင်ဖြစ်၏။ စီးပွားရေးတည်ဆောက်မှုနှင့် စီးပွားရေး စက်ဆင်မှုကို တစ်ပြိုင်တည်းလုပ်သော သေနင်္ဂဗျူဟာဖြစ်၏။

၁၉၈၀ တွင် ထိုရည်မှန်းချက်ကို ပြန်ဆန်းစစ်ကာ မြောက်ကိုရီးယားသတင်း အေဂျင်စီက 'တောက်ပြောင်ထူးခြားသော လမ်းညွှန်ချက်' ဟုဆိုကာ 'ကင်မ်ဂျုံအီ' ကို ချီးကျူးခဲ့၏။ သုံးနှစ်မှ လေးနှစ်ကြာ ပုံမှန်တည်ဆောက်ရမည့် အထပ် ၂၀မှ အထပ် ၃၀ လူနေတိုက်ခန်းများကို ၁၀ လအတွင်း ဆောက်လုပ်ခဲ့မှု၊ ဆေးရုံသစ်များစွာ၊ မိုးလုံလေလုံ အားကစားကွင်း၊ ပြဇာတ်ရုံကြီးများ ဆောက်လုပ်နိုင်မှုမှာ 'အမြန်စစ်' စီးပွားရေးလှုပ်ရှားမှု၏ ရလာဒ်များဖြစ်ကြောင်း မည်သူမျှ မငြင်းနိုင်ကြ။

၁၉၈၃ တွင် ဂျပန်နိုင်ငံရှိ ကိုရီးယားလူမျိုးများထဲမှ ပြုံးယမ်းကို လိုလားသူအုပ်စုက ဂျပန်နှင့်မြောက်ကိုရီးယားချစ်ကြည်ရေးအတွက် တရုတ်ပြည်သို့ 'ကင်မ်ဂျုံအီ' လာရောက် လည်ပတ်ပုံ မှတ်တမ်းတင်ရုပ်ရှင်ကားကို ပြသခဲ့၏။ မြောက်ကိုရီးယားသည်တံခါးပိတ် နေခဲ့ရာ ဤသည်မှာ ရှားရှားပါးပါးမြောက် ကိုရီးယားသတင်းကို အများပြည်သူကြည့်

the bookhouse

ကြရခြင်းဖြစ်၏။ မှတ်တမ်းတင်ရုပ်ရှင်ကား၏ ခေါင်းစဉ်မှာ 'ချစ်လှစွာသော ခေါင်းဆောင်ကြီး ကင်မ်ဂျုံအီ တရုတ်ပြည်သို့ အလည်အပတ်ရောက်ရှိခြင်း' ဖြစ်၏။

သမ္မတ 'ကင်မ်အီဆွန်း' ၏အရိုက်အရာကို ဆက်ခံမည့် ၄၁နှစ်အရွယ် 'ကင်မ်ဂျုံအီ' ၏ ရုပ်လွှာကို ထင်ထင်ရှားရှား မြင်ရ၏။ ထိုစဉ်က သူသည် ကိုရီးယားအလုပ်သမားပါတီ (ကွန်မြူနစ်ပါတီ)၏ အတွင်းရေးမှူးဖြစ်သည်။

ဇွန်လ ၁ ရက်မှ ၁၂ ရက်အထိ တရုတ်ပြည်သို့ လာရောက်ခဲ့၏။ သူ ပြုံးယမ်း ပြန်ရောက်မှ ဤသတင်းကို ကြေညာခြင်းဖြစ်၏။ မှတ်တမ်းတင်ရုပ်ရှင်ကားမှာ ၂ နာရီစာ ကြာ၏။ တရုတ်ပြည်က သူ့ကို နိုင်ငံအကြီးအကဲတစ်ဦးအဆင့်မျိုးဖြင့် ကြိုဆို၏။ သူသည် တရုတ်ခေါင်းဆောင်ကြီးများဖြစ်ကြသော 'တိန့်ရှောင်ဖိန်'၊ ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး 'ဟူယောင်ပန်'၊ ဝန်ကြီးချုပ် 'ကျောက်ကျိယန်' တို့နှင့် တွေ့ဆုံခဲ့ရ၏။ မော်စီတုံ ဝတ်သော အကျႌပုံစံမျိုးဝတ်ထားသော 'ကင့်မ်ဂျုံအီ' သည် ပေါင် ၄၀ ကျော် ၅၀ နီးပါး ပို၍ဝနေသည့်ပုံဖြစ်၏။

သူက အစီခံပါသောစီးကရက်ကို သောက်သည်။ ပေကျင်းတွင် လှည့်လည် ကြည့်ရှုစဉ် ခပ်မတ်စောက်စောက်နေရာများသို့ တက်ရသောအခါ သူမောနေသည်ကို တွေ့ရ၏။ သူ့တွင် သွေးတိုးရောဂါ၊ နှလုံးရောဂါအခံများ ရှိဟန်တူ၏။

'ကင်မ်ဂျုံအီ'သည် စကားပြောရသည်ကို သိပ်ဝါသနာပါဟန် မတူ။ မဖြစ်မနေ ပြောဟောစရာရှိလျှင် လက်တန်းမပြောဘဲ စာဖတ်ပြီး ပြောတတ်၏။ သူက ပရိသတ်ကို မကြည့်ဘဲပြောတတ်၏။ စကားအမှားမခံ။ လက်လွတ်စပယ်မပြောဘဲ တိတိကျကျ ကျစ်ကျစ် လစ်လစ် ပြောလိုပုံရ၏။ ဤခရီးစဉ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံက သူ့ကို 'ကင်မ်အီဆွန်း' ၏ အရိုက်အရာဆက်ခံမည့်သူအဖြစ် ထောက်ခံအားပေးကြောင်း ပြသခဲ့ခြင်းဖြစ်၏။

■

'ကင်မ်ဂျုံအီ'သည် မကြာခဏပင် နယ်သို့ဆင်း၍ ဆန်စပါးဈေးကွက်ကို လေ့လာ တတ်၏။ ၁၉၅၃ ကပင် သူသည်ရုပ်ဖျက်ပြီး ဆန်ဆိုင်များသို့သွားရောက်ကာ ဈေးစနည်း နာတတ်၏။ နောက်နေ့မနက်တွင် သူ့ဖခင်ကို ဆန်ဈေးနှုန်းအတက်အကျသတင်းကို တင်ပြ တတ်၏။ တက္ကသိုလ်ကျောင်းတက်နေစဉ်တွင်မှ သူ၏ပြည်သူ့ဘဝ လေ့လာရေး၊ စီးပွားရေး ဈေးကွက်စနည်းနာရေး အစီအစဉ်များကို ပိုလုပ်၏။

သူသည် မြို့ပြရော၊ ကျေးလက်အခေါင်အဖျားတို့သို့ပါသွားပြီး အစားအသောက်

the bookhouse
we bring your future



အခြေအနေများကို စူးစမ်းတတ်၏။ ပဲပိစပ်ရောင်းသောဆိုင်များသို့ပင် ဆင်းပြီး တို့ကြည့် မြန်းကြည့်ပြီး မကောင်းလျှင် ပြန်ပြင်ရောင်းခိုင်းတတ်သည်။ သူပါတီတွင် တာဝန်ယူ လာရသောအချိန် စီးပွားရေးဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ တရုတ်ပြည်ကို စံနမူနာယူခဲ့၏။

သို့သော် အတိအကျ ပုံတူကူးချခြင်းမဟုတ်ဘဲ အနှစ်ကိုယူ၊ အကာကိုပယ်သော နည်းတွေ သုံးခဲ့၏။ အထူးသဖြင့် ၁၉၈၃ တွင် တရုတ်ပြည်မှ ပြန်လာပြီးနောက် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို တော်တော်လုပ်ပြခဲ့၏။

'ဟူယောင်ပန်' ပြောစကားများကို သူ ကြားယောင်လာ၏။

"ဥက္ကဋ္ဌမော်လက်ထက်တုံးက တံခါးတွေ အတင်းအကြပ် ပိတ်ထားတော့ ပြည်သူတွေက ဘာမှမမြင်ရဘူး။ ဒါကြောင့် တခြားနိုင်ငံကပစ္စည်းတွေ မြင်ခဲ့ရင် မစဉ်းစား မဆင်ခြင်ဘဲ သိပ်ကောင်းတာပဲလို့ ချီးကျူးကြတယ်။ ကိုယ့်ပစ္စည်းကျတော့ မကောင်းဘူးလို့ ထင်ကြတယ်။

တကယ်တော့ ပြည်တွင်းထွက်ပစ္စည်းတွေက သိပ်ညံ့ကြတာ မဟုတ်ဘူး။ ကိုယ့် ပစ္စည်းကို ပိုကောင်းအောင် လုပ်ယူလို့ရတယ်ဆိုတာ မေ့နေကြတာကိုး။ တံခါးလည်း နည်းနည်းဖွင့်ပေးလိုက်ရော သူတို့က အနောက်တိုင်းရဲ့နည်းပညာကို အတုမခိုးဘဲ ယံပင်ရှုည်ရှုည်ထားတာတို့၊ မုတ်ဆိတ်ကျင်စွယ်ထားတာတို့ကို ပထမဆုံး အတုခိုးကြတယ်။

ကျွန်တော်တို့က နည်းပညာကိုပဲ အတုယူကြ၊ ကျန်တာကို အတုမယူကြနဲ့လို့ ပြောပေမယ့် လူများစုက ပြင်ပကိစ္စဟန်ပန်စတိုင်တွေပဲ အတုယူတာများတယ်။ ဒါကြောင့် သူတို့ဘာမှ မရကြဘူး။ ပညာရေးစနစ်ကိုလည်း ပြောင်းသင့်တာ ပြောင်းရမှာပဲ"

ထိုသို့ပင် 'ဟူယောင်ပန်' က 'ကင်မ်ဂျုံအီ' ကို ပြောခဲ့၏။

"ကျွန်တော်တို့ နိုင်ငံမှာလည်း ဒီလိုပဲ။ အနောက်တိုင်းရုပ်ရှင်တွေကို အကန့် အသတ်မထားဘဲ လျှောက်ပြနေရင် ပြည်သူတွေက မကောင်းတွေဘဲ အတုယူကြလိမ့်မယ်။

ဒါဆိုရင် ဘယ်မှာလဲ ကျွန်တော်တို့ရဲ့အမျိုးသားဂုဏ်သိက္ခာတို့၊ မျိုးချစ်စိတ်တို့။ မျိုးချစ်စိတ်ကို ကျွန်တော်တို့တိုးပွားအောင် လုပ်ရမယ်။ အနောက်တိုင်းကို အားကျစရာ မလိုဘူး။ ကျွန်တော်တို့က အနောက်တိုင်းကို ပုံတူကူးယူနေချင်ကြတယ်။ ဒါကြောင့် နိုင်ငံကိုတံခါးမဖွင့်ခင် နည်းပညာတိုးတက်အောင် အရင်လုပ်ရမယ်။ ဒါကြောင့် အခုတော့ တစ်စုံတစ်ရာသော အကန့်အသတ်ပဲ တံခါးဖွင့်ပေးမယ်။ ဒါဟာ ကျွန်တော့်ရဲ့ ရည်မှန်းချက်ပဲ"

'ကင်မ်ဂျုံအီ'က ထိုသို့ပြောခဲ့၏။

'ကင်မ်ဂျုံအီ' ရိုက်သော 'ပန်းသည်မလေး' ဟူသော ရုပ်ရှင်ကားသည် နိုင်ငံခြား ရုပ်ရှင်ပွဲတော်တစ်ခုတွင် အထူးဆုနှင့်အထူးတံဆိပ်ရခဲ့၏။ တောင်ကိုရီးယားမှ အကောင်းဆုံး

the bookhouse
we bring your future

ဒါရိုက်တာတစ်ဦးဖြစ်သူ 'ရှင်ဆန်အုပ်' ကလည်း မြောက်ကိုရီးယားသို့ ထွက်ပြေးလာ၏။

"ခင်ဗျား ကို ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံက ကြိုဆိုပါတယ်"ဟု 'ကင်မ်ဂျုံအီ'က လှိုက်လှိုက်လှဲလှဲ ကြိုဆို၏။ ဒါရိုက်တာ 'ရှင်ဆန်အုပ်' ၏ဇနီးဟောင်း ကိုရီးယားရုပ်ရှင်မင်းသမီး 'ချွိုင်အွန်ဟီ' ကလည်း ဟောင်ကောင်မှတစ်ဆင့် မြောက်ကိုရီးယားသို့ ရောက်လာပြန်သည်။ သို့ဖြင့် 'ရှင်ဆန်အုပ်' နှင့် 'ချွိုင်' တို့သည် မြောက်ကိုရီးယားတွင် ပြန်ဆုံကြ၏။ သူတို့နှစ်ဦးပြန်ပေါင်းထုတ်ပွဲကို 'ကင်မ်ဂျုံအီ' ကိုယ်တိုင် အခမ်းအနားဖြင့် စည်ခံပွဲကျင်းပပေး၏။

'ရှင်' နှင့် 'ချွိုင်' တို့က ပျော်နေကြသည်။ ဂုဏ်ပြုပွဲပြီးသောအခါ သူတို့သည် 'ကင်မ်ဂျုံအီ' ၏ ကိုယ်ပိုင်ရုပ်ရှင်စာကြည့်တိုက်သို့ သွားရောက်လေ့လာကြ၏။ ထိုစာကြည့်တိုက်မှာ သုံးထပ်တိုက်အဆောက်အဦဖြစ်၏။ ဝန်ထမ်းပေါင်း ၂၅၀ ကျော်ရှိသည်။ ကမ္ဘာအရပ်ရပ်မှ ရုပ်ရှင်ကားပေါင်း ၁၅,၀၀၀ မျှ စုဆောင်းထား ရှိသည်။ တောင်ကိုရီးယားမှ ရုပ်ရှင်ပေါင်း ၃၀၀ ကျော်လည်း ရှိ၏။

သူတို့ဇနီးမောင်နှံကို တစ်နေ့လျှင် ရုပ်ရှင်ကား လေးကားနှုန်းကြည့်ပေးကာ ဝေဖန်ဆန်းစစ် အကဲဖြတ်ပေးရန် 'ကင်မ်ဂျုံအီ' က တာဝန်ပေး၏။ အနောက်တိုင်းရုပ်ရှင်ကားများထဲတွင် 'ဒေါက်တာဇီဗားဂိုး' ကဲ့သို့ ရုပ်ရှင်များပါ ပါ၏။ 'ကင်မ်ဂျုံအီ' ကိုယ်တိုင်လည်း နေ့စဉ် ရုပ်ရှင်မကြည့်သောနေ့ဟူ၍မရှိ။ သူခရီးထွက်လျှင်တောင်မှ ဗီဒီယိုအခွေများ ယူသွားကာ လမ်းတွင်ကြည့်တတ်၏။

'ကင်မ်' သည် 'ရှင်' နှင့် 'ချွိုင်' ဇနီးမောင်နှံကို နေ့စဉ် ဖုန်းဆက်၏။

"နေကောင်းလား။ ကျန်းမာရေး အဆင်ပြေရဲ့လား။ ဘာလို သေးသလဲ၊ လိုတာရှိရင် ပြောနော်"ဟု ဂရုတစိုက်မေး၏။ သူက ရုပ်ရှင်မောင်နှံကို တကယ်ပင် ခင်မင်၏။ လေးစား၏။

"ကင်မ်ဂျုံအီရဲ့ နိုင်ငံရေးသဘောတရားတွေကိုထားတော့။ သူ့ရဲ့ ရုပ်ရှင်နဲ့ ပတ်သက်တဲ့ ပါရမီကတော့ သူ့မတူအောင် ထူးတဲ့သူပဲ" ဟု နာမည်ကျော် ရုပ်ရှင်မောင်နှံ ကပင် မှတ်ချက်ချ၏။ တစ်နေ့တွင် 'ကင်မ်' က 'ရှင်' ထံ ဖုန်းဆက်ပြီး ရုပ်ရှင်ကား တစ်ကားရိုက်ကာ နိုင်ငံတကာရုပ်ရှင်ပွဲတော် ဝင်ပြိုင်ရန်ပြော၏။

"ကျွန်တော်တို့ မြောက်ကိုရီးယားရုပ်ရှင်သမားတွေဟာ တောင်ကိုရီးယား ရုပ်ရှင်သမားတွေနဲ့ယှဉ်ရင် လမ်းလျှောက်တတ်ခါစအရွယ် သူငယ်တန်းကလေးတွေအဆင့်ပဲ ရှိပါသေးတယ်။ ဆယ်နှစ်အတွင်းမှ လိုက်လို့မမီရင် ကျွန်တော်တို့မျက်ခြည်ပြတ်ကျန်ခဲ့လိမ့်မယ်။ အဲဒါ ခင်ဗျားတို့ ကူညီမှရမယ်" ဟုပြောသည်။ 'ရှင်'သည် ၁၉၈၃ ခုနှစ် အောက်တိုဘာ ၂၀ မှစ၍ ရုပ်ရှင်ရိုက်ရန် စီစဉ်၏။ 'ရှင်'ကို ဒေါ်လာသန်းနှင့်ချီ၍ပေး၏။

the bookhouse



သူတို့ဇနီးမောင်နှံကို နိုင်ငံရပ်ခြားသို့ပင် သွားခွင့်ပေး၏။ မြောက်ကိုရီးယားဂုဏ်ဆောင် ရုပ်ရှင်ကားကောင်းတစ်ကားထွက်ရေးအတွက် 'ကင်မ်' က အခွင့်အရေး အကုန်ပေးထား၏။

၁၉၈၄ ဒီဇင်ဘာတွင် 'ကင်မ်ဂျုံအီ' က သူတို့ဇနီးမောင်နှံကို သူ့ရုံးသို့ခေါ် တွေ့ကာ 'ကင်မ်အီဆွန်း' က သူတို့ရိုက်သောရုပ်ရှင်ကို အလွန်ကျေနပ်ကြောင်းပြော၏။

၁၉၈၅ နှစ်သစ်ကူးနေ့တွင် 'ကင်မ်အီဆွန်း' ကိုယ်တိုင် သူတို့ကိုလက်ခံတွေ့ဆုံ ဖိုးကျူးစကား ပြောခဲ့၏။ "တောင်ကိုရီးယားမှာ နိုင်ငံခြေား ဒေါ်လာဘီလျံ ၅၀ ရှိတယ်။ နည်းတာမဟုတ်ဘူးနော်။ ကျွန်တော်တို့ဆီမှာက ကြွေးကတစ်ဘီလျံ ပဲရှိတာ။ နှစ်နှစ်လောက် ဆို ကျွန်တော်တို့က ကြွေးကျေပြီ။ ဂျပန်ဥပဒေပညာရှင် 'တိုကူးမားရဆုဂိုမီယား' က ကျွန်တော့်ကိုပြောဖူးတာရှိတယ်။ ဂျပန်တွေက တောင်ကိုရီးယားကို ပိုက်ဆံတွေ အများကြီး ချေးတယ်။ ဒါပေမဲ့ တစ်နှစ်တစ်နှစ် အတိုးပေးရတဲ့ငွေကလည်း ချေးထားသလောက်နီးပါး ပဲတဲ့" 'ကင်မ်အီဆွန်း'က သူတို့ဇနီးမောင်နှံကို စကားလက်ဆုံကျရင်း ပြောခဲ့ဘူးသည်။ ၁၉၈၀ ခုနှစ်အလယ်လောက်တွင် 'ကင်မ်ဂျုံအီ'သည် ပါတီတာဝန်၊ စစ်ရေးတာဝန်၊ အုပ်ချုပ်ရေး တာဝန်၊ နိုင်ငံတကာရေးရာတာဝန်များကို နေ့စဉ်တာဝန်ယူလုပ်ဆောင် နေရပြီဖြစ်၏။

၁၉၈၅ တွင်ကား သူသည် လုံးလုံးလျားလျားပင် အရာရာကို တာဝန်ယူခဲ့၏။

"ကျွန်တော်က မြောက်ကိုရီးယားရဲ့ ထိပ်တန်းခေါင်းဆောင်ဖြစ်လာပြီ"ဟု သူ့လူများကို ပြော၏။ သူ့လူများက ထိုစကားကို ထပ်ဆင့်ဖြန့်ကျက် ပြောကြ၏။

သူသည် အစီရင်ခံစာ ထောင်ချီ၍ ဖတ်ရ၏။ မနက် ၁ နာရီ ၂ နာရီ အထိ နေ့စဉ်အလုပ်လုပ်၏။ တနင်္လာနေ့တွင် ပါတီကိစ္စ၊ အင်္ဂါနေ့တွင် ကိုရီးယားပြည်သူ့တပ်မတော် ကိစ္စ၊ ဗုဒ္ဓဟူးနေ့တွင် သမ္မတရုံးနှင့် ပါတီရန်ပုံငွေကိစ္စ၊ ကြာသပတေးနေ့တွင် အစိုးရ အရာရှိများကိစ္စ၊ သောကြာနေ့တွင် ပြည်သူ့ဗဟိုကော်မတီကိစ္စ စသဖြင့် အချိန်ပိုင်းခြား လုပ်ဆောင်၏။ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း မအားရ။ မပြတ်သေးသော ကိစ္စများ၊ အရေးပေါ်ကိစ္စများကို လုပ်ဆောင်ရသည်။

"ကင်မ်ဂျုံအီက အသက်ငယ်တော့ နိုင်ငံတကာကိစ္စတွေမှာ ပိုပြီး အမြင်ပွင့်ပွင့် လင်းလင်းရှိတယ်။ ဒါပေမဲ့ သူတစ်ဦးတည်းလုပ်လို့တော့ မရသေးဘူး။ တချို့ကိစ္စတွေကို သူက ခပ်မြန်မြန် ရှင်းပစ်ချင်တယ်။ ဒါပေမဲ့ သူ့ဖခင်ကြီးနဲ့ တိုင်ပင်ရသေးတယ်။ သူတစ်ဦးတည်းသဘောနဲ့ အကုန် လုပ်လို့တော့ မရဘူး" ဟု နိုင်ငံရေးအကဲဖြတ်သမားများက ဆို၏။ ၁၉၉၄ တွင် 'ကင်မ်အီဆွန်း'ကွယ်လွန်၏။ ထို့နောက်ပိုင်းကျမှ 'ကင်မ်ဂျုံအီ'သည် အခွင့်အာဏာအလုံးစုံကို တစ်ဦးတည်းပိုင်ဆိုင် ကျင့်သုံးခွင့်ရခဲ့၏။

■

the bookhouse



the bookhouse
we bring your future

## အခန်း ၈

## ထမင်းဘူးထဲမှ ဇီးသီးသနပ်တစ်ဖတ်

တောင်ကိုရီးယားနှင့် နိုင်ငံခြားသားများ ယုံကြည်နေကြသည်မှာ မြောက်ကိုရီးယားသည် စစ်ကို လိုလားသည်ဟူ၍။ သို့သော် မြောက်ကိုရီးယားပြည်သူများကမူ အမေရိကန်တို့က သူတို့ကို ကျူးကျော်တိုက်ခိုက်လိမ့်မည်ဟုပင် ယုံကြည်ထားကြ၏။

## ထမင်းဘူးထဲမှ ဇီးသီးသနပ်တစ်ဖတ်

တောင်ကိုရီးယားနှင့် နိုင်ငံခြားသားများ ယုံကြည်နေကြသည်မှာ မြောက်ကိုရီးယား သည် စစ်ကိုလိုလားသည်ဟူ၍။ သို့သော် မြောက်ကိုရီးယားပြည်သူများကမူ အမေရိကန် တို့က သူတို့ကို ကျူးကျော်တိုက်ခိုက်လိမ့်မည်ဟုပင် ယုံကြည်ထားကြ၏။

အမေရိကန်တို့သည် ကမ္ဘာ့ပုလိပ်အခန်းကဏ္ဍကို ယူထားကြသော်လည်း မြောက်ကိုရီးယားတို့က အမေရိကန်၏ ခြိမ်းခြောက်မှုကို တကယ်တမ်းသိပ်မကြောက်ကြ။ သူတို့တကယ်ကြောက်တာက ဂျပန်။ သူတို့သည် ကိုရီးယားစစ်တွင် အမေရိကန်တို့နှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ပြီးပြီ။

"အမေရိကန်တွေကို ဘယ်အချိန်မဆို အနိုင်တိုက်နိုင်တယ်"ဟု သူတို့ပြောနိုင် ကြ၏။ ပြည်သူအများစု၊ အရပ်သားနှင့် စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များက ဤသို့ပင် ထင်ထား ကြ၏။ တက္ကသိုလ်ကျောင်းသားအချို့ကမူ အမေရိကန်၏စစ်ရေးအင်အားကို သိကြ၏။ သို့သော် သူတို့ကလည်း စစ်ဖြစ်ဖို့ကိစ္စသည် မလွယ်ကြောင်း နားလည်ကြ၏။

တစ်ခုစဉ်းစားရသည်မှာ အနုမြူလက်နက်ပြဿနာ၊ အနုမြူကို လျှပ်စစ်ပါဝါ အင်အားမရှိဘဲနှင့် မည်သို့ငြိမ်းချမ်းစွာ အသုံးပြုနိုင်မှာလဲ။ မြောက်ကိုရီးယား၏ အနုမြူရိ အက်တာစက်ရုံသည် ပြုံးယမ်းမြို့မြောက်ဘက် ၅၅ မိုင်အကွာ၊ ယုံဘိုင်ယွန်မြစ်ဘေးတွင်ရှိ၏။



ထိုစက်ရုံမှနေ၍ (က) မြောက်ကိုရီးယားခေါင်းဆောင်များသည် အနုမြူဗုံးလုပ်ရန် ကြိုးစားနေကြသည်၊ (ခ) သူတို့ ထိုသို့လုပ်နေသည်ဟု အတိုက်အခံ ဆန့်ကျင်ဘက်များ ယုံအောင် ဖန်တီးနေကြသည်။ ဝါရှင်တန်နှင့် ဆိုးလ်တို့ကမူ အမေရိကန်နှင့် ပြင်သစ်ဂြိုဟ်တု ဓာတ်ပုံများမှတစ်ဆင့် အနုမြူစခန်းတွေကို ဓာတ်ပုံရိုက်၍ရနေကြပြီ။

ပြုံးယမ်းအစိုးရသည် အနုမြူလက်နက်ဖျက်သိမ်းရေးစာချုပ်ကို ၁၉၈၃ တွင် လက်မှတ်ရေးထိုးခဲ့သည်။ သို့သော် နောက်ပိုင်းတွင် နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီ၏ စစ်ဆေးမှုကိုမူ လုံးဝဥဿုံ ခွင့်မပြုခဲ့။ ထို့ကြောင့် သူတို့သည် မရိုးသား၍သာ အစစ်ဆေး မခံနိုင်ခြင်းဖြစ်သည်ဟု သံသယတွေ များလာ၏။

မြောက်ကိုရီးယားက သဘောတူလက်မှတ် ရေးထိုးစဉ်ကပင် 'ယုံဘိုင်ယွန်' စက်ရုံသည် စတင်ရှိခဲ့ပြီးဖြစ်သည်ဟု ဆိုကြ၏။ ၁၉၉၁ တွင် မြောက်ကိုရီးယားက အနုမြူ စမ်းသပ်မှုကို မြေအောက်တွင် လုပ်ခဲ့သည်ဟု စွပ်စွဲသူများကစွပ်စွဲကြ၏။

အနောက်နိုင်ငံများနှင့် တောင်ကိုရီးယားတို့ကမူ 'ယုံဘိုင်ယွန်' မှ ထုတ်လုပ်သော ဗုံးသည် အင်အားပြင်းထန်သည်ဟု ဆိုကြ၏။ ဝါရှင်တန်ကမူ ဂြိုဟ်တုနှင့် အခြား ထောက်လှမ်းရေးတို့မှ သိရှိထားသမျှကို အကုန်ထုတ်ဖော် မပြောသေး။ ဂျပန်သုတေသန ပညာရှင်တစ်ဦးကမူ "သူတို့ပြထားတာက ထမင်းဘူးထဲက ဇီးသီးသနပ်တစ်ဖတ်စာလောက် ပဲရှိသေးတယ်"ဟုဆို၏။

ကိုရီးယားဗဟိုသတင်းဌာနကမူ ပြုံးယမ်းသည် အနုမြူလက်နက် မထုတ်ပါဟု ငြင်းဆိုနေဆဲဖြစ်သည်ဟု ဆို၏။ အမေရိကန်သည် အနုမြူလက်နက် တစ်ထောင်ခန့်ကို တောင်ကိုရီးယားသို့ ပို့ထားသည်ဟုပင် စွပ်စွဲချက်များရှိ၏။

၁၉၉၀ ဩဂုတ်လမှစ၍ မီဒီယာများနှင့်အများပြည်သူ စိတ်ဝင်စားမှုတို့က ပါရှန်းပင်လယ်ကွေ့ အကြပ်အတည်းဆီသို့ ရွေ့သွားကြ၍ မြောက်ကိုရီးယားကို အနည်းငယ် မေ့သွားကြ၏။ ဂျပန်အစိုးရကလည်း မြောက်ကိုရီးယားကို အကူအညီ ဒေါ်လာ ဘီလျံနှင့် ချီ၍ပေးသဖြင့် အမေရိကန်နှင့် တောင်ကိုရီးယားတို့ အလန့်တကြားဖြစ်ကုန်ကြ၏။

'ကင်မ်' ၏စစ်ရေးအင်အားကလည်း ကမ္ဘာပေါ်တွင် ပဉ္စမအဆင့်ထိ အင်အားကြီး လာသည်။ ဝါရှင်တန်ကတိုကျိုသို့ ထောက်လှမ်းရေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ကာ သူသိရှိ ထားသော ဂြိုဟ်တုပုံများကိုပြပြီး အနုမြူအန္တရာယ်ကို တင်ပြ၏။ ၁၉၉၁ ဧပြီတွင် ဆက်ဒမ်ဟူစိန်ကို ထိုးနှက်တိုက်ခိုက်ရာမှ 'ကင်မ်'တို့၏ အနုမြူပြဿနာ အစပြန်ပေါ်လာ ပြန်သည်။

■

မြောက်ကိုရီးယားဝန်ကြီးချုပ် 'ကင်မ်ဆုံဆန်' ၏သားမက် 'ကန်မြွန်ဗို'သည် တောင်ကိုရီးယားသို့ ၁၉၉၅ တွင်ထွက်ပြေးရာမှ တောင်ကိုရီးယားသတင်းစာ 'ရွှန်အန်ဘီလ်ဘို' သို့ ပြောကြားရာ၌ မြောက်ကိုရီးယား၏လျှို့ဝှက်ချက်အချို့ ပေါ်သွားသည်။

"တောင်ကိုရီးယားမှာ အနုမြူလက်နက်တွေ တစ်ထောင်လောက်ရှိတယ်။ မြောက်ကိုရီးယားမှာ တစ်ခုမှ မရှိဘူး။ တကယ်လို့ စစ်ဖြစ်ကြရင် သူတို့ရှုံးမှာကို သိတယ်။ ဒါကြောင့် 'ကင်မ်အီဆွန်း'နဲ့ 'ကင်မ်ဂျုံအီ'တို့က သူတို့လည်း အနုမြူလက်နက်တွေ ထုတ်မှဖြစ်မယ်လို့ ဆုံးဖြတ်ခဲ့ကြတာပဲ"ဟု ပြောခဲ့၏။

တစ်ချိန်က ကေဂျီဘီအကြီးအကဲဖြစ်ခဲ့ကာ နောက်ပိုင်းတွင်ဆိုဗီယက်ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်လာသော 'ယူရီအင်ဒရိုပေါ့ဗ်' ကလည်း အမေရိကန်နှင့် ပဋိပက္ခဖြစ်ရန် လိုလားသောကြောင့် မြောက်ကိုရီးယားကို အားပေးအားမြှောက်ပြုသော လျှို့ဝှက်စာများ ပေးခဲ့သည်ဟုဆို၏။ ထိုအချိန်မှစ၍ ရုရှားတို့သည် မြောက်ကိုရီးယား၏ အနုမြူလုပ်ငန်းကို အားပေးကူညီခဲ့၏။

မြောက်ကိုရီးယား၏ အနုမြူစီမံချက်ကို ဆိုဗီယက်ယူနီယံတွင် ပညာသင်ဖူးသော 'ကင်မ်ပြုံယူလ်' က ဦးဆောင်ခဲ့၏။ သူသည် ဆိုဗီယက်စစ်တက္ကသိုလ်ဆင်း ပညာရှင်ဖြစ်၏။ သူသည် 'မော်စကို-ပြုံးယမ်း အနုမြူအဆက်အသွယ်' လုပ်ရာတွင် အဓိကပုဂ္ဂိုလ်ဖြစ်၏။

သူသည် ရုရှားဘက်ယိမ်းသူဖြစ်၍ 'ကင်မ်ဂျုံအီ'နှင့်ကား သိပ်မရင်းနှီး။ မြောက်ကိုရီးယား၏ အနုမြူစီမံကိန်းတွင် ကြီးကြပ်ကွပ်ကဲသူများမှာ ဗဟိုကော်မတီ ပြန်ကြားရေးဌာန၏ အကြီးအကဲအဖြစ် မစ္စတာချန်နှင့်မစ္စတာချိုတို့က သုတေသနဌာနတွင် ကြီးကြပ်ကြ၏။ သူတို့နှစ်ယောက်လုံး အသက် ၅၀ အရွယ်တွေဖြစ်ကြသည်။

'ကင်မ်ဂျုံအီ' သည် သုတေသနဌာနမှ 'ကင်မ်ယုံဆွန်း' ကို တိုက်ရိုက်တာဝန်ပေး၏။ လုပ်ဆောင်ရန် လျာထားအကောင် အထည်ဖော်မှုများကို သုတေသနဌာနမှ 'ကွမ်အီကျုံ' ထံသို့ရောက်ကာ ထိုမှတစ်ဆင့် တောင်ကိုရီးယားကို သူလျှိုလုပ်သောအဖွဲ့၏ အကြီးအကဲ 'ကင်မ်ယုံဘန်' သို့ ပို့ပေး၏။ သူတို့အားလုံး၏ ဆွေးနွေးဆုံးဖြတ်ချက်များအား 'ကင်မ်ဂျုံအီ'က သုံးသပ်ကာ နောက်ဆုံးမူကြမ်းကို ရေးဆွဲ၏။

၁၉၉၂ တွင် သူတို့သည် အလုပ်သမားပါတီ၏ နိုင်ငံတကာရေးရာဌာနကို သုတေသနဌာန၏ မြောက်အမေရိက ဌာနခွဲအဖြစ် ပြောင်းလဲခဲ့၏။ 'ကင်မ်ယုံဆွန်း' သည် နိုင်ငံတကာရေးရာဌာန၏ အကြီးအကဲအဖြစ် ဆောင်ရွက်၏။

■





၁၉၉၀ ပြည့်နှစ် စက်တင်ဘာလတွင် ဂျပန်နိုင်ငံရေးပါတီများ၏ ဒုတိယခေါင်းဆောင်အနေဖြင့် 'ရှင်ကာနေမာရူး' သည် ပြုံးယမ်းသို့ ရောက်လာ၏။ သူတို့ကိုယ်စားလှယ်အဖွဲ့တွင် ဂျပန်ဆိုရှယ်လစ်ခေါင်းဆောင်တစ်ဦးလည်း ပါလာ၏။ 'ကာနေမာရူး' သည် ဂျပန်ပြည်၏အာဏာရနိုင်ငံရေးပါတီဖြစ်သော လက်ဘရယ်ဒီမိုကရက်တစ်ပါတီတွင် ဩဇာညောင်းသူ ဝါရင့်နိုင်ငံရေးသမားကြီးဖြစ်၏။

သူနှင့် 'ကင်မ်အီဆွန်း' တို့တွေ့ဆုံကာ အတော်ပင်လေပေးဖြောင့်ခဲ့ကြ၏။ ဂျပန်နှင့်ကိုရီးယား ချစ်ကြည်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးကြ၏။

မြောက်ကိုရီးယားတွင် အနုမြူလက်နက်မထုတ်လုပ်ဘဲ သုတေသနသာလုပ်နေကြောင်း 'ကင်မ်' က ပြောခဲ့၏။ တောင်ကိုရီးယားရှိ အနုမြူလက်နက်များကို စစ်ဆေးခွင့်ရလျှင် မြောက်ကိုရီးယားအနုမြူလက်နက်များကိုလည်း အချိန်မရွေး စစ်ဆေးခွင့်ပြုမည်ဟုလည်း ပြော၏။

ဂျပန်ကိုယ်စားလှယ်အဖွဲ့၏သုံးသပ်ချက်ကို ဂျီဂျီသတင်းဌာနမှတစ်ဆင့် ထုတ်ပြန်ခဲ့ရာ အောက်ပါအတိုင်းဖြစ်၏။

၁။ အနုမြူသုတေသနလုပ်ငန်းကို ၁၉၆၀ ခုနှစ်များ၏ စောစောပိုင်းကပင်လျှင် ဆိုဗီယက်က တည်ထောင်ပေးခဲ့၏။ မြောက်ကိုရီးယားအား အခြေခံသုတေသန သက်သက်လုပ်ဆောင်ရန် ရည်ရွယ်ခြင်းဖြစ်၏။

၂။ ၁၉၅၀ ခုနှစ်များကသုံးသော သေးငယ်သည့်ရီအက်တာကို 'ယုံဘိုင်ယွန်' တွင် ၁၉၈၇ တွင် တပ်ဆင်ပေးရာ တစ်နှစ်ကို ပလူတိုနီယမ် ၇ ကီလိုဂရမ် ထုတ်နိုင်ခဲ့၏။ ဤပမာဏမှာ ဗုံးတစ်လုံးစာ လုပ်ရန်မျှသာဖြစ်၏။ ဗုံးလုပ်မလုပ် မသိရ။

၃။ ၅၀ မှ ၂၀၀ မီဂါဝပ်ရှိသော ကြီးမားသည့်ရီအက်တာကို ၁၉၅၀ ခုနှစ် များ၏ ပြင်သစ်နည်းပညာဖြင့် ပြုလုပ်ထားသည်။ ၎င်းကို 'ယုံဘိုင်ယွန်' တွင် ၁၉၈၄မှ စ၍ဆောက်ရာ ၁၉၉၄ တွင် ပြီးစီးမည်ဟု မျှော်မှန်း ရ၏။ ၎င်းသည် တစ်နှစ်လျှင် ပလူတိုနီယံ ၁၈ ကီလို ဂရမ်မှ ၅၀ ကီလိုဂရမ်အထိ ထုတ်နိုင်သည်။ တစ်နှစ်တွင် နာဂါစကီးကိုကြဲသော ဗုံးအရွယ်အစားမျိုး ၂လုံးမှ ၅ လုံး ထုတ်နိုင်၏။

၄။ မြောက်ကိုရီးယားတွင် တူးဖော်ရရှိနိုင်သော သဘာဝယူရေနီယမ်ကို ထုတ်လုပ်နိုင်သော စက်ရုံရှိ၏။

၅။ အနုမြူဓာတ်ငွေ့စစ်ထုတ်နိုင်သော စက်ရုံကို ၁၉၉၅ တွင် အသုံးပြုနိုင်မည်။

၆။ ၁၉၈၈ အကြိုတွင် အဆင့်နိမ့် ဗုံးခွဲစမ်းသပ်မှုလုပ်နိုင်မည်။

၇။ 'ကင်မ်အီဆွန်း' ၏ တောင်တန်းပေါ်မှ ခိုကိုးရာ အိမ်ဆောက်ပြီးပြီ။

၁၉၉၅ တွင် မြောက်ကိုရီးယားသည် အနုမြူလက်နက်ထုတ်နိုင်ပြီဟု သုံးသပ်ခဲ့၏။

■

"အနုမြူလက်နက်တွေအပြင် မြောက်ကိုရီးယားမှာ ဓာတုနဲ့ဇီဝလက်နက်တွေလည်း ရှိတယ်။ ကမ္ဘာပေါ်မှာ အကြီးဆုံးဓာတုနဲ့ ဇီဝလက်နက် ၅ နေရာရှိတဲ့အနက် သူတို့ဆီမှာ တစ်ခုရှိတယ်"ဟု ဆိုးလ်မြို့ မြောက်ကိုရီးယားသုတေသနသိပ္ပံမှ 'ကန်ချန်ဆွန်း'က ပြော၏။

"ကျွန်တော် အသေးစိတ်တော့ မပြောနိုင်ဘူး။ ဒါပေမဲ့ ကွမ်ဂန်တောင်ကနေ သူတို့ ဒီလိုလက်နက်တွေ သုံးနိုင်တယ်။ ရာသီလေကို အခွင့် ကောင်းယူပြီး တစ်နာရီအတွင်း ရန်သူတပ် (တပ်မသုံးခု)ကို ချေမှုန်းနိုင် တယ်။ အမေရိကန်က ဘာမှမကူညီနိုင်ခင် သူတို့က ဒီလက်နက်တွေနဲ့ ကြိုပြီး တိုက်နိုင်တယ်"ဟု ဆက်ပြောသည်။

မြောက်ကိုရီးယားတွင် စကဒ်ဒုံးကျည်များလည်းရှိ၏။ ၁၉၉၁ တွင် ဆက်ဒမ်ဟူစိန်သုံးသော လက်နက်မျိုးဖြစ်၏။

"စစ်ဖြစ်လို့ သူတို့ဘက်က စကဒ်ဒုံးကျည်သုံးရင် ကျွန်တော်တို့ကလည်း တိုက်ခြင်းပစ်ဒုံးကျည်တွေကို အမေရိကန်အကူအညီနဲ့ ပြန်တုံ့ပြန်မှာပဲ" ဟု 'ချယန်ကူး' ဆိုသော တောင်ကိုရီးယားကာကွယ်ရေးဌာနမှ ပုဂ္ဂိုလ်က ပြော၏။

အမေရိကန်တို့က တောင်ကိုရီးယားမှ အနုမြူလက်နက်များကို ပြန်သယ်သွားမည်ဟု ဆိုလာ၏။ ပြုံးယမ်းဘက်မှမူ ဂျပန်နှင့်ပုံမှန်ဆက်ဆံရေး တည်ဆောက်ရန်သာ စိတ်အားထက်သန်နေ၏။ ဤသို့ ပုံမှန်တည်ဆောက်ရန်အတွက် မြောက်ကိုရီးယားကို နိုင်ငံတကာအစစ်ဆေးခံရန် ပထမဆုံးလိုအပ်သည်ဟု ဆို၏။ ပြုံးယမ်းဘက်မှမူ အဆိုပြုချက်ကို လက်ခံသည်။ သို့သော် နေ့ရက်ကိုမူ အဆော တလျင်လုပ်ရန် အကြောင်းမပြန်သေး။ ထို အချိန်တွင် 'ကင်မ်အီဆွန်း'၏ အသက် ၈၀ ပြည့်မွေးနေ့ကလည်း ဧပြီလ ၁၅ ရက်တွင် ကျင်းပရန် ရှိနေ၏။

'ကင်မ်အီဆွန်း'နှင့် တောင်ကိုရီးယားသမ္မတ 'ရိုတေဝူး' တို့လည်း ဆွေးနွေးရန် ရှိသေးသည်။ သူတို့နှစ်ဦးသည် 'အမျိုးသားရင်ကြားစေ့ရေး၊ မကျူးကျော်ရေး၊ နည်းပညာလဲလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများကို ဆွေးနွေးရန် လျာထားကြ၏။

the bookhouse



ဒီဇင်ဘာ ၁၈ ရက်တွင် တောင်ကိုရီးယားသမ္မတက သူတို့နိုင်ငံတွင် အနုမြူလက်နက်များမရှိပါဟု ကြေညာ၏။ မြောက်ကိုရီးယားဘက်ကလည်း အစစ်ဆေးခံရန်ကို မူအားဖြင့် သဘောတူလာ၏။

■

the bookhouse



## အခန်း ၉
## နှစ်ဆယ့်တစ်ရာစု၏ နေမင်း

ကျွန်တော်တို့ ပြည်သူ့တပ်မတော်ကတော့ အမေရိကန်ကို ရန်သူလို့ သတ်မှတ်ထားတယ်။
ဒါပေမဲ့ ကျွန်တော်တို့ပြည်သူတွေအနေနဲ့တော့ အမေရိကန်နဲ့ကုန်သွယ်မှုကို လေးလေးစားစား လုပ်ကြရမယ်။
ဒါကို "အတွင်းမာ အပြင်ပျော့" မူဝါဒလို့ ခေါ်တယ်။

## နှစ်ဆယ့်တစ်ရာစု၏ နေမင်း

'ကင်မ်ဂျုံအီ'သည် ၁၉၉၂ ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင် အသက် ၅၀ ပြည့်သည်။ သူသည် အစိုးရအဖွဲ့အကြီးအကဲအဖြစ်လည်းကောင်း၊ ပါတီခေါင်းဆောင်တစ်ဦး အနေဖြင့်လည်းကောင်း အလုပ်တွေ ဇယ်ဆက်အောင် လုပ်နေရ၏။ ဒုတိယဝန်ကြီးချုပ် 'ကင်မ်ဒါလ်ဟွန်' မှာလည်း သူ့ဆွေမျိုးပင်ဖြစ်ရာ သူလည်းကူညီ၍ လုပ်တန်သရွေ့ လုပ်ပေးရ၏။

သူသည် ဓာတုဗေဒပညာရှင်ဖြစ်ကာ မြောက်ကိုရီးယားသိပ္ပံအကယ်ဒမီ၏ ခေါင်းဆောင်လည်း ဖြစ်၏။ သူတို့သုံးဦးပေါင်းခေါင်းခဲနေကြသည်မှာ နိုင်ငံ၏စီးပွားရေး အကြပ်အတည်းပင်ဖြစ်၏။

"ကျွန်တော်တို့ ဥပဒေတွေ ပြန်ဆွဲရမယ်။ အထူးဥပဒေသစ်တွေလည်း ထပ်ရေးဆွဲရမယ်။ ဒီလိုလုပ်ပြီးမှ စီးပွားရေးစီမံကိန်းကို လုပ်ရမယ်။ အထူးစီးပွားရေးဇုံတွေကို တရုတ်ပြည်က 'ရှင်ကျင့်'လို ကောင်းအောင်လုပ်ရမယ်" ဟု သူတို့က သုံးသပ်ကြ၏။

၁၉၉၃ တွင် ကောက်ခံသောအခွန်နှုန်းထားမှာ မျှတ၏။ တရုတ်ပြည်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကိုကောက်သော အခွန်ထက်နည်း၏။ သို့သော် မြောက်ကိုရီးယားတွင် ဈေးကွက်စီးပွားရေးစနစ်ကို နားလည်သူကား မရှိသလောက်ပင်ဖြစ်၏။ ဂျပန်ရင်းနှီးမြှုပ်နှံသူများ၏အကူအညီကိုတော့ မျှော်လင့်ထားသည်။ တောင်ကိုရီးယား၏

the bookhouse
we bring your future



ချမ်းသာသော ကုမ္ပဏီများဖြစ်ကြသည့် ဟွန်ဒိုင်း၊ ဆမ်ဆောင်း၊ ဒေဝူး၊ လပ်ကီးဂိုးလ်စတားတို့ထံမှလည်း ရင်းနှီးမြှုပ်နှံမှုကို မျှော်ကိုး၏။

၁၉၈၈ ခုနှစ် အောက်တိုဘာ ၁၇ ရက်နေ့တွင် ဆိုးလ်အစိုးရကပုဂ္ဂလိက ကုမ္ပဏီများကို မြောက်ကိုရီးယားနှင့် စီးပွားရေးလုပ်ခွင့် ပြုလိုက်သည်။ ဟွန်ဒိုင်းကုမ္ပဏီပိုင်ရှင် 'ချုန်ဂျူယွန်း' သည် ၁၉၈၉ ဇန်နဝါရီတွင် မြောက်ကိုရီးယားသို့သွားခဲ့ပြီး ဒေါ်လာသန်း ၇၀၀ တန် ဖက်စပ်လုပ်ငန်းကို စတင်ခဲ့၏။

သူက မြောက်ကိုရီးယား၏ ရှုမျှော်ခင်းကောင်းသော 'ကွမ်ဂန်' တောင်တန်းဒေသတွင် အပန်းဖြေစခန်းဆောက်ရန် စီစဉ်၏။ တရုတ်ခေါင်းဆောင် 'ဟူယောင်ပန်' အား ကမ္ဘာ့လှည့်ခရီးသွားလုပ်မည်ဟု 'ကင်မ်ဂျုံအီ' ကတိပေးခဲ့မှုကို စတင်အကောင်အထည်ဖော်ခြင်းပင်ဖြစ်သည်။

ထိုအချိန်တွင် တောင်ကိုရီးယားပြည်သူ၏တစ်ဦးချင်းဝင်ငွေသည် တစ်နှစ်ကို ဒေါ်လာ ၇၀၀၀ ဖြစ်သော်လည်း မြောက်ကိုရီးယား၏တစ်ဦးချင်းဝင်ငွေက တစ်နှစ်ကို ဒေါ်လာ ၁၀၀၀ သာရှိနေ၏။ ဒေဝူးကုမ္ပဏီဥက္ကဋ္ဌ 'ကင်မ်ဝူချုန်း'ကလည်း ကိုရီးယားနှစ်နိုင်ငံ စီးပွားရေး မညီမျှမှုကို ကြားမှနေ၍ ကူညီပေးရန်စီစဉ်သည်။

တောင်ကိုရီးယားသမ္မတ 'ရိုး' ကိုယ်တိုင်ကပင်လျှင် ဖက်စပ်လုပ်ငန်းများတွင် သူ၏အစိုးရက ကူညီမည်ဟု ပြောခဲ့၏။ ဖက်စပ်ငါးဖမ်းမှုဇုန်များ၊ တတိယနိုင်ငံများနှင့် ဖက်စပ်လုပ်ငန်းများကိုပါ လုပ်ကိုင်ရန်စီစဉ်၏။ တောင်ကိုရီးယားအပြင် ဂျပန်နှင့် အမေရိကန်တွင်နေထိုင်ကြသော ကိုရီးယားလူမျိုး လုပ်ငန်းများကပါ မြောက်ကိုရီးယားတွင် ရင်းနှီးမြှုပ်နှံရန် တာစူလာကြ၏။

၁၉၉၈ ခုနှစ် ဇူလိုင် ၂၆ ရက်နေ့တွင် မြောက်ကိုရီးယားပါလီမန်၏ ပြည်သူ့အစည်းအဝေး အမြင့်ဆုံးအဆင့်က 'ကင်မ်ဂျုံအီ'ကို ခေါင်းဆောင်ကြီးအဖြစ် တညီတညွတ်တည်း ရွေးချယ်ခဲ့ကြ၏။ ပြုံးယမ်းခရိုင်ဒေသ ၆၆၆ မှ ရွေးချယ်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်ဖြစ်၏။ ဒေသ ၆၆၆ မှ မဲဆန္ဒရှင်များက ပျော်ရွှင်စွာ ကခုန်ကြ၊ သီချင်းတွေ ဟစ်ကြွေးကြကာ 'ကင်မ်' သက်တော်ရာကျော် ရှည်စေကြောင်း ဆုတောင်းကြ၏။

"လွန်ခဲ့တဲ့ အနှစ်ငါးဆယ်လုံးလုံး မဟာခေါင်းဆောင်ကြီးကို ကျွန်တော်တို့ ထောက်ခံခဲ့ကြတယ်။ အခုတော့ ခေါင်းဆောင်ကြီးရဲ့သား 'ကင်မ်ဂျုံအီ'ကို ကျွန်တော်တို့ တညီတညွတ် ဆန္ဒမဲပေးကြတယ်"ဟု ပြည်သူများက ပြောကြ၏။

၁၉၉၄ တွင် 'ကင်မ်အီဆွန်း' ကွယ်လွန်ခဲ့သည့် အချိန်မှစ၍ သမ္မတရာထူးသည်

the bookhouse
we bring your future

လစ်လပ်ခဲ့၏။ 'ကင်မ်ဂျုံအီ' သည် တပ်မတော်နှင့်အလုပ်သမားပါတီခေါင်းဆောင် ဖြစ်သော်လည်း သမ္မတရာထူးကို မယူခဲ့။ သူသမ္မတဖြစ်ချိန်တွင် အသက် ၅၆ နှစ်ရှိပြီ။

'ကင်မ်ဂျုံအီ' နှင့် တောင်ကိုရီးယားသမ္မတ 'ကင်မ်ဒေးချုန်' တို့ တွေ့ဆုံဆွေးနွေး ဖြစ်လျှင် ကောင်းသောအလှည့်အပြောင်းဖြစ်မည်ဟု ကိုရီးယားပြည်သူများရော၊ နိုင်ငံခြားသားများပါ ယုံကြည်ကြ၏။ သူတို့ ၂၀၀၀ ပြည့်နှစ် ဇွန်လတွင် တွေ့ဆုံကြရန် စီစဉ်ထား၏။ ကိုရီးယားနှစ်ပြည်ထောင် ညီညွတ်စွာပေါင်းစည်းကြဖို့ အားလုံးကမျှော်နေကြ၏။ ဆိုးလ်အစိုးရက တောင်ကိုရီးယားရင်းနှီးမြှုပ်နှံမှုများကို မြောက်ကိုရီးယားတွင် ခွင့်ပြုသကဲ့သို့ ပြုံးယမ်းအစိုးရကလည်း ရာစုနှစ်ဝက်မျှ ကွဲကွာနေကြသော မိဘဆွေမျိုးများကို ပြန်လည်တွေ့ဆုံခွင့် စီစဉ်ပေးခဲ့၏။ ခေါင်းဆောင်နှစ်ဦးဆွေးနွေးကြပြီး ရက်အနည်းငယ်အကြာတွင် အမေရိကန်သမ္မတ ဘီလ်ကလင်တန်ကလည်း မြောက်ကိုရီးယားအပေါ် စီးပွားရေးပိတ်ဆို့မှု အများစုကို လျှော့ချပေးခဲ့၏။

တကယ်တော့ တောင်ကိုရီးယားတွင် ကြီးပွားချမ်းသာနေကြသူအများစုမှာ မြောက်ပိုင်းတွင် မွေးခဲ့ကြသူများဖြစ်၏။ ထိုအထဲတွင် ဟွန်ဒိုင်းအုပ်စု၏ပိုင်ရှင်သူဌေး 'ချွန်ယုံယွန်း' လည်း အပါအဝင်။ တောင်ကိုရီးယားရှိ အမေရိကန်ကုန်သည်ကြီးအသင်းကလည်း မြောက်ပိုင်းတွင် စီးပွားရေးလုပ်ရန် စိတ်ဝင်စားနေကြ၏။ ထိုကုမ္ပဏီများထဲတွင် ကိုးဒ်မင်း၊ ဂျင်နရယ်လျှပ်စစ်၊ ကိုကာကိုလာ၊ ပရော့တာနှင့် ဂင်းဘဲလ်တို့လည်းပါ၏။

သို့ဖြင့် ၁၉၉၉ တွင် မြောက်ကိုရီးယား၏စီးပွားရေးသည် ၆. ၂ ရာခိုင်နှုန်းထိ တိုးလက်လာခဲ့၏။ ဂျုံထွက်နှုန်းမှာ ၈. ၅ ရာခိုင်နှုန်းတက်လာရာ တန်ချိန်သန်းပေါင်း ၈. ၅ ရာနှုန်း တက်လာရာ တန်ချိန်သန်းပေါင်း ၄. ၂၂ထိရှိလာ၏။ နိုင်ငံတကာဆက်သွယ်ရေးတွင်လည်း မြောက်ကိုရီးယားသည် အီတလီ၊ ဩစတြေးလျ၊ ဖိလိပိုင် တို့နှင့် သံတမန်ဆက်သွယ်ရေးလုပ်ခဲ့၏။ နိုင်ငံခြားမှ ငွေချေးသူများ၊ ရင်းနှီးမြှုပ်နှံသူများ အလုံးအရင်းနှင့် ဝင်လာ၏ ဤသည်တို့မှာ 'ကင်မ်ဂျုံအီ' သမ္မတဖြစ်လာပြီးနောက်ပိုင်း တိုးတက်မှု များဖြစ်၏။

သို့သော် တစ်ချိန်တည်းမှာပင် မြောက်ကိုရီးယားက တိုက်ချင်း ပစ်ဒုံးပျံများကို အစီအရင် လုပ်လာ၏။ အနုမြူလက်နက်အပြင် တိုက်ချင်းပစ် ဒုံးကျည်ထုတ်လုပ်လာသည်ကို အနောက်နိုင်ငံများက ပြုံးယမ်းက ထုတ်ကုန်မရှိတော့ တိုက်ချင်းပစ်ဒုံးပျံပဲ ရောင်းစားနေတော့တယ်ဟု စွပ်စွဲကြ၏။

ဂျပန်ကမူ တောင်ကိုရီးယားကို အကူအညီ ဒေါ်လာသန်း ၅၀၀ ပေးနေသော်လည်း မြောက်ကိုရီးယားကိုမူ ဒေါ်လာ ၅ ဘီလျံပင်ပေးရန် တွန့်ဆုတ်နေ၏။ ဂျပန်က အကြောင်းပြသည်မှာမူ မြောက်ကိုရီးယား၏ တိုက်ချင်းပစ်ဒုံးပျံများ လျှော့ချမှသာ အကူအညီ

the bookhouse
we bring your future



မြှင့်တင်ပေးမည်ဟုဆို၏။ ဟွန်ဒိုင်းအုပ်စုမှ ကူညီ လုပ်ဆောင်သော 'ကမ်ဂန်'အပန်းဖြေစခန်းမှ တစ်နှစ်လျှင် ဒေါ်လာသန်း ၂၀၀ မြောက်ကိုရီးယားက ရ၏။

မြောက်ကိုရီးယားကို ပြင်ပမှဧရာမကြီးမားသော ရင်းနှီးမြှုပ်နှံမှုကြီးသည် ၁၉၉၈ မှ ၂၀၀၂ ငါးနှစ်တာအတွင်း ဒေါ်လာသန်း ၉၅၀ ကျော် ရှာပေးခဲ့၏။ ဟွန်ဒိုင်းကုမ္ပဏီကလည်း 'ကွမ်ဂန်' တောင်ပေါ်တွင် လေဆိပ်ဆောက်ရန်အတွက် ဒေါ်လာ တစ်ဘီလျံရင်းနှီးမြှုပ်နှံ၏။ ဂေါက်ကွင်းများ၊ ဆိုင်ခန်းများ၊ စားသောက်ဆိုင်များ၊ ကွန်ဒိုများ၊ စကိတ်စီးကွင်းများနှင့် အပန်းဖြေစခန်းမျိုးစုံဆောက်မည်ဖြစ်၏။

တောင်ကိုရီးယားတွင် အလုပ်သမားတစ်ဦး၏ ပျမ်းမျှလစာမှာ ဒေါ်လာ ၁၅၀၀ ရှိရာ မြောက်ကိုရီးယားတွင် အလုပ်သမားတစ်ဦးကို ဒေါ်လာ ၁၀၀ မှ ၄၀၀ အထိ ပေးငှားနိုင်၍ အလုပ်သမားခသက်သာသော မြောက်ကိုရီးယားတွင် စက်ရုံအလုပ်ရုံများ လာတည်လိုကြ၏။

"ဒီလိုလုပ်အားခမျိုးနဲ့ဆိုရင် ကျွန်တော်တို့ဟာ တရုတ်ဈေးကွက်ကို အသာလေး ကျော်နိုင်ပါတယ်"ဟု 'ဟွန်ဒိုင်း' ကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ် 'ဟွန်ယွန်ဒီး'က ပြောသည်။

သက္ကရာဇ် ၂၀၀၀ တွင် ဂျပန်နှင့်မြောက်ကိုရီးယား သံတမန်ဆက်သွယ်နိုင်ပြီဖြစ်ရာ ဂျပန်ရင်းနှီးမြှုပ်နှံသူများသည်လည်း အလုံးလိုက် အရင်းလိုက် မြောက်ကိုရီးယားသို့ ဝင်လာကြ၏။ သူတို့က ရထားလမ်း၊ သင်္ဘောဆိပ်ကမ်း၊ စွမ်းအင်လုပ်ငန်းများတွင် ကူညီကြ၏။ ပြုံးယမ်းအစိုးရသည် စစ်စရိတ်ကိုသာ ပုံအြ၍မသုံးလျှင် မကြာခင်ကြီးပွားတိုးတက်လာမည်ဟု ဂျပန်နှင့် အနောက်တိုင်းခေါင်းဆောင်များ က တွက်ထားကြ၏။

'ဟွန်ဒိုင်း' ကုမ္ပဏီက မြောက်ကိုရီးယားတွင် စဝင်ပြီးနောက် အခြားကုမ္ပဏီများလည်း အလျှိုလျှိုဝင်လာကြ၏။ 'ဆမ်ဆောင်း'နှင့် 'အယ်လ်ဂျီ' ကုမ္ပဏီတို့က ရုပ်မြင်သံကြားစက်ရုံများ လာလုပ်၏။ 'တုန်ဘိ' ကုမ္ပဏီနှင့်ဖက်စပ်လုပ်ကာ ဗီးယက်ကားတွေ ထုတ်၏။ မြောက်ကိုရီးယား၏ အရှေ့မြောက်ပိုင်းစီးပွားရေးဇုံများတွင် တောင်ကိုရီးယား လူမှုရေးအဖွဲ့က ဆေးဝါးစက်ရုံလာဆောက်၏။

၁၉၉၈ ခုနှစ် ဧပြီလ ၂၅ ရက်နေ့က ဂျပန်နိုင်ငံမှ ကိုယ်စား လှယ်အဖွဲ့တစ်ဖွဲ့အား 'ကင်မ်ဂျုံအီ'က "ကျွန်တော်တို့က သီးခြား ခွဲထွက်နေချင်ကြတဲ့ သူတွေမဟုတ်ပါဘူး။ ဒါပေမဲ့ ပိုနေမြဲ ကျားနေမြဲ အခြေအနေကို ထိန်းထားတာပါ။ ကမ္ဘာလှည့်ခရီးသည်တွေ အလုံးအရင်းနဲ့ဝင်လာပြီး အေအိုင်ဒီအက်စ်ရောဂါတွေ ကျွန်တော်တို့မြေမှာ လာမဖြန့်စေချင်ပါဘူး"ဟု ပြောဘူးသည်။

ထိုတွေ့ဆုံပွဲတွင် 'ကင်မ်ဂျုံအီ'က အမေရိကန်အပေါ် သဘောထားကိုလည်း

the bookhouse
we bring your future

၍သို့မှတ်ချက်ပေးခဲ့၏။ "ကလင်တန်က အိမ်ဖြူတော်မှာ သူ့အလုပ်သူလုပ်နေတာတော်ပါတယ်။ ဂျက်ကနေဒီကလည်း နာမည်ယူဖို့ကြိုးစားသူပါ။ ဒါပေမဲ့ အခွင့်အရေး မရခင်ထွက်သွားရတယ်။ ကလင်တန်ဆိုတဲ့လူက အသက် ၅၂ နှစ်ပဲရှိသေး တယ်။ ဒါပေမဲ့ သူကအိမ်ဖြူတော်မှာ နှစ်ကြိမ်အရွေးခံခဲ့ရတဲ့သူပဲ။ သူက လူတော်ဗျ"

သူက အမေရိကန်လုပ် ကွန်ပြူတာများကိုလည်း ချီးကျူးသေးသည်။

"တောင်ကိုရီးယားက သူ့ကွန်ပြူတာတွေ ဘယ်လောက်ကောင်းကြောင်း ရုပ်မြင်သံကြားတွေမှာ ကြွားတတ်တယ်။ ဒါပေမဲ့ အမေရိကန်ကွန်ပြူတာတွေနဲ့ယှဉ်ရင် အနားတောင် မသီနိုင်ဘူး။ ကျွန်တော်တို့ဟာ အမေရိကန်ကောင်းကွက်တွေကို မြင်ရမယ်။ သူတို့ရဲ့အကောင်းဆုံးအကွက်တွေကို အတုယူရမယ်။ ကျွန်တော်တို့ ပြည်သူ့တပ်မတော်ကတော့အမေရိကန်ကို ရန်သူလို့သတ်မှတ်ထားတယ်။ ဒါပေမဲ့ ကျွန်တော်တို့ပြည်သူတွေအနေနဲ့တော့အမေရိကန်နဲ့ကုန်သွယ်မှုကို လေးလေးစားစား လုပ်ကြရမယ်။ ဒါကို 'အတွင်းမာ၊ အပြင်ပျော့' မူဝါဒလို့ ခေါ်တယ်"

'ကင်မ်ဂျုံအီ'သည် ထိုမူဝါဒအတိုင်းပင် ဂျပန်ကိုလည်း ရှုမြင်သုံးသပ်ခဲ့၏။

မြောက်ကိုရီးယားနိုင်ငံတွင် လျှပ်စစ်အားပြတ်တောက်မှု မကြာခဏဖြစ်၏။ ပြည်သူများမှာ မီးမှန်မှန်မလာမှုဒဏ်ကို ကြိတ်မှိတ်ခံစားကြရ၏။

"ကျွန်တော်တို့မှာ အရင်ကလျှပ်စစ်ဓာတ်အား လုံလောက်တယ်။ ခေါင်းဆောင်ကြီး 'ကင်မ်အီဆွန်း' လက်ထက်တုန်းကလည်း သိပ်မဆိုးဘူး။ ဒါပေမဲ့ ခုကျတော့ ဘာဖြစ်လို့လျှပ်စစ်ဓာတ်အား လျော့နည်းလာသလဲလို့ မေးစရာရှိတယ်။ အဖြေကတော့ ရှင်းပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နှစ်တိုင်း ရေလွှမ်းမိုးမှုတွေ အကြီးအကျယ်ကြုံရတယ်။ ကျွန်တော်တို့ရဲ့မီးသွေးမိုင်းတွေ အကြိမ်ကြိမ်ရေမြုပ်ကုန်တယ်။ ဒီမီးသွေးမိုင်းတွေကို ပြန်မဖော်နိုင်ဘူး။ ဒါကြောင့် လျှပ်စစ်ဓာတ်အားမထုတ်နိုင်တာပေါ့။ လျှပ်စစ်မမှန်တော့ စီးပွားရေးကျတယ်"

'ကင်မ်ဂျုံအီ'က သူ့ဘာသာသူ ဝေဖန်ရေးလည်း ပေးတတ်၏။

"ကျွန်တော် ၁၉၈၃ က တရုတ်ပြည်ရောက်သွားတယ်။ 'ဟူကိုဖုန်း' နဲ့ ကျွန်တော်ဘောက်ဆန်လျှပ်စစ်ထုတ်လုပ်ရေးကို သွားကြည့်ကြတာပါ။ ဒါက တခြားနိုင်ငံကတင်သွင်းတဲ့လျှပ်စစ်ပဲ။ တရုတ်ပြည်ဟာ သူ့ဘာသာသူ လျှပ်စစ်စက်ရုံတည်နိုင်လောက်အောင် နည်းပညာပြည့်ဝတယ်။ ဒါပေမဲ့ လျှပ်စစ်ကို တခြားနိုင်ငံက ဝယ်တယ်။ ကျွန်တော်ကဘာဖြစ်လို့ ဒီလိုလုပ်တာလဲလို့ မေးကြည့်တော့ 'ဟူ' ကပြောတယ်။ တရုတ်လည်းလျှပ်စစ်ဓာတ်အားပေးရုံ လုပ်နိုင်တာပေါ့။

ဒါပေမဲ့ နိုင်ငံခြားကဝယ်တာ ပိုကိုက်လို့ ဝယ်တာတဲ့။ ကျွန်တော်တို့နိုင်ငံက



ပြည်သူတွေကျတော့ တစ်မျိုးစဉ်းစားတယ်။ သူတို့ စိတ်ကူးက ကျွန်တော်တို့ ဒီမှာမလုပ်နိုင်တဲ့အစိတ်အပိုင်းတွေ ဝယ်မယ်။ ကျန်တာကို ကျွန်တော်တို့ ဒီမှာ လုပ်မယ်ပေါ့။ ဒီသဘောထားကြောင့် အများကြီး ဆုံးရှုံးနစ်နာတာတွေ ရှိတယ်။ ဒီအမှားတွေကြောင့် တန်ဖိုးကြီးမားစွာပေးဆပ်ခဲ့ရတယ်" "ကျွန်တော်တို့ရဲ့ ဆိုရှယ်လစ်စနစ်က ပြည်သူကိုအခြေခံတယ်။ ပြည်သူကိုအကျိုးပြုတယ်လို့ ကျွန်တော်တို့ ပြောကြတယ်။

ဒါပေမဲ့ တကယ်တန်းက ကျွန်တော်တို့ရဲ့ စီးပွားရေးစနစ်က ဒါမျိုးမဟုတ်ပြန်ဘူး။ ဆိုရှယ်လစ်စနစ်က အေးတိအေးစက်နိုင်တယ်။ ဖောက်သည်ကို မဆွယ်နိုင်ဘူး။ ကျွန်တော်တို့ဆီက လူတွေက ဖောက်သည်ဝယ်သည်ဖြစ်စေ၊ မဝယ်သည်ဖြစ်စေ ဂရုမစိုက်ကြဘူး။ အရင်းရှင်နိုင်ငံတွေမှာကျတော့ ဖောက်သည်အတွက် မက်လုံးတွေပေးတယ်။ ဝန်ဆောင်မှုကောင်းတယ်။

ကျွန်တော်တို့ဆီကလူတွေ ဂျပန်ရောက်ရင် တွေ့ကြမယ်။ ဆိုင်တိုင်းက 'ကြိုဆိုပါတယ်ရှင်၊ ကြိုဆိုပါတယ်ခင်ဗျာ၊ အထဲကို ဝင်ကြည့်ပါ'လို့ ပြောကြတာမျိုးတွေ။ ကျွန်တော်တို့နိုင်ငံမှာတော့ ဒီလို ဖော်ဖော်ရွေရွေ မရှိကြဘူး။ တကယ်တော့ ဖောက်သည်ကို ဈေးသည်ကကျေးဇူးတင်ရမှာ။ ဒီနိုင်ငံမှာတော့ ပြောင်းပြန်ပဲ။ အရင်းရှင်ဝါဒဟာ ရပ်တည်နေတာနှစ်တစ်ရာ ကျော်ကြာပြီ။ ခုလည်း ဆက်ရှင်သန်အောင်ကြိုးစားနေဆဲပဲ"

'ကင်မ်ဂျုံအီ'သည် သူတစ်ပါးအပေါ် ဝေဖန်တတ်သကဲ့သို့ သူ့ဘာသာသူလည်းပျစ်ပျစ်နှစ်နှစ် ဝေဖန်တတ်သည်။ ချီးကျူးစရာရှိလျှင်လည်း ရန်သူကိုပင် ချီးကျူးတတ်သည်။ ၎င်းသည်ပင်လျှင် သူ၏ခေါင်းဆောင်မှု အရည်အသွေးတစ်ခုပင်ဖြစ်၏။

"လောလောလတ်လတ်တော့ ကျွန်တော်တို့ဟာဆင်းရဲပါတယ်။ ကျွန်တော်တို့ဘဝကလည်း ပင်ပန်းကြမ်းတမ်းပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပြည်သူတွေလို ညီညီညွတ်ညွတ်ရှိကြတာတော့ ခင်ဗျားတို့ ဒီကမ္ဘာမှာ ဘယ်နေရာမှရှာတွေ့နိုင်မှာ မဟုတ်ပါဘူး"

"ကျွန်တော်တို့ အခုရေနံသိုက်တွေ့ထားပါပြီ။ ရေနံတွေ ထွက်တာနဲ့ ကျွန်တော်တို့ရဲ့စီးပွားရေးဟာ လုံးဝဥသုံတိုးတက်လာတော့မယ်။ ရေနံတွေထွက်ရင် လယ်မြေတွေမှာစိုက်ပျိုးနေစရာ မလိုတော့ဘူး။ ရေနံတွေကို ဂျပန်ကိုရောင်းပြီး သူတို့ဆီက ဆန်စပါးဝယ်မယ်။ ကျွန်တော်တို့ရေနံတွေဟာ အနုမြူတွေလိုပဲအစွမ်းထက်တယ်"

၁၉၉၄ တွင် 'ကင်မ်အီဆွန်း' ကွယ်လွန်ပြီးနောက် ဆိုးရွားလာသောအခြေအနေကို 'ကင်မ်ဂျုံအီ'၏ အမြော်အမြင်ကြီးမှု၊ အမြင်ကျယ်မှုတို့ဖြင့် ပြန်လည်အဖတ်ဆယ် ကယ်တင်နိုင်ခဲ့၏။ 'ကင်မ်ဂျုံအီ' သည် သူ့အစိုးရအဖွဲ့အတွင်းမှ ခေတ်နောက်ပြန်ဆွဲ အတွေးအခေါ်ရှိသူများကို ဖယ်ရှားခဲ့၏။ သူသည် တောင်ကိုရီးယား၏ 'ဟွန်ဒိုင်း' အုပ်စုခေါင်းဆောင်

'ချွန်ဂျူယွန်' အား စစ်အာဏာရှင် 'ပတ်ချုံဟီး' ၏ ဈေးကွက်စီးပွားရေး အောင်မြင်မှုနည်းနာများကို မေးခဲ့၏။

"၂၀၀၀ ပြည့်နှစ်မှာ 'ကင်မ်ဂျုံအီ'ဟာ 'ပတ်ချုံဟီး' ပုံစံ မြောက်ကိုရီးယား ဘယ်လိုပြောင်းနိုင်မလဲဆိုတာ စောင့်ကြည့်ရမယ်"ဟု တောင်ကိုရီးယား 'ယွန်ဟပ်'သတင်းဌာနက မှတ်ချက်ချခဲ့၏။

■

ပြုံယမ်းမြို့တွင် မြောက်ကိုရီးယား 'ကင်မ်ဂျုံအီ'နှင့်တောင်ကိုရီးယား 'ကင်မ်ဒေးဂျုံ' တို့ တွေ့ဆုံဆွေးနွေးကြ၏။

"ကိုရီးယားပြဿနာကို ကိုရီးယားလူမျိုးတွေကပဲ ဖြေရှင်းနိုင်လိမ့်မယ်။ ခင်ဗျားတို့ သဘောမတူဘူးလား" ဟု 'ကင်မ်ဂျုံအီ' က မေး၏။

"ဟုတ်ကဲ့၊ သဘောတူပါတယ်။ ဒါကိုပဲ ကျွန်တော်ပြောနေတာပါ။ ခင်ဗျားနဲ့ ကျွန်တော် ဒီတစ်သဘောတည်းပဲ ရှိကြပါတယ်။

'ကင်မ်ဒေးဂျုံ'က ပြန်ပြော၏။

"ဒါဆိုရင် ခင်ဗျားကဘာဖြစ်လို့ အမေရိကန်နဲ့ဂျပန်ကို ကျွန်တော်တို့နဲ့ ပတ်သက်လို့ ဝင်ပါခိုင်းနေရသလဲ"

"ဒါကတော့ ခင်ဗျားဘက်က နားလည်မှုလွဲနေတာပါ။ ကျွန်တော်တို့သုံးနိုင်ငံ မဟာမိတ်က ခင်ဗျားတို့ကို ချေမှုန်းဖျက်ဆီးဖို့ မဟုတ်ဘူး။ တစ်နည်းပြောရရင်တော့ ခင်ဗျားတို့ကို ကူညီဖို့ပဲ။ ကျွန်တော့်ရဲ့မြောက်ကိုရီးယားပေါ်လစီက ငြိမ်းချမ်းရေးပေါ်လစီပဲ၊ အမျိုးသားရင်ကြားစေ့ရေး၊ ပူးပေါင်းဆောင်ရွက်ရေးပဲ။ ကျွန်တော်တို့ ရင်ကြားစေ့ရေးက ခင်ဗျားတို့ကို ကူညီဖို့ပါ။ ဖျက်ဆီးဖို့ မဟုတ်ပါဘူး။ မဟာမိတ်သုံးနိုင်ငံကလည်း ဒါကိုပဲ အထောက်အကူပြုမှာပါ။ အားလုံးဝိုင်းကူညီတော့ ပိုကောင်းတာပေါ့ဗျာ။ ဒါကြောင့် ခင်ဗျားတို့က တခြားနိုင်ငံတွေနဲ့ ရင်းနှီးချစ်ကြည်မှုကို ထူထောင်စေချင်တယ်။ အမေရိကန်ကိုရော၊ ဂျပန်ကိုရောပေါ့။ ဒါဆိုရင် တရုတ်နဲ့ရုရှားအပါအဝင် နိုင်ငံကြီးလေးနိုင်ငံရဲ့ အကူအညီတွေ ကျွန်တော်တို့ ရကြမှာပေါ့။

"ကျွန်တော် ဒါကို နားလည်ပါတယ်။ တောင်ကိုရီးယားက အမေရိကန်တပ်တွေကိစ္စကရော" "တောင်ကိုရီးယားက အမေရိကန်တပ်တွေက ကိုရီးယားစစ်မဖြစ်အောင် ကာကွယ်ပေးနေကြတာပါ။ ဒါ့အပြင် အရှေ့ဖျားနိုင်ငံတွေမှာ စစ်တပ်တည်ငြိမ်မှု ရှိအောင်

the bookhouse
we bring your future



လည်း ထိန်းပေးနေကြတာပါပဲ။ ကျွန်တော်တို့ညီညွတ် ပေါင်းစည်းပြီးသွားရင်တောင်မှ သူတို့ကို လိုအပ်နေဦးမှာပဲ"

ကိုရီးယားခေါင်းဆောင်နှစ်ဦးသည် ငြင်းခုန်လိုက်ကြ၊ သဘောတူလိုက်ကြနှင့် အချိန်အတော်ကြာ ဆွေးနွေးကြ၏။ တချို့အကြောင်းအရာများကို မိနစ်နှစ်ဆယ်၊ အချို့ကို နာရီဝက် စသဖြင့် အချိန်ပေးဆွေးနွေးကြ၏။

"ဆွေးနွေးပွဲပြီးရင် ခင်ဗျား ဆိုးလ်မြို့ကို လိုက်လည်ပါလား။ ကျွန်တော်ဖိတ်မန္တက ပြုပါရစေ"

"ခုအခြေအနေအတိုင်းဆို မလာချင်သေးဘူးဗျာ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်သွားလိုက်ရင် ကျွန်တော့်ပြည်သူတွေ ဘယ်ကြိုက်ကြမလဲဗျ"

"အဓိပ္ပာယ်မရှိလိုက်တာဗျာ။ ခင်ဗျားလာကို လာရမယ်။ ခင်ဗျားနဲ့ကျွန်တော် အမျိုးသားရင်ကြားစေ့ရေးတွေ ဆွေးနွေးနေကြတာနော်။ ခင်ဗျားက ဆိုးလ်ကိုမလာရင် ကျွန်တော်တို့ သဘောတူညီချက်တွေကို ဘယ်သူက တွန်းပို့ကြမှာလဲဗျ။ ခင်ဗျား လာကို လာရမယ်"

"ဟင့်အင်း၊ မလာနိုင်ဘူးဗျ။ အုပ်ချုပ်သူတစ်ဦးအနေနဲ့ ကျွန်တော်ဆိုးလ်ကို လာဖို့ဆိုတာ မဖြစ်နိုင်ဘူး"

"ခင်ဗျားက အရှေ့တိုင်းကျင့်ဝတ်ကို လိုက်နာတယ်လို့ မကြာမကြာ ပြောဖူးခဲ့တယ်။ ခင်ဗျားထက် ကျွန်တော်က အသက်ပိုကြီးတယ်နော်။ လူကြီးက လူငယ်ကို လာတွေ့တယ်။ အခု လူကြီးကဖိတ်တာကို လူငယ်ကငြင်းနေတော့ ဒါကျင့်ဝတ်နဲ့ဘယ်ညီပါ့မလဲဗျ"

"အေးဗျ။ ဒါလည်း မှန်ပါတယ်။ ကျွန်တော်သင့်လျော်တဲ့ တစ်ချိန်ချိန် အနာဂတ်မှာဆိုးလ်ကို လာပါမယ်"

ထိုသို့ သဘောတူညီချက်ရပြီးနောက် ခေါင်းဆောင်နှစ်ဦးသည် ကြေညာချက်ကို လက်မှတ်ထိုးကြရန်ဖြစ်၏။ 'ကင်မ်ဂျုံအီ' က 'ကင်မ်ဂျုံနမ်' ကို လက်မှတ်ထိုးခိုင်း၏။ "သူက မြောက်ကိုရီးယားရဲ့ အမြင့်ဆုံးပြည်သူ့ညီလာခံအကြီးအကဲလေ"ဟု ပြော၏။ 'ကင်မ်ဒေးဂျုံ' က ဒါကို လက်မခံ။

"ခေါင်းဆောင်အစစ်က ထိုးရမှာပေါ့ဗျ။ ကျွန်တော်က တောင်ကိုရီးယား သမ္မတလေ။ ဒါကြောင့် ကျွန်တော်လက်မှတ်ထိုးမယ်။ ခင်ဗျားလည်း ထိုးရမှာပေါ့"

ထိုအချက်ကို သူတို့ မိနစ် ၂၀ကြာမျှ ငြင်းကြပြန်၏။ နောက်ဆုံးမှ 'ကင်မ်ဂျုံအီ'က လက်မှတ်

the bookhouse
we bring your future

ထိုးခဲ့သည်။ သူတို့လက်မှတ်ထိုးမည့်နေ့မှာ ၁၄ ရက်နေ့ဖြစ်၏။ သို့သော် ကိုရီးယား အယူအဆအရ 'လေး'ဂဏန်းသည် မင်္ဂလာမရှိ၍ ၁၅ ရက်နေ့ နေ့လွဲဖြင့် လက်မှတ်ထိုးကြ၏။

"ခင်ဗျားက ပြန်တော်ပြန်မျက်နှာကောင်းရပြီး အောင်ပွဲခံတဲ့ သူရဲကောင်းအနေနဲ့ ပြန်မှာပေါ့နော်" ဟု 'ကင်မ်ဂျုံအီ' က အပြန်တွင် နောက်ပြောင်ပြောလိုက်၏။

"ကျွန်တော့်ကိုသူရဲကောင်းဖြစ်အောင် လုပ်ပေးလို့ ခင်ဗျားဘာများ ဂုဏ်သိက္ခာ လျော့သွားမှာမို့လဲ"

'ကင်မ်ဒေးဂျုံ'ကလည်း ပြန်ပက်၏။

■

နှစ်နိုင်ငံပူးတွဲကြေညာချက်မှာ ရှင်းရှင်းတိုတိုပင်ဖြစ်၏။ မြောက်နှင့်တောင် နှစ်နိုင်ငံသည် အမျိုးသားရေး ရင်ကြားစေ့မှု ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းသွားရန်ဖြစ်၏။ တောင်ကိုရီးယားပြည်သူများက 'ကင်မ်ဂျုံအီ' သည် တကယ်ပင် ဤကြေညာချက်ကို နှစ်နှစ်ကာကာ ရှိလှသည်ဟု ယုံကြည်ကြ ၏။ ညစာစားပွဲတွင် မြောက်ကိုရီးယားထိပ်တန်းစစ်ရေး နိုင်ငံရေးခေါင်းဆောင်များအားလုံးကို ဖိတ်ကာ 'ကင်မ်ဒေးဂျုံ'ကို ဂုဏ်ပြုစေ၏။

ထိုသို့သော ဆောင်ရွက်မှုများကြောင့် 'ကင်မ်ဒေးဂျုံ'သည် ၂၀၀၀ ပြည့်နှစ်အတွက် ငြိမ်းချမ်းရေးဆိုင်ရာ နိုဗယ်ဆုချီးမြှင့်ခြင်း ခံခဲ့ရ၏။ 'ကင်မ်ဂျုံအီ'လည်း နာမည်ကောင်းသတင်း ပျံ့မွှေးခဲ့၏။ သူ့ကို 'တိုင်းမ်စ်' မဂ္ဂဇင်းက 'တစ်နှစ်တာအတွင်း ထူးချွန်သောအာရှ ခေါင်းဆောင်'အဖြစ် ဂုဏ်ပြုဖော်ပြခဲ့၏။

၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ထုတ် 'နိုဒေါင်ရှင်မွန်း' သတင်းစာကလည်း 'ကင်မ်ဂျုံအီ' ၏ ဓာတ်ပုံနှင့် '၂၁ ရာစု၏ အကြီးကျယ်ဆုံးအပြောင်းအလဲနှင့် ဖန်တီးမှု နှစ်ဖြစ်သည်' ဟု ရေးထားသည်။ ၂၀၀၁ ဇန်နဝါရီတွင် 'ကင်မ်ဂျုံအီ'သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့၏။

ဆိုရှယ်လစ်မူဝါဒများကို ထိန်းသိမ်းရင်း လက်တွေ့အကျိုးစီးပွားများ တိုးတက်အောင်လုပ်ရေး ပေါ်လစီကိုလည်းချမှတ်ခဲ့၏။ ထိုအစီအစဉ်ကား လက်တွေ့တွင် မအောင်မြင်ပါ။ ဆန်ဈေးက အဆ ၅၅၀ တက်သွား၏။

တရားဝင်ဈေး အမေရိကန်တစ်ဒေါ်လာကို ၂.၂ ဝမ်ရှိရာမှ မှောင်ခိုဈေးတွင် ၂၀၀ ဝမ်ဖြစ်သွား၏။ လစာများကို အဆ ၂၀ တိုးပေးစေကာမူ ကုန်ဈေးနှုန်းကို လိုက်မမီ။ ဤအခက်အခဲများကို ဖြေရှင်းနိုင်ရန် ၂၀၀၂ ဧပြီလတွင် တောင်ကိုရီးယားက ပြုံးယမ်း၏

the bookhouse



ကိုယ်စားလှယ်များကို အာရုံဖွံ့ဖြိုးရေးဘဏ်၏ နှစ်ပတ်လည်အစည်းအဝေးတက်ရန် ဖိတ်၏။ ထိုဘဏ်သို့ဝင်ရန် မြောက်ကိုရီးယားက လျှောက်ထားဖူး၍ဖြစ်၏။

သို့သော် ဝါရှင်တန်က ဗီတိုအာဏာဖြင့် ပယ်ချ၍တက်ခွင့်မရ။ အမေရိကန် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ ပြုံးယမ်းသို့ရောက်လာ၏။ ထိုအဖွဲ့တွင် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာတာဝန်ခံ 'ဂျိမ်းစ်ကယ်လီ' လည်း ပါလာ၏။ 'ကယ်လီ' က မြောက် ကိုရီးယားကို ပူးပေါင်းဆောင်ရွက်ရန် တံခါးကို ပြန်ပိတ်ခဲ့သူဖြစ်၏။ အမေရိကန်သည်ကား ပြုံးယမ်းကောင်းစားရေးကို မည်သည့်အခါမှ ထည့်မတွက်သူဖြစ်၏။ သူသည် တောင်နှင့် မြောက်ကိုရီးယား ပြန်လည်သွေးစည်းသင့်မြတ်မှု ကိုလည်း ရှုစိမ့်ဟန်မတူ။

၂၀၀၀ ပြည့်နှစ်အစတွင် ကင်မ်အီဆွန်းတက္ကသိုလ်မှ ဘောဂဗေဒပါမောက္ခ တစ်ဦးက 'ကင်မ်ဂျုံအီ'၏ 'စစ်ရေးပထမ' နိုင်ငံရေးကို သုံးသပ်ပြခဲ့၏။ တကယ်တော့ ဤသို့ ကာကွယ်ရေးကို မတိုးချဲ့ခဲ့လျှင် ရန်သူနိုင်ငံများ၏ ချေမှုန်းဖျက်ဆီးခြင်းခံရမည့် အလားအလာ များကို တွက်ပြခဲ့၏။

'ကင်မ်ဂျုံအီ' သည် တစ်ချိန်တည်း အရေးပါသော အလုပ်နှစ်လုပ်ကို လုပ်နေရ၏။ 'နိုင်ငံကိုလည်း ကာကွယ်'၊ 'စီးပွားရေးကိုလည်း တိုးမြှင့်'ရသော အလုပ်များ ဖြစ်၏။ တစ်ခုကိုလျှော့မှ တစ်ခုတိုးတက်သည်။ သို့သော် နှစ်ခုလုံးက အရေးကြီးနေသည်။ လျှော့ပေါ့၍မရ။

၂၀၀၁ စက်တင်ဘာလ ၁၁ တွင် အယ်လ်ကေဒါးတို့သည် ကမ္ဘာ့ကုန်သွယ်မှု ဌာနနှင့် ပင်တဂွန်ကို တိုက်ခိုက်ခဲ့၏။ ဤတွင် အမေရိကန်က အကြမ်းဖက်မှုနှိမ်နင်းရာတွင် ဘင်လာဒင်တို့သာမက မြောက်ကိုရီးယားကိုပါ နှိပ်ကွပ်ရန် အစီအစဉ်များဆွဲလာ၏။ မြောက် ကိုရီးယားတွင် အနုမြူလက်နက်များရှိရာ ပို၍သတိထားရမည့် ရန်သူဟု သတ်မှတ် လာကြ၏။ ဤတွင် ဒုတိယအကြိမ်မြောက် အနုမြူလက်နက်ပြဿနာ ထပ်ပေါ်လာပြန် သည်။ သို့ဖြင့် နိုင်ငံတကာ၏အာရုံစိုက်မှုက မြောက်ကိုရီးယား၏လက်နက်တွေအပေါ် စုပြုံ ကျလာပြန်သည်။

၂၀၀၀ ပြည့်နှစ် စောစောပိုင်းကပင် တောင်ကိုရီးယားကာကွယ်ရေးဌာနက သတင်းပို့၏။ မြောက်ကိုရီးယားသည် စစ်ပွဲကာလ တစ်နှစ်တာအတွင်း စားသောက်ရန် စားနပ်ရိက္ခာနှင့် သုံးလစာ လောင်စာဆီများကို သိုမှီးထားပြီဟူ၍ မြောက်ကိုရီးယားက အရန်ရိက္ခာ၊ လောင်စာဆီ သူ့ဘာသာသူ သိုလှောင်သည်ကိုပင် စစ်ပြင်နေပြီ ဘာသာပြန် သူက ပြန်ကြ၏။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး 'မက်ဒလင်းအောဘရိုက်'သည် ကလင်တန် သမ္မတခေတ်က ပြုံးယမ်းသို့ ရောက်ဖူးကာ 'ကင်မ်ဂျုံအီ'နှင့် တွေ့ဖူး၏။

the bookhouse

သူက "ကင်မ်ဂျုံအီဟာ သိပ်ပြီးဉာဏ်ထက်မြက်သူပဲ။ သူဘာလိုချင်သလဲဆိုတာလည်း ကောင်းကောင်းသိသူပဲ"ဟု မှတ်ချက်ချဖူး၏။ 'အောဘရိုက်'သည် 'ကင်မ်'နှင့် 'ကလင်တန်'ကို ဆုံပေးရန်စီစဉ်၏။ သူတို့နှစ်နိုင်ငံအကြား ထိပ်တိုက်ရင်ဆိုင်နေရသော လက်နက်ပြဿနာကို အဖြေရှာရန်ဖြစ်၏။

"ကျွန်တော် ဒုံးကျည်လက်နက်တွေကို အီရန်နဲ့ဆီးရီးယားကို ရောင်းပါတယ်။ အဲဒါက နိုင်ငံခြားငွေလိုနေလို့ပါ။ အမေရိကန်က စီးပွားရေးပိတ်ဆို့မှုတွေလုပ်နေလို့ ဒီလိုလုပ်ရတာပါပဲ။ ထိပ်တိုက်ရင်ဆိုင်မှုမရှိရင် လက်နက်ကိစ္စလည်း ဘာမှပြဿနာမရှိပါဘူး" ဟု 'ကင်မ်ဂျုံအီ' က 'အောဘရိုက်' ကို ပြောခဲ့၏။

"ကျွန်တော်က တရုတ်နိုင်ငံကျင့်သုံးနေတဲ့ ဆိုရှယ်လစ်ဝါဒရဲ့ဈေးကွက်စီးပွားရေး ရောယှက်လုပ်တာမျိုး မကြိုက်ဘူး။ ဆွီဒင်လိုပုံစံမျိုးမှ ကြိုက်သေးတယ်။ သူက တရုတ်ထက်ပိုပြီး ဆိုရှယ်လစ် စစ်တယ်" ဟုလည်း ပြောခဲ့သည်။

'ကင်မ်ဂျုံအီ' နှင့် တွေ့ဆုံပြီးနောက် 'အောဘရိုက်' က အောက်ပါအတိုင်း မှတ်ချက်ချခဲ့၏။

"သူက သူ့ကိုယ်သူ နိုင်ငံကိုကာကွယ်သူ၊ သူ့နိုင်ငံရဲ့ကျေးဇူးရှင်ကြီးလို့ ယုံကြည်ထားတဲ့သူပဲ။ သူက သူ့နိုင်ငံအကျိုးစီးပွားအတွက် ယုံကြည်ချက်ကို မဆုတ်မနစ် အကောင်အထည်ဖော် ကြိုးစားနေသူဖြစ်ပါတယ်"

ကလင်တန်ခေတ်တွင် မြောက်ကိုရီးယားနှင့် ပြေပြေလည်လည်ဆွေးနွေးရန် လမ်းစများပေါ်ခဲ့၏။ 'ကင်မ်ဂျုံအီ' သည် ဒုံးကျည်လက်နက်ကိစ္စများနှင့်ပတ်သက်၍ ညှိညှိနှိုင်းနှိုင်းလုပ်ရန် ဆန္ဒရှိသူဟု 'အောဘရိုက်' က ယုံကြည်ထားသည်။ သို့သော် ၂၀၀၁ တွင် ဝါရှင်တန်၌ ဂျော့ဘွတ်ရှ်အစိုးရတက်လာသောအခါ အခြေအနေတစ်မျိုးပြောင်းလာပြန်၏။

သမ္မတဘွတ်ရှ်၏ 'မကောင်းဆိုးရွားဝန်ရိုးများ' မိန့်ခွန်းနောက်ပိုင်းတွင် အခြေအနေ ပိုတင်းမာလာ၏။ ထို့ကြောင့် မြောက်ကိုရီးယားသည် ၂၀၀၂ ဒီဇင်ဘာလတွင် နိုင်ငံတကာ အနုမြူစွမ်းအင်အေဂျင်စီမှ စစ်ဆေးရေးသမားများကို ပြန်ပို့လိုက်၏။

၂၀၀၃ ဇန်နဝါရီလတွင် အနုမြူလက်နက်ဖျက်သိမ်းရေးစာချုပ်မှ မြောက်ကိုရီးယား နှုတ်ထွက်ခဲ့၏။ အီရတ်ကို စကတ်ဒုံးကျည်များဖြင့် ပစ်ခတ်အနိုင်ယူမှုကြောင့် 'ကင်မ်ဂျုံအီ' လည်း စိုးရိမ်လာ၏။

၂၀၀၃ အောက်တိုဘာတွင် ပြုံးယမ်းက လောင်စာချောင်း ၈၀၀၀ ကို သိမ်းဆည်းထားရာမှ ပြန်ထုတ်လုပ်ကြောင်း ကြေညာ၏။

the bookhouse



"ဒါတွေက အနုမြူလက်နက် ၅ ခု၊ ၆ ခုလောက်လုပ်လို့ရတယ်"ဟု အမေရိကန်က ပြောသည်။ ၂၀၀၄ စောစောပိုင်းတွင် ပြုံးယမ်းသည် ပလူတိုနီယမ်အခြေခံအစီအစဉ်ကို ပြန်လည်ရပ်ဆိုင်း၏။ အမေရိကန်၊ တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်၊ ရုရှားတို့နှင့် ညှိနှိုင်းရန်အတွက်ဖြစ်၏။ သူနှင့်ဘာအပေးအယူလုပ်လို့ရမလဲ။ ဝါရှင်တန်မှမူ သူသည် မကျူးကျော်ရေးစာချုပ်၊ သံတမန်ဆက်ဆံရေးများကို အနုမြူလက်နက်နှင့် အပေးအယူလုပ်လိုသော ဆန္ဒရှိ၏။

■

၂၀၀၄ ခုနှစ် စောစောပိုင်းတွင် ပြုံးယမ်းက ပလူတိုနီယမ် အခြေခံအစီအစဉ်ကို ခေတ္တရပ်နားကာ အမေရိကန်၊ တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်၊ ရုရှားတို့နှင့် ညှိနှိုင်းလစာ အပေးအယူကိစ္စ ဆွေးနွေး၏။ ဆိုလိုသည်မှာ အနုမြူလက်နက်မလုပ်လျှင် ထိုနိုင်ငံများက ဘာကူညီမလဲ တီးကြည့် ခေါက်ကြည့်ခြင်းဖြစ်၏။

'ကင်မ်ဂျုံအီ'၏ ယောက်ဖ 'ချန်ဆွန်တက်'နှင့် ကိုယ်စားလှယ် အဖွဲ့သည် တောင်ကိုရီးယားသို့သွားကာ စီးပွားရေးကို လေ့လာကြ၏။ အထူးသဖြင့် သံမဏိနှင့် ဓာတ်မြေဩဇာထုတ်လုပ်ရေးကို လေ့လာကြ၏။ ဂေါက်ကွင်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိုလည်း စိတ်ဝင်စားကြ၏။

မြောက်ကိုရီးယား၏ ဓာတုစက်မှုလုပ်ငန်းဝန်ကြီး 'ပတ်မွန်ဂျူ' သည် ယခင်နှစ်က ဆိုးလ်မြို့သို့ အဆင့်မြင့်လေ့လာရေး အဖွဲ့ခေါင်း ဆောင်အဖြစ် သွားရောက်လေ့လာခဲ့၏။ ယခုသူသည် မြောက်ကိုရီးယား ဝန်ကြီးချုပ်ဖြစ်လာကာ ပြည်တွင်းစီးပွားရေးကို အထူးအာရုံစိုက် လုပ်ကိုင်လာ၏။

သူ၏လက်ထက်တွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကိုလုပ်ခဲ့၏။မြောက်ကိုရီးယားသုံးငွေ 'ဝမ်'နှင့် 'ဒေါ်လာ' ပေါက်ဈေး ကွာဟချက်ကိုညှိရန် ကြိုးပမ်းခဲ့၏။ ပြောင်းနှင့် ဆန်စိုက်ပျိုးရေးကို ဖိလုပ်ကြ၏။ ထို့အပြင် ဆေးရွက်ကြီး၊ နှမ်း၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကိုလည်း တိုးပြီးစိုက်ပျိုး၏။ ၎င်းတို့ကြောင့် ပြည်သူများ ဝင်ငွေတိုးလာသကဲ့သို့ နိုင်ငံခြားသုံးငွေလည်း လျော့ပါးလာခဲ့၏။

တောင်ကိုရီးယားနယ်စပ်အနီးရှိ 'ခေဆုံ' ဒေသတွင် စက်မှုနယ်မြေကြီးတစ်ခု တည်ထောင်ခဲ့ကာ အလုပ်သမားတော်တော်များများကို အလုပ်အကိုင်သစ်များ ရှာဖွေပေးနိုင်လာသည်။ အလုပ်သမားတစ်ဦးကို ပျမ်းမျှအားဖြင့် ဒေါ်လာ ၅၀ နှင့် လစာအပေါ်

the bookhouse

မှတည်တွက်ချက်ထားသော ၁၅ ရာခိုင်နှုန်း လူမှုအာမခံကြေးပါ ထပ်ဆောင်းပေး၏။ ပြင်ပမှ ရင်းနှီးမြှုပ်နှံသူများကမူ သူတို့၏အမြတ်အစွန်းထဲမှ ၁၄ ရာခိုင်နှုန်း ခံစားခွင့်ပေး၏။

ဇန်နဝါရီ ၂၀၀၄ တွင် ဥရောပ၏ကုန်သည်ကြီးများအသင်းက ပြုံးယမ်းတွင် ဖြိုဟ်တုစခန်းပင် လာဖွင့်၏။ ပြုံးယမ်းတွင် စီးပွားရေးအခြေအနေကောင်းလာ၍ မိုဘိုင်းဖုန်းကိုင်သူပေါင်း နှစ်သောင်း၊ ကွန်ပျူတာပေါင်း ပ.စ်သိန်းကျော်ထိ သုံးစွဲလာကြ၏။

မြောက်ကိုရီးယားသည် တရုတ်ပြည်၏စီးပွားရေးစနစ်ကို အတုမခိုးဟု ကြိမ်ဖန်များစွာ ငြင်းခဲ့၏။ သို့သော် ၁၉၇၀ ခုနှစ်များတွင် ဟန်ဂေရီနိုင်ငံက ကျင့်သုံးခဲ့သော စနစ်ကိုမူ အတုယူခဲ့ပုံရ၏။ ပြင်ပစီးပွားရေးကျွမ်းကျင်သူများကမူ တရုတ်နှင့်ဗီယက်နမ်တို့ကို အတုခိုးလျှင် ပိုသင့်လျော်သည်ဟု အကြံပေးကြ၏။

'ကင်မ်ဂျုံအီ'သည် ပြုပြင်ပြောင်းလဲမှုကို စိတ်ဝင်စားသည်။ တရုတ်ပြည်မှ ခေါင်းဆောင်ကြီးတိန့်ရှောက်ဖိန်၏ တံခါးဖွင့်ဝါဒ၊ တစ်နိုင်ငံစနစ်နှစ်ခုဝါဒတို့ကြောင့် တရုတ်စီးပွားရေး အရှိန်အဟုန်တက်လာမှုကို အားကျ၏။ 'ကြောင်ဆိုတာ ဖြူချင်ဖြူ မည်းချင်မည်း၊ ကြွက်ခုတ်ဖို့ အဓိက' ဆိုသော သဘောတရားကို လက်ခံလို၏။ သို့သော် သူသည် တရုတ်နှင့်ပုံတူကူးမချလို။ သူ့ဘာသာသူ ကိုယ့်နည်းကိုယ့်ဟန်နှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို လုပ်ချင်သည်။

မြောက်ကိုရီးယားတွင် စနစ်ပြန်လည်ပြုပြင်မှုကြောင့် ရရှိလာသော အကျိုးအမြတ်အချို့ကို ဇယားနှင့်ယှဉ်ဖော်ပြလျှင် ပို၍ထင်သာမြင်သာရှိပါသည်။



| စာစောပိုင်းကာလမှ ၁၉၉၀ခုနှစ် အလယ်ပိုင်းထိ | ၁၉၉၈ မှ ၂၀၀၄ စာစောပိုင်း |
|---|---|
| (၁) တောင်ကိုရီးယားနိုင်ငံကို အယူအဆတင်းမာသောသူများက အုပ်ချုပ်နေဆဲ။ မြောက်ကိုရီးယား၏ ပထမအကြိမ်အနုမြူပြဿနာကိုအကြောင်းပြကာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို စိတ်ဝင်စားကြသည်။ | (၁) တောင်ကိုရီးယားသည် ပွင့်လင်းမှုပေါ်လစီအောက်တွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ပြောကြားနေသည်။ ဒုတိယအကြိမ် အနုမြူပြဿနာဖြစ်နေဆဲမှာပင် ပူးပေါင်းဆောင်ရွက်မှုများကို ကမ်းလှမ်းနေဆဲဖြစ်၏။ |
| (၂) မြောက်ကိုရီးယားမှ ပြည်သူအများအပြားက တောင်ကိုရီးယားကို စစ်ရေးအရ အနိုင်ယူရန် အာသီသပြင်းပြနေကြ၏။ ၁၉၉၅ ခုနှစ် ပြန်လည်ပေါင်းစည်းရေးအတွက် လူငယ်များက လူထုလှုပ်ရှားမှုလုပ်ကာ အပျော်တမ်းတပ်ဖွဲ့များဝင်ကြ၏။ | (၂) မြောက်ကိုရီးယားတွင် စစ်ရေးအင်အားကျလာ၏။ ငတ်မွတ်နေသောစစ်သားများ စိတ်ဓာတ်ကျနေ၏။ ၁၉၉၅ တွင် နှစ်နိုင်ငံပြန်လည် ပေါင်းစည်းမှုမရ၍ ပို၍စိတ်ဓာတ်ကျနေကြသည်။ |
| (၃) ကင်မ်ဂျုံအီက အယူအဆဟောင်းများကို ဖက်တွယ်နေဆဲဖြစ်၏။ စစ်တပ်ကိုမူ ကောင်းစွာ ထိန်းချုပ်ထား၏။ | (၃) ကင်မ်ဂျုံအီသည် စစ်အာဏာရှင်အဖြစ် အုပ်စိုးရန်တာစူနေပြီး တစ်ချိန်တည်းတွင် စီးပွားရေးကို ဂရုစိုက်လာ၏။ ၂၀၀၁ တွင် တရုတ်ပြည်သို့ စစ်ရေးခေါင်းဆောင်သုံးဦး နှင့်အတူ သွားခဲ့၏။ |
| (၄) ကင်မ်အီဆွန်းကွယ်လွန်၏။ ရေလွှမ်းမိုးမှု၊ အငတ်ဘေးဆိုက်ရောက်မှုများဖြစ်၏။ | (၄) စီးပွားရေးနာလန်ထူစပြုလာ၏။ |
| (၅) မြောက်ကိုရီးယားကို အားပေးသော 'ရှင်ကာနေမာရူး' သည် ၁၉၉၃ တွင် ဂျပန်နိုင်ငံရေးလောကတွင် တာမစားတော့။ | (၅) ၁၉၉၈တွင် မြောက်ကိုရီးယားက ဂျပန်နိုင်ငံကိုကျော်၍ဒုံးပျံပစ်လွှတ်မှုကြောင့် ဂျပန်နှင့်ရေရှည် ဆက်ဆံရေး ပြန်လည် သုံးသပ် စဉ်းစားလာရ၏။ |
| (၆) ဆက်ဒမ်ဟူစိန်က ကိုယ့်လမ်းကိုယ်လျှောက် အမေရိကန်ကို စော်ကားဟူသော လမ်းစဉ်ကို မြောက်ကိုရီးယားက လိုက်နာ၏။ | (၆) ၂၀၀၃ ဒီဇင်ဘာလတွင် ဆက်ဒမ်ဟူစိန် အဖမ်းခံရသည်။ |

the bookhouse

the bookhouse

| | |
|---|---|
| (၇) နိုင်ငံခြားသား ကြောက်ရောဂါရှိသောမြောက်ကိုရီးယားတို့သည် နိုင်ငံခြားနှင့် ဆက်ဆံရာတွင် အဆင်သင့် မဖြစ်တတ်ကြ။ | (၇) နိုင်ငံခြားအကူအညီပေးရေး အဖွဲ့များနှင့် ဆက်သွယ်မှုများ ပိုလာကာ သဘောထားများ ပြောင်းလဲလာ၏။ |
| (၈) မြောက်ကိုရီးယား တော်တော်များများက ဆိုရှယ်လစ်စနစ်သည်သာ ရှင်သန်အားကိုးရာဟု ယူဆကြ၏။ ဆင်းရဲဒုက္ခခံကာ စနစ်တစ်ခု အောင်မြင်ရေးကို အောင့်အီး စောင့်ဆိုင်းကြ၏။ | (၈) ရာရှင်နှင့်စားသုံးရသောစနစ်၊ ငွေကြေးထိန်းချုပ်ထားသောစနစ်ကို မကျေနပ်ကြ။ ပွင့်လင်းသော စီးပွားရေးလုပ်ဆောင်မှုကို လိုလားကြ၏။ |
| (၉) ဈေးကွက်စီးပွားရေးဖော်ဆောင်ရန်အတွေ့အကြုံရှိသူများ လေ့ကျင့်ပျိုးထောင်မှု အားနည်းနေ၏။ | (၉) ကုန်သည်များနှင့် စီးပွားရေးစွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ထွန်းလာ၏။ လူငယ်များသည် အနောက်နိုင်ငံတွင် စီးပွားရေးလုပ်ငန်း သင်ယူ လာကြ၏။ |

'ကင်မ်ဂျုံအီ' သည် နိုင်ငံကိုကောင်းစားစေချင်သည်။ သူ့ပြည်သူများကို ဝဝလင်လင်၊ ရွှင်ရွှင်ပျပျ၊ တက်တက်ကြွကြွ ဖြစ်စေချင်သည်။ ထို့အတွက် နိုင်ငံတကာနှင့် ဆက်ဆံပြီး ငြိမ်းငြိမ်းချမ်းချမ်းနေလို၏။ လူသတ်လက်နက်များနှင့် ငြိမ်းချမ်းသာယာဝပြောမှုကို လဲလှယ်လိုလာသည်။

သို့သော် သူ့မှာက မလူးသာ မလွန့်သာ အခြေအနေ ရင်ဆိုင်နေရ၏။ ရန်သူတွေက ဝိုင်းနေ၏။ လက်နက်မရှိလျှင် သူ့ကိုဝိုင်းတိုက်ကြပြီး အမဲဖျက်သလို ဖျက်မည့်ဘေးက အဆင်သင့်။ လက်နက်သည်ဘေးမှ ကာကွယ်ရန် 'ဟန်ကိုယ့်ဖို့'လုပ် ထားရ၏။

အနောက်အင်အားစုတို့က 'ကင်မ်ဂျုံအီ' ကို ဖယ်ရှားပြီး သူတို့စိတ်ကြိုက်ကြိုးဆွဲထိုင်ကနိုင်မည့် ရုပ်သေးအစိုးရကိုတင်ရန် နည်းမျိုးစုံနှင့် ကြိုးစားနေကြ၏။

တောင်ကိုရီးယားတွင် 'ပတ်ချုံဟီး' ကို သူတို့ ဤနည်းအတိုင်း ဝင်ခဲ့ပြီးပြီ။ သို့သော် သူတို့က 'ကင်မ်ဂျုံအီ'ကို ဖြုတ်ချပြီး မည်သူ့ကို ခေါင်းဆောင်တင်မလဲဆိုသော ပြဿနာကို





ခေါင်းခဲနေကြ၏။ 'ကင်မ်ဂျုံအီ' ထက် ပိုဆိုးသူကို ရွေးမိလျှင်အခက်။

ယခုလက်ရှိ အနေအထားအရ မြောက်ကိုရီးယားသည် 'ကင်မ်ဂျုံအီ' ၏ လက်အောက်တွင် စည်းစည်းရုံးရုံး ညီညီညွတ်ညွတ် ရှိလှသည်ကား မည်သူမျှ မငြင်းနိုင်။

"အမေရိကန်သည်သာ မြောက်ကိုရီးယားအပေါ် ရန်လိုသော ပေါ်လစီပြောင်းခဲ့လျှင် မြောက်ကိုရီးယားသည်လည်း အနုမြူလက်နက် ဖျက်သိမ်းရန်အသင့်" ဟု မြောက်ပါတီညီနှိုင်းရေးအဖွဲ့က ၂၀၀၄ ဖေဖော်ဝါရီတွင် ပေကျင်း၌ ပြောကြားခဲ့၏။

သို့သော် အမေရိကန်ဘက်မှ မလှုပ်သဖြင့် မြောက်ကိုရီးယားကလည်း ပိုနေမြဲကျားနေမြဲ။ တတ်နိုင်လျှင် အမေရိကန်သမ္မတ၏ ကိုယ်စားလှယ်တစ်ဦးဦးနှင့် 'ကင်မ်ဂျုံအီ' တိုက်ရိုက်တွေ့ဆုံဖို့လို၏။ သို့သော် အမေရိကန်ဘက်က အပြုသဘောထက် အဖျက်သဘော အမြင်တွေက များနေ၍ ထိုကိစ္စ အကောင်အထည်မပေါ်။

'ကင်မ်ဂျုံအီ' သည် အနောက်တိုင်းစာနယ်ဇင်းများ ရေးသားဖော်ပြနေသကဲ့သို့ ကဗွတ်ထိုးသမား အာဏာရှင်တစ်ဦးမဟုတ်။ သူ့ဘက်က လိုက်လျော အလျှော့ပေးတာတွေ အများကြီး ရှိသည်။ ခေါင်းဆောင်ကြီး 'ကင်မ်အီဆွန်း' ၏ အသုဘအခမ်းအနားကို နိုင်ငံတော်တော် များများမှခေါင်းဆောင်များ တက်ရောက်၏။ တောင်ကိုရီးယားသမ္မတ 'ကင်မ်ယုံဘန်' ကိုလည်း ဖိတ်ကြား၏။ သို့သော် 'ကင်မ်ယုံဘန်'က ခါးခါးသီးသီး ငြင်းခဲ့၏။

"တကယ်လို့ သူသာတက်ရောက်ခဲ့ရင် သူဟာမြောက်ကိုရီးယားမှာ ဩဇာအရှိဆုံး၊ အကြည်ညိုခံရဆုံး ပုဂ္ဂိုလ်ဖြစ်လာမှာသေချာတယ်။ ဖြစ်လာနိုင်တယ်။ ဒါပေမဲ့ ခုတော့ ဝမ်းနည်းစရာပဲ"ဟု 'ကင်မ်ဂျုံအီ' ကပြောခဲ့သည်။

သူသည် သူ့ဖခင်ကြီးမျှော်မှန်းခဲ့ကြသော ကိုရီးယားနှစ်နိုင်ငံညီညွတ်ပေါင်းစည်းရေးကို အထူးကြိုးပမ်းချင်စိတ် ပြင်းပြလှ၏။ ထိုအဆင့်ကို မရောက်မီစပ်ကြားတွင် နှစ်နိုင်ငံပူးပေါင်းကုန်သွယ်ကြ၊ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံကြရေးကို သူတစ်ချိန်လုံး ကြိုးပမ်းခဲ့၏။

'ကင်မ်ဂျုံဟီ' သည် နောက်ပိုင်းတွင် စစ်ရေးကိစ္စ သိပ်မပြောတော့။ သူက စီးပွားရေးဖွံ့ဖြိုးရေးကိုသာ ပို၍ကြိုးပမ်းခဲ့၏။ ဤအချက်နှင့်ပတ်သက်၍ မြောက်ကိုရီးယားအပေါ် တစ်ချိန်လုံး မကောင်းမြင် ဝေဖန်ပြစ်တင်ကြသူများပင်လျှင် သဘောတူကြ၏။

'ကင်မ်ဂျုံအီ' ဟာ ငယ်ငယ်တုံးကလို စစ်သွေးကြွ တယူသန်မဟုတ်တော့ဘူး။ အခြေအနေနဲ့ အချိန်အခါ၊ အတွေ့အကြုံတွေအရ သူပြောင်းလဲတန်သလောက် ပြောင်းလဲခဲ့ပါပြီ။ ကျိန်းသေတာကတော့ သူ ပြည်သူတွေအကျိုးကို သူလုပ်ဖို့ရာ ဝန်လေးတဲ့သူ မဟုတ်တာပါပဲဟု ဝေဖန်သုံးသပ်လာကြ၏။

■

ကင်မ်ဂျုံအီ (သို့မဟုတ်)
မြောက်ကိုရီးယား၏
ချစ်လှစွာသော ခေါင်းဆောင်ကြီး



the bookhouse
we bring your future

## အခန်း ၁၀

## ခေါင်းဆောင်ဆက်ခံမှု အလားအလာ

"ကင်မ်ဂျုံအီ" ၏ရာထူးကို ဆက်ခံဖို့ရာ အစီအစဉ်တွေလည်း လုပ်လာသည်။ ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး "မယ်ဒလင်အော်ဘရိုက်" နှင့် ညစာစားသုံးရင်း "ကင်မ်ဂျုံအီ" က ထိုအလားအလာကိစ္စကို ရိပ်ဖမ်းသံဖမ်းပြောဖူး၏။

## ခေါင်းဆောင်ဆက်ခံမှု အလားအလာ

မြောက်ကိုရီးယားသည် မည်မျှထိကြာကြာ သီးခြားနေနိုင်ပါမလဲ။ ၁၉၉၈ နောက်ပိုင်းတွင် မြောက်ကိုရီးယားသည် ပြည်တွင်းတွင် အပြောင်းအလဲများစွာ လုပ်ခဲ့၏။ စီးပွားရေးတံခါးဖွင့်မှု တော်တော်များများလုပ်ကာ စက်မှုဇုံတွေ ဖွင့်၏။ ပြင်ပလောကနှင့် အချိန် အတော်ကြာ ပိတ်ပင်တားဆီးမှုတွေ ပြန်ဖွင့်ပေး၏။ ဤနေရာတွင်မူ တရုတ်ပုံစံထက် ရုရှားပုံစံကို ပိုအတုယူ၏။

'ကင်မ်ဂျုံအီ' ၏ ရာထူးကို ဆက်ခံဖို့ရာ အစီအစဉ်တွေလည်း လုပ်လာသည်။ ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး 'မယ်ဒလင်အောဘရိုက်'နှင့် ညစာစားသုံးရင်း 'ကင်မ်ဂျုံအီ'က ထိုအလားအလာကိစ္စကို ရိပ်ဖမ်းသံဖမ်းပြောဖူး၏။

"ထိုင်းနိုင်ငံဟာ ခိုင်မာတဲ့မင်းဆက်စနစ်ကို အောင်မြင်စွာထူထောင်ခဲ့တာ နှစ်ပရိစ္ဆေဒ ရှည်ကြာခဲ့ပါပြီ။ စီးပွားရေးကျတော့ ဈေးကွက်စီးပွားရေးလုပ်တယ်။ ထိုင်းရဲ့ စနစ်ကို ကျွန်တော် စိတ်ဝင်စားပါတယ်" ဟု 'ကင်မ်ဂျုံအီ' က ပြောခဲ့သည်။

မြောက်ကိုရီးယားအစိုးရ အာဘော်သတင်းစာက 'နိုဒုံးရှင်မွန်း' ကလည်း 'ကိုရီးယားတော်လှန်ရေးသည် သားမျိုးဆက်မှသည် မြေးမျိုးဆက်ထိတိုင် သယ်ဆောင်သွားမည်'ဟု ရေးခဲ့၏။ ထိုသတင်းစာကပင်လျှင် 'ခေါင်းဆောင်ကြီး 'ကင်မ်အီဆွန်း'သည်



သားဖြစ်သူ 'ကင်မ်ဂျုံအီ'အား သူ၏အရိုက်အရာဆက်ခံရန် ရွေးချယ်မှုမှာ အလွန်မှန်ကန်လှသည်' ဟု ရေးခဲ့၏။ 'ကင်မ်အီဆွန်း'က 'ကင်မ်ဂျုံအီ'ကို အရိုက်အရာဆက်ခံသူအဖြစ် သူ့အသက် ၆၀ တွင် ရွေးခဲ့၏။ ယခု 'ကင်မ်ဂျုံအီ'လည်း ၂၀၀၂ ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင် အသက် ၆၀ ပြည့်ပြီ။ ကွန်မြူးနစ်အယူဝါဒအရမူ သားကြီးဩရသသည် မိသားစုအရိုက်အရာကို ခံစားရသည်က အစဉ်အလာဖြစ်၏။ သားငယ်တွေက အရံတွေ။

၂၀၀၁ မေလတွင် ဂျပန်ထောက်လှမ်းရေးအဖွဲ့မှ စုံစမ်းသိရှိချက်အရ 'ကင်မ်ဂျုံအီ' ၏အကြီးဆုံးသား 'ကင်မ်ဂျုံနမ်'သည် မေလ ၁ ရက်နေ့တွင် စင်ကာပူမှ တိုကျိုသို့ ရောက်လာမည်ဟု သိရ၏။ စင်ကာပူမှနေ၍ ဂျပန်လေကြောင်းဖြင့် 'ပန်ဇီယွန်' ဟူသော တရုတ်နာမည်ဆန်ဆန် အမည်ဖြင့်လာမည်ဟု ဆို၏။ သူနှင့်အတူ အမျိုးသမီးနှစ်ဦး၊ လေးနှစ်သားကလေးတစ်ဦးလည်း ပါလာမည်ဟု သိရ၏။

တိုကျိုနာရီတာလေဆိပ်တွင် သူတို့ကို လူဝင်မှုကြီးကြပ်ရေးဌာနက စစ်ဆေး၏။ ပထမတော့ သူက ငြင်း၏။ နောက်မှ "ကျွန်တော်က ကင်မ်ဂျုံအီရဲ့သားပါ"ဟု ထွက်ဆို၏။ ဒိုမီနီကန်သမ္မတနိုင်ငံပတ်စ်ပို့တ်တွင် ရေးထားသော သူ့မွေးသက္ကရာဇ်မှာ ၁၀-၅-၁၉၇၁ ဖြစ်သည်။ ထိုပတ်စ်ပို့တ်အတုတစ်ခုကို ဒေါ်လာ ၂၀၀၀ ပေးဝယ်ခဲ့ရသည်ဆို၏။ နှစ်နိုင်ငံချစ်ကြည်ရေးအရ သူတို့ကို ဖမ်းဆီးအရေးယူခြင်းမပြုဘဲ နိုင်ငံသို့ ပြန်ပို့ခဲ့၏။ သူတို့အုပ်စုက ပေကျင်းသို့ ထွက်ခွာခဲ့ကြ၏။

'ကင်မ်ဂျုံနမ်'သည် ဆံပင်က ခေါင်းတုံးဆံတောက်ပုံစံ၊ မုတ်ဆိတ်ကျင်စွယ် အလှထားသော မျက်နှာဝိုင်းဝိုင်းပုဂ္ဂိုလ်ဖြစ်၏။ လမ်းလျှောက်ပုံက 'ကင်မ်ဂျုံအီ'နှင့်ရော 'ကင်မ်အီဆွန်း'နှင့်ပါ တူ၏။ မျက်မှန်အဝိုင်းခပ်ကြီးကြီး တပ်ထား၏။ ရွှေဆွဲကြိုးနှင့် ရွှေနာရီနှင့်။ ဘောင်းဘီက ဂျင်းဘောင်းဘီ၊ အင်္ကျီက အနီ၊ အပြာ၊ အဖြူ ကြားဂျက်ကတ် (ဤအရောင်သည် မြောက်ကိုရီးယားအလံအရောင်)။ အမျိုးသမီးမှာ 'ကင်မ်ဂျုံနမ်'၏ဇနီး 'ရှင်ဂျုံဟွီ' ဖြစ်၏။ သူသည် 'အဲကိုရီယို' ဆိုသော မြောက်ကိုရီးယားလေကြောင်းဌာနဥက္ကဋ္ဌ၏ သမီးဖြစ်၏။ နောက်အမျိုးသမီးတစ်ဦးမှာ 'ယီဂျုံဟွီ' ဖြစ်ပြီး 'ရှင်' ၏ အမျိုးဖြစ်ဟန်တူ၏။

'ကင်မ်ဂျုံနမ်' ၏မိခင် 'ဆုံဟိုင်ရင်းမ်' သည် 'နယ်စပ်ရွာ' ဟူသော ရုပ်ရှင်ဇာတ်ကားတွင် မင်းသမီးလုပ်ခဲ့သူဖြစ်၏။ ၁၉၆၀ ပိုင်းလောက်က 'ကင်မ်ဂျုံအီ'က သူ့ကိုတွေ့၏။ သူက 'ကင်မ်ဂျုံအီ' ထက် အသက်ပိုကြီး၏။ 'ကင်မ်ဂျုံအီ'နှင့်မရခင် လူတစ်ဦးနှင့် အကြောင်းပါဖူးကာ သမီးတစ်ယောက်ရခဲ့၏။ 'ကင်မ်ဂျုံအီ' သည် 'ဆုံဟိုင်ရင်းမ်'နှင့် သူ့သားလေး 'ကင်မ်ဂျုံနမ်' တို့ကို အမှတ်-၁၅ အိမ်ဂေဟာတွင်ထား၏။ သက်တော်စောင့် ၅၀၀၊ ဝန်ထမ်း ၁၀၀ ရှိသည်ဆို၏။

'ဆုံဟိုင်ရင်းမ်' ၏မိခင်၊ သူမ၏ညီမ မုဆိုးမ 'ဆုံဟိုင်ရန်' သူမ၏ ကလေးနှစ်ဦးတို့သည်လည်း လာနေကြ၏။ အိမ်တွင် 'ကင်မ်ဂျုံအီ' က 'ဆုံဟိုင်ရင်းမ်' ကို 'ယိုဘို' (ဇနီးသည်) ဟု ခေါ်သော်လည်း အခြားလူများနှင့် မိတ်ဆက်ပေးလျှင်မူ "ကျွန်တော့်သားရဲ့အမေလေ" ဟု ပြောတတ်၏။

သို့သော် ၁၉၇၃ တွင်မူ 'ကင်မ်ဂျုံအီ' သည် 'ကင်မ်ယုံဆွတ်' နှင့် ညိစွန်းပြီး သူ၏တရားဝင်ဇနီးအဖြစ် သတ်မှတ်ခဲ့၏။ သားဖြစ်သူ 'ကင်မ်ဂျုံနမ်' ကိုမူ 'ကင်မ်ဂျုံအီ' က သူနှင့်အတူခေါ်ထားကာ အတူတူနေစေ၏။ သူ့သားကိုမူ သူက တော်တော်ချစ်၏။ ညည အိပ်ခန်းထဲဝင်ကာ သားအိပ်ပျော်၊ မပျော် ဝင်ကြည့်တတ်၏။ အီလက်ထရွန်နစ်ကစားစရာတွေ စိတ်တိုင်းကျဝယ်ပေးထားသည်။ မွေးနေ့ပွဲတွေကိုလည်း ကောင်းကောင်းကျင်းပပေးသည်။ သူ့ဖခင် 'ကင်မ်အီဆွန်း' က သူ့ကိုချစ်သလိုပင် သူကလည်းသူ့သားကို သူချစ်သည်။

၁၉၇၉ တွင် 'ကင်မ်ဂျုံနမ်'သည် ရှစ်နှစ်အရွယ် ရောက်လာ၏။ ထိုအချိန်တွင် အမှတ်-၁၅ အိမ်ဂေဟာသို့ သူ၏အစ်မဝမ်းကွဲတော်သူ ၁၃ နှစ်သမီး 'လီနမ်အုတ်'ပါ အဖော်အနေနှင့် လာနေ၏။ သူ့ကိုလည်း 'ကင်မ်ဂျုံအီ' က 'မွေးစားသမီး' အဖြစ် သဘောထား၏။ 'လီနမ်အုတ်' ၏ အမေနှင့်အဘွား (ကင်မ်ဂျုံနမ်၏အဒေါ်နှင့်အဘွား) တို့လည်းအတူ လာနေကြ၏။ ကောင်လေး၏အဘွားဖြစ်သူက သူ့ဆရာမ ဖြစ်လာ၏။ အဘွားက ထိန်းကျောင်းပေး၏။

"ကင်မ်ဂျုံနမ်က စိတ်ကောင်းလည်း ရှိတယ်။ ဟာသလည်း ရှိတယ်။ သူက အားကြီးမာန်တက်လည်း အမြဲရှိတယ်။ သူက အမြဲတမ်း အကောင်းမြင်တတ်တယ်။ မနက်မိုးလင်းကအစ ညမိုးချုပ်အထိ တဟားဟား ရယ်တတ်တယ်။ သူ့အဖေလို အနုပညာစာတ်ခံလည်း ကောင်းတယ်" ဟု 'လီနမ်အုတ်' က ပြော၏။

'ကင်မ်ဂျုံနမ်'သည် နိုင်ငံခြားတွင် ပညာသင်ခဲ့၏။ မော်စကိုတွင်ကား ခေတ္တနေ၏။ ဆွစ်ဇာလန်နိုင်ငံနှင့် မော်စကိုတွင် တစ်လှည့်စီ ပညာသင်သည်။ သူက သင်္ချာတော်သည်။ ပြင်သစ်၊ အင်္ဂလိပ်၊ ရုရှဘာသာများ ကျွမ်းကျင်သည်။ သူနှင့်အတူ အစ်မဝမ်းကွဲ 'နမ်အုတ်'နှင့် သူမအမေတို့ပါ လိုက်နေ၏။ မော်စကိုနှင့် ဂျီနီဗာတွင်နေစဉ် သူ့အမေလည်း တစ်ခါတစ်ရံ လိုက်နေသည်။ နွေရာသီကျောင်းပိတ်မှ ပြုံးယမ်းသို့ ပြန်ကြ၏။ သူတို့သည် ပြင်ပသတင်းအချက်အလက်များကို လွပ်လပ်စွာကြည့်ရှုနိုင်ခဲ့ကြ၏။ သို့သော် သူကတိုင်းတစ်ပါးကို အထင်မကြီး။ သူ့နိုင်ငံကိုသာ သူချစ်၏။ အမြဲပင် သူ့နိုင်ငံနှင့်ပတ်သက်၍ အကောင်းပြောတတ်၏။ ဆွစ်ဇာလန်တွင် ပညာသင်ပြီးနောက် ပြုံးယမ်းသို့သူပြန်လာ၏။

၁၉၉၅ တွင် 'ကင်မ်ဂျုံနမ်' ၂၄ နှစ်ပြည့်၏။ သူ့ဖခင် 'ကင်မ်ဂျုံအီ' က မွေးနေ့

the bookhouse
we bring your future



လက်ဆောင်အဖြစ် ပြည်သူ့တပ်မတော်ယူနီဖောင်းပေး၏။ ရာထူးက ဗိုလ်ချုပ်ကြီးအဆောင်အယောင်တံဆိပ်နှင့်။ ထိုအချိန်မှစ၍ သူ့ကို 'ရဲဘော်ဗိုလ်ချုပ်ကြီး'ဟု ခေါ်ဝေါ်ကြ၏။ 'ကင်မ်ဂျုံနမ်'သည် ငယ်စဉ်ကပင် ကွန်ပျူတာပညာထူးချွန်၏။ အိုင်တီပညာကို တစ်ဘက်ကမ်းခတ်ပင် ကျွမ်း၏။ ထို့ကြောင့် သူသည် နိုင်ငံ၏ ကွန်ပျူတာကော်မတီဥက္ကဋ္ဌ ဖြစ်လာ၏။ ၁၉၉၇ တွင် ဘောဂဗေဒကိုပါ လေ့လာခဲ့၏။ အလုပ်သမားပါတီ အသေးစားစက်မှုဌာန၏ ညွှန်ကြားရေးမှူးဖြစ်သော သူ့ညီမက ဘောဂဗေဒပညာကို သင်ပေးသည်။

၁၉၉၈ တွင် သူသည် ပြည်သူ့ညီလာခံ ကိုယ်စားလှယ်အဖြစ် မဲဆန္ဒနယ် ၆၈၅ မှ ရွေးခံရ၏။ 'ကင်မ်ဂျုံအီ' ၏တရားဝင်ဇနီး 'ကင်မ်ယုံဆွတ်' မှ ၁၉၇၄ တွင် မွေးသော သမီးလေး 'ဆိုလ်ဆွန်း' ကိုလည်း သူက ညီမအရင်းကဲ့သို့ပင် ချစ်၏။ သူကလည်း ဘောဂဗေဒပညာလေ့လာသူဖြစ်၏။

'ကင်ဂျုံအီ' က သူ့သားကို လျှို့ဝှက်ရဲအဖွဲ့နှင့် ပါတီတို့တွင် အရေးကြီးတာဝန်များပေး၏။ ဗဟိုကော်မတီဝါဒဖြန့်ချိရေးနှင့် လှုံ့ဆော်ရေးဌာန၏ နည်းပြဆရာလည်းလုပ်၏။ ပြည်သူ့တပ်မတော်ဝန်ကြီးဌာန လုံခြုံရေးဌာနတွင်လည်း ရာထူးကြီးကြီး တာဝန်ထမ်းဆောင်သည်။ မကြာခင်တွင် သူသည် ပြည်ထဲရေးဝန်ကြီးတာဝန်ထမ်းဆောင်ရန် လေ့ကျင့်နေရခြင်းဖြစ်၏။ သူ့ဆရာမှာ သူ့ဖခင်နှင့်ကင်မ်အီဆွန်းတက္ကသိုလ်တက်ဖက် ကြည်သုံးပွင့် ဗိုလ်ချုပ်ကြီးဖြစ်၏။ ၁၉၉၉ တွင် လုံခြုံရေးဌာနတွင် အထူးတာဝန်များကို လှ တာဝန်ယူခဲ့၏။

၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွင် 'ကင်မ်ဂျုံနမ်' သည် ရာထူးကြီးကြီးများကို တာဝန်ယူနေရပြီ။ သူ့အတွက် အနာဂတ်အလားအလာများကလည်း ထွန်းလင်းတောက်ပနေပြီ။ ၂၀၀၁ တွင် ဂျပန်မှကိုရီးယားလူမျိုးများ ပြုံးယမ်းသို့ သွားရောက်လည်ပတ်ကြရာ 'ကင်မ်အီဆွန်း' မွေးနေ့အခမ်းအနားနှင့် ကြုံရ၏။

ထိုပွဲတွင် 'ကင်မ်ဂျုံနမ်' ၏ထူးကဲသော အရည်အသွေးဘုန်းတော်အွဲ့များကိုသာ ပြောကြားနေကြသည်ဟုဆို၏။

"ဥက္ကဋ္ဌကြီး ကင်မ်ဂျုံအီနဲ့ သူ့သား ကင်မ်ဂျုံနမ်တို့ဟာ ရုပ်ရည်ဆင်တူကြရုံသာမက အခြားအချက်အလက် တော်တော်များများလည်း တူကြတယ်။ ဒေါသထွက်လွယ်တာကအစ စိတ်စားလွယ်တာ၊ အနုပညာပါရမီရှိတာတွေ တူကြတယ်။ ကင်မ်ဂျုံနမ်က စာရေးတာ တော်တယ်။ သူက ငယ်ငယ်ကတည်းက ရုပ်ရှင်ဇာတ်ညွှန်းတွေ ရေးခဲ့တယ်၊ ရုပ်ရှင်တွေ ရိုက်ခဲ့တယ်" ဟု သူ့အဒေါ် 'ဆွန်ဟိုင်ရန်' က ပြောဖူးသည်။

'ကင်မ်ဂျုံနမ်' ဂျပန်သို့ တိတ်တဆိတ်ထွက်ခွာလာသည်မှာ အလည်အပတ်

the bookhouse
we bring your future

သက်သက်မဟုတ်။ လျှို့ဝှက်စွာပညာသင်ကြားရန်ဖြစ်သည်ကို နောက်မှသိရ၏။ အထူးသဖြင့် ဟိုင်းတက်အဆင့်မြင့် နည်းပညာများဆည်းပူးရန်ဖြစ်သည်။

'ကင်မ်ဂျုံအီ'သည် ထိုင်းဘုရင်စနစ်ကို စိတ်ဝင်စားသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး 'မယ်ဒလင်အောဘရိုက်'ကို ပြောဖူးသည်ဟု အထက်က ဖော်ပြခဲ့ပြီးပါပြီ။

သို့သော် ထိုင်းနိုင်ငံတွင် နဝမမြောက်ရာမမင်း 'ဘူမိဘောလ်' ကို ပြည်သူက အထူးချစ်ခင် ကြည်ညိုကြသကဲ့သို့ သူ၏သမီးသီရိဒုံကိုလည်း ချစ်ခင်အားကိုးကြ၏။ သို့သော် သူ့အစ်ကိုဖြစ်သူမင်းသားကမူ ထီးမွေနန်းမွေခံရန် လျာထားခြင်းခံထားရ၏။ သူသည် ပြည်သူက ချစ်ခင်လေးစားသူမဟုတ်။

ထိုင်းနိုင်ငံကသမီးတော်ကို ဘုရင်မအဖြစ်ခန့်အပ်ရန် ဖွဲ့စည်းအုပ်ချုပ်ပုံတွင် မရေးဆွဲရသေး။ ယခုလည်း 'ကင်မ်ဂျုံနမ်' အပြင် ဘောဂဗေဒကျွမ်းကျင်သူ သမီး 'ဆိုလ်ဆောင်း' လည်းရှိသေးရာ မည်သူက ဖခင်အရိုက်အရာဆက်ခံမည်ဆိုသည်မှာ မရေရာလှသေး။

'ကင်မ်ဂျုံအီ'၏ ဒုတိယသား 'ကင်မ်ဂျုံချိုလ်' (၂၈ နှစ်)သည် ဆွစ်ဇာလန်နိုင်ငံ ဘန်းနိုင်ငံတကာကျောင်းတွင် ပညာသင်ခဲ့၏။ သူက ဘက်စကက်ဘောနှင့် ရေကူးဝါသနာပါသည်။ ဂျက်ဂွာပြိုင်ကား မောင်းရတာလည်းနှစ်ခြိုက်၏။

သူက ကမ္ဘာကျော်ရုပ်ရှင်မင်းသား 'ကီနူးရိဗ်' ပုံစံဖမ်းကာနေကာ မျက်မှန်တကားကားနှင့် မှိုင်းပြတတ်၏။ သူ့ကို ပျော့လွန်း၍ သူ့ဖခင်ကသိပ်မနှစ်မြို့။ "ဂျုံချိုလ်က သိပ်မစွံဘူး။ မိန်းကလေး ကျနေတာပဲ" ဟု ဝေဖန်တတ်၏။ 'ကင်မ်ဂျုံအီ' ၏တတိယသားကတော့ 'ကင်မ်ဂျုံအွန်' (၂၅ နှစ်)ဖြစ်သည်။ သူ့အကြောင်းကိုတော့ သိပ်မသိကြရ။

'ကင်မ်ဂျုံအီ'၏အရိုက်အရာကို ဆက်ခံမည့်သူ မည်သူ မည်ဝါဆိုသည်မှာ အတိအကျ မပြောနိုင်သေး။

တကယ်တမ်း အဆုံးအဖြတ်ပေးနိုင်သူကလည်း တစ်ဦးသာရှိ၏။ သူကား 'ကင်မ်ဂျုံအီ'။

'ကင်မ်ဂျုံအီ' ၏ မိသားစုဇယားကို တစ်ဖက်ပါအတိုင်းတွေ့နိုင်၏။



**ကင်မ်အီဆွန်း**
မြောက်ကိုရီးယားကို
တည်ထောင်သူ ပထမဆုံး
'မဟာခေါင်းဆောင်ကြီး'
၁၉၉၄ တွင် ကွယ်လွန်ခဲ့
သည်။ သို့သော် ယခုတိုင်
သူသည် ရာသက်ပန် သမ္မတ

\+

**ကင်မ်ဂျုံဆွတ်**
မဟာခေါင်းဆောင်ကြီး၏
ပထမဆုံးဇနီး၊
ပထမဆုံးသားဖြစ်သူ
ကင်မ်ဂျုံအီ၏ မိခင်။
၁၉၄၉ တွင်
ကွယ်လွန်ခဲ့သည်။

**ကင်မ်ဂျုံအီ**
မဟာခေါင်းဆောင်ကြီး
ပါတီဥက္ကဋ္ဌကြီး

**ဆွန်ဟေရင်းမ်**
ကင်မ်ဂျုံအီ၏ဇနီးဟောင်း၊
နောက်ပိုင်းပျောက်ကွယ်သွား။
မော်စကိုတွင်
နောက်ဆုံးတွေ့ခဲ့ရ၏။

**ကင်မ်ဂျုံနမ်**
၁၉၇၁ မွေး။
ဂျိနီဗာနိုင်ငံ
တကာကျောင်းတွင်
ပညာသင်ဖူး။

**ကင်မ်ယုံဆွတ်**
ကင်မ်ဂျုံအီ၏
လက်ရှိဇနီး

**ကင်မ်ဆိုလ်ဆောင်း**
ကင်မ်ဂျုံအီ၏
သမီး

**ကင်မ်ကျုံဟွီး**
ကင်မ်ဂျုံအီ၏ ညီမ၊
စီးပွားရေးပေါ်လစီ
စစ်ဆေးရေးဌာန၏ညွှန်ကြားရေးမှူး

**လီအီနမ်**
ဆွန်ဟေရင်းမ်
၏တူ၊
၁၉၉၇
ကွယ်လွန်

**ဂျန်ဆွန်သတ်**
ကင်မ်၏ ယောက်ဖ၊ညာလက်ရုံး

■

ကင်မ်ဂျုံအီ (သို့မဟုတ်)
မြောက်ကိုရီးယား၏
ချစ်လှစွာသော ခေါင်းဆောင်ကြီး



အခန်း ၁၁

## ကေပီအေ - ကိုရီးယားပြည်သူ့တပ်မတော်

မြေအောက်တွင်လည်း လေယာဉ်ကွင်းများ ဆောက်ပြီးသွားပြီ။
ပြုံယမ်း၏အောက်တွင် မီတာ ၁၀၀ နက်သောနေရာတွင် လူ ၅၀၀၀ ဆန့်သော ဂုံးဒိုကျင်းမြောင်းများတူးထား၏။
ရက် ၆၀ စစ်ပွဲတွင် မြေအောက်၌ စားနပ်ရိက္ခာအပြည့်အစုံနှင့်နေနိုင်အောင်ပင် ဆောက်လုပ်ပြီးစီးသွားပြီဖြစ်၏။

## ကေပီအေ - ကိုရီးယားပြည်သူ့တပ်မတော်

အနုမြူလက်နက်ပိုင်ဆိုင်ပြီးနောက် 'ကိုရီးယားပြည်သူ့တပ်မတော်' (ကေပီအေ) သည် အသွင်တစ်မျိုးပြောင်းခဲ့၏။ အရေးအကြီးဆုံးအပြောင်းအလဲမှာ အဆင့်မြင့် အမိန့်ပေးအာဏာနှင့် သေနင်္ဂဗျူဟာဆိုင်ရာ လက်နက်များသုံးစွဲမှုသည် နိုင်ငံရေးဆုံးဖြတ်ချက်ပေါ်တွင် အခြေခံလာရ၏။ ထိုအဆင့်မြင့်အမိန့်ပေးအာဏာသည် 'ကင်မ်ဂျုံအီ' ၏ လက်ထဲတွင်သာရှိ၏။

၁၉၈၃ ခုနှစ် နွေဦးပေါက်ရာသီတွင် 'ကင်မ်ဂျုံအီ' က 'နည်းလမ်းသုံးသွယ် သုံးရက် အစီရင်ခံစာ' ကို စတင်ကျင့်သုံးခဲ့သည်။ 'နည်းလမ်းသုံးသွယ် သုံးရက်အစီရင်ခံစာ' ဆိုသည်မှာ ဗဟိုချုပ်ကိုင်မှု အာဏာသစ်မှနေ၍ သေနင်္ဂဗျူဟာသစ်တစ်ခု ချမှတ်ခြင်းပင်ဖြစ်၏။ ထိုအစီရင်ခံစာ၏အလိုအရ 'ကင်မ်ဂျုံအီ' သည် 'ကိုရီးယားပြည်သူ့တပ်မတော်' (ကေပီအေ)၏ အသေးစိတ်အစီရင်ခံစာများကို အသေးအဖွဲမှအစသိနေ၍ သတင်းပို့ချက်ဖြစ်၏။ 'နည်းလမ်းသုံးသွယ်' မှာ (၁) နိုင်ငံရေးဌာနမှတစ်ဆင့်ရသောသတင်း၊ (၂)စစ်ဘက်ဆိုင်ရာမှရသောသတင်း၊ (၃) အမိန့်ပေးမှုအစိတ်အပိုင်းမှတစ်ဆင့်ရသောသတင်းဟူ၍ဖြစ်၏။

'သုံးရက်'ဆိုသည်မှာ စီမံချက်ချခြင်း၊ အဆုံးအဖြတ်ပေးခြင်း၊ သတင်းပို့ခြင်းတို့ကို လက်တွေ့မကျင့်သုံးမီ သုံးရက်အလိုတွင် အစီရင်ခံရခြင်းကို ဆိုလို၏။





အဆိုပါလှုပ်ရှားမှုများထဲတွင် (၁) တပ်ရင်းတစ်ရင်းထက် ပိုကြီးသောတပ်မများကို တာဝန်ကျရာဒေသအပြင်ဘက်သို့ ရွှေ့ပြောင်းခြင်း၊ (၂) မိမိတို့ဒေသခရိုင်မှ မြင်ပသို့ သံချပ်ကာယာဉ်များ၊ လက်နက်ကြီးများ ရွှေ့ပြောင်းခြင်း၊ (၃)မော်တာ၊ စိန်ပြောင်းမှအစ တိုက်ခြင်းပစ်ဒုံးပျံအထိ လက်နက်ကြီးများ ရွှေ့ပြောင်းခြင်းတို့ပါဝင်၏။ ထိုသို့ အရေးတကြီး တပ်များ၊ လက်နက်များ ရွှေ့ပြောင်းခြင်းကို 'ကင်မ်ဂျုံအီ' ထံ သတင်းပို့ပြီးမှ လုပ်ဆောင်ရ၏။

နိုင်ငံနှင့်ချီသော သေရေးရှင်ရေး စစ်မက်ကိစ္စများ ပေါ်ပေါက်လျှင် 'ကင်မ်အီဆွန်း' နှင့် 'ကင်မ်ဂျုံအီ'သည်သာ စစ်သေနာပတိချုပ်အဖြစ် အမိန့်ပေးရမည်ဖြစ်၏။ လောလော ဆယ်ကာလတွင်မူ 'ကင်မ်အီဆွန်း' ၏လူယုံတော် 'မာရှယ်အိုချင်ဉ' သည်သာ ကာကွယ်ရေး ဝန်ကြီးအနေဖြင့် ဆောင်ရွက်နေရ၏ (ဗိုလ်ချုပ်ကြီးချိုကွမ်သည်လည်း စစ်ရေးကိုပူးတွဲ တာဝန်ယူ၏)။

'မာရှယ်အိုချင်ဉ' သည် မြောက်ကိုရီးယား၏စစ်ရေးစနစ်ကို စတင်တည်ထောင် ခဲ့သူများထဲမှ တစ်ဦးဖြစ်၏။ သူသည် 'ကင်မ်အီဆွန်း' နှင့်အတူ မန်ချူးရီးယားတွင် တိုက်ပွဲဝင်ခဲ့ကာ 'ကင်မ်အီဆွန်း'နှင့်အတူ ကိုရီးယားပြန်လာသူဖြစ်၏။ ကိုရီးယားစစ်ပွဲ ကာလတွင် သူသည် တတိယတပ်မ၏တပ်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့၏။ ၁၉၅၀ ခုနှစ်များတွင်မူ လေတပ်ဦးစီးချုပ်အဖြစ် တာဝန်ယူခဲ့၏။

၁၉၆၄ တွင် ဗိုလ်ချုပ်ကြီးရာထူးရကာ ၁၉၇၆ တွင် ကာကွယ်ရေးဝန်ကြီး ဖြစ်လာ၏။ ၁၉၈၅ တွင် ဒုတိယမာရှယ်ကြီးဖြစ်လာကာ နိုင်ငံတွင် 'ကင်မ်အီဆွန်း' ပြီးလျှင် အာဏာအရှိဆုံးပုဂ္ဂိုလ်ဖြစ်လာ၏။

'ကင်မ်အီဆွန်း' ကွယ်လွန်သောအခါ သူသည် 'ကင်မ်ဂျုံအီ' ဘက်မှ မားမား မတ်မတ် ရပ်တည်ထောက်ခံခဲ့သူဖြစ်၏။ သူ၏လက်အောက်တွင် 'ဗိုလ်ချုပ်ကြီး အိုကွတ်ယူလ်' ရှိသည်။

'ကေပီအေ' တပ်များကို အနုမြူလက်နက်တပ်ဆင်ရေး စီမံချက်ရေးဆွဲသူမှာ 'အိုကွတ်ယူလ်' ပင်ဖြစ်၏။ သူသည် 'ကင်မ်ဂျုံအီ' ၏ညာလက်ရုံးတစ်ဆူဖြစ်သည်။ 'အိုချင်ဉ'နှင့် 'အိုကွတ်ယူလ်'တို့သည် ဆွေမျိုးလည်း နီးနီးစပ်စပ်တော်သူများ ဖြစ်ကြသည်။ သို့သော် 'အိုကွတ်ယူလ်' သည် ၁၉၈၈ ဖေဖော်ဝါရီလတွင် ရုတ်တရက်ရာထူး ရွှေ့ပြောင်းခြင်းခံရကာ အရပ်ဘက်သို့ရောက်သွား၏။ ပထမတော့ လူတွေကအံ့ဩကုန် ကြသော်လည်း ၁၉၉၃ တွင် သူသည် နိုင်ငံရေးဘက်မှ အာဏာရှိသူပုဂ္ဂိုလ်တစ်ဦးအဆင့် ပြန်ရောက်လာခဲ့၏။ စစ်ဦးစီးချုပ်နေရာတွင် အသစ်ဝင်လာသူမှာ 'ဗိုလ်ချုပ်ကြီးချိုကွမ်' ဖြစ်၏။ တစ်ပြည်လုံးရှိ တပ်ရင်းတပ်ဖွဲ့အားလုံး သူ့လက်အောက်သို့ ရောက်လာကြ၏။

'ကေပီအေ' ၏ ဖွဲ့စည်းပုံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ 'ပြည်သူ့လွတ်မြောက်ရေးတပ်မတော်' ဖွဲ့စည်းပုံနှင့်ဆင်ဆင်တူ လာသည်။ 'ဗိုလ်ချုပ်ကြီးချိုကွမ်'သည် ကိုရီးယားစစ်ပွဲကာလက ရှေ့တန်းမှ ရွတ်ရွတ်ချွံချွံတိုက်ပွဲဝင်ခဲ့သူဖြစ်၏။ စစ်ပြီးသောအခါ စစ်တက္ကသိုလ်၏ ကျောင်းအုပ်ကြီးဖြစ်လာသည်။

၁၉၆၃ တွင် 'ချိုကွမ်' သည် စစ်ဦးစီးချုပ် ဖြစ်လာ၏။ ၁၉၈၀ တွင်မူ သူသည် ပြုံးယမ်း၏ နိုင်ငံရေးလောကတွင် ဩဇာညောင်းသူ ဖြစ်လာသည်။ သူသည်လည်း 'ကင်မ်ဂျုံအီ'ကို အဓိကထောက်ခံအားပေးသူတစ်ဦးဖြစ်၏။

'ချိုကွမ်' သည် 'လက်နက်ကို ယုံကြည်သူ'တစ်ဦးဖြစ်ရုံမျှမက 'ခေတ်မီလက်နက်ကျွမ်းကျင်သူ' လည်းဖြစ်သည်။ မြောက်ကိုရီးယားတပ်မတော်ကို လက်နက်အသစ်အဆန်းများ တပ်ဆင်ပေးခြင်းသည် သူ၏ ကြိုးပမ်းမှုပင်ဖြစ်၏။

၁၉၉၀ တွင် 'ချိုကွမ်'သည် စစ်ဦးစီးချုပ်အနေဖြင့် ပါဝါတက်လာရာ ယခင်ကာကွယ်ရေးဝန်ကြီး 'အိုချင်ဥ' နှင့်တစ်တန်းထဲဖြစ်လာသည်။ ၁၉၉၀ မေလတွင် နဝမမြောက်ပြည်သူ့ညီလာခံက မြောက်ကိုရီးယားနိုင်ငံ၏အမျိုးသားကာကွယ်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့၏။ ထိုကော်မရှင်တွင် ဥက္ကဋ္ဌမှာ 'ကင်မ်အီဆွန်း' ဖြစ်ပြီး ပထမဥက္ကဋ္ဌမှာ 'ကင်မ်ဂျုံအီ' ဖြစ်၏။

ဒု-ဥက္ကဋ္ဌနှစ်ဦးမှာ 'အိုချင်ဥ'နှင့် 'ချိုကွမ်'တို့ဖြစ်ကြ၏။ နောက်ထပ်ကိုယ်စားလှယ် ၇ ဦးလည်းပါဝင်သည်။ ဤသည်မှာ 'ကင်မ်ဂျုံအီ' ၏ တန်ခိုးဩဇာသည် 'ကင်မ်အီဆွန်း' ပြီးလျှင် ဒုတိယအာဏာအရှိဆုံးပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုခံရခြင်းပင်ဖြစ်၏။

ထိုကော်မရှင်၏ရည်မှန်းချက်မှာ ကိုရီးယားကျွန်းဆွယ်ကို စည်းရုံးညီညွတ်စွာထူထောင်ရေး ကာကွယ်စောင့်ရှောက်ရေးတို့ပင် ဖြစ်၏။ 'ကေပီအေ'၏ ဖွဲ့စည်းပုံမှာ မူလက ဆိုဗီယက်ယူနီယံ၏ တပ်ဖွဲ့စည်းပုံမှ ဆင်းသက်လာ၏။ ဆိုဗီယက်စစ်ရေးပါရဂူများ အကြံပေးချက်များအရ ဖွဲ့စည်းခဲ့ခြင်းဖြစ်၏။ 'ကေပီအေ'သည် ၁၉၉၁ တွင် ကမ္ဘာပေါ်တွင် ပဉ္စမမြောက်အကြီးဆုံးတပ်မတော်ဖြစ်လာ၏။ အမြဲတမ်းတပ်ဖွဲ့ဝင် ၁.၂ သန်းရှိ၏။ (အရံတပ်ဖွဲ့ဝင် ၆ သန်းနီးပါးရှိ သေးသည်)။ စစ်ဦးစီးချုပ်အောက်တွင် အောက်ပါအတိုင်း ဖွဲ့စည်း ထားသည်။

- ❑ အမှတ် ၈၂၀ သံချပ်ကာ ကားတပ်
- ❑ အမြောက်တပ်
- ❑ မြို့တော်ကာကွယ်ရေးတပ်
- ❑ လေတပ်

the bookhouse



- ❑ ရေတပ်
- ❑ ရှေ့တန်းချီတပ် (တပ်မ ၁၊ ၂၊ ၄၊ ၅)
- ❑ နောက်တန်းတပ် (တပ်မ ၃၊ ၆၊ ၇၊ ၈)
- ❑ ယန္တရားတပ် (တပ်မ ၉၊ ၁၀၊ ၄၂၅၊ ၈၁၅)
- ❑ ခြေမြန်တပ် (အထူးတပ်မ ၉၈)

ထိုအထဲတွင် အရည်အသွေးအမြင့်ဆုံး လေ့ကျင့်ထားသောတပ်မှာ 'အထူးတပ်မ'ပင်ဖြစ်၏။ 'ကင်မ်ဂျုံအီ' သေဆိုသေ၊ ရှင်ဆိုရှင်မည့် သစ္စာရှိတပ်ဖွဲ့ဝင်များ ပါဝင်သောတပ်ဖြစ်၏။

'ကေပီအေ'တွင် ထိုသို့သော အမြဲတမ်းတပ်များအပြင် လွတ်လပ်သော ခြေမြန်တပ်ဖွဲ့များလည်း ၃၅ ဖွဲ့ရှိသေး၏။ စစ်ဖြစ်လျှင် ဤတပ်ဖွဲ့များကလည်း ဝိုင်းကူတိုက်ပေးလာကြဦးမည်။ ၎င်းတပ်များတွင်လည်း သူ့ သံချပ်ကာနှင့်သူ၊ သူ့အမြောက်နှင့်သူ အပြည့်အစုံလက်နက်တပ်ဆင်ထားသည်။

ထို့ပြင် 'တစ်ယောက်က တစ်ရာကိုချေမှုန်း' ဆိုသော ကြွေးကြော်သံဖြင့် လေ့ကျင့်ပေးထားသော လက်ဖြောင့်တပ်များလည်း ရှိသေး၏။ ထိုတပ်ဖွဲ့ဝင်များထဲတွင် လက်နက်နှင့်ရော၊ လက်နက်မဲ့ပါ တိုက်ခိုက်နိုင်စွမ်းသောသူများဖြင့် ဖွဲ့စည်းထား၏။

ဗုံးဖောက်ခွဲနည်းမှအစ ထမင်းစားသောတူကို လက်နက်အဖြစ်သုံး၍ ရန်သူကို သတ်ဖြတ်နည်းအထိ သင်ပေးထား၏။ 'ရန်သူ့လက်နက် ကိုယ့်လက်နက်' ဟူသော ဆောင်ပုဒ် ကို စွဲကိုင်ကာလေ့ကျင့်ပေးကြ၏။

ထိုတပ်ဖွဲ့ဝင်များထဲတွင် အင်္ဂလိပ်ဘာသာရပ်ကို သုံးနှစ်တိုင်တိုင် သင်ပေးထားသူ အထူးတပ်ဖွဲ့ဝင်များလည်း ပါ၏။ ထိုတပ်ဖွဲ့များအပြင် နိုင်ငံရေးတပ်ဖွဲ့ ၆၉၅ တပ်ဖွဲ့လည်း ရှိသေး၏။ ရန်သူအား အဖျက်အမှောက်လုပ်ငန်းများလုပ်ရန်၊ မြေအောက်ဂိုဏ်များဖွဲ့ရန် စသည်တို့ပါဝင်၏။ 'ကင်မ်ဂျုံအီ'ကိုယ်တိုင်ကိုင်တွယ်သော 'ပြင်ပထောက်လှမ်းရေး ပုတေသနဌာန' ကလည်း အထူးတပ်ဖွဲ့ဝင်များကို လေ့ကျင့်ပေးသေး၏။

၁၉၉၃ တွင် ဗိုလ်ချုပ်ကြီး 'အိုကွတ်ယူလ်' ကို 'စစ်ဆင်ရေးဌာန ညွှန်ကြားရေးမှူး' ခန့်ခဲ့၏။ ဤရာထူးသည် ထောက်လှမ်းရေးဆိုင်ရာ အထူးအရေးပါသော ရာထူးဖြစ်၏။

၁၉၉၃ တွင် ထိုထောက်လှမ်းရေးအဖွဲ့မှ စစ်ဆင်ရေးတစ်ထောင်ကျော်လုပ်ခဲ့ရာ၊ စစ်ဆင်ရေး ၂၀၀ မှ ၃၀၀ အထိသည် တောင်ကိုရီးယားတွင် လုပ်ခဲ့ခြင်းဖြစ်၏။

'ကေပီအေ'၏ အရန်တပ်ဖွဲ့များသည် ၂၄ နာရီအတွင်းလူစုကာ စစ်ဆင်ရေးအတွက် အသင့်ဖြစ်စေရန် ပြင်ဆင်ထား၏။ အရန်တပ်ဖွဲ့ဝင်ပေါင်း ၆ သိန်းမျှရှိ၏။

the bookhouse

ထို့ပြင် 'အလုပ်သမားနှင့် လယ်သမားတပ်နီ' တပ်ဖွဲ့လည်း ရှိသေး၏။ ၁၅ နှစ်မှ ၄၅ နှစ်အတွင်း လူငယ်လူလတ်များ ပါဝင်၏။ အသက် ၁၈ မှ ၃၀ အတွင်း အမျိုးသမီးများပါ ပါ၏။ ၂၄ နာရီမှ ၄၈ နာရီအတွင်း လူစုကာတိုက်ပွဲဝင်ရန် အသင့်ပြင်ဆင်လေ့ကျင့်ထား၏။ ဤတပ်ဖွဲ့ဝင်ပေါင်း ခန့်မှန်း ခြေ ၂ သန်းကျော်ရှိ၏။

အသက် ၁၄နှစ်မှ ၁၆နှစ်ကြား လူငယ်များကိုမူ 'တပ်နီလူငယ်' အဖြစ် ဖွဲ့စည်းထား၏။ တစ်နှစ်ကို ၂ လ စစ်ပညာသင်ကြားရ၏။ ၎င်းအင်အားက ၁၀ သိန်းကျော် ရှိ၏။ 'ပြည်သူ့တပ်'မှာမူ မြို့တော်စောင့်တပ်ကို အကူအညီပေးရန် ဖြစ်၏။ တပ်ဖွဲ့ဝင်ပေါင်း ၁ သိန်းကျော် အဆင်သင့်ရှိ၏။

ခေတ်မီလက်နက် အသစ်အဆန်းများကို ဆိုဗီယက်မှ ရ၏။ အပြန်အလှန် အားဖြင့် 'နာဂျင်' တွင် လေတပ်စခန်းချရေးကို ဆိုဗီယက်အား ပြန်ခွင့်ပြုရ၏။ မော်စကိုက မစ်တိုက်လေယာဉ်များပေးကာ မြောက်ကိုရီးယား လေသူရဲများကို လေ့ကျင့်ပေး၏။

မြေပြင်မှ ဝေဟင်ပစ်ဒုံးပျံများလည်း ပါ၏။ ၁၉၉၀ ဒီဇင်ဘာတွင် ဆိုဗီယက် ပစိဖိတ်ရေတပ်နှင့် 'ကေပီအေ' ရေတပ်တို့ ပူးတွဲစစ်ရေးလေ့ကျင့်ကြ၏။


၁၉၉၂ တွင် စစ်ရေးပူးတွဲဆောင်ရွက်ရန် နှစ်ဘက်ကာကွယ် ရေးဝန်ကြီးများ လက်မှတ်ထိုးကြ၏။ (၁၉၉၁ တွင်မူ လက်နက်ဝယ်ယူရေးကိစ္စများ ဈေးမတည့်သဖြင့် ပျက်သွား၏) ထိုအချိန်မှစ၍ မြောက်ကိုရီးယားသည် သူ့ဘာသာသူ လက်နက်များထုတ်လုပ် ခဲ့ရာ ယခုဆိုလျှင် လက်နက်မျိုးစုံ ထုတ်လုပ်နိုင်သွားပြီဖြစ်၏။ မြေအောက်တွင်လည်း လေယာဉ်ကွင်းများ ဆောက်ပြီးသွားပြီး ပြုံးယမ်း၏အောက်တွင် မီတာ ၁၀၀ နက်သော နေရာတွင် လူ ၅၀၀၀ ဆန့်သော ဗုံးခိုတူးမြောင်းများ တူးထား၏။

ရက် ၆၀ စစ်ပွဲတွင် မြေအောက်၌ စားနပ် ရိက္ခာအပြည့်အစုံ နှင့်နေနိုင်အောင်ပင် ဆောက်လုပ်ပြီးစီးသွားပြီဖြစ်၏။ ယခုအခါ ရက်၁၂၀ စာ ရိက္ခာနှင့် လောင်စာဆီ အပြည့်အစုံ သိုလှောင်ထားသော မြေအောက်ဘန်ကာများကိုပင် နိုင်ငံအနှံ့ဆောက်လုပ်ပြီးစီးပြီဟု သိရ၏။

■

the bookhouse
we bring your future

ကေပီအေဖွဲ့စည်းပုံ




the bookhouse

the bookhouse



the bookhouse
we bring your future

## အခန်း ၁၂
## ခေါင်းဆောင်သစ်အလွှဲအပြောင်း

ပါတီတစ်ခုလုံး၏ ခိုင်မာသောအလိုဆန္ဒသည် ချစ်လှစွာသောခေါင်းဆောင် ရဲဘော်ကင်မ်ဂျုံအီ၏ ခေါင်းဆောင်မှုအောက်တွင် သစ္စာရှိစွာလိုက်နာ နေထိုင်ခြင်းဖြစ်ပြီး မဟာခေါင်းဆောင်ကြီး ရဲဘော်ကင်မ်အီဆွန်း၏ မြင့်မားသောရည်မှန်းချက်ကို လိုက်နာခြင်းလည်းဖြစ်သည်။

## ခေါင်းဆောင်သစ်အလွှဲအပြောင်း

၁၉၉၂ ဇူလိုင်နှောင်းပိုင်းတွင် ပြုံယမ်း၌ 'ကင်မ်အီဆွန်း' မှ 'ကင်မ်ဂျုံအီ' သို့ အာဏာလွှဲပြောင်းရေး နောက်ဆုံးကဏ္ဍကိုစတင်သည်။ ဤလုပ်ငန်းစဉ်တွင် မြောက်ကိုရီးယား၏ အနာဂတ်စိမ်ခေါ်မှုများ၊ ပန်းတိုင်များ၊ မူဝါဒများကို ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။

ဆိုရှယ်လစ်ဝါဒကို ရန်ပြုနေကြသော နိုင်ငံများ၏ရန်မှ အရေးပေါ်ကာကွယ်ရေး အလေးထားရမည်ဟူသော ရည်မှန်းချက်ဖြင့် လှုပ်ရှားမှုကို စတင်ခဲ့သည်။ ကွန်မြူနစ်နိုင်ငံများစွာ ပြိုကွဲနေသည်ကို ကြိုတင်ကျားကန်ထိုးရန် အရေးကြီးနေပြီဟု လှုံ့ဆော်၏။ စေ့စပ်ဆွေးနွေးနေ၍ မပြီးတော့။ ဆိုရှယ်လစ်ဝါဒကို ကာကွယ်ရန်၊ စောင့်ရှောက်ရန်၊ ဆက်လက်ဖို့တက်ရေး အရေးကြီးပြီဟုဆို၏။

ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံအနေဖြင့် နယ်ချဲ့ဝါဒကို ဆက်လက်တိုက်ပွဲဝင်မည်ဟု ကြေညာ၏။ ပြုံယမ်းသည် နိုင်ငံတော်၏အနာဂတ်နှင့် တပ်မတော်အင်အားအတွက် 'ကင်မ်ဂျုံအီ' ကို လုံးလုံးလွှဲအပ်ခဲ့သည်။

"ကျွန်ုပ်တို့ပြည်သူ့တပ်မတော်၏ အနာဂတ်လမ်းကြောင်းသည် ဖြောင့်တန်းလင်းလက်နေသည်။ အဘယ်ကြောင့်ဆိုသော် ချစ်လှစွာသောခေါင်းဆောင်ကြီး ရဲဘော်

the bookhouse
we bring your future



ကင်မ်ဂျုံအီသည် ကိုရီးယားပြည်သူ့တပ်မတော်၏ စစ်သေနာပတိချုပ်ဖြစ်သောကြောင့် ဖြစ်၏။ ချစ်လှစွာသောခေါင်းဆောင်ကြီး ရဲဘော်ကင်မ်ဂျုံအီသည် တော်လှန်သောတပ်မတော်ကြီးကို ခိုင်မြဲစွာတည်ဆောက်ခဲ့သည်။

သူသည် ပြည်သူ့တပ်မတော်ကြီးကို မည်သည့်ကျူးကျော်မှုမျိုးကိုမဆို နှိမ်နင်းနိုင်သော တုနှိုင်းမရှိ တပ်မတော်ကြီးအဖြစ် တည်ထောင်ပေးခဲ့သည်" "ကင်မ်ဂျုံအီသည် ကိုရီးယားအလုပ်သမားပါတီ ဗဟိုကော်မတီနိုင်ငံရေးဗျူရို၏ ဦးစီးအဖွဲ့ဝင်နှင့်ပါတီဗဟိုကော်မတီ၏ အတွင်းရေးမှူးဖြစ်သည်။ ယခုအခါ သူ၏စစ်ရေးပါရမီထူးချွန်မှုကို ပြသပြီး ကိုရီးယားပြည်သူ့တပ်မတော်၏ သေနာပတိချုပ် ဖြစ်လာပေပြီ"

ထိုသို့သော ကြေညာချက်များ ထုတ်ပြန်ခဲ့၏။

'ကင်မ်ဂျုံအီ' ကို ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ မာရှယ်ရာထူးခန့်အပ်ခဲ့၏။ ၁၉၉၂ ဧပြီလ ၂၀ ရက်နေ့မှစ၍ သူသည် ကေပီအေ၏ သေနာပတိချုပ်ဖြစ်လာသည်။ ထိုနေ့သည် သူ့ဖခင်ကြီး 'ကင်မ်အီဆွန်း'၏ အသက် ၈၀ ပြည့် မွေးနေ့ဖြစ်၏။

၁၉၉၂ ခုနှစ် ဩဂုတ်လ စောစောပိုင်းတွင် ကြေညာချက်တစ်ခုထုတ်ပြန်၏။

"ပါတီတစ်ခုလုံး၏ ခိုင်မာသောအလိုဆန္ဒသည် ချစ်လှစွာသော ခေါင်းဆောင် ရဲဘော်ကင်မ်ဂျုံအီ၏ ခေါင်းဆောင်မှုအောက်တွင် သစ္စာရှိစွာလိုက်နာနေထိုင်ခြင်းဖြစ်ပြီး မဟာခေါင်းဆောင်ကြီး ရဲဘော်ကင်မ်အီဆွန်း၏ မြင့်မားသောရည်မှန်းချက်ကို လိုက်နာခြင်းလည်းဖြစ်သည်"

နောက်ထပ်နှစ်ရက်အကြာတွင် ရိုးရာ 'ဂျူချေ' ဝါဒကို 'ကင်မ်ဂျုံအီ ဝါဒသစ်' အဖြစ် စတင်ပြောင်းလဲသုံးစွဲလာ၏။ ပြုံယမ်း ရေဒီယိုနှင့်ဗဟိုရုပ်မြင်သံကြားမှ အရာရှိကြီးတစ်ဦး၏ဇနီး မုဆိုးမတစ်ဦးက သူ့သားသမီးများကို တော်လှန်ရေးတွင် အမှုထမ်းဆောင်ရန် မွေးမြူပါမည်ဟု သစ္စာပြုသောစာကိုဖတ်ပြခဲ့၏။ ထိုအထဲတွင် ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံကို 'ကင်မ်ဂျုံအီဝါဒ၏ အဖနိုင်ငံ' ဟု သုံးနှုန်းထား၏။

ထိုနေ့မှစ၍ 'ကင်မ်ဂျုံအီဝါဒ'သည် မြောက်ကိုရီးယားမီဒီယာလောကတွင် ထပ်တလဲလဲ သုံးစွဲလာသော စကားလုံးဖြစ်လာတော့သည်။ ဤသို့ဖြင့် 'ကင်မ်ဂျုံအီ' ကို 'ကင်မ်အီဆွန်း' နှင့် တစ်ဂိုဏ်းထဲထားကာ ပုဂ္ဂိုလ်ရေးကိုးကွယ်မှု ရှေ့တန်းတင်လျက် ခေါင်းဆောင်ကြီးအသွင်သို့ ကူးပြောင်းလာခဲ့၏။

ထိုအချိန်တွင် 'ကင်မ်အီဆွန်း'၏ ရောဂါအခြေအနေက ယိုယွင်းလာသည်။ ထမင်းပင် ကောင်းကောင်းစား၍မရ။ ပါးစပ်ထဲမှ ထမင်းလုပ်များ မကြာခဏထွက်ကျလာ၍ ပါးစပ်ကို လက်သုတ်ပဝါဖြင့် မကြာခဏ သုတ်နေရ၏။ အစည်းအဝေးများကို တစ်နာရီထက်

the bookhouse
we bring your future

ပိုကြာကြာ မထိုင်တော့ရန် 'ကင်မ်ဂျုံအီ'က ပန်ကြားခဲ့၏။'ကင်မ်အီဆွန်း' ၏ လည်ချောင်းထဲမှ အကျိတ်မှာ ပိုပိုဆိုးလာ၏။ ထိုအကျိတ်ဖုက သူ၏အာရုံကြောများကို ဖိမိလာသဖြင့် အခံရခက်နေရှာ၏။ ၁၉၉၂ အောက်တိုဘာလတွင် 'ကင်မ်ဂျုံအီ'က ပေကျင်းမှ သမားတော်ကြီးများကို ပင့်ပေးရ၏။ သမားတော်ကြီးများကလည်း 'ကင်မ်အီဆွန်း' အခြေအနေမှာ ဆိုးနေ၍ သူ့ကို သက်သောင့်သက်သာ အေးအေးလူလူ အနားယူခိုင်းပါဟု အကြံပေးကြ၏။ ဤအခြေအနေများက 'ကင်မ်ဂျုံအီ' ကို ခေါင်းဆောင်အဖြစ် ပို၍ပိုးပေးလာသည်။

၁၉၉၂ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် ကိုရီးယားအလုပ်သမားပါတီ ဗဟိုကော်မတီ၏အကြိမ် ၂၀ မြောက် အစည်းအဝေးတွင် 'ကင်ဂျုံအီ' သည် ခေါင်းဆောင်နေရာကို ပို၍တွန်းပို့ခြင်းခံခဲ့ရ၏။ 'ကင်မ်ဂျုံအီ' နှင့် ရင်းနှီးသော စီးပွားရေးပါရဂူတော်တော်များများ၊ ရာထူးကြီးကြီးများကို ရလာကြ၏။ အစိုးရ အဖွဲ့၏ အရေးကြီးသောသော့ချက် ရာထူးတော်တော်များများကို 'ကင်မ်ဂျုံအီ' ၏ လူငယ်မိတ်ဆွေရဲဘော်များက ရလာကြသည်။

'ကန်ဆုံဆန်' သည် ဝန်ကြီးချုပ်သစ်ဖြစ်လာ၏။ 'ကင်မ်ဟွမ်' သည် ဒုတိယ ဝန်ကြီးချုပ်နှင့် ဓာတုစက်ရုံဆိုင်ရာဝန်ကြီးဖြစ်လာ၏။ သူသည် ဟိုင်းတက်ပါရဂူဖြစ်၏။ 'ယိဆုံတေး' သည် ပြည်ပစီးပွားရေးကော်မတီဥက္ကဋ္ဌရာထူးကို ရ၏။ 'ကင်မ်ယုံဆန်' သည် နိုင်ငံတကာရေးရာဌာန၏ အကြီးအကဲဖြစ်လာ၏။ အဓိကသော့ချက်ရာထူး အားလုံး ရသူများသည် 'ကင်မ်ဂျုံအီ' ၏ လူယုံများသာဖြစ်ကြ၏။ ဝန်ကြီးဟောင်းတော်တော်များများ ရာထူးမှ ရပ်စဲခြင်းခံကြရ၏။ တပ်မတော်ရာထူးကြီးကြီးများကိုလည်း 'ကင်မ်ဂျုံအီ' ၏ ရင်းနှီးသူများက ရရာဝင်ယူလိုက်ကြသည်။

ဒီဇင်ဘာစောစောပိုင်းတွင် မြောက်ကိုရီးယား၏အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့ တစ်ဖွဲ့သည် အီရန်နိုင်ငံသို့သွားကာ 'နားလည်မှုစာချွန်တော်ကို လက်မှတ်ရေးထိုးကြ၏။ လက်နက်ဆိုင်ရာ သဘောတူမှုများကို ဆွေးနွေးကြခြင်းဖြစ်၏။ အီရန်ခေါင်းဆောင်များက ဤသဘောတူစာချုပ်သည် 'ကင်မ်အီဆွန်း' ကွယ်လွန်သွားလျှင် အတည်ဖြစ်ပါ့မလားဟု သံသယဝင်ခဲ့ကြ၏။ ထို့ကြောင့် 'ကင်မ်အီဆွန်း' ၏ အယုံကြည်အားအထားရဆုံး ခေါင်းဆောင်တစ်ဦးပေါ်ထွက်လာရေးသည် အရေးကြီးလာ၏။ ထို့ကြောင့် ပြုံးယမ်းက 'ကင်မ်ဂျုံအီ' ကို 'မဟာခေါင်းဆောင်ကြီးနှင့် မဟာစစ်သေနာပတိ' ဟူသော အသုံး အနှုန်းများကို သုံးပြလာရ၏။ "ကျွန်ုပ်တို့ပါတီနှင့်တော်လှန်ရေးအတွက် မဟာခေါင်း ဆောင်ကြီး ကင်မ်ဂျုံအီသည် ကျွန်ုပ်တို့တော်လှန်သော တပ်မတော်၏မဟာစစ်သေနာ ပတိချုပ်လည်းဖြစ်သည်" ဟူသော အသုံးအနှုန်းများကို သုံးပြလာကြ၏။ (ယခင်က





'ကင်မ်ဂျုံအီ' ကို ချစ်လှစွာသော ခေါင်းဆောင်ကြီးဟုသာ သုံးကြ၏) ဆောင်းပါးတစ်ခု ဆိုလျှင် 'နိုင်ငံတော်မာရှယ်ကြီး' ဆိုသော ဂုဏ်ပုဒ်ကို ၁၂ ကြိမ်မျှ ထပ်တလဲလဲသုံးပြီး 'ကင်မ်ဂျုံအီ' ကို ဂုဏ်ပြုထားသည်ကို တွေ့ရ၏။

"မဟာခေါင်းဆောင်ကြီး 'ကင်မ်အီဆွန်း'က ကျုပ်တို့ကို သင်ပေးထားတယ်။ ကျုပ်တို့ရဲ့ပြည်သူ့တပ်မတော်ကြီးဟာ မဟာ တပ်မှူးကြီး 'ကင်မ်ဂျုံ အီ' ရဲ့ လမ်းညွှန်မှုနဲ့ဆိုရင် ဘယ်လိုတိုက်ပွဲမဆို၊ ဘယ်လောက်ကြီးမားတဲ့ ရန်သူတပ်ကိုမဆို အနိုင်ရမယ်လို့ သင်ကြား ပေးထားတယ်" ဟု ကာကွယ်ရေးဦးစီးချုပ် 'ချိုကွမ်' ကပင် မိန့်ခွန်းတွင် ထည့်ပြောခဲ့၏။

'ချိုကွမ်'၏ မိန့်ခွန်းဆုံးသွားသောအခါ ပရိသတ်အားလုံးက မတ်တပ်ထ၊ ရပ်လိုက်ကြကာ 'ရဲဘော်ကင်မ်ဂျုံအီ သက်တော်ရာကျော်ရှည်ပါစေ' ဟု ဝိုင်းဟစ်ကြွေး ကြသည်။

'ကင်မ်ဂျုံအီ' သည် ၁၉၉၂ ဧပြီလမှစ၍ တပ်မတော်ကို ပြုပြင်ပြောင်းလဲခဲ့ရာ ဗိုလ်ချုပ် ၆၆၄ ဦးကို အနားပေးခဲ့ပြီး လူငယ်များကို ရာထူးပေးအပ်ခဲ့၏။ ကာကွယ်ရေးဝန်ကြီး 'ဟိုချင်ဥ' (၈၃ နှစ်)နှင့် စစ်ဦးစီးချုပ် 'ချိုကွမ်' (၇၆ နှစ်)တို့ကိုကား ရာထူးတွင် ရှိမြဲရှိစေ၏။

၁၉၉၃ ဧပြီလ ၈ ရက်နေ့တွင် 'ကင်မ်ဂျုံအီ' သည် 'အမျိုးသားကာကွယ်ရေး ကော်မတီ' ၏ ဥက္ကဋ္ဌအဖြစ် အရွေးခံရ၏။ ဤရာထူးသည် နိုင်ငံတော်၏ကာကွယ်ရေးတွင် အမြင့်ဆုံးရာထူးဖြစ်၏။ တစ်နိုင်ငံလုံး၏တပ်ဖွဲ့အားလုံးသည် 'ကင်မ်ဂျုံအီ'၏ လက်အောက် တွင်ရောက်ပြီဟု တရားဝင်ကြေညာချက်တွင် အသားပေးဖော်ပြခဲ့၏။

"ကိုရီးယားပြည်သူ့တပ်မတော်၏ စစ်သေနာပတိချုပ် 'ကင်မ်ဂျုံအီ' က အမျိုးသားကာကွယ်ရေးကော်မရှင်၏ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြောက်လိုက်သည်"ဟု ပြုံးယမ်းအစိုးရက ကြေညာ၏။

၁၉၉၃ ဧပြီလ ၁၅ ရက်နေ့တွင် 'ကင်မ်အီဆွန်း'သည် ၈၁နှစ် မြောက် မွေးနေ့တွင် လူလုံးထွက်ပြခဲ့၏။ မွေးနေ့ညစာခံပွဲသို့ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ဆီးရီးယား၊ ပါကစ္စတန်နှင့် ကမ္ဘောဒီးယားမှ ကိုယ်စားလှယ်များ တက်ရောက်ကြ၏။ မွေးနေ့မိန့်ခွန်းတွင် 'ကင်မ်အီဆွန်း' က 'ကင်မ်ဂျုံအီ'သည် ပေါ်လစီကိစ္စများကို ဆက်လက်လုပ်ဆောင်သွားသည်ဟု ပြောကြား ခဲ့၏။

၁၉၉၃ ဒီဇင်ဘာတွင် ကျင်းပသော အလုပ်သမားပါတီ၏ အထွေထွေညီလာခံက 'ကင်မ်ဂျုံအီ' ကို အလုပ်သမားပါတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်လိုက်သည်။ ဤရာထူးသည် နိုင်ငံတော်၏အရေးအပါဆုံးရာထူးဖြစ်၏။

၁၉၉၃ ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တွင် အီရန်နှင့် မြောက်ကိုရီးယားတို့သည်

မဟာဗျူဟာသဘောတူညီချက်ကို လက်မှတ်ရေးထိုးကြ၏။ အီရန်ကာကွယ်ရေးဝန်ကြီး 'မိုဟာမက်ဖော်ယူဇန်ဒေး' ခေါင်းဆောင်က တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ပြုံးယမ်းသို့ ရောက်လာကာ အဆင့်မြင့်ဆွေးနွေးကြ၏။ အဓိကမှာ ချူကလီးယားလက်နက်အပါအဝင် လက်နက်ကိစ္စများဖြစ်၏။ မြောက်ကိုရီးယားက အီရန်၏မြေအောက်ဘန်ကာများ ဆောက်ပေးရန်၊ ဒုံးပျံပစ်စင်များ ၁၈ နေရာတွင် တည်ဆောက်ပေးရန်တို့ဖြစ်၏။ အမေရိကန်တို့ ချူကလီးယားတိုက်ခိုက်မှုကို ခံနိုင်စွမ်းရှိသော မြေအောက်ဘန်ကာများကို မြောက်ကိုရီးယားက တည်ဆောက်ထားရာ ထိုပုံစံမျိုးကို အီရန်ကတည်ဆောက်လို၍ဖြစ်၏။ အပြန်အလှန်အားဖြင့် အီရန်ကခိုင်မာသောငွေကြေး၊ ဈေးသက်သာသောနှုန်းဖြင့် ရေနံစသည်တို့ကို ပေးမည်ဖြစ်၏။

မူလတန်းကြိုကျောင်းများနှင့် အခြားကျောင်းများတွင်မူ သီချင်းသစ်တွေ တိုက်ပေးနေကြပြီ။ 'ကျွန်ုပ်တို့ဖခင်သည် မာရှယ်ကင်မ်ဂျုံအီဖြစ်သည်' ဟူသော ဘုန်းတော်ဘွဲ့သီချင်းဖြစ်သည်။

'ကင်မ်ဂျုံအီ' သည် သူ၏ဖအေတူမအေကွဲ ညီဖြစ်သူ 'ကင်မ်ပြုံးအီ' ကို ဘူဂေးရီးယားမှ ပြန်ခေါ်လိုက်သည်။ သူက ဘူဂေးရီးယားတွင် သံအမတ်တာဝန် ထမ်းဆောင်နေသူဖြစ်၏။ သူ့မိခင် 'ကင်မ်ဆုံအီ' ကိုလည်း ပြန်ခေါ်ကာ မြောက်ကိုရီးယား အမျိုးသမီးအဖွဲ့ချုပ်တွင် ခေါင်းဆောင်စေ၏။ 'ကင်မ်အီဆွန်း' ၏ တူမများထဲမှတစ်ဦးနှင့် အိမ်ထောင်ကျထားသည့် 'ဟွမ်ချန်ယော့' ကိုလည်း နိုင်ငံခြားရေးရာကော်မတီ ဥက္ကဋ္ဌ ခန့်လိုက်၏။

၁၉၉၄ မတ်လ ၁၀ ရက်နေ့တွင် တောင်နှင့်မြောက်ကိုရီးယား နယ်စပ်အနီးတွင် အသံချဲ့စက်ဖြင့် သမ္မတကင်မ်ဂျုံအီဟု ထပ်တလဲလဲ ကြေညာသွားသည်ဆို၏။ မတ်လ ၂၃ ရက်တွင် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး 'ရီဘိုင်ယွန်တေး'က "ဧပြီလ ၆ ရက် ပြည်သူ့ညီလာခံမှာ ကင်မ်ဂျုံအီကို သမ္မတတင်မြှောက်ကြလိမ့်မယ်"ဟု ပြောသည်။

ဧပြီလ ၂ ရက်တွင် ပြည်သူ့ညီလာခံစ၏။ ဒေသအသီးသီးမှ ကိုယ်စားလှယ် ၁၀,၆၀၀ တက်ရောက်ကြ၏။ 'ကင်မ်အီဆွန်းကတော့ ညီလာခံမတက်၊ သို့သော် သဝဏ်လွှာတော့ ပါးလိုက်၏။ 'ပြည်သူ့ခေါင်းဆောင်တစ်ဦးအနေဖြင့် ပြည့်ဝသောအရည်အချင်းရှိသူ ကင်မ်ဂျုံအီ ဖြစ်သည်' ဟု ရေးထား၏။ ညီလာခံအဖွင့်တွင် ဤစာကို ဖတ်ပြ၏။

ဂျပန်ချစ်ကြည်ရေးအသင်း၏ ဒုတိယဥက္ကဋ္ဌ 'ဟိုချုံမန်'က ဧပြီလ ၅ ရက်တွင် ပြုံးယမ်းမှ ပြန်လာပြီးနောက် ရာထူးလွှဲပြောင်းမှု ပြီးသွားပြီဟု ပြော၏။ 'မြောက်ကိုရီးယားသမ္မတကင်မ်အီဆွန်းက သူ့ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးဆိုင်ရာ ပါဝါအပြည့်အဝကို

the bookhouse



အလုပ်သမားပါတီအထွေထွေအတွင်းရေးမှူး ကင်မ်ဂျုံအီကို လွှဲပေးလိုက်ပြီ'ဟု ဆိုသည်။ 'ဟိုချုံမန်' သည် 'ကင်မ်ဂျုံအီ' နှင့် ပုဂ္ဂိုလ်ရေးရင်းနှီးသူဖြစ်ရာ သူ့စကားမှန်သည်ဟု အားလုံးက ယုံကြည်ကြ၏။ 'ကင်မ်ဂျုံအီ' သည် 'ကင်မ်အီဆွန်း' ၏နေရာကို တစ်ထပ်တည်းနင်းနိုင်ရုံသာမက မြောက်ကိုရီးယားနိုင်ငံကို စည်းရုံးညီညွတ်ပြီး လက်နက်အင်အားတောင့်တင်းခိုင်မာသောနိုင်ငံကြီးအဖြစ် တကယ်ပင် ထူထောင်နိုင်သော ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ကြောင်း သမိုင်းကသက်သေခံနေပါပြီ။

မြောက်ကိုရီးယား၏ နိုင်ငံတော်သတင်းဌာနဖြစ်သော 'ကေစီအင်အေ' က 'ကင်မ်ဂျုံအီ' ၏ လှုပ်ရှားမှုများကို အဆက်မပြတ်ထုတ်ပြန်ပေးနေသည်။ ၁၉၉၈ ခုနှစ် ဇန်နဝါရီလတွင် သူ၏ကိုယ်ပိုင်ရထားဖြင့် ရေအားလျှပ်စစ်စီမံကိန်းကို လာရောက်စစ်ဆေးသည်။ အရာရှိကြီးများကိုလည်း နေ့လယ်စာဖိတ်ကျွေးမွေးတည်ခင်းဧည့်ခံ၏။

စားပွဲပေါ်တွင် ဟင်းသီးဟင်းရွက်အစားသွတ် ပြောင်းပေါင်မုန့်များ၊ ပဲနို့ရည် ဟင်းသီးဟင်းရွက်စွပ်ပြုတ်များ ချထား၏။

"ကျွန်တော်တို့ ပြောင်းဆန်နဲ့ လုပ်ထားတဲ့ ပေါင်မုန့်ရယ်၊ ပဲနို့ရည် စွပ်ပြုတ်ရယ်ကို စားသင့်တယ်" ဟု 'ကင်မ်'က ပြောသည်။ ပြည်သူတို့၏ရိုးရှင်းသောဘဝကို ဦးဆောင်ဦးရွက်ပြုနေသော ခေါင်းဆောင်ကြီးတစ်ဦးက ထိုသို့ စံနမူနာပြ၍ စားသောက်ခြင်းကို အရာရှိကြီးများက အထူးလေးစား ဂုဏ်ယူကြကြောင်း 'ကေစီအင်အေ' သတင်းဌာနက ဖော်ပြခဲ့သည်။

"ခေါင်းဆောင်ကြီး 'ကင်မ်ဂျုံအီ' ဟာ ပြည်သူ့ဝေဒနာကို သူ့ဝေဒနာလိုပဲ ခံစားတတ်တယ်။ ပြည်သူပျော်ရင် သူပျော်တာပဲ။ ပြည်သူဝေဒနာခံစားရင် သူလည်း ဝေမျှခံစားတတ်တယ်။ ဒါကြောင့် သူ့ရဲ့နေ့စဉ်စားသောက်တဲ့ အာဟာရမှာ ထမင်းရယ်၊ အာလူးပြုတ်ရယ်ပဲ စားတာများတယ်။ တခြားဇိမ်ခံပြီး စားကောင်းသောက်ဖွယ်တွေ မစားတတ်ဘူး"ဟု သတင်းများတွင် ဖော်ပြထား၏။ ပြောင်းပေါင်မုန့်နှင့် ဟင်းသီးဟင်းရွက် ပဲပိစပ်ဟင်းချိုသည် သူ့အတွက် တကယ့်ဇိမ်ခံအစားအသောက်ဖြစ်နေသည်။ 'ကင်မ်' ၏ အထူးဟင်းလျာအနေဖြင့် ပြောင်းဖူးပြုတ်ဟင်းချိုကို မုန်လာရွက်၊ ပဲငါးပိတို့ဖြင့် ရောစားခြင်းသည်သာလျှင် ခံတွင်းအတွေ့ဆုံးဖြစ်တတ်သည်။

အနောက်နိုင်ငံထုတ် သတင်းစာအချို့တွင်မူ 'ကင်မ်'သည် အီတလီနိုင်ငံမှ စားဖိုမှူး 'အာမန်နိုဖာလန်နိုဇ်'ကို မြောက်ကိုရီးယားနိုင်ငံသို့ သုံးပတ်မျှလာရောက်၍ အချက်အပြုတ်သင်တန်းပေးခိုင်းကြောင်း ရေးသားထားသည်။ စားဖိုမှူးနှစ်ဦးနှင့် သူတို့ဇနီးများသည် မြောက်ကိုရီးယားလူမျိုး စားတော်ကဲကြီးသုံးဦးအား အီတလီအစားအသောက်

the bookhouse

ချက်ပြုတ်နည်းများ သင်ပေးခဲ့ရသည်ဆို၏။ 'ကင်မ်' သည် ရုပ်ရှင်ဝါသနာအိုးတစ်ဦးဖြစ်ရာ နိုင်ငံခြားရုပ်ရှင်များထဲမှ 'ပီဇာ' စားသုံးနေကြသည်ကိုကြည့်ပြီး သူလည်း 'ပီဇာ' စားချင်၍ ယခုကဲ့သို့ သင်ယူနိုင်ခြင်းဖြစ်သည်ဟု ဆိုကြ၏။ ညစာစားပွဲတစ်ခုတွင် 'ကင်မ်' သည် သိုးသားပေါင်း၊ ပုစွန်ထုပ်ဟင်းတို့ကို ပြင်သစ် ဝိုင်ဖြူ ရင်မီမာတင် ကော့ညက်တို့ဖြင့် မြည်းနေသည်ကို မြင်ဖူးသည်ဟု အနောက်နိုင်ငံ၊ စာနယ်ဇင်းအချို့က အပုတ်ချကြသည်လည်း ဖတ်ရ၏။

ရုရှားဗိုလ်ချုပ်တစ်ဦးဖြစ်သူ 'ဗိုလ်ချုပ်ကြီး ကွန်စတန်တင်ဖူလီ ကော့ဖ်စကီး' က သူ၏ 'အရှေ့ဖျားအမြန်ရထား' စာအုပ်တွင် 'ကင်မ်' နှင့်အတူ ၂၀၀၁ ခုနှစ် နွေရာသီက ပြုံးယမ်းမှ မော်စကိုသို့ တစ်လတာမျှရှည်ကြာသော ရထားခရီးစဉ်တစ်ခု စီးနင်းလိုက်ပါဖူးကြောင်း ရေးသားထား၏။ ထိုအထူးရထားမှာ ရထားတွဲ ၂၀ တွဲ ပါ၏။ ခေါင်းတွဲနှစ်တွဲက ရှေ့မှ မိုင်းရှာပြီးဆွဲ၏။ ရထားပေါ်တွင် ရုရှား၊ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ပြင်သစ် ဟင်းလျာစုံနေအောင် ချက်ပြုတ်တတ်သူ စားတော်ကဲများ ပါလာသည်။ သို့သော် 'ကင်မ်' ခုံခုံမင်မင်စားသည်မှာ ပေါင်မုန့်အညိုအကြမ်းများသာ ဖြစ်သည်။

ရထားတွဲထဲတွင် အီလက်ထရွန်နစ် ဖြိုဟ်တုစလောင်းများ တပ်ဆင်ထားသော ရုပ်မြင်သံကြားစက်၊ ဂြိုဟ်တုအင်တာနက်စသည်တို့ အပြည့်အစုံတပ်ထား၏။ ရထားပေါ်တွင် ကင်မ်သည် ကွန်ပျူတာမပြတ်သုံး၏။ ဝက်ဘ်ဆိုက်ကို တစ်ချိန်လုံးရှာနေတတ်၏။

ကင်မ်ဂျုံအီး၏ဂျပန်စားတော်ကဲတစ်ဦးက သူသည် အီရန်နှင့်ဥဇဘက်ကစ္စတန်တို့သို့သွား ငါးအကောင်းစားများ သွားဝယ်ရပုံ၊ တရုတ်ပြည်သွား၍ ဖရဲသီးနှင့် စပျစ်သီးသွားဝယ်ရပုံ၊ ထိုင်းနှင့် မလေးရှားသွားပြီး ဒူးရင်းသီးနှင့်သင်္ဘောသီးဝယ်ရပုံ၊ ချက်နိုင်ငံမှ ဘီလ်စနာဘီယာ၊ ဒိန်းမတ်နိုင်ငံမှ ဝက်ပေါင်ခြောက်၊ ဂျပန်မှ ကျူနာငါးနှင့် ငါးရှဉ့်စသည်တို့ သွားဝယ်ကာ ချက်ပြုတ်ရပုံများကို ရေးထားသည်။ 'ကင်မ်' သည် ငါးရှဉ့်ဆူရှီကို အလွန်ကြိုက်ပြီး တစ်ပတ်လျှင်သုံးရက် စားသည်ဟု ဆိုသည်။

"ကျွန်တော့်ကို မနက် ၂ နာရီလောက်ဆိုခေါ်ပြီ။ ပြီးရင် ညလယ်စာ ဂျပန်ခေါက်ဆွဲ ချက်ခိုင်းတာပဲ။ ညပွဲတွေက သန်းခေါင်လောက်မှ ပြီးတာကိုး။ အဲဒီက ပြန်လာရင် သူ သိပ်ဆာလာပြီလေ။ ပွဲတစ်ပွဲဆိုရင် လေးရက်တောင်ကြာတယ်။ ဘယ်သူမှ ငိုက်တောင်မငိုက်ရဲကြဘူး။ သူက မှိုနဲ့ရောထားတဲ့ထမင်းကို သိပ်ကြိုက်တယ်။ ငါးမန်းတောင်ပံဟင်းချိုကလည်း သူမညည်းတမ်းစားတဲ့ဟင်းပဲ။ သူက ဝိုင်အရက်လည်း တော်တော်ကြိုက်တယ်။ အရင်တုံးကတော့ အရက်အပြင်းစား တော်တော်သောက်တတ်တယ်။ အသက် ငါးဆယ်မှာတော့ ဆရာဝန်ရဲ့ညွှန်ကြားချက်နဲ့ အရက်ပြင်းမသောက်တော့ဘူး၊ ဝိုင်ပဲသောက်

the bookhouse
we bring your future



တော့တယ်။ သူ့အခန်းတစ်ခန်းထဲမှာ ပြင်သစ်ဝိုင်ပုလင်းတစ်သောင်းလောက် သိုမှီးထားတာတွေ့ဖူးတယ်။ ဂျွန်နီဝါကားဝီစကီတို့၊ ဟင်နက်ဆီကော့ညက်တို့လို အရက်အကောင်းစားပုလင်းတွေလည်း သိမ်းထားတာတွေ့ဖူးတယ်"

'ဖူဂျီမိုတို' ၏စာအုပ်တွင် ထိုသို့ရေးထားသည်။ စီအိုင်အေ၏ အစီရင်ခံစာတစ်ခုတွင်လည်း ၁၉၉၆ တစ်နှစ်အတွင်း ပြင်သစ်မှ အရက်အကောင်းစား အမေရိကန်ဒေါ်လာ ၇ သိန်းကျော်ဖိုး မြောက်ကိုရီးယားကို တင်သွင်းခဲ့သည်ဟုဆို၏။ 'ဖူဂျီမိုတို' သည် ဂျပန်လူမျိုးဖြစ်ပြီး ကိုရီးယားကိုမုန်းတီးစိတ်ဖြင့် အမ,နာပ ဇလောင်းဇလဲများ လုပ်ကြံရေးထားသည်ဟု မြောက်ကိုရီးယားစာနယ်ဇင်းများက ပြန်လည်တုံ့ပြန်ခဲ့၏။

သူ့ဖခင်သေဆုံးပြီး တစ်နှစ်အကြာတွင် ကင်မ်သည် အမေရိကမှထိပ်တန်းနပန်းသမားများကိုဖိတ်ကြားကာ သူ့နိုင်ငံတွင် နပန်းပွဲကျင်းပခဲ့ရာ ဒေါ်လာ ၁၅ သန်းကုန်သည်ဟု သိရ၏။ အမေရိကန်နပန်းအဖွဲ့ချုပ်အနေဖြင့် နိုင်ငံခြားငွေအများဆုံးရသည်မှာ ဤအချိန်ဖြစ်သည်ဟု ကြေညာခဲ့၏။ ထိုကမ္ဘာ့နပန်းပွဲသတင်းရေးရန် ပြုံးယမ်းသို့ နိုင်ငံခြားစာနယ်ဇင်းသမားများစွာကိုလည်း ကင်မ်က ဖိတ်ကြားခဲ့၏။

၁၉၉၈ တွင် ကုလသမဂ္ဂက အရေးပေါ် အကူအညီထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ပေးခဲ့ရာတွင် ဒေါ်လာသန်း ၂၀ ဖိုးကို အက်စ် ၅၀၀ မာစီးဒီးဘင့်ဇ်အမျိုးစားဇိမ်ခံကားများ ဝယ်ခဲ့သည်ဟု စွပ်စွဲခြင်းခံရ၏။ မြောက်ကိုရီးယားတွင် မာစီးဒီးဘင့်ဇ်ဇိမ်ခံကားပေါင်း ၇၀၀၀ ကျော်ရှိပြီး ဖြစ်ပါလျက် ဘာကြောင့်ယခုကဲ့သို့ ငွေကုန်ကြေးကျခံကာ ကားသစ်တွေထပ်ဝယ်သလဲဟူသည်ကို ဝေဖန်သူက ဝေဖန်ကြ၏။ သို့သော် နိုင်ငံတကာမှ အကြီးအကဲများ၊ ဧည့်သည်တော်များပါ လာရောက်လည်ပတ်ကြရာတွင် တိုင်းပြည်ဂုဏ်မငယ်အောင် ကမ္ဘာ့အဆင့်မီနိုင်ငံဖြစ်ကြောင်းပြသသည့်အနေဖြင့် ဝယ်ယူခြင်းဖြစ်သည်ဟု သူကတုံ့ပြန်၏။

■

the bookhouse
we bring your future

ကင်မ်ဂျုံအီ (သို့မဟုတ်)
မြောက်ကိုရီးယား၏
ချစ်လှစွာသော ခေါင်းဆောင်ကြီး



## အခန်း ၁၃
## မြောက်ကိုရီးယားစစ်အင်အားကြီးထွားလာပုံ

မြောက်ကိုရီးယားသည် သူ၏ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန်အတွက် နည်းလမ်းနှစ်မျိုးကိုသုံးခဲ့သည်။ တစ်နည်းမှာ ပြည်သူတစ်ရပ်လုံးကို လက်နက်တပ်ဆင်ထားသောပြောက်ကျားတပ်ဖွဲ့အသွင် လေ့ကျင့်ပေးရန်ဖြစ်ပြီး၊ အခြားတစ်နည်းမှာ ရန်သူကိုချေမှုန်းရန် ခေတ်မီသောကြီးမားတပ်မတော်တစ်ခု ဖွဲ့စည်းရန်တို့ဖြစ်၏။

## မြောက်ကိုရီးယားစစ်အင်အားကြီးထွားလာပုံ

မှက်မှောက်ကာလတွင် မြောက်ကိုရီးယားတွင် တိုက်ခြင်းပစ် ဒုံးပျံများ၊ နျူကလီးယားလက်နက်များ၊ ဇီဝဗေဒနှင့်ဓာတုဗေဒလက်နက်များ ပိုင်ဆိုင်သောနိုင်ငံဖြစ်နေပြီ။ မြောက်ကိုရီးယားလူငယ်များသည်လည်း သူတို့ဘဝတွင် အခြားသောရည်ရွယ်ချက်များထက် သူတို့နိုင်ငံ၊ သူတို့ခေါင်းဆောင်များအတွက် အသက်ကိုစွန့်လွှတ်ရန် ဝန်မလေးသောစိတ်ဓာတ်များ ပြင်းပြနေကြ၏။

သူတို့၏ဖွဲ့သတ္တိ၊ ပြင်းပြသောခံယူချက်တို့နှင့် လက်နက် ဆန်းများပေါင်းစပ်လိုက်သောအခါ မြောက်ကိုရီးယား၏စစ်အင်အားသည် ထိန်းမနိုင် သိမ်းမရ ဖြစ်နေတော့၏။ မြောက်ကိုရီးယားနိုင်ငံ၏ခံယူချက်တစ်ခုမှာ ကွန်မြူနစ်ဝါဒကို ကမ္ဘာတစ်ဝှန်းသို့ ဖြန့်ချိရာတွင် လက်နက်သည်အရေးပါသည်ဟူသော ခံယူချက်ပင်ဖြစ်၏။ ဤရည်မှန်းချက်ကို ၁၉၆၀ ခုနှစ်များမှစ၍ အခြေတည်ခဲ့၏။

ပြုံးယမ်းသည် ၎င်းတို့၏တိုးတက်မှုနှင့် တောင်ကိုရီးယား၏တိုးတက်မှု အလှမ်းကွာဝေးခြားနားလှသည်ကို သတိပြုမိကတည်းက ဤရည်မှန်းချက်ကို စတင်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ 'ကင်မ်အီဆွန်း' သည် သူ၏တပ်မတော်ကို ခေတ်မီလက်နက်ဆန်းများ တပ်ဆင်လေတော့၏။





၁၉၆၀ ခုနှစ်များကပင် စတင်၍ပြုံးယမ်းသည် စစ်အတွက် အသင့်ပြင်ခဲ့၏။ ထို့ကြောင့် တပ်မတော်သားများသာမက ပြည်သူများကိုပါ စစ်ရေးလေ့ကျင့် ပေးကာ တပ်မတော်၏အရန်အင်အားများအဖြစ် စည်းရုံးခဲ့သည်။

'ကင်မ်အီဆွန်း'၏ ရည်ရွယ်ချက်မှာ မြောက်ကိုရီးယားပြည်သူတိုင်းသည် တောင်ကိုရီးယားကို ကယ်တင်နိုင်ရန်အလို့ငှာ လူတိုင်းစစ်ပညာတတ်ထားပြီး စစ်ပွဲအတွက် အသင့်ပြင်ဆင်ထားရန်ပင်ဖြစ်၏။ ၁၉၆၃ ခုနှစ်တွင် ပြုံးယမ်းက ပြည်သူ့တပ်မတော်ကို ပိုမိုအားကောင်းအောင် တည်ဆောက်ရန်၊ ပြည်သူအားလုံးကို လက်နက်တပ်ဆင်ရန်၊ နယ်မြေတစ်ခုလုံးသည်ပင် ခိုင်မာသော ခံတပ်ကြီးတစ်ခုဖြစ်ရန် ဆုံးဖြတ်ခဲ့၏။

မြောက်ကိုရီးယားသည် သူ၏ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန်အတွက် နည်းလမ်းနှစ်မျိုးကို သုံးခဲ့သည်။ တစ်နည်းမှာ ပြည်သူတစ်ရပ်လုံးကို လက်နက်တပ်ဆင်ထားသော ပြောက်ကျားတပ်ဖွဲ့အသွင် လေ့ကျင့်ပေးရန်ဖြစ်ပြီး အခြားတစ်နည်းမှာ ရန်သူကို ချေမှုန်းရန် ခေတ်မီသော ကြေးစားတပ်မတော်တစ်ခု ဖွဲ့စည်းရန်တို့ဖြစ်၏။ ၁၉၆၆ အောက်တိုဘာတွင် ထိုနည်းလမ်းနှစ်ခုလုံးကိုပေါင်းစပ်ကာ အမျိုးသားတပ်မတော် အင်အားစုအဖြစ် ပေါင်းစည်းခဲ့သည်။

'ကိုရီးယားပြည်သူ့တပ်မတော်' (ကေပီအေ)ကို အများနှင့်သက်ဆိုင်သော တပ်ဖွဲ့များနှင့်ကြေးစားတပ်များပေါင်းစပ်ကာ ပြန်လည်ဖွဲ့စည်းခဲ့၏။ အဓိကတပ်များအဖြစ် 'ပြည်သူ့တပ်' ကို တပ်မငါးခုဖွဲ့စည်းကာ ကြေးစားတပ်ကို တပ်မ ၁၉ ခု၊ တပ်ရင်းကြီး ၅ ခု၊ လွတ်လပ်သော တပ်ရင်းတစ်ခုဖွဲ့စည်းကာ ထိုအင်အားစု အားလုံးပေါင်းကာ 'ပြည်သူ့တပ်' အဖြစ် သတ်မှတ်ထားသည်။ ထို့ပြင်မြေအောက်တွင် ဘန်ကာကျင်းများစွာတူးကာ ရန်သူ၏ အလစ် တိုက်ခိုက်ခြင်းကို ပုန်းရှောင်ရန်နှင့် ပြန်လည်တိုက်ခိုက်ရန် စီစဉ်ထား၏။

၁၉၆၀ ခုနှစ်များတွင် နိုင်ငံတော်ဘတ်ဂျက်၏ ၃၀ ရာခိုင် နှုန်းကို စစ်ရေးအတွက် သုံးခဲ့၏။ ကေပီအေသည် လက်နက်ဆန်းများကို အချို့နိုင်ငံများမှ အခမဲ့ရ၏။ အချို့ကိုမူ ရေရှည်အကြွေးစနစ်ဖြင့် ဝယ်ယူ၏။

၁၉၆၅ တွင် ဆိုဗီယက်ယူနီယံနှင့် အလွန်ပုလဲန်ပသင့်ကာ အဆင့်မြင့်ခေတ်မီ လက်နက်အများအပြားကို ရခဲ့၏။ ထိုအထဲတွင် မစ်-၂၁ တိုက် လေယာဉ်များလည်း ပါလာ၏။

၁၉၆၈ တွင် ကေပီအေသည် ဆိုဗီယက်တပ်မတော်တွင် ရှိသမျှ ခေတ်မီ လက်နက်အားလုံးကို တပ်ဆင်ပြီးဖြစ်တော့၏။ မြောက်ကိုရီးယားမှ စစ်လက်နက်ဆိုင်ရာ ပုဂ္ဂိုလ်များစွာသည်လည်း ဆိုဗီယက်ယူနီယံစစ်တက္ကသိုလ်များသို့ သွားတက်ကာ စစ်ရေး

မဟာဗျူဟာ၊ နည်းဗျူဟာများသင်ကြားခဲ့သည်။

သို့ဖြင့် ၁၉၇၀ ပြည့်နှစ်တွင် မြောက်ကိုရီးယားတွင် အမြဲတမ်းတပ်ဖွဲ့ဝင် ၄၁၅,၀၀၀၊ အရန်တပ်ဖွဲ့ဝင် ၁,၂၅၀,၀၀၀၊ လုံခြုံရေးနှင့်နယ်ခြားစောင့်တပ်ဖွဲ့ဝင် ၂၅,၀၀၀ ထိရှိလာသည်။ ကေပီအေတွင် သံချပ်ကာကား ၉၀၀၊ အမြောက်လက်နက်ကြီး ၆၀၀၀၊ ရေငုတ်သင်္ဘော ၄ စင်း။ တိုက်လေယာဉ် ၅၈၀၊ (ဗုံးကြဲလေယာဉ် မစ်-၂၁ တိုက်လေယာဉ်များ အပါအဝင်)၊ မြေပြင်မှ ဝေဟင်ပစ်ဒုံးပျံ ၃၀၀ ထိရှိလာ၏။

၁၉၆၅ မှ ၁၉၇၀ အတွင်းတွင် မြောက်ကိုရီးယားမှ အထူးတပ်ဖွဲ့ဝင်များသည် တောင်ကိုရီးယားသို့ အကြိမ်ကြိမ်စိမ့်ဝင်ကာ ထောက်လှမ်းရေးလုပ်ငန်းများ၊ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ခဲ့၏။ ထိုအထဲတွင် ၁၉၆၈ ဇန်နဝါရီက ပြုလုပ်သော တောင်ကိုရီးယား သမ္မတနန်းတော် (အိမ်ပြာတော်)ကို ကွန်မန်ဒို ၃၁ ဦးဝင်ရောက် တိုက်ခိုက်မှုလည်း ပါဝင်၏။

၁၉၆၈ ခုနှစ် ဖေဖော်ဝါရီလတွင် အမေရိကန်သူလျှိုသင်္ဘော 'ပွေဗလို' ကို မြောက်ကိုရီးယားရေပိုင်နက်ထဲတွင် ဖမ်းမိ၏။ ၁၉၆၉ ဧပြီလတွင် အမေရိကန် အီးစီ ၁၂၁ လေယာဉ်ကို မြောက်ကိုရီးယား မစ်-၁၇ လေယာဉ်က ပစ်ချနိုင်ခဲ့သည်။ နယ်စပ်တွင် ကေပီအေကခြေမှုန်းသဖြင့် အမေရိကန် ၂၁ ဦး အသေဖမ်းဆီးရမိ၏။ အမေရိကန် ကျူးကျော်မှုများကို သက်သေသာဓကနှင့်တွေ့ရသောအခါ မြောက်ကိုရီးယား၏စစ်ရေးပြင်ဆင်မှုသည် အသင့်အနေအထားသို့ ရောက်လာရ၏။

မြောက်ကိုရီးယားသည် မြေအောက်လိုဏ်ခေါင်းများစွာကို စီမံချက်ချပြီး တူး၏။ ခေတ်မီလက်နက်များ သိုလှောင်ရန် ဘန်ကာကျည်များ၊ လိုဏ်ခေါင်းများ များစွာကို နေရာအနှံ့တည်ဆောက်သည်။ ဆိုဗီယက်နှင့်တရုတ်တို့ထံမှ ခေတ်မီလက်နက် အမြောက်အမြား ဝယ်ယူ၏။ သို့ဖြင့် ၁၉၇၉ တွင် ကေပီအေတွင် အမြဲတမ်းတပ်ဖွဲ့ဝင် ၆၇၅,၀၀၀၊ အရန်တပ်ဖွဲ့ဝင် ၂,၅၀၀,၀၀၀၊ သံချပ်ကာကား ၂၃၀၀၊ လက်နက်ကြီး ၃၅၀၀၊ ဒုံးကျည်လက်နက် ၁၃၀၀၊ တိုက်လေယာဉ် ၅၀၀၅၊ ရေငုပ်သင်္ဘော ၁၅ စင်း၊ ရေပေါ်ရော မြေပေါ်ပါ သွား၍ရသော ယာဉ် ၉၀ မျှထိ ရှိလာ၏။

၁၉၇၀ က စစ်အင်အားထက် အဆများစွာ ခုန်ပျံကြီးထွားလာခြင်းဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်များတွင်မူ ကေပီအေသည် အဆင့်မြင့်ခေတ်မီလက်နက်အားလုံး တပ်ဆင်ပြီးသော၊ ကောင်းစွာလေ့ကျင့်ထားသော တပ်မတော်ကြီးတစ်ခုဖြစ်လာပြီး ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက်အင်အားအကြီးဆုံးတပ်မတော်အဆင့်သို့ ရောက်လာ၏။

နယ်စပ်အနီးတွင် မြေအောက်လိုဏ်ခေါင်းပေါက် ၁၀၀ ကျော် တူးထား၏။ ထိုလိုဏ်ခေါင်းတစ်ခုတွင် လက်နက်နှင့်တပ်သားအင်အားများစွာ ခိုလှုံနိုင်၏။ တိုက်ခိုက်ရေး

the bookhouse



အတွက် အဆင်သင့်ဖြစ်နေသကဲ့သို့ မိမိတို့နိုင်ငံကို ရုတ်တရက်ဝင်တိုက်လျှင်လည်း အငိုက်မိမခံရအောင် အစစအရာရာ ပြင်ဆင်ထားသည်။

၁၉၈၄-၈၅ တွင် ကေပီအေတွင် အမြဲတမ်းတပ်ဖွဲ့ဝင် ၇၈၅,၀၀၀၊ အရန်တပ်ဖွဲ့ဝင် ၄,၀၀၀,၀၀၀၊ သံချပ်ကာကား ၃၀၀၀၊ အမြောက်လက်နက်ကြီး ၄၀၀၀၊ တိုက်လေယာဉ် ၇၅၀၊ ရေငုပ်သင်္ဘော ၂၀ စင်း၊ ဒုံးကျည်လက်နက် ၁၀၀ ထိ တိုးပွားလာသည်။ စစ်ဖြစ်လျှင် ရက် ၃၀ ကြာနေထိုင်ပုန်းအောင်းနိုင်မည့် စားနပ်ရိက္ခာပြည့်စုံစွာ သိုလှောင်ထားသော မြေအောက် လိုဏ်ခေါင်းများစွာလည်း တူးပြီးပြီ။ ဆိုဗီယက်အကူအညီဖြင့် ဓာတုဗေဒလက်နက်များကိုလည်း အမြောက်အမြားထုတ်လုပ်ထား၏။

မြောက်ကိုရီးယား၏ တိုက်ချင်း ပစ်ဒုံးပျံများကိုမူ ဆိုဗီယက်ယူနီယံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှနည်းပညာများ ပူးပေါင်းလုပ်ဆောင်မှုဖြင့် ရရှိခဲ့၏။ ၁၉၈၇ ခုနှစ်ကပင်လျှင် မြောက်ကိုရီးယားသည် စကတ်ဒုံးကျည် ၅၀ ကို ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်၏။ ၁၉၉၁ နှစ်လတွင် ဆိုဗီယက်ယူနီယံက စကတ်ဒုံးကျည် ၁၀ ခုပေး၏။

၁၉၉၃ တွင် မြောက်ကိုရီးယားသည် ချူကလီးယား၏ထိပ်ဖူးတပ် 'နိုဒုံး(၁)' ဒုံးပျံများကိုပင် ထုတ်လုပ်နိုင်လာ၏။ ၎င်းသည် ကီလိုမီတာ ၁၇၀၀ အကွာအဝေးကို ပစ်နိုင်၏။ ဆက်လက်၍ 'နိုဒုံး(၂)' ကို ထုတ်လုပ်ရာ ၎င်းသည် ကီလိုမီတာ ၁၅၀၀ မှ ၂၀၀၀ အကွာအဝေးကို လှမ်းပစ်နိုင်သည်။ ယခုအခါ မြောက်ကိုရီးယားတွင် 'အင်ကေစကပ်ဘီ'၊ 'အင်ကေစကပ်စီ'၊ 'နိုဒုံး(၁)'၊ 'နိုဒုံး(၂)'၊ 'တေပိုဒုံး(၁)'၊ 'တေပိုဒုံး(၂) စသည့် ဒုံးကျစ်လက်နက်များကို ပိုင်ဆိုင်နေပေပြီ။ နောက်ဆုံးပေါ် ခေတ်မီဒုံးကျည်လက်နက်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက နည်းပညာအကူအညီဖြင့် ထုတ်လုပ်ခြင်းဖြစ်သည်။

၁၉၈၈ နဲ့ ၁၉၉၁ တို့တွင် မြောက်ကိုရီးယားနှင့်တရုတ်ပြည်သူ့သမ္မတ နိုင်ငံတို့သည် သဘောတူစာချုပ်များလက်မှတ်ရေးထိုးကာ ဒုံးကျည်လက်နက်ထုတ်လုပ်ရေး များကို ပြုလုပ်ခဲ့ကြ၏။ မြောက်ကိုရီးယား နောက်ဆုံးထုတ်လုပ်သောဒုံးပျံမှာ 'နိုဒုံးအပ်ဗ်' ဖြစ်သည်။ ၎င်းသည် ကီလိုမီတာ ၆၀၀၀ အကွာအဝေးထိ ပစ်နိုင်၏။ ဤဒုံးကျည်လက်နက် ဖြင့် အမေရိကန်နိုင်ငံကိုပင် လှမ်းပစ်နိုင်၏။ ၁၉၉၇ ခုနှစ်တွင် ထုတ်လုပ်ခြင်းဖြစ်၏။

၁၉၉၂ မှစ၍ မြောက်ကိုရီးယားသည် အနုမြူလက်နက်များကို စတင်စမ်းသပ်ခဲ့၏။ ကေဂျီဘီ၏အစီရင်ခံစာအလိုအရ မြောက်ကိုရီးယားတွင် ၁၉၉၀ စောစောပိုင်းကစ၍ ချူကလီးယားလက်နက်များရှိနေပြီဟု သိရ၏။ ဤအနုမြူလက်နက်များကို ထိန်းချုပ်ကြီးကိုင်ထားသူမှာ 'ကင်မ်ဂျုံအီ' တစ်ဦးတည်းပင်ဖြစ်၏။ ၁၉၉၃ တွင် မြောက်ကိုရီးယားသည် ချူကလီးယားလက်နက် ၆ ခုမျှထိ ရှိလာ၏။

the bookhouse

၁၉၉၃ တွင် နျူကလီးယားဗုံးအသေးစား ၃ လုံးမှ ၅ လုံးထိ ထုတ်လုပ်နိုင်ခဲ့၏။ ဤဗုံးများဖြင့်ပင် ဂျပန်၊ အမေရိက၊ တောင်ကိုရီးယားတို့ကို ခြိမ်းခြောက်နိုင်မည်ဟုဆို၏။ ၁၉၉၃ တွင် လေ့ကျင့်အခြေစိုက်သံတမန်များ၊ ပါရဂူများက ပြုံးယမ်းမှအပြန်တွင် 'မြောက်ကိုရီးယားမှာ အနုမြူဗုံးတွေအများကြီးရှိနေပြီ' ဟု ထုတ်ဖော်ပြောခဲ့ကြ၏။

အနုမြူလက်နက်များကို ပြုံးယမ်းမြို့အနီးရှိ တောင်တန်းအောက် ဥမင်လိုဏ်ခေါင်းထဲတွင် သိုလှောင်ထားသည်ဟု သိရ၏။ အနုမြူထုတ်လုပ်သော 'ယုံဘိုင်ယွန်' ဒေသမှာ ဟန်ပြမျှသာရှိပြီး တကယ်တမ်းဖွက်ထားသည့်နေရာများမှာ ပြုံးယမ်းမြို့အနီး ပတ်ဝန်းကျင် ဥမင်လိုဏ်ခေါင်းများထဲတွင်သာဖြစ်သည်' ဟု သိရ၏။ ၁၉၉၂ ကပင် မြောက်ကိုရီးယားသည် ပလူတိုနီယမ် ၅၆ ကီလိုဂရမ်ကို ဆိုဗီယက်မှ တိတ်တဆိတ်ရယူခဲ့၏။ ဤပလူတိုနီယမ်ပမာဏသည် အနုမြူဗုံး ၁၀ လုံးစာမျှ လုပ်နိုင်လောက်၏။

■

the bookhouse
we bring your future



the bookhouse
we bring your future

## အခန်း ၁၄
## မြောက်ကိုရီးယားထူထောင်ခြင်း

၁၉၄၆ တွင် ဆိုဗီယက်တို့က ရွေးကောက်ပွဲလုပ်ပေး၏။
သူတို့၏ရည်ရွယ်ချက်မှာ ပြုံယမ်းတွင် မာက်စ်လီနင်ဝါဒ အပြည့်အဝ
ယုံကြည်သူများ၏ လက်ထဲသို့ အာဏာအပ်ရန်ဖြစ်၏။

## မြောက်ကိုရီးယားထူထောင်ခြင်း

၁၉၄၅ ခုနှစ် ဩဂုတ်နှင့်စက်တင်ဘာတွင် ဆိုဗီယက်တပ်များ ကိုရီးယားသို့ ဝင်လာချိန်တွင် တပ်မတော်နှစ်ခု အပြိုင်ချီတက်လာသကဲ့သို့ ဖြစ်နေ၏။ 'ဗိုလ်ချုပ်ကြီး အီဗန်အမ်စစ်စတီယာကော့ဖ်' က ဆိုဗီယက်တပ်ကို ဦးဆောင်ချီတက်လာသည်။ သူသည် ပြုံးယမ်းကို အမှတ် ၂၅ တပ်မ၏တပ်မှူးအဖြစ် ဝင်ရောက်လာကာ ကိုရီးယားမှ ဆိုဗီယက်တပ်များကို ကွပ်ကဲရန်ဖြစ်၏။

ဒုတိယတပ်ဖွဲ့မှာ 'ဗိုလ်မှူးချုပ်နီကိုလိုင်လက်ဘီအက်ဖ်' ဦးဆောင်ချီတက်လာသော တပ်ဖြစ်၏။ ၎င်း၏တပ်သည်ကိုရီးယားကို ဆိုဗီယက်ပိုင်နယ်မြေတစ်ခုအဖြစ် ပြောင်းလဲရန်ဖြစ်၏။ ယခုတပ်များထက် ပို၍ချဲ့ထွင်ရန်လည်း အစီအစဉ်ရှိ၏။ ၁၉၄၆ တွင် ဆိုဗီယက် အဆင့်မြင့်နိုင်ငံရေးအကြံပေးပုဂ္ဂိုလ်နှစ်ဦးရောက်လာပြန်သည်။ သူတို့သည် ယခင်က ထောက်လှမ်းရေးအဖွဲ့ဝင်ဟောင်းများဖြစ်ကြ၏။

ပထမတစ်ဦး၏အမည်မှာ 'ဂါရာဆင်ဘမ်ဘာလာဆာနေ့ဗ်' ဖြစ်ပြီး ဂျပန်တွင် အနေများခဲ့ပြီး ဂျပန်စကားကို မှတ်နေအောင်တတ်သူဖြစ်၏။ သို့သော် ကိုရီးယားစကားကိုမူ ထမင်းစားရေသောက်လောက်သာတတ်၏။ ဒုတိယပုဂ္ဂိုလ်မှာ 'အနာတိုလီအိုင်ရှစ်ရှင်' ဖြစ်၏။ သူသည် ဆိုးလ်မြို့တွင် သံမှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့ကာ ကွန်မြူနစ်မြေအောက်

the bookhouse



အဖွဲ့အစည်းများနှင့် အဆက်အသွယ် ရှိခဲ့သူဖြစ်၏။ သူက တောင်ကိုရီးယားအကြောင်း အပ်ကျတာကအစ သိသူဖြစ်၏။

ဒုတိယကမ္ဘာစစ်အတွင်းတွင် 'ကင်မ်အီဆွန်း' သည် ဆိုဗီယက်တပ်မတော်၊ အမှတ် ၈၈ တပ်မတွင် ဗိုလ်မှူးရာထူးအဆင့်ဖြင့် အမှုထမ်းခဲ့သည်။ ဩဂုတ်လ ၂၇ ရက်တွင် ပြုံးယမ်းကို အမှတ် ၂၅ တပ်မက သိမ်းပိုက်ခဲ့ပြီးသော်လည်း အမှတ် ၈၈ တပ်မသည် စက်တင်ဘာ ၁၉ ရက်ကျမှ ကိုရီးယားကို ဝင်လာသည်။

'ကင်မ်အီဆွန်း' သည် သူနှင့်အတူ သစ္စာရှိရဲဘော် ၂၅ ဦးကိုပါ ခေါ်လာခဲ့သည်။ သူတို့အားလုံးပင် ဆိုဗီယက်ယူနီဖောင်းကို ဝတ်ကြ၏။ သူတို့သည် ပြုံးယမ်းရှိ ဌာနချုပ်တွင် တာဝန်ထမ်းဆောင်ကြ၏။ 'လက်ဘီအက်ဖ်' လက်အောက်တွင် 'ကင်မ်အီဆွန်း' အမှုထမ်းရပြီး ဆိုဗီယက်တပ်များက 'ကင်မ်အီဆွန်း' ကို နိုင်ငံရေးခေါင်းဆောင်တစ်ဦးအဖြစ် တွန်းတင်ပေးကြ၏။

ပြုံးယမ်းသို့ ရောက်လျှင်ရောက်ချင်း 'ကင်မ်အီဆွန်း' သည် ဌာနေမှ ကွန်မြူနစ် ခေါင်းဆောင်များကိုဆက်သွယ်ကာ သူတို့၏လမ်းညွှန်မှုကိုခံယူခဲ့၏။ သူသည် ကိုရီးယား စစ်အစိုးရတည်ထောင်မည်ဖြစ်ပြီး ကွန်မြူနစ်များက ဝိုင်းဝန်းထောက်ခံကြပါရန် စည်းရုံးခဲ့၏။ ၁၉၄၅ ခုနှစ် အောက်တိုဘာ ၁၄ ရက်နေ့တွင် ဆိုဗီယက်တို့က ကိုရီးယားခေါင်းဆောင် များကိုခေါ်ပြီး အစည်းအဝေးလုပ်သည်။ ထိုအစည်းအဝေးတွင် အဓိကဦးဆောင်စကား ပြောသူမှာ 'ကင်မ်အီဆွန်း' ပင်ဖြစ်၏။

ယခုတော့ သူကအရပ်ဝတ်ဖြင့်ဖြစ်သွားပြီး ကိုရီးယားပြည်သူ့ကော်မတီမှ လူကြီးများကို သူကခေါင်းဆောင်အရာထားပြီး ဝင်ပေး၏။ ကိုရီးယားကွန်မြူနစ်လက် ဟောင်းကြီးများကိုလည်း လက်တွဲခေါ်ယူ၏။ ဆိုဗီယက်ပြန်ကိုရီးယားများကမူ နောက်ကွယ် မှသာ နေကြ၏။ ၁၉၄၆ တွင် ဆိုဗီယက်တို့က ရွေးကောက်ပွဲလုပ်ပေး၏။ သူတို့၏ ရည်ရွယ်ချက်မှာ ပြုံးယမ်းတွင် မာက်စ်လီနင်ဝါဒ အပြည့်အဝယုံကြည်သူများ၏ လက်ထဲသို့ အာဏာအပ်ရန်ဖြစ်၏။

၁၉၄၆ မှ ၁၉၄၇ အထိ ကိုရီးယားပြည်သူတို့တစ်သဘောတည်း စိတ်တူကိုယ်တူ ရွေးချယ်ကြသည့်ခေါင်းဆောင်မှာ 'ကင်မ်အီဆွန်း' ပင်ဖြစ်၏။ 'ကင်မ်အီဆွန်း' သည် ညီညွတ်ရေးတပ်ပေါင်းစုကို ဖွဲ့စည်းကာ လွတ်လပ်သောပြုံးယမ်းကို ထူထောင်ရန်ကြိုးပမ်း၏။

ထိုအချိန်တွင် ကိုရီးယားတွင် အုပ်စုနှစ်စုကွဲနေ၏။ တစ်ခုမှာ မန်ချူးရီးယားတွင် တိုက်ပွဲဝင်ပြီး စစ်အတွင်းကာလတွင် ဆိုဗီယက်ကလေ့ကျင့်ပေးထားသူများဖြစ်၏။ နောက်တစ်ခုမှာ ဆိုဗီယက်တွင်မွေးခဲ့သော ကိုရီးယားများဖြစ်ပြီး ယခုအခါ ပြုံးယမ်းတွင်

the bookhouse

ရေပေါ်ဆီ လူတန်းစားဖြစ်နေသူများ ပါဝင်၏။ ထိုအုပ်စုသည် ပြူးယမ်းတွင် အာဏာကို အများဆုံးရနေသူများဖြစ်၏။

တကယ်တော့ 'စွမ်းရည်သတ္တိရှိသော'ပြောက်ကျားသူရဲကောင်းမှာ 'ကင်မ်အီဆွန်း' သာဖြစ်၏။ သူသည် ဂျပန်ကိုလည်းတော်လှန်ခဲ့၏။ မန်ချူးရီးယားတွင်လည်း တိုက်ပွဲဝင်ခဲ့သည်။ ယခုလည်း ကိုရီးယားကိုကယ်တင်ရန် ကြိုးပမ်းသူမှာသူပင်ဖြစ်၏။ 'ကင်မ်အီဆွန်း' ကမူ 'နိုင်ငံတကာကွန်မြူနစ် တိုက်ပွဲဝင်သူရဲကောင်း' ဟု ထိုက်ထိုက်တန်တန် ခေါ်နိုင်သူဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ပထမကသူသည် တရုတ်ကွန်မြူနစ်တိုက်ပွဲဝင်သူအဖြစ်ဖြင့် တရုတ်ပြည်တော်လှန်သောတပ်မတော်တွင် ပါဝင်ခဲ့ကာ နောက်တစ်ခါ မာက်စ်လီနင်ဝါဒ တော်လှန်ရေးတွင် ဆိုဗီယက်တပ်မတော်နှင့်အတူ လက်တွဲတိုက်ခိုက်ခဲ့သူဖြစ်၏။ သူ့လိုလူမျိုး ကမ္ဘာ့တော်လှန်ရေးသမိုင်းတွင် မရှိ။

မြောက်ကိုရီးယားကို ဆိုဗီယက်တို့အသွင်ပြောင်းရေးတွင် အဆင့် ၃ ဆင့်ရှိ၏။ ပထမအဆင့်မှာ ၁၉၄၅ ဩဂုတ်လမှ ၁၉၄၆ ဇန်နဝါရီလ အထိဖြစ်၏။ ဆိုဗီယက်တို့နှင့် ကိုရီးယားမှဩဇာညောင်းသူတို့ ပူးပေါင်းကြသောကာလဖြစ်၏။ ကိုရီးယားခေါင်းဆောင်များကို ကြားဖြတ်ပြည်သူ့ကော်မတီများအဖြစ် ဖွဲ့စည်း၏။ ထိုခေါင်းဆောင်များနှင့် ဆိုဗီယက်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်ကာ ပြူးယမ်းတွင် ကွန်မြူနစ်အုပ်ချုပ်ရေးကို ထူထောင်၏။ ထို့နောက် ဖြည်းဖြည်းချင်းဖယ်ထုတ်ကာ အဆုံးအဖြတ်ပေးသော ကဏ္ဍတွင် ဆိုဗီယက်တို့သာ ကျန်နေအောင်ဖန်တီးခဲ့၏။

ဒုတိယအဆင့်မှာ ၁၉၄၆ ဖေဖော်ဝါရီမှ ၁၉၄၈ ဧာဧာပိုင်းအထိကာလဖြစ်၏။ ဆိုဗီယက်ဩဇာခံအုပ်ချုပ်ရေးအဖွဲ့ကိုဖွဲ့ပြီး ကိုရီးယားကွန်မြူနစ်ခေါင်းဆောင်မှုကို ပညာသားပါပါဖြင့် ဖယ်ရှားခဲ့၏။ သို့မှသာ ဆိုဗီယက်ဩဇာခံကိုရီးယားစစ်စစ်များ ကျန်ရစ်မည်ဖြစ်၏။ ကြားဖြတ်ပြည်သူ့ကော်မတီထဲမှ လစ်လပ်သောနေရာများကို ဆိုဗီယက်ဩဇာခံ ပြည်သူ့ကော်မတီဖြင့် ၁၉၄၆ ဖေဖော်ဝါရီတွင် အစားထိုးခန့်အပ်၏။ ထိုကော်မတီသစ်တွင် 'ကင်မ်အီဆွန်း' လည်း ပါလာ၏။ သူတို့က ဒီမိုကရက်တစ်ပြောင်းလဲမှုကို လုပ်၏။ သို့ဖြင့် 'ကင်မ်အီဆွန်း' တို့အုပ်စုသည် ကိုရီးယားမျိုးချစ်ခေါင်းဆောင်မှုစစ်စစ်အဖြစ် ပေါ်ထွန်းလာကြသည်။

၁၉၄၆ ဇူလိုင်လတွင် 'ကင်မ်အီဆွန်း' သည် 'အလုပ်သမားပါတီ' ကို ဖွဲ့စည်းတည်ထောင်၏။ နိုင်ငံရေးသမားဟောင်းကြီး 'ကင်မ်တုဘုံ' ကို အလုပ်သမားပါတီဥက္ကဋ္ဌအဖြစ် ခန့်အပ်သည်။ 'ကင်မ်အီဆွန်း' ကမူ ဒုတိယဥက္ကဋ္ဌ ရာထူးသာယူ၏။ ဆိုဗီယက်ဩဇာလွှမ်းရေး တတိယအဆင့်မှာ ၁၉၄၈ ဖေဖော်ဝါရီမှ စက်တင်ဘာအထိဖြစ်၏။ ထိုကာလတွင်

the bookhouse
we bring your future



'ဒီမိုကရက်တစ် ပြည်သူ့ကိုရီးယားသမ္မတနိုင်ငံ' အဖြစ် ကြေညာခဲ့၏။

'ကင်မ်အီဆွန်း' သည် အလုပ်သမားပါတီ၏ ဥက္ကဋ္ဌဖြစ်လာ၏။ ၁၉၄၈ စက်တင်ဘာတွင် လွတ်လပ်ရေးကြေညာပြီးနောက် ၁၉၄၈ ဒီဇင်ဘာတွင် ဆိုဗီယက်တပ်များ ဆုတ်ခွာခဲ့ကြ၏။ ထိုအချိန်မှစ၍ နိုင်ငံ့ခေါင်းဆောင်သည် 'ကင်မ်အီဆွန်း' ပင်ဖြစ်လာသည်။ သို့သော် ဆိုဗီယက်အကြံပေးပုဂ္ဂိုလ် အများအပြားပင် ပြူးယမ်းတွင် ကျန်ခဲ့ကြ၏။ ၁၉၄၈ ဖေဖော်ဝါရီလတွင် 'ကိုရီးယားပြည်သူ့တပ်မတော်' (ကေပီအေ)ထူထောင်ခဲ့သည်။

ရုရှားတို့က စစ်ဘက်ဆိုင်ရာစက်ရုံများကို ပြူးယမ်းတွင် ဆောက်ပေး၏။ သို့ဖြင့် 'အမ်-၄၁' စက်သေနတ်ကို ၁၉၄၈ တွင် စတင်ထုတ်လုပ်နိုင်ခဲ့၏။ (၎င်းသည် ဒုတိယ ကမ္ဘာစစ်တွင် သုံးခဲ့သော ဆိုဗီယက် ပီပီအက်ဒ်ိ စက်သေနတ်ပုံစံပင် ဖြစ်၏) 'ကေပီအေ' က လေ့ကျင့်ရေးကျောင်းတွေဖွင့်ကာ တပ်သားသစ်များ မွေးထုတ်ခဲ့၏။ 'အိုအာယွန်' စစ်တက္ကသိုလ်သည် အထူးထင်ရှားသော စစ်သင်တန်းကျောင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကာလက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ 'မာရှယ်လင်ပြောင်' ၏ လက်အောက်တွင် ကိုရီးယားတပ်သား ၁၄၅,၀၀၀ မျှရှိခဲ့၏။ မန်ချူးရီးယားရှိ ကိုရီးယားတပ်များသည် စည်းကမ်းကောင်းပြီး တိုက်ရည်ခိုက်ရည်မြင့်မားသူများဖြစ်ကြ၏။ ထိုတပ်ဖွဲ့ဝင်များထဲမှ တပ်သား ၁၀၀,၀၀၀ သည် လက်နက်ခဲယမ်းမီးကျောက်များနှင့်အတူ မြောက်ကိုရီးယားသို့ ပြန်လာကြ၏။

ထို့ကြောင့် 'ကေပီအေ' သည် တပ်ဖွဲ့ဝင်အင်အား ၁၃၅,၀၀၀ မျှအထိ ရှိလာ၏။ တီ-၃၄ သံချပ်ကာကား ၁၅၀၁ လက်နက်ကြီးများစွာလည်း ရှိလာသည်။ ဤသို့ဖြင့် 'ကိုရီးယားပြည်သူ့တပ်မတော်' (ကေပီအေ)သည် ဖွဲ့စည်းပြီး မကြာလှသော အချိန်ကာလမှာပင် လက်နက်ရော၊ စစ်ရေးစစ်ရာပါ တောင့်တင်းခိုင်မာသော တပ်မတော် ကြီးအဖြစ် နေ့ချင်းညချင်း ပေါ်ထွန်းလာတော့သည်။

■

the bookhouse
we bring your future



## အခန်း ၁၅
## မြောက်ကိုရီးယားလုံခြုံရေးအစီအစဉ်များ

ကင်မ်ဂျုံအီ၏အိမ်ပတ်ဝန်းကျင်တွင် မြေအောက်လိုဏ်ခေါင်းများ တူးထားသည်။ အရေးကြီးသောရုံးဌာန အသီးသီးသို့ ဤမြေအောက်လမ်းမှပင် တစ်နေရာမှတစ်နေရာသို့ သူ သွားလာနိုင်သည်။ သူ့အိမ်အောက် တည့်တည့်တွင် နျူကလီးယားဘန်ကာရှိ၏။ ထိုဘန်ကာမှတစ်ဆင့် နေရာအနှံ့အပြား သွားလာနိုင်သော မြေအောက်လမ်းကြောင်း အစိတ်စိတ် အမွှာမွှာရှိ၏။ ထိုဘန်ကာသည် မြေအောက်ပေ ၃၀၀ အနက်တွင် ရှိ၏။

## မြောက်ကိုရီးယားလုံခြုံရေးအစီအစဉ်များ

ရာစုနှစ်ဝက်ကြာမျှ မြောက်ကိုရီးယား၏ မဟာခေါင်းဆောင်ကြီး 'ကင်မ်အီဆွန်း' သည် စံအိမ်တော်များစွာကို ဆောက်လုပ်နေထိုင်ခဲ့သည်။ သို့သော် သူအကြိုက်နှစ်သက်ဆုံးသောနေရာကား 'မြိုဟယန်' တောင်တန်းပေါ်မှ ထင်းရှူးတောများ ပတ်လည်ဝိုင်းနေသောအိမ် ဖြစ်၏။ ထိုနေရာသို့ သူ၏အထူးဧည့်သည်တော် တောင်ကိုရီးယားသမ္မတကြီး 'ကင်မ်ယုံဆန်' ကို ဖိတ်ကြား၏။ တောင်ကိုရီးယားသမ္မတကြီးကို သူသည်သက်သောင့်သက်သာ၊ သာယာလှပသောနေရာတွင် ဧည့်ခံလို၏။ နွေရာသီတွင် ပြုံးယမ်း၍ ပွင့်၏။ သို့သော် ဤတောင်တန်းဒေသတွင်ကား ထာဝစဉ်အေးမြလန်းဆန်းနေတတ်၏။

ခေါင်းဆောင်ကြီး 'ကင်မ်အီဆွန်း' သည် 'ကင်မ်ယုံဆန်' နှစ်ပတ်ကြာ တည်းခိုမည့်အခန်းများကို သူကိုယ်တိုင်သေသေချာချာစစ်ဆေး၏။ ဤကဲ့သို့သော တောင်ကိုရီးယားခေါင်းဆောင်ကြီး လာရောက်လည်ပတ်မည့်ကိစ္စသည် ကိုရီးယားကျွန်းဆွယ်အတွက် အလွန်အရေးကြီးကာ သမိုင်းအလှည့်အပြောင်းတစ်ခုပင် ဖြစ်ကောင်းဖြစ်နိုင်သည်။

ဤသို့ တွေ့ဆုံပွဲမတိုင်မီ ရက်သတ္တသုံးပတ်အလိုကလည်း ခေါင်းဆောင်ကြီးသည် သူ၏ရှက် သင်္ဘောပေါ်တွင် အမေရိကန်သမ္မတ 'ဂျင်မီကာတာ'နှင့် တွေ့ဆုံခဲ့ပြီးပြီ၊ သူတို့နှစ်ဦးသည် နှစ်နိုင်ငံပေါင်းစည်းရေးကိစ္စ အစီအစဉ်ကို ဆွေးနွေးသဘောတူညီကြပြီး

the bookhouse
we bring your future



ကိုရီးယားစစ်ပွဲ၏ နောက်ဆက်တွဲ အနိဋ္ဌာရုံများကို အဆုံးသတ်လိုကြပြီဖြစ်၏။

ထိုသို့အခြေအနေ အချိန်အခါကောင်းများ ကြုံနေရချိန်တွင် ၁၉၉၄ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် 'ကင်မ်အီဆွန်း' သည် နှလုံးရောဂါဖိစီးခြင်းခံလိုက်ရ၏။ သူသည် အသက် ၈၂ နှစ်ရှိပြီဖြစ်သော်လည်း ကျန်းမာရေးကောင်းသေး၏။ 'ဂျင်မီကာတာ'နှင့် သူ တောင်တက်ခဲ့ကြရာတွင် မမောမပန်းဘဲတက်နိုင်သည်ဟု 'ဂျင်မီကာတာ' ကိုယ်တွေ့ မျက်မြင်သိခဲ့ရ၏။

သို့သော် 'ကင်မ်အီဆွန်း' သည် အလုပ်ပင်ပန်း၊ စိတ်ပင်ပန်းမှုဒဏ် အလွန်အကျွံဖြစ်ကာ နှလုံးထိခိုက်သွားခြင်းဖြစ်သည်။ 'ကင်မ်အီဆွန်း' ၏လက်စွဲဆေးပညာပါရဂူကြီးများ အချိန်မီရောက်မလာ၍လည်း ရောဂါပိုဆိုးသွားရခြင်းဖြစ်၏။ ဖုံထူသောလမ်းများကိုဖြတ်ပြီး ဤရိပ်သာသို့လာရသည်မှာ အချိန်အလွန်ကြာ၍ဖြစ်၏။ ထို့ကြောင့် ဇူလိုင်လ ၈ ရက်နေ့တွင် နှလုံးရောဂါဖြင့်ပင် ကွယ်လွန်ခဲ့ရှာ၏။ ဆေးရုံပင်မတင်နိုင်ဘဲ အပန်းဖြေရိပ်သာတွင်ပင် ကွယ်လွန်ခဲ့ခြင်းဖြစ်၏။ ၂၂ သန်းသော ပြည်သူတို့သည် အကြီးအကျယ်ကြေကွဲ ပူဆွေးကြရရှာသည်။

နိုင်ငံတော်တစ်ခုလုံး၏တာဝန်သည် 'ကင်မ်ဂျုံအီ' ၏ လက်ထဲအကုန်ရောက်လာသည်။ ယခင်ဖခင်ကြီးရှိစဉ်ကပင်လျှင် 'ကင်မ်ဂျုံအီ' သည် လုပ်စရာအလုပ်အားလုံးကို သိမ်းကြုံးလုပ်ခဲ့ရသည်။ တစ်နိုင်ငံလုံးမှတင်ပြသော အစီရင်ခံစာများကို ဖတ်ရသည်။ စစ်ဆေးရသည်။ ပြန်ကြားရသည်။ ညလုံးပေါက်မအိပ်ရသော ညတွေများ၏။ မနက်လေးနာရီဆိုလျှင် ဖခင်ကြီးအိပ်ရာမှနိုးပြီ။ ထိုအချိန်တွင် ဖခင်ကြီးသိလိုသော အချက်များအားလုံးကို အဆင်သင့်ဖြစ်နေရန် သူက တင်ကြိုစီစဉ်ပေးထားရ၏။

၂၀၀၀ ပြည့်နှစ်တွင် တောင်ကိုရီးယားသတင်းစာဆရာအဖွဲ့နှင့် တွေ့ခဲ့ရာ၌ 'ကင်မ်ဂျုံအီ' က သူသည် တစ်နေ့လျှင်လေးနာရီထက် ပိုမအိပ်ခဲ့ရဟု ပြောခဲ့သည်။ အလုပ်သမားပါတီစည်းရုံးရေးဌာနတွင် အတွင်းရေးမှူးအဖြစ် နှစ်ပေါင်း ၂၀ ကျော် တာဝန်ထမ်းဆောင်ခဲ့ရာ၌ မနက်သုံးနာရီအထိ နေ့စဉ်အစီရင်ခံစာများကို ဖတ်ခဲ့ရသည်ဆို၏။ 'ကင်မ်ဂျုံအီ' သည် မည်သည့်အစီရင်ခံစာကိုမှ တစ်ခုမှအလွတ်မပေးဘဲ သူကိုယ်တိုင်ဖတ်ရမှ ကျေနပ်သူဖြစ်သည်။ ပါတီအတွင်းရေးမှူးများက ပုဂ္ဂိုလ်ရေးဆိုင်ရာ တင်ပြချက်များကိုလည်း ကိုယ်တိုင်ဖတ်ရှုစိစစ်ကာ သူ့အထူးစာအိတ်ဖြင့်ထည့်ပြီး တစ်ဦးချင်းစီကို လေးလေးစားစား အကြောင်းပြန်ကြားတတ်၏။

နိုင်ငံအတွက် အထူးအရေးကြီးသောအချက်များရှိလျှင်၊ အသံသွင်းတိပ်ခွေနှင့် အသံသွင်းကာ သူ့ဖခင်အားနားထောင်စေ၏။ ထို့အကြောင်းကို 'ကင်မ်အီဆွန်း' မကွယ်လွန်မီ

the bookhouse
we bring your future

သုံးလအလိုက 'ဝါရှင်တန်တိုင်းမ်စ်' သတင်းစာနှင့်အင်တာဗျူးလုပ်ရာ၌ 'ကင်မ်အီဆွန်း' ကိုယ်တိုင်ပြောကြားခဲ့သည်။ "ကျွန်တော်က မျက်စိမကောင်းဘူး။ ဒါကြောင့် အရေးကြီးတဲ့ အစီရင်ခံစာတွေကို သားဖြစ်တဲ့ဂျုံအီက အသံသွင်းပေးတယ်။ အချိန်အကြာကြီး ဖတ်ရမယ့် အစား အသံသွင်းတိပ်ခွေကို နားထောင်တော့ ပိုပြီးသက်သောင့်သက်သာ ရှိတာပေါ့။ ဒီလိုအားကိုးလောက်တဲ့သားတစ်ယောက်ရှိတာ ကျွန်တော်သိပ်ဂုဏ်ယူပါတယ်။ သူက ကျွန်တော့်ကျန်းမာရေးအတွက်လည်း အစစအရာရာ သိပ်ဂရုစိုက်ပေးတဲ့သူပဲ" 'ကင်မ်အီဆွန်း' အတွက် အတော်ဆုံးသမားတော်များ အဖွဲ့ထားရှိကာ အသက် ရှည်ရာရှည်ကြောင်း ဓာတ်စာဆေးဝါးများ အလုံအလောက်စီစဉ်ပေးထား၏။ 'အသက် ရှည်ရေးတက္ကသိုလ်' ကိုပင်တည်ထောင်ကာ ကျန်းမာရေးကို မပြတ်စစ်ဆေးကုသပေး ခဲ့သည်။

၁၉၇၄ ခုနှစ် နောက်ပိုင်းတွင် မည်သည့်အစီရင်ခံစာမျှ 'ကင်မ်ဂျုံအီ' လက်ထဲမှ မဖြတ်သန်းဘဲ 'ကင်မ်အီဆွန်း' ထံ မရောက်တော့။ ၁၉၈၂ ခုနှစ် 'ကင်မ်အီဆွန်း' အသက် ၇၀ ပြည့်နှစ်တွင် သူ့ဖခင်နှင့်ပတ်သက်သော အထိမ်းအမှတ်စာပေါင်း ၁၂,၀၀၀ မှ ၃၀,၀၀၀ ထိ 'ကင်မ်ဂျုံအီ' က လုပ်ပေးခဲ့သည်။ ထိုအထိမ်းအမှတ်များထဲတွင် အကြီးမားဆုံးမှာ 'ဂျူချေမျှော်စင်' ကြီးဖြစ်၏။ ထိုမျှော်စင်ထိပ်တွင် ထာဝစဉ်တောက်လောင်နေသော မီးလျှံနီနီ ကြီးရှိကာ မျှော်စင်ပတ်ပတ်လည်တွင် 'ဂျူချေ' အတွေးအခေါ်များကို မှတ်တမ်းတင်ထား သည်။

'ကင်မ်အီဆွန်း' ၏ 'ဂျူချေ' အတွေးအခေါ်ဒဿနများကို စာအုပ်များ ဖြန့်ချိထုတ်ဝေခြင်း၊ 'ဂျူချေ' အတွေးအခေါ်များကို ရှင်းပြသောစာအုပ်များ ဖြန့်ဝေခြင်း အစီအစဉ်တို့ကိုလည်း 'ကင်မ်ဂျုံအီ' သာ တာဝန်ခံလုပ်ဆောင်ခဲ့၏။ ၁၉၈၅ တွင် ပါတီ၏ နှစ် ၄၀ ပြည့်အထိမ်းအမှတ်အခမ်းအနားတွင် သူသည် 'မဟာဂျူချေဝါဒ' ဟူသော ကျမ်းကြီး ၁၀ တွဲ ထုတ်ပေးခဲ့၏။ ထို့အတွက် 'ကင်မ်အီဆွန်း' က သူ့သားကိုနှုတ်မှ ဖွင့်ဟချီးကျူး ခဲ့သည်။

"ကျုပ်က ဂျူချေဝါဒမျိုးစေ့ကို စိုက်ပျိုးပေးခဲ့သူပါ။ 'ကင်မ်ဂျုံအီ' ကမူ ဒီဝါဒသစ်ပင်ကို သစ်တောကြီးဖြစ်အောင်ပျိုးထောင်ပြီး သစ်သီးတွေဝေဆာအောင် မြေတောင်မြှောက်ပေးခဲ့သူပဲ" 'ကင်မ်အီဆွန်း' အသက် ၈၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်း၌ 'ကင်မ်အီဆွန်း' ကြေးရုပ်တုပေါင်း ၇၀၊ ကိုယ်တစ်ပိုင်း ပလာစတာ ပုံပေါင်း ၄၀,၀၀၀ ကျောက်စာတိုင်ပေါင်း ၂၅၀၊ အထိမ်းအမှတ်ခန်းမပေါင်း ၃၅၀၊ မျှော်စင် ပေါင်း ၃၅၀၀ တည်ဆောက်ခဲ့၏။ ပြည်သူတိုင်းသည် အပြင်ထွက်လျှင် 'ကင်မ်အီဆွန်း' တံဆိပ်



ရင်ထိုးတပ်ရ၏။ အိမ်တိုင်း သို့မဟုတ် ရုံးတိုင်း၏ဧည့်ခန်းတွင် 'ကင်မ်အီဆွန်း' ဓာတ်ပုံ၊ 'ကင်မ်ဂျုံအီ' ဓာတ်ပုံတို့ကို ချိတ်ဆွဲထားကြ၏။

'ကင်မ်အီဆွန်း' ၏ အသက် ၈၀ ပြည့် မွေးနေ့အတွက် 'ကင်မ်ဂျုံအီ' က သုံးလကြာ 'သစ္စာစောင့်သိပွဲတော်' ကြီးကို ဒေါ်လာသန်းပေါင်းများစွာ အကုန်ခံကာ ကျင်းပခဲ့၏။ ထိုပွဲတော်တွင် ပြည်သူလူထုအစုလိုက် အပြုံလိုက်ပါဝင်သော အားကစား လှုပ်ရှားမှုများ၊ ကပွဲများ၊ ချီတက်ပွဲများပါဝင်၏။ ပြည်သူတိုင်းပင်လျှင် 'သစ္စာစောင့်သိ ကတိသစ္စာပြုပွဲ'၊ 'လူထုထောက်ခံပွဲ' များသို့ တက်ကြရ၏။ အလုပ်သမားပါတီက ကျောင်းသားများနှင့် လယ်သမားများကို စည်းရုံးကာ စာကလေး ၇၀၀,၀၀၀ ၏ လည်ဆံမွေးများကို စုဆောင်းပြီး အထူးအိပ်ရာဖုံးချုပ်ကာ 'ကင်မ်အီဆွန်း' ကို လက်ဆောင်ပေး၏။ တန်ချိန် ၂၅၀ ရှိသော ဂရင်းနိုက်ကျောက်တိုင်ကြီးများကို စိုက်ထူကြ၏။

ထွင်းထုထားသော စကားလုံးများမှာ - 'ရေဆိုတာ စပါးပဲ။ စပါးဆိုတာ ကွန်မြူနစ်ဝါဒပဲ။ ကျွန်ုပ်တို့ဆိုရှယ်လစ်လယ်သမားတွေဟာ တစ်နှစ်ထက်တစ်နှစ် အထွက်တွေ တိုးကြရမယ်' ဟူ၍ ဖြစ်၏။ အသက်ရှစ်ဆယ်ပြည့် ဖခင်ကြီး 'ကင်မ်အီဆွန်း' ကလည်း အသက်ငါးဆယ် အရွယ် သူ့သားကို ပြန်ချီးကျူးသေးသည်။

"ဆိုရှယ်လစ်ဝါဒကို ရှေ့ဆက်သယ်ဆောင်သွားဖို့ အကောင်အထည်ဖော်ပေးဖို့ အတွက်၊ ဂျူချေအတွေးအခေါ်ရှင်သန်ရေးအတွက် ကျွန်တော့်သားကို ချီးကျူးချင်ပါတယ်။ ကျွန်တော်ဟာ ဂျူချေဝါဒရဲ့ဒဿနကို စနစ်တကျမှုဝါဒချပြီး သိပ်မတွေးတော့ခဲ့ဘူး။ ဂျူချေဝါဒကို အခြေခံကျကျတောက်လျှောက်လေ့လာပြီး ပါတီရဲ့လမ်းညွှန်အတွေးအခေါ် အနေနဲ့ အကောင်အထည်ဖော်တာကတော့ ရဲဘော် 'ကင်မ်ဂျုံအီ' ပါပဲ"

'ကင်မ်အီဆွန်း' ၏ ညီဝမ်းကွဲတော်သူ 'ကန်ဆုန်ဆန်' မှာ ၁၉၈၄ မှ ၁၉၈၆ အတွင်း ဝန်ကြီးချုပ်ဖြစ်ခဲ့၏။ သူသည် ပထမဆုံးဖက်စပ်ဥပဒေနှင့် အနောက်တိုင်းဘက် များသို့ ကြေးဆပ်ရေးအစီအစဉ်များကို ချမှတ်ခဲ့သူဖြစ်၏။ သူသည် ကမ္ဘာ့စားနပ်ရိက္ခာ အကူအညီရရန် တောင်းခံခဲ့သူဖြစ်၏။

'ကင်မ်အီဆွန်း' သည် မူလက သူ့ညီ 'ကင်မ်ဂျုံယု' ကို အားကိုးသေး၏။ သူ့အရိုက်အရာကို ဆက်ခံနိုင်မည့်သူဟုပင် လျာထားကောင်း လျာထားသည်။ သို့သော် သားဖြစ်သူ 'ကင်မ်ဂျုံအီ' ၏ အရည်အချင်းများက ပို၍သိသိသာသာ သာလွန်နေ၍ သားကိုပင် အရိုက်အရာဆက်ခံသူအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်၏။

'ကင်မ်အီဆွန်း' နှင့် 'ကင်မ်ဂျုံအီ' ကွာခြားချက်အချို့ရှိ၏။ 'ကင်မ်အီဆွန်း' က မျက်နှာချို၏။ မျက်နှာမြင်ချစ်ခင်ပါစေဆုနှင့် ပြည့်သည်။ စကားပြောလည်းကောင်းသည်။

မည်သည့်မှတ်စုမှမသုံးဘဲ လက်တန်းပြောတတ်၏။ အရာရာကို နှံ့နှံ့စပ်စပ်သိတတ်၏။ 'ကင်မ်ဂျုံအီ' ကမူ အစည်းအဝေးများ သိပ်မတတ်။ စကားသိပ်မပြော။ ကန့်လန့်ကာ နောက်ကွယ်တွင်သာနေပြီး စကားသိပ်မပြော။ ကန့်လန့်ကာနောက်ကွယ်တွင်သာနေပြီး အလုပ်ကိုသာ ဖိလုပ်တတ်သူဖြစ်၏။

'ကင်မ်အီဆွန်း' သည် လူထုနှင့် တိုက်ရိုက်ထိတွေ့တတ်သည်။ လူထု၏အမြင်ကို နားထောင်၏။ ထို့နောက် ချက်ချင်းပင် စီစဉ်စရာရှိတာ စီစဉ်ဆောင်ရွက်တတ်၏။ သားဖြစ်သူကမူ စာရွက်စာတန်း ပိုအားကိုး၏။ မည်သည့်ကိစ္စကို မဆို ချင့်ချင့်ချိန်ချိန်ဖြင့် အချိန်ယူဆုံးဖြတ်တတ်၏။ သူက သူ့ရုံးခန်းထဲတွင်သာ အချိန်ကုန်တတ်၏။ ပြိုပ်တုမှ လာသော ရုပ်သံသတင်းများ၊ အင်တာနက်များကို ကြည့်၏။ ကွန်ပျူတာကို အားကိုးသုံးစွဲ၏။

'ကင်မ်ဂျုံအီ' ၏ပထမဇနီးမှာ 'ဟုန်အီချန်' ဖြစ်သည်။ တော်လှန်ရေးသမား တစ်ဦး၏ဇနီးဖြစ်သည်။ 'ကင်မ်အီဆွန်းတက္ကသိုလ်' တွင် ပညာသင်ခဲ့စဉ်က ဖူးစာဆုံခဲ့ခြင်း ဖြစ်၏။ အိမ်ထောင်ကျပြီး သားသမီးရတနာ မထွန်းကားသောကိစ္စနှင့် ပတ်သက်၍ စိတ်သဘောထားကွဲလွဲကြကာ ၁၉၇၃ တွင် ကွာရှင်းပြတ်စဲခဲ့ကြ၏။ ထိုနှစ်တွင်ပင် ဖခင်ကြီးက 'ကင်မ်ယန်ဆွတ်' ဆိုသူ ဗိုလ်ချုပ်ကြီးတစ်ဦး၏သမီးနှင့် အတင်းလက်ဆက် ပေး၏။ သူသည်ဇနီးဆိုသော်လည်း ခင်ပွန်းသည်နှင့်အတူ လူရှေ့သူရှေ့တွင် မည်သည့် အခါမျှ မတွေ့ရ။

သူတို့လက်ထပ်ချိန်တွင် 'ကင်မ်ဂျုံအီ' အသည်းစွဲဖြစ်နေသည်မှာ ရုပ်ရှင်မင်းသမီး 'ဆွန်ဟေရင်းမ်' ဖြစ်၏။ သူက အပျိုတော့မဟုတ်၊ တစ်ခုလပ်။ 'ဆွန်ဟေရင်းမ်' ၏မိဘများက ချမ်းသာကြွယ်ဝသော မြေရှင်များဖြစ်၏။ ထို့အတွက် 'ကင်မ်အီဆွန်း' က သူ့သားကို သဘောမတူ။

သို့သော် 'ကင်မ်ဂျုံအီ' က သူ့ချစ်သူနှင့်သူ ပေါင်းစည်းရေးကို လုံးပန်းခဲ့ပြီး အိမ်ထောင်ကျဖြစ်ကြ၏။ 'ဆွန်ဟေရင်းမ်' နှင့် သားတစ်ယောက်ရ၏။ ထိုသားမှာ 'ကင်မ်ဂျုံနမ်'။ 'ဆွန်ဟေရင်းမ်' သည် နောက်ပိုင်းတွင် စိတ်ကျရောဂါခံစားလာခဲ့ပြီး မော်စကိုသို့ ထွက်သွားခဲ့၏။ အသက် ၆၀ မပြည့်မီမှာပင် ၂၀၀၂ ခုနှစ်၌ ကွယ်လွန်ခဲ့၏။ သူက 'ကင်မ်ဂျုံအီ' ထက် အသက် ၆ နှစ် ပိုကြီးသူဖြစ်သည်။

'ဆွန်ဟေရင်းမ်' သည် သူ့ပထမအိမ်ထောင်မှရသော သမီးဖြစ်သူ 'လီနမ်အုတ်' ကိုပါ 'ကင်မ်ဂျုံနမ်' နှင့် ကစားဖော်ကစားဖက်အဖြစ် အိမ်သို့အတူခေါ်ထား၏။ 'လီနမ်အုတ်' က 'ကင်မ်ဂျုံနမ်' ထက် ၅ နှစ်ပိုကြီး၏။ (လီနမ်အုတ်သည် ယခု ပြင်သစ်ထောက်လှမ်းရေး အရာရှိတစ်ဦး၏သားနှင့် အကြောင်းပါပြီး ပါရီတွင် နေထိုင်ကာ အမှတ်တရမှတ်တမ်းများကို ရေးသားနေ၏) ၁၉၉၈ တွင် ဂျပန်မဂ္ဂဇင်းတစ်ခုနှင့် အင်တာဗျူးလုပ်ကာ သူတို့မောင်နှမ ငယ်စဉ်က နေထိုင်ခဲ့ပုံများကို ပြောပြ၏။

the bookhouse



'ကင်မ်ဂျုံနမ်' ဆယ်နှစ်သားလောက်အရောက်တွင် နိုင်ငံခြားတွင်ပညာသွား သင်၏။ ၁၉၈၁ တွင် သူတို့ဂျီနီဗာသို့သွား၏။ နောက်နှစ်တွင် ပြင်သစ်ဆရာများသင်သော မော်စကိုရှိ ကျောင်းတွင်ပညာသင်၏။ ထို့နောက် သူတို့မောင်နှမနှစ်ယောက် ဂျီနီဗာနိုင်ငံ တကာကျောင်းတွင်ပင် ပြန်လာပြီးစာသင်ကြ၏။

၁၉၈၂ တွင် 'လီနမ်အုတ်' ၏အစ်ကို 'လီအင်နမ်' သည် ဂျီနီဗာမြို့မှ ရုတ်တရက် ပျောက်သွား၏။ ထိုစဉ်က သူ့အသက်သည် ၂၁ နှစ်သာရှိသေး၏။ ၁၉၉၆ ကျမှ တောင်ကိုရီးယား ဆိုးလ်မြို့သို့ ရောက်နေကြောင်းသိရကာ ပြူးယမ်းတွင်နေထိုင်စဉ်က အဖြစ်အပျက်များကို စာအုပ်ရေးခဲ့၏။ ၁၉၉၂ တွင် 'လီနမ်အုတ်' သည် ဂျီနီဗာမြို့မှ ပျောက်သွားပြီးနောက်ပိုင်း ပါရီသို့ရောက်သွားကြောင်း သိရ၏။

၂၀၀၁ ခုနှစ် 'ကင်မ်ဂျုံနမ်' အသက် ၃၃ နှစ်တွင် ဂျပန်သို့ ရုပ်ဖျက်ဝင်ရောက် ခဲ့သော်လည်း လေဆိပ်တွင်ဖမ်းမိစစ်ဆေးခြင်းခံရပြီး သူလည်းအရှက်ကြီးရှက်ခဲ့ရ၏။

'ကင်မ်ဂျုံအီ' ၏လုံခြုံရေးကို အထူးဂရုတစိုက် စောင့်ကြပ်ကြရ၏။ တောင် ကိုရီးယားအပါအဝင် အနောက်နိုင်ငံများမှ လျှို့ဝှက်ထောက်လှမ်းရေးသမားများစွာက 'ကင်မ်ဂျုံအီ' ကို လုပ်ကြံရန် အကြိမ်ကြိမ်ကြံစည်နေကြ၍ဖြစ်၏။

'ကင်မ်ဂျုံအီ' ၏နေအိမ်ပတ်ဝန်းကျင်တွင် စောင့်ကြပ်နေရသော တပ်ဖွဲ့ ၁၀ ဖွဲ့ ရှိသည်။ သူ့အိမ်ပတ်ဝန်းကျင်တွင် မြေအောက်လိုဏ်ခေါင်းများ တူးထားသည်။ အရေး ကြီးသောရုံးဌာနအသီးသီးသို့ ဤမြေအောက်လမ်းမှပင် တစ်နေရာမှတစ်နေရာသို့ သူသွား လာနိုင်သည်။ သူ့အိမ်အောက်တည့်တည့်တွင် ချူကလီးယားဘန်ကာရှိ၏။ ထိုဘန်ကာမှ တစ်ဆင့် နေရာအနှံ့အပြားသွားလာနိုင်သော မြေအောက်လမ်းကြောင်း အစိတ်စိတ် အမွှာမွှာရှိ၏။ ထိုဘန်ကာသည် မြေအောက်ပေ ၃၀၀ အနက်တွင် ရှိ၏။

'ကင်မ်အီဆွန်းရင်ပြင်' ကြီး၏အောက်တွင်လည်း မြေအောက်ရင်ပြင်ကြီးတစ်ခု ရှိသေး၏။ လူပေါင်း တစ်သိန်းကျော် ခိုလှုံနိုင်သော အကျယ်အဝန်းရှိ၏။ မြေအောက် လိုဏ်ခေါင်းတစ်ခုမှာ မိုင် ၃၀ မျှ ရှည်လျားကာမြို့မှသည် မြောက်ပိုင်းတောင်တန်း ဒေသအထိ သွယ်တန်းဖောက်လုပ်ထား၏။ ထိုနေရာမှနေ၍ မြေအောက်လေယာဉ်ကွင်းသို့ ရောက်ကာ နိုင်ငံအပြင်သို့ ထွက်သွားနိုင်၏။

၁၉၆၀ ပြည့်နှစ်များမှစ၍ 'ကင်မ်ဂျုံအီ' သည် မြေအောက်လိုဏ်ခေါင်းများ၊ လမ်းများတူးဖော်ဆောက်လုပ်ရေးကို ကိုယ်တိုင်ကြီးကြပ်ခဲ့၏။ မြေအောက်လိုဏ်ခေါင်းများမှာ

the bookhouse

မြို့လေးတစ်မြို့ပမာ ရေမီးအစုံအလင်ရှိ၏။ အမြောက်များ၊ သံချပ်ကာကားများ လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားနိုင်၏။ ဤကဲ့သို့သော မြေအောက်တပ်ပေါင်း ၁၀,၀၀၀ ကျော် နိုင်ငံအနှံ့ တည်ဆောက်ထား၏။ မြေအောက်တွင် ၆လစာမျှ စားနပ်ရိက္ခာအပြည့်အဝ သိုလှောင်ထားသည်။ 'ကင်မ်ဂျုံအီ' ၏အစောင့်တပ်တွင် တပ်သားတစ်သိန်းခန့်ရှိ၏။ ထိုသူတို့ကို အထူးတလည်လေ့ကျင့်ထားရာ သူတို့တပ်သည် သာမန် ၁. ၁ သန်း အင်အားရှိတပ်ကို ကောင်းစွာတိုက်ခိုက်နိုင်စွမ်းရှိသည်ဆို၏။

'ကင်မ်ဂျုံအီ' ၏ အနီးကပ်ကိုယ်ရံတော်တပ်ဖွဲ့တွင်ကား တပ်သားတစ်ထောင်ရှိ၏။ ထိုသူများမှာ တကယ့်လက်ရွေးစင်တပ်သားကျော်များဖြစ်ကြ၏။ ကိုယ်ခံပညာ၊ သေနတ်ပစ် အထူးကျွမ်းကျင်ကာ သူတို့ခေါင်းဆောင်အတွက် အသက်ပေးကာကွယ်ရန် အသင့်ရှိသူများ ဖြစ်ကြ၏။ ထိုလက်ရွေးစင်တပ်ဖွဲ့ဝင်တစ်ထောင်ထဲမှ 'ကင်မ်ဂျုံအီ' ၏ တကယ့်အနီးကပ် လက်ရွေးစင်တပ်သားကျော် ၂၈၀ သီးသန့် ရှိသေးသည်။ ထိုသူတို့သည် 'ကင်မ်ဂျုံအီ' သွားလေရာ နောက်တော်ပါးမှ တစ်ဖဝါးမခွာ လိုက်ကြရသူများဖြစ်သည်။ သူတို့သည်ပင် 'ကင်မ်ဂျုံအီ' ဘယ်နေရာသွားမည်ကို အချိန် ၂ နာရီမျှသာ ကြိုတင်သိရှိကြရ၏။

'ကင်မ်ဂျုံအီ' ၏ သက်တော်စောင့်များသည် နေ့ဘက်အချိန်တွင် ကိုက်တစ်ရာကို တစ်ယောက်စောင့်ကြပ်ကြရပြီး ညဘက်တွင် ကိုက်ငါးဆယ်တွင်တစ်ယောက်နှုန်းစောင့် ကြရ၏။ မသင်္ကာစရာဟူသမျှကို မြင်သည်နှင့်ပစ်သတ်ခွင့်ပေးထား၏။

'ကင်မ်ဂျုံအီ' သည် အကြိမ်ကြိမ်လုပ်ကြံခံခဲ့ရဖူး၏။ ၁၉၉၈ ခုနှစ် မတ်လ ၅ ရက်နေ့တွင် သူ့ကိုယ်ရံတော်ထဲမှတစ်ဦးက အနီးကပ်လုပ်ကြံဖူးသည်။ ၂၀၀၁ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်များတွင်လည်း ထိုသို့ပုံစံမျိုးများဖြင့်ပင် အနီးကပ်လုပ်ကြံခြင်း ခံရဖူး၏။

၂၀၀၄ ခုနှစ် ဧပြီလတွင် 'ကင်မ်ဂျုံအီ' သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရထားဖြင့် ပြန်လာသည်။ ထိုစဉ် အနီးအနားတွင်ရပ်ထားသော ရထားနှစ်စင်းမှ အမိုးနီးယမ်းနိုက်ထရိတ်နှင့် လောင်စာများထပေါက်၏။ တရုတ်ပြည်နှင့်မြောက်ကိုရီးယား နယ်စပ်အနီး 'ဂျုံချွန်' ဘူတာအနီးတွင်ဖြစ်၏။ ထိုပေါက်ကွဲမှုမှ လူ ၁၇၀ သေဆုံးပြီး လူပေါင်းများစွာ ဒဏ်ရာရခဲ့သည်။ 'ကင်မ်' ၏ သံချပ်ကာရထားအဖြတ်နှင့်သီသီလေး လွတ်သွားခြင်း ဖြစ်သည်။ မည်သူက လုပ်ကြံသည်ကိုကား ယခုထိ မသိရသေး။

'ကင်မ်ဂျုံအီ' သည် နိုင်ငံတော်ကာကွယ်ရေးအတွက် စရိတ်စကများများ နှစ်စဉ်သုံးစွဲခဲ့ရ၏။ တောင်ကိုရီးယားကာကွယ်ရေးဌာန၏ ခန့်မှန်းမှုအရ ၁၉၉၇ မှ ၂၀၀၂ အတွင်း မြောက်ကိုရီးယားသည် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော်တန် စစ်ဂျက်တိုက် လေယာဉ်များ၊ ရေငုပ်သင်္ဘောအစိတ်အပိုင်းများ၊ ရဟတ်ယာဉ်များ၊ သံချပ်ကာကားများ

the bookhouse



လက်နက်များ ဝယ်ယူခဲ့သည်ဆို၏။ ထိုလက်နက်များကို ရုရှား၊ တရုတ်၊ ဂျာမနီ၊ ဆလိုဗက်ကီးယား၊ ဩစတြီးယား၊ ဘယ်လ်လာရုပ်စ်နှင့် ဂျပန်တို့မှ ဝယ်ခဲ့သည်။

'ကင်မ်ဂျုံအီ' က စကတ်ဒုံးကျည်နှင့် ဒုံးပျံအစိတ်အပိုင်းများကို အီရတ်၊ ယီမင်၊ အီရန်၊ ပါကစ္စတန်နှင့် ဆီးရီးယားတို့ကို ထိုနှစ်ကာလများအတွင်း အမေရိကန်ဒေါ်လာ သန်း ၁၁၀ ဖိုးရောင်းခဲ့၏။ 'ကင်မ်ဂျုံအီ' သည် ရုရှားနိုင်ငံသို့အသွားတွင် အက်စ်ယူ ၂၇ တိုက်လေယာဉ်များ ထုတ်လုပ်သောစက်ရုံများသို့ သွားရောက်လေ့လာခဲ့၏။ လေကြောင်း ကာကွယ်ရေးဒုံးပျံများ၊ သံချပ်ကာကားများ ဝယ်ယူရန်လည်း ညှိနှိုင်းခဲ့၏။

■

the bookhouse

**ကင်မ်ဂျုံအီ (သို့မဟုတ်)**
**မြောက်ကိုရီးယား၏**
**ချစ်လှစွာသော ခေါင်းဆောင်ကြီး**



## အခန်း ၁၆
## နျူကလီးယားအရှင်သခင်

နျူကလီးယားပိုင်ဆိုင်သည့်နိုင်ငံ ၁၀ နိုင်ငံ ရှိသွားပြီဖြစ်၏။
အမေရိကန်၊ ယူနိုက်တက်ကင်းဒမ်း၊ ပြင်သစ်၊ ရုရှား၊ တရုတ်၊
အစ္စရေး၊ အီရန်၊ ပါကစ္စတန်၊ အိန္ဒိယနှင့် မြောက်ကိုရီးယားတို့ ဖြစ်ကြ၏။

## ချူကလီးယားအရှင်သခင်

အမေရိကန်သမ္မတ 'ဘီလ်ကလင်တန်' သည် အိမ်ဖြူတော်အနောက်ဘက်ဆောင်တွင် ကာကွယ်ရေးဝန်ကြီး ဝီလျံပေရီတင်ပြသော မြောက်ကိုရီးယား၏ပလူတိုနီယမ်ထုတ်လုပ်သန့်စင်ရေးအစီအစဉ်များကို ရိုက်ကူးထားသောဂြိုဟ်တုဓာတ်ပုံများကို ကြည့်နေ၏။ ဓာတ်ပုံထဲတွင် ပြုံယမ်းမြို့နှင့်မိုင် ၆၀ အကွာ 'ယုန်ဘိုင်ယွန်' တွင် တည်ရှိသော နှစ်ထပ်အဆောက်အဦများ၏ပုံပါ၏။

၎င်းတို့ကို အက်ဖ် ၁၁၇ စတီလ်သ်တိုက်လေယာဉ်များက မြောက်ကိုရီးယား၏ ဝေဟင်ပစ်ဒုံးကျည်များ မပစ်နိုင်သောအမြင့်မှပျံသန်းကာ လေဆာသုံးဗုံးများဖြင့် တိုက်ခိုက်ခြေမှုန်းပစ်ရန် တိုင်ပင်ကြ၏။ ပစ်မှတ်တွင် အခြားနေရာများလည်းပါ၏။ 'ယုန်ဘိုင်ယွန်' စက်ရုံမှ လျှပ်စစ်ဓာတ်အားမီဂါ ဝပ် ၅ မီဂါဝပ်သာ ထုတ်လုပ်နိုင်၏။ ထို့ကြောင့် ၅၀ မီဂါဝပ်နှင့် ၂၀၀ မီဂါဝပ် ထုတ်လုပ်နိုင်သောစက်ရုံများကို စတင်တည်ဆောက်ကာ တစ်နှစ်တွင် ဗုံး ၃၀ ထုတ်လုပ်ရန် စီစဉ်နေကြောင်း သိရ၏။

နိုင်ငံတကာအနုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)မှ စစ်ဆေးရေးမှူးများက စုံစမ်းစစ်ဆေးပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း ဆွေးနွေးပြီးဖြစ်၏။ ဤဒုံးကျည်နည်းပညာများကို လစ်ဗျား၊ အီရန်နှင့်ဆီးရီးယားတို့သို့ တင်ပို့ပြီး အရှေ့အလယ်ပိုင်းဒေသတွင် စွမ်းအင်ဟန်ချက် ညီနှိုင်းချိန် ထိန်းသိမ်းရန် ရည်ရွယ်ပုံရသည်ဟု ထင်ကြ၏။ ၁၉၉၂ တွင်





စီအိုင်အေက မြောက်ကိုရီးယားတွင် အနုမြူဗုံးတစ်လုံး သို့မဟုတ် နှစ်လုံးရှိနေပြီဟု ထောက်လှမ်းနိုင်ခဲ့၏။ ဂြိုဟ်တုပုံများအရမူ ၁၉၉၀ တွင် မြောက်ကိုရီးယားသည် အနုမြူဗုံးစမ်းသပ်မှုကို အကြိမ် ၇၀ သို့မဟုတ် ၈၀ ခန့် လုပ်ပြီးပြီဟု သိရ၏။

တောင်ကိုရီးယားက မြောက်ကိုရီးယားကိုကျူးကျော်လျှင် မြောက်ကိုရီးယားကလည်း ဤအနုမြူလက်နက်များဖြင့် ပြန်လည်တုံ့ပြန်တိုက်ခိုက်မည်ဖြစ်၏။ အမေရိကန်ဗိုလ်ချုပ်ကြီး 'ဂယ်ရီလပ်' ၏တွက်ချက်မှုအရ အမေရိကန်ပါ စစ်ထဲတွင်ဝင်ပါလာကာ ဤကျွန်းဆွယ်တွင် လူပေါင်းသန်းချီသေဆုံးကာ အမေရိကန်သည်လည်း ဒေါ်လာ ၁၀၀ ဘီလျံထက်ပိုပြီး စရိတ်ထောင်းမည်စိုး၏။ စီးပွားပျက်စီးဆုံးရှုံးမှုနှင့် စီးပွားပျက်သုဉ်းမှုကား ဒေါ်လာထရီလျံ ပေါင်းများစွာ ဆက်ဆုံးရှုံးဦးမည်။

ပင်တဂွန်စစ်ဌာနချုပ်၏တွက်ချက်မှုအရ စစ်ဖြစ်ပြီး ပထမ ရက် ၉၀ အတွင်းတွင် အမေရိကန်စစ်သား ၅၂,၀၀၀ မျှ သေကြေဒဏ်ရာရမည်ဟု ခန့်မှန်းထား၏။ စစ်အတွင်းတွင် အမေရိကန်စစ်သားပေါင်း ရှစ်သောင်းမှတစ်သိန်းဝန်းကျင် ကျဆုံးသည်ဆို၏။ လောလောဆယ်တွင် တောင်ကိုရီးယား၌ အမေရိကန်စစ်သား ၃၇,၀၀၀၊ ဂျပန်နှင့် အနီးအနားတွင် စစ်သား ၆၅,၀၀၀ နေရာယူထား၏။ ကလင်တန်အစိုးရကမူ တပ်သား ၅၁,၀၀၀ နှင့် ချူကလီးယားလက်နက်များ ထပ်ပို့ပေးရန်စီစဉ်နေ၏။

တောင်ကိုရီးယားကလည်း စစ်ရေးပြင်ဆင်မှုများလုပ်နေ၏။ မြောက်ကိုရီးယားကလည်း တပ်များအားလုံးကို အသင့်ပြင်ရန်တပ်လှန့်ထား၏။

ဂျင်မီကာတာသည် 'ကင်မ်အီဆွန်း'ကို သာမန်အရပ်သားအနေဖြင့် အတွေ့များ၏။ နှစ်ဦးနှစ်ဖက် ညှိနှိုင်းကြသည်။

'ကင်မ်အီဆွန်း' သည် ညှိနှိုင်းရေးစားပွဲသို့ပြန်လာကာ အမေရိကန်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံယုံကြည်မှုများကို ပြန်တည်ဆောက်တော့မည်ဟု သတင်းပေး၏။ သို့ဖြင့် စစ်ဖြစ်လုဆဲဆဲအခြေအနေမှ လက်တစ်လုံးအလိုတွင် ငြိမ်းချမ်းရေးပြန်လည် စိုးမိုးလာခဲ့၏။

ဂျင်မီကာတာနှင့်တွေ့ဆုံပြီး နှစ်ပတ်မျှအကြာ ဇွန်လတွင် 'ကင်မ်အီဆွန်း' ကွယ်လွန်ခဲ့၏။ ၁၉၉၄ ဇူလိုင်လတွင် တောင်ကိုရီးယားသမ္မတ 'ကင်မ်ယုံဆန်' နှင့် တွေ့ဆုံရန် အစီအစဉ်ကား ပျက်ပြားသွားပြီ။

၁၉၉၃ တွင် မြောက်ကိုရီးယားဒုတိယဗိုလ်ချုပ်ကြီး 'ချိုကွမ်' က "အဘနိုင်ငံတော်ကို ဂုဏ်သိက္ခာဆယ်ပြီး နှစ်နိုင်ငံပေါင်းစည်းရေးလုပ်ဖို့ ၉၀ ခုနှစ်များမှာ သေနတ်နဲ့ ဖြေရှင်းမှုရမယ်" ဟူသောပြောစကားကို မြောက်ကိုရီးယားမီဒီယာများက ထုတ်နုတ်

ကြေညာခဲ့ရာ အခြေအနေမှာပြန်လည်တင်းမာလာ၏။ အမေရိကန်ရဟတ်ယာဉ်တစ်စင်းသည် မြောက်ကိုရီးယားပိုင်နက်ထဲသို့ ရောက်လာသည်ကို မြောက်ကိုရီးယားတပ်များက ပစ်ချခဲ့မှုတစ်မှုလည်း ဖြစ်ပွားခဲ့၏။ ရဲဘော်တစ်ယောက်သေဆုံးပြီး လေယာဉ်မှူးကိုကား အရှင်ဖမ်းမိခဲ့၏။ ဤသည်မှာ သူလျှိုလုပ်ခြင်းဟု မြောက်ကိုရီးယားက စွပ်စွဲသည်။ လေယာဉ်မှူးကို ၁၃ ရက်ကြာ ဖမ်းထား၏။ အမေရိကန်က ရိုးရိုးသားသားမှားယွင်းတာပါဟု တောင်းပန်မှ ပြန်လွှတ်ပေး၏။ အမေရိကန်သမ္မတ 'ကလင်တန်' နှင့် သဘောတူညီချက်များမှာ 'ကင်မ်ဂျုံအီ' လက်ထက်တွင် လျော့ရဲလာ၏။

မြောက်ကိုရီးယားပြည်သူတို့က အမေရိကန်သည် ၁၈၆၆ ခုနှစ်ကပင် ကိုရီးယားသို့ရောက်လာကြကာ ငြိမ်းချမ်းစွာနေသော ပြည်သူများအပေါ် ဗိုလ်ကျ၊ လိမ်လည်လှည့်ဖြား၊ အမြတ်ထုတ်၊ ဂုတ်သွေးစုပ်ခဲ့ကြသည်ဟု သိထားကြ၏။ ကိုရီးယားလယ်သမားများက အမေရိကန်သင်္ဘော 'အက်စ်အက်စ်ဂျင်နရယ်ရှားမင်း' ကို တိုက်ခိုက်ကြပုံ ပန်းချီကားကို နေရာတကာတွေ့ရ၏။ ထိုတောင်သူလယ်သမားများ၏ ခေါင်းဆောင်ထဲတွင် 'ကင်မ်အီဆွန်း' ၏အဘိုးလည်း ပါဝင်သည်။

၁၈၇၁ တွင် အမေရိကန်တို့သည် 'အမေရိကန်အာရှတစ်တပ်ဖွဲ့' ကိုစေလွှတ်ကာ ကိုရီးယားခံတပ်တော်တော်များများကို သိမ်းပိုက်ခဲ့ကြ၏။ သို့သော် ပြည်သူတို့တွန်းလှန်မှုကြောင့် ပြန်လည်ဆုတ်ခွာထွက်ပြေးသွားကြ၏။ အမေရိကန်ကျူးကျော်ရန်စမှုမှာ ထိုသို့ပင် ရာစုနှစ်များစွာကပင် စတင်အခြေတည်လာကြသဖြင့် ကိုရီးယားပြည်သူတို့သည် အမေရိကန်ကို မယုံကြည်ကြ။ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် အမေရိကန်တို့ကျောထောက်နောက်ခံပြုသော ကိုရီးယားသမ္မတနိုင်ငံ ထူထောင်လိုက်သောအခါ မြောက်ကိုရီးယားတို့အဖို့ အမေရိကန်သည် ရန်သူသဖွယ်ပို၍ဖြစ်လာ၏။

ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံသည် ထိုနှစ် စက်တင်ဘာ ၁၉ရက် တွင် ပေါ်ထွန်းလာ၏။ ထိုနှစ်ဒီဇင်ဘာတွင်ပင် မော်စကို၌ လေးနိုင်ငံညီလာခံကျင်းပကာ နောက်ငါးနှစ်အထိ လေးနိုင်ငံက ကြီးကြပ်အုပ်ချုပ်မှုခံယူရမည်ဟု ဆုံးဖြတ်ခဲ့ကြ၏။ ထိုအချိန်မှစ၍ မြောက်ကို ရီးယားပြည်သူတို့အဖို့ နိုင်ငံခြားသားများကို ပို၍ ရွံမုန်းလာကြ၏။ မိမိနိုင်ငံကိုကာကွယ်ရန် တောင့်တင်းခိုင်မာသော တပ်မတော်တည်ဆောက်ရေးနှင့် အဆင့်မြင့်လက်နက်များထုတ်လုပ်ရေးကို ဦးစားပေးဆောင်ရွက်လာကြရ၏။

၁၉၆၂ တွင် ကျူးဘားဒုံးပျံလက်နက်အရေးအခင်း ပြီးဆုံးပြီးနောက်တွင် အမေရိကန်နှင့်ရုရှား (ဗြိတိန်နှင့်ပြင်သစ်လည်းပါသည်) တို့သည် သူတို့နိုင်ငံများသော အန္တရာယ်ကင်းရေးကို အလေးထားစဉ်းစားလာကြရ၏။ ညှိနှိုင်းမှုများကို ကုလသမဂ္ဂတွင်

the bookhouse
we bring your future



ပြုလုပ်ကြကာ 'နိုင်ငံတကာအနုမြူစွမ်း အင်အေဂျင်စီ' (အိုင်အေအီးအေ)ကို ဗီယင်နာတွင် ထူထောင်ခဲ့ကြ၏။ အနုမြူကို ငြိမ်းချမ်းရေးအစီအစဉ်များတွင် သုံးစွဲရန်၊ လူသတ်လက်နက်အနေဖြင့်ထိန်းချုပ်ရန် အစီအစဉ်များကို ချမှတ်ကြ၏။

၁၉၉၀ တွင် 'ဆက်ဒမ်ဟူစိန်' သည် ကုဝိတ်ကို မကျူးကျော်ခင် အနုမြူဗုံးကို စလုပ်ခဲ့၏။

'ကင်မ်အီဆွန်း' သည် ၁၉၅၀ ခုနှစ်များကပင် စတင်၍ အနုမြူဗုံးလုပ်ဆောင်ရန် စီမံကိန်းများကို ချခဲ့၏။ သို့မှသာ အမေရိကန်၏အန္တရာယ်ပေးခြိမ်းခြောက်မှုကို ခုခံကာကွယ်နိုင်မည်ဟု သူယုံကြည်၏။

'ကင်မ်ဂျုံအီ'က နောက်ပိုင်းတွင် ဆက်လက်အကောင်အထည်ဖော်၏။ 'ယုံဘိုင်ရွှန်' ဒေသရှိ အနုမြူပေါင်းဖိုကြီးများသည် 'ကင်မ်ဂျုံအီ' လက်ထက်တွင် ပိုမိုစည်ပင်တိုးပွားလာ၏။ ထိုဒေသသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နယ်စပ်အနီးတွင်ရှိ၏။ တောင်ကြားဒေသကျဉ်းကျဉ်းလေးထဲတွင် တည်ဆောက်ထားသဖြင့် လေကြောင်းရန်ကို မစိုးရိမ်ရ။ အချို့အလုပ်ရုံများမှ မြေအောက်တွင်ရှိ၏။

မြေအောက်တူးမြောင်းများကို ၁၉၆၅ တွင် စတင်ဆောက်လုပ်ထားပြီး ထရပ်ကားများ ချောင်ချောင်ချိချိ သွားလာနိုင်လောက်အောင်ပင် ကျယ်ဝန်း၏။

၁၉၅၆ ခုနှစ်ကပင်စတင်၍ မြောက်ကိုရီးယားသည် သိပ္ပံပညာရှင်ရာပေါင်းများစွာကို မော်စကိုမြို့အနီးရှိ ဒပ်ဗနာဒေသရှိ အနုမြူသုတေသနဌာနတွင် သွားရောက်လေ့လာစေခဲ့၏။ နောက်သုံးနှစ်အကြာတွင် ပြူးယမ်းအစိုးရက အနုမြူစွမ်းအင် ငြိမ်းချမ်းစွာအသုံးပြုရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသည်။ ထိုအခါမှစ၍ ရုရှားတို့က 'ယုံဘိုင်ရွှန်' တွင် အနုမြူဓာတ်အားစက်ရုံ စတင်တည်ဆောက်ပေး၏။

၁၉၆၄တွင် တရုတ်ပြည်က ပထမဆုံးနျူကလီးယားဗုံးကို စမ်းသပ်၏။ 'ကင်မ်အီဆွန်း' က 'မော်စီတုံး' ထံချဉ်းကပ်ကာ အနုမြူပညာကို ဝေမျှသုံးစွဲခွင့်ပြုရန် တောင်းခံ၏။ သို့သော် 'မော်' က ငြင်းပယ်ခဲ့၏။ ၁၉၆၇ တွင် တရုတ်နှင့်အဆင်မပြေသော ရုရှားတို့က 'ကင်မ်အီဆွန်း' တောင်းခံမှုကိုလက်ခံကာ ပလူတိုနီယံထုတ်လုပ်မှုနည်းပညာကို ဖြန့်ဖြူးပေးခဲ့၏။ ထိုအနုမြူထုတ်လုပ်ရေးဌာနတွင် ဆိုဗီယက်တို့သည် ၁၉၇၀ ကျော်အထိ ပူးပေါင်း လုပ်ဆောင်ပေးခဲ့ကြ၏။ ၁၉၈၄ ခုနှစ်တွင် 'ကင်မ်အီဆွန်း'သည် မော်စကိုသို့ ရထားဖြင့်သွား၏။ ဆိုဗီယက်တို့ထံမှ အကူအညီထပ်တောင်းရာ ရခဲ့၏။ ၁၉၈၅ တွင် မီဂါဝပ် ၄၄၀ ရီအက်တာတစ်ခု ဆောက်ပေးခဲ့၏။ ဆိုဗီယက်ယူနီယံရှိ 'ချာနိုဘားလ်' အနုမြူပေါင်းဖိုနှင့် အလားတူပုံစံမျိုးဖြစ်၏။

the bookhouse
we bring your future

တောင်ကိုရီးယားတွင်ကား ၁၉၅၉ တွင် အနုမြူသုတေသနကို စလုပ်ခဲ့ကာ ၁၉၆၂ တွင် အဆုံးသတ်ခဲ့၏။ စီးပွားရေးလုပ်ဆောင်ရာတွင် အထောက်အကူပြုရေးအတွက် ပထမဆုံးနျူကလီးယားစက်ရုံကို ၁၉၇၈ တွင် စဖွင့်သည်။ ၁၉၈၀ ပြည့်နှစ်များတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် စက်ရုံ ၈ ခု တည်ဆောက်ပြီးသွားပြီဖြစ်၏။ ၂၀၁၅ တွင် ပြည်တွင်း လျှပ်စစ်သုံးစွဲမှု၏ ၄၅ ရာခိုင်နှုန်းကို အနုမြူစက်ရုံများမှ ထုတ်ပေးနိုင်မည်ဖြစ်၏။ အနုမြူဗုံးထုတ်လုပ်ရေးတွင်မူ ဝါရှင်တန်မှ အကူအညီမရ၍ မလုပ်နိုင်ခဲ့။

'ယုံဘိုင်ရွှန်'ရှိ ပလူတိုနီယံအစီအစဉ်နှင့် ပတ်သက်၍တင်းမာမှုများသည် ၁၉၈၉ တွင် စဖြစ်ခဲ့သော စီအိုင်အေဂြိုဟ်တုများမှ ထောက်လှမ်းချက်များအရ မြောက်ကိုရီးယား၏ နျူကလီးယား ထုတ်လုပ်မှုသည် အတော်ပင်သိသာထင်ရှားလာ၏။ ၁၉၉၀ တွင်ကား တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး 'လီဂျုံကု' က အကယ်၍ မြောက်ကိုရီးယားသည် 'အိုင်အေအီးအေ' ၏ လုံခြုံရေးသဘောတူညီချက်များကို လက်မှတ်မရေးထိုးပါက၊ စစ်ဆေးရေးအဖွဲ့ဝင်များ၏ စစ်ဆေးခွင့်မပြုပါက 'ယုံဘိုင်ရွှန်' ကို ဝင်တိုက်မည်ဟု ရာဇသံပေး၏။ ညှိနှိုင်းဆွေးနွေးမှုများလုပ်ကြကာ မြောက်နှင့်တောင်ပူးတွဲ နျူကလီးယားကော်မရှင်ကိုဖွဲ့စည်းကာ စစ်ဆေးရေးများလုပ်ရန် သဘောတူကြ၏။

၁၉၉၂ တွင် မြောက်ကိုရီးယားက သူ၏နျူကလီးယားအစီအစဉ်ကို 'အိုင်အေအီးအေ' ၏ စစ်ဆေးမှုခံယူပါမည်ဟု ကတိပေး၏။ 'အိုင်အေအီးအေ' ၏ ဦးဆောင်ညွှန်ကြားရေးမှူး 'ဟန်စ်ဘလစ်ဇ်' ကိုယ်တိုင် မြောက်ကိုရီးယားသို့လာရောက်စစ်ဆေး၏။ မြောက်ကိုရီးယားက လက်နက်ထုတ်လုပ်ရေးအတွက် မရည်ရွယ်သော အနုမြူဓာတ်ပေါင်းဖိုရုံများကို ပြသခဲ့၏။

စစ်ဆေးမှုများပြုလုပ်ပြီးနောက် မြောက်ကိုရီးယားသည် အနုမြူဗုံးလုပ်ရန် အစီအစဉ်ရှိကြောင်း သိခဲ့ရ၏။ ၁၉၉၇ တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဤပြဿနာကိုတင်ပြပြီး ထောက်ခံမဲ ၁၄၀၊ ကြားနေမဲ ၉ မဲဖြင့် အချက် ၉ ချက်ပါသော ဆုံးဖြတ်ချက်တစ်ခု ချခဲ့ကြ၏။

မြောက်ကိုရီးယားသည် အိုင်အေအီးအေနှင့် ချက်ချင်းပူးပေါင်းဆောင်ရွက်ကာ လုံခြုံရေးဆိုင်ရာသဘောတူညီချက်များကို လိုက်နာရမည်' ဟု ဆုံးဖြတ်ကြ၏။မြောက်ကိုရီးယားကမူ အရှေ့ဂျာမနီ၊ ချက်နှင့် ရုရှားတို့မှ ဒုံးပျံနှင့် နျူကလီးယား သိပ္ပံပညာရှင်များကို ထပ်မံငှားရမ်း၏။ ပလူတိုနီယံ ၁၂၃ ပေါင်ကိုပင် ဆိုဗီယက်တို့ထံမှ ဝယ်သည်ဟု သတင်းများထွက်ပေါ်လာ၏။ ၁၉၉၄ တွင် 'ကင်မ်ဂျုံအီ' သည် နျူကလီးယား လက်နက်များကို 'ယုံဘိုင်ရွှန်'မှ ၃၅ မိုင်ကွာသော 'ကုန်ချန်ဂရီ' သို့ ပြောင်းရွှေ့လိုက်သည်ဟု ဆို၏။

the bookhouse



၁၉၉၈ တွင် ဝါရှင်တန်က 'ကုန်ချန်ဂရီ' ကို ဝင်စစ်ချင်သည်ဆိုသောအခါ 'ကင်မ်ဂျုံအီ' က "စစ်ချင်သပဆိုရင် စစ်ပါ။ ဒါပေမဲ့ အစားအသောက် တန်ချိန် ၆ သိန်းတော့ ပေးပါ" ဟုတောင်းဆို၏။ တကယ်ဝင်စစ်သောအခါ ဘာမှမတွေ့ရ။ 'ကင်မ်ဂျုံအီ' ၏ မျက်လှည့်ပြမှုအောက်တွင် ဝါရှင်တန်ကားကားကြီး ခံလိုက်ရပြီ။

၁၉၉၈ တွင် စီအိုင်အေက သတင်းပို့သည်။ မြောက်ကိုရီးယားသည် ပါကစ္စတန်တွင် အနုမြူဗုံးစမ်းသပ်ဖောက်ခွဲခဲ့သည်ဟူ၍။ ၁၉၇၀ မှစ၍ ပါကစ္စတန်နှင့်ရင်းနှီးစွာ ဆက်ဆံခဲ့ကြကာ ၁၉၉၀ တွင် နှစ်နိုင်ငံသည် နိုင်ငံခြားငွေပြတ်လတ်မှုကြုံချိန်၌ ပို၍ ရင်းနှီးလာကြ၏။ နှစ်နိုင်ငံသဘောတူ လဲလှယ်မှုတစ်ခုရှိကြ၏။ မြောက်ကိုရီးယားက ပါကစ္စတန်ကို တာလတ်ပစ်ဒုံးပျံ တည်ဆောက်ရေးနည်းပညာပေးမည်။ (အိန္ဒိယကို တိုက်ခိုက်ရန်လိုအပ် သည့် တာလတ်ပစ်ဒုံးပျံဖြစ်၏) ပါကစ္စတန်ကလည်း ပါကစ္စတန်ဗုံးပါရဂူ 'အဗ္ဗဒူကာဒိယာခန်' ၏နည်းပညာများကို ပြန်ပေးမည်ဟူ၍။

၁၉၉၄ တွင် ပါကစ္စတန်အင်ဂျင်နီယာ ၃၀ မှ ၄၀ ထိ ပြုံးယမ်းသို့ လာကြ၏။ ၁၉၉၈ မေလတွင် ပါကစ္စတန်သည် မြေအောက်တွင် တာလူချီစတန်သဲကန္တာရ၌ ဗုံးခွဲစမ်းသပ်မှု ၅ ခုလုပ်ခဲ့၏။ မြောက်ကိုရီးယားသည် သူ၏ပထမဆုံး 'တေပိုဒုံး' တာဝေးပစ်ဒုံးပျံကို ဂျပန်နိုင်ငံကိုကျော်၍ ပစ်လွှတ်ခဲ့၏။ ထိုတာဝေးပစ်ဒုံးပျံများတွင် နျူကလီးယား ထိပ်ဖူးတပ်၍ပင် စမ်းသပ်နေသောအဆင့်သို့ ရောက်နေပေပြီ။

၂၀၀၉ ခုနှစ် ဇူလိုင်လတွင် မြောက်ကိုရီးယားက သူ၏နျူကလီး ယားလက်နက်အစီအစဉ်ကို အဆုံးသတ်မည့် ခြောက်နိုင်ငံဆွေးနွေးပွဲတွင် ပြန်လည်ပါဝင်ရန် ငြင်းဆိုကြောင်း ကြေညာခဲ့၏။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး 'ဟီလာရီကလင်တန်' က နျူကလီးယားနှင့် တိုက်ခြင်းပစ်ဒုံးများကို ထပ်တလဲလဲစမ်းသပ်မှုကြောင့် မြောက်ကိုရီးယားအပေါ် ကုလသမဂ္ဂ၏နောက်ဆုံးအရေးယူပိတ်ဆို့မှုများကို အပြည့်အဝကျင့်သုံးရေးကို တိုက်တွန်းသည်။

ဤကိစ္စကို တရုတ်နိုင်ငံအပါအဝင် အာရှနိုင်ငံများအကြား စည်းလုံးညီညွတ်မှု နီးနီးကပ်ကပ်ရှိနေကြကြောင်း 'အာဆီယံဒေသတွင်းဖိုရမ်' (၂၇ နိုင်ငံနှင့် အဖွဲ့အစည်းများအကြား လုံခြုံရေးဆိုင်ရာအစည်းအဝေး) တွင် 'ဟီလာရီကလင်တန်' က ပြောကြားခဲ့သည်။ ထိုသို့သော ပြောစကားများကိုထောက်ကာ မြောက်ကိုရီးယားက 'ဟီလာရီကလင်တန်' ကို 'ကျောင်းသူမပေါက်စသာသာ' အဆင့်သာ ရှိသူဟု စွပ်စွဲလိုက်၏။

'ဟီလာရီ' ဟာ တစ်ခါတစ်ခါ မူလတန်းကျောင်းသူနဲ့တူပြီး တစ်ခါတစ်ခါကျတော့ ဈေးဝယ်ထွက်တဲ့ ပင်စင်စားအဘွားကြီးနဲ့ တူတယ်။ တော်တော်အူကြောင်ကြောင်နိုင်တဲ့

the bookhouse

မိန်းမပဲ' ဟု မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ မြောက်ကိုရီးယားတွင် ယခင်က ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း လုပ်ဆောင်မှုမရှိ။ အစိုးရပိုင်နှင့် သမဝါယမပိုင်တို့သာ ရှိခဲ့၏။ ယခုမူ ပြည်သူတွေစီးပွားရေးအတွက် လွတ်လွတ်လပ်လပ်လုပ်နိုင်ကြပြီး ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ၊ ကာရာအိုကေတွေ။ စားသောက်ဆိုင်နှင့် ကာရာအိုကေဆိုင်တစ်ခု တည်ထောင်ရန် အမေရိကန်ဒေါ်လာလေးသိန်းခန့် လိုအပ်၏။

၂၀၀၅ ခုနှစ်တွင် နိုင်ငံအနှံ့ ကုန်သည်ပေါင်း ၁၅၀,၀၀၀ မှ ၅၀၀,၀၀၀ ထိရှိသည်။ မြို့ယမ်းတွင် ဧရာမအဆောက်အအုံကြီးတွေ တစ်ခုပြီးတစ်ခု အပြိုင်းအရိုင်းပေါ်လာနေကြ၏။ 'အလုပ်သမားပါတီကျောက်တိုင်ကြီး'၊ 'ပြန်လည်ပေါင်းစီးရေးခုံးတံတား'၊ 'ကင်မ်အီဆွန်းဓာတုမျှော်စင်' စသည်တို့မှာ မြို့တော်၏ဂုဏ်ဆောင်များဖြစ်ကြ၏။

'ကင်မ်ဂျုံအီ' သည် မြောက်ကိုရီးယား၏ 'တိန့်ရှောင်ဖိန်' သို့မဟုတ် မြောက်ကိုရီးယား၏ 'ပတ်ချုံဟီး' ဖြစ်မှန်းမသိ ဖြစ်လာပြီ။ သို့သော် 'ကင်မ်ဂျုံအီ' ၏ 'ဆွန်ဂန်း' ခေါ် 'စစ်ရေးပထမ' ပေါ်လစီ ကားမပြောင်းသေး။ တပ်မတော် စစ်ရေးပြ ၁၅၁၄ အခမ်းအနားတွေ အကြီးအကျယ်ခင်းကျင်းပြသ၏။ အမျိုးသမီးသူရဲကောင်းများကို ရှေ့တန်းတင်ချီတက်စေ၏။

"ကျွန်တော်တို့ ခေါင်းဆောင်ကြီးရဲ့ကျေးဇူးကြောင့် ကျွန်တော်တို့ လွတ်လပ်ပြီး သာယာဝပြောတဲ့ ဘဝကို ရကြတယ်။ အဲဒီကျေးဇူး ဘယ်တော့ မှ မမေ့နိုင်ဘူး"ဟု ပြည်သူအတော်များများက မှတ်ချက်ချကြ၏။

၂၀၀၆ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် မြောက်ကိုရီးယားမှ ဒုံးပျံ ၇ စင်း စမ်းသပ်ပစ်လွှတ်ခဲ့၏။ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီမှစ၍ အဏုမြူလက်နက်များ ထုတ်လုပ်နိုင်ခဲ့ပြီဟု မြောက်ကိုရီးယားကကြေညာခဲ့၏။ မြောက်ကိုရီးယား၏ ပစိဖိတ်သမုဒ္ဒရာ ဖြတ်ကျော်ဒုံးပျံဖြင့် တိုက်ခိုက်မှုမှကာကွယ်ရန် အမေရိကန်ကဒုံးခွင်းဒုံးစနစ်ကို စမ်းသပ်နေ၏။

အမေရိကန်သည် တောင်ကိုရီးယားနှင့်ပူးတွဲစစ်ရေး လေ့ကျင့်မှုများပြုလုပ်ခြင်းဖြင့် စစ်ရေးခြိမ်းခြောက်မှုများ ပြုလုပ်နေသည်ဟု မြောက်ကိုရီးယားက ပြန်စွပ်စွဲခဲ့၏။ ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် မြောက်ကိုရီးယားသည် နျူကလီးယားအင်အားကြီးနိုင်ငံဖြစ်လာပြီဖြစ်ကြောင်း ပထမဆုံးသက်သေပြသည့်အနေဖြင့် အမေရိကန်ရန်မှ ကာကွယ်ရေးမြှင့်တင်ရန်ဟုဆိုကာ နျူကလီးယားစမ်းသပ်ဖောက်ခွဲမည်ဟု ကြေညာခဲ့၏။

ဤသည်မှာ နျူကလီးယားစီမံချက်နှင့်ပတ်သက်၍ လိပ်ခဲတင်းလင်း ဖြစ်နေမှုအပေါ် 'ကင်မ်ဂျုံအီ' သည် နောက်ဆုံးအကွက်ကစားလိုက်သည့် အဓိပ္ပာယ်ပင်ဖြစ်သည်ဟု သံတမန်များနှင့်သုတေသီများက ထင်ကြေးပေးကြ၏။ ဤသည်မှာ မြင့်တက်လာသော





စီးပွားရေး ပိတ်ဆို့မှုများကို လျှော့နည်းသွားစေရန် တွန်းအားပေးစမ်းကြည့်ခြင်းဖြစ်သည်ဟု လေ့လာသူများက ဆိုကြ၏။

ယခုအခါ နျူကလီးယားပိုင်ဆိုင်သည့်နိုင်ငံ ၁၀ နိုင်ငံ ရှိသွားပြီဖြစ်၏။ အမေရိကန်၊ ယူနိုက်တက်ကင်းဒမ်း၊ ပြင်သစ်၊ ရုရှား၊ တရုတ်၊ အစ္စရေး၊ အီရန်၊ ပါကစ္စတန်၊ အိန္ဒိယနှင့် မြောက်ကိုရီးယား တို့ဖြစ်ကြ၏။ ထိုအထဲတွင် ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်၊ ပြင်သစ်၊ ရုရှား၊ တရုတ်တို့က နျူကလီးယား မပြန့်ပွားရေးစာချုပ်ကို လက်မှတ်ရေးထိုးကြကာ အစ္စရေး၊ ပါကစ္စတန်၊ အိန္ဒိယတို့က လက်မှတ်မထိုးကြသေးဘဲ အီရန်နှင့် မြောက်ကိုရီး ယားတို့မှာမူ နျူကလီးယားပိုင်ဆိုင်သည့် သို့မဟုတ် ထုတ်လုပ်ရန်အစီအစဉ်ရှိသည့်နိုင်ငံများဟု သတ်မှတ်ထားကြ၏။

■

ကင်မ်ဂျုံအီ (သို့မဟုတ်)
မြောက်ကိုရီးယား၏
ချစ်လှစွာသော ခေါင်းဆောင်ကြီး



## အခန်း ၁၇
## ကုလသမဂ္ဂနှင့်မြောက်ကိုရီးယား

"ကျွန်တော်တို့ မရှုံးပါဘူး။ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ပါတယ်။
ကျွန်တော်တို့ဟာ အခြေအနေကိုပြောင်းအောင် ကူညီခဲ့ကြတယ်။
ကျွန်တော်တို့ရှိနေရင် အငတ်ဘေးဆိုက်ရောက်မှု ဘယ်တော့မှ မဖြစ်နိုင်ပါဘူး။"

## ကုလသမဂ္ဂနှင့် မြောက်ကိုရီးယား

၂၀၀၄ ခုနှစ်တွင် ထုတ်ဝေသော ဝါရှင်တန်ပို့စ်သတင်းစာ၌ ကုလသမဂ္ဂ လူသားချင်းဆိုင်ရာ အကူအညီပေးရေးအဖွဲ့၏ မြောက်ကိုရီးယားဆိုင်ရာခေါင်းဆောင် 'မတ်စ်ဝုဒ်ဟော့ဒ်' က အောက်ပါအတိုင်း ပြောကြားခဲ့၏။

"ကျွန်တော်တို့ မရှုံးပါဘူး။ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ဟာ အခြေအနေကိုပြောင်းအောင် ကူညီခဲ့ကြတယ်။ ကျွန်တော်တို့ရှိနေရင် အငတ်ဘေးဆိုက်ရောက်မှု ဘယ်တော့မှ မဖြစ်နိုင်ပါဘူး။ အာဟာရချို့တဲ့မှု၊ သားဖွားရာမှာ ဖျက်ဆီးဆုံးရှုံးမှု၊ ရောဂါဘယထူပြောမှုတွေကို ကျွန်တော်တို့လျော့ချနိုင်ခဲ့ပါပြီ"

၁၉၉၅ တွင် 'ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့' က လူပေါင်း ၅ သိန်းအတွက် အစားအသောက်တန်ချိန် ၂၁,၀၀၀ ထောက်ပံ့ခဲ့၏။ ၁၉၉၈ တွင် လူပေါင်း ၈ သန်းကို ထောက်ပံ့နိုင်ခဲ့၏။ ယခုလည်း လူပေါင်း ၃ သန်းအတွက် စားနပ် ရိက္ခာကူညီပံ့ပိုးနေဆဲဖြစ်၏။

မြောက်ကိုရီးယားတွင် ကုလသမဂ္ဂသည် အရေးပေါ် အစားအသောက် ထောက်ပံ့ ကူညီမှုကို အရှည်ကြာဆုံးလုပ်ပေးခဲ့၏။

မြောက်ကိုရီးယားတွင် လူဦးရေမှာ ၁၉၈၉ တွင် ၂၁. ၀၂သန်း ရှိ၏။ နှစ်စဉ် ၁. ၈ ရာခိုင်နှုန်း တိုးပွားနေသည်ဟု ကြေညာ၏။ ၁၉၉၃ တွင် လူဦးရေ ကြေညာသောအခါ ၂၂. ၁ သန်းသာရှိ၏။ ၁. ၅ ရာခိုင်နှုန်းသာတိုးသည့် အဓိပ္ပာယ်ဖြစ်၏။ တောင်ကိုရီးယားကမူ





၁၉၉၀ တွင် မြောက်ကိုရီးယားလူဦး ရေ ၂၄ သန်းရှိသည်ဟုဆို၏။ စီအိုင်အေ၏ တွက်ချက်မှု အရမူ ၂၁. ၃၈ သန်းသာရှိ၏။ ၁၉၉၈ တွင် ပြူးယမ်းက ကြေညာရာတွင် ၂၃. ၅ သန်းရှိသည် ဟု ဆိုပြန်၏။ ယူအင်ဒီပီ၏ အစီရင်ခံစာထဲတွင်မူ ၂၂. ၁ သန်းဖြစ်၏။ ပြည်သူစာရင်းဇယား အကွဲကွဲ အပြားပြား ဖြစ်နေသော်လည်း သေချာသည်မှာ တပ်မတော်သားဦးရေ ၁. ၂ သန်းရှိသည်ပင် ဖြစ်၏။

၁၉၉၅ တွင် လူဦးရေ ၂၁ သန်းရှိသည်ဆိုလျှင် ၂ သန်း သို့မဟုတ် ၃ သန်း အသေအပျောက်နှုန်းရှိမည်ဖြစ်၏။ သို့ဆိုလျှင် ၁၉၉၉ တွင် ၁၈ သန်း၊ ၁၉ သန်း သာရှိတော့မည်။ ၁၉၈၈ တွင် အငတ်ဘေးဆိုက်ရောက်၍ သေကြေပျက်စီးတာတွေလည်း ထည့်တွက်ရဦးမည်။

တရားမဝင်သတင်းတစ်ခုအရ ၁၉၉၆ တွင် မြောက်ကိုရီးယား ပြည်သူ ၃ သိန်း ကွယ်လွန်သည်ဟုဆို၏။ အသေအပျောက်အများဆုံးဒေသမှာ 'ကန်ဝုန်' ဒေသဖြစ်၏။ တောင်ကိုရီးယားနှင့် နယ်စပ်ဒေသနေရာဖြစ်၏။ ထိုနေရာသည် ရှုခင်းလှ၏။ သို့သော် ခရီး လမ်းပန်းဆက်သွယ်ရေးမကောင်း။ လမ်းတွေက ကျောက်တုံးများထူထပ်၏။ အများစု သေဆုံးကြသည်မှာ အထောက်အပံ့များပြတ်တောက်ပြီး အစာငတ်၊ ရေငတ်ဖြစ်ကာ သေကြေကြရခြင်းဖြစ်၏။ ဒုတိယကမ္ဘာစစ်ဆိုက်နေချိန်တွင် ပြည်သူ ၂. ၄၅ သန်း သေဆုံးသည်ဟု ဆို၏။ ၁၉၉၅ မှ ၁၉၉၉ အတွင်း လူ ၃ သိန်းမှ ၈ သိန်းအထိ သေကြေသည်ဟု တွက်သူက တွက်ပြကြ၏။

လူဦးရေ ၃ သန်း သေဆုံးသည်ဆိုသည်မှာ ကမ္ဘောဒီးယားနိုင်ငံ 'ပိုးလ်ပေါ့' အစိုးရလက်ထက် သေဆုံးသည်နှုန်းထက်ပင် ပိုများနေ၏။ ၁၉၈၀ ပြည့်နှစ်များက အီသီယိုပီးယားတွင် သေဆုံးတာထက်လည်း များ၏။

ယူနီဆက်၏ အမျိုးသားညွှန်ကြားရေးမှူး 'အိုမာဂါလီ အိုမာဝါကလီ'၏ အဆိုအရမူ 'အစားအသောက် အကြပ်အတည်း' ဆိုသော စကားအသုံးအနှုန်းထက် 'အစားအသောက် ပြတ်လပ်မှု' ဟူသော စကားလုံးသုံးသင့်သည်ဟုဆို၏။ အဘယ်ကြောင့် ဆိုသော် ရောဂါဘယများ ကူးစက်ပျံ့သွားလာရခြင်းသည် သောက်သုံးရေ မသန့်ရှင်းမှုနှင့် အိမ်သာစနစ်တကျ မရှိခြင်းကြောင့်ဟု သိရသည်။

ဤသို့ အစာရေစာပြတ်လပ်မှုသည် ရေလွှမ်းမိုးမှုများ၊ တိုင်ဖွန်းမုန်တိုင်းများ၊ ဒီရေလှိုင်းများ စသည်တို့ အဆက်မပြတ် ဖိစီးတိုက်ခတ်၍ဖြစ်၏။ ထို့ကြောင့် အနောက်ဘက်ဒေသရှိ ဆန်စပါးစိုက်ပျိုးသော လယ်မြေကော အားလုံးပျက်စီးကုန်၏။

ဤအငတ်ဘေးကျရောက်မှုသည် ဆိုးရွားလှသော သဘာဝဘေးအန္တရာယ်

များ၏ လက်ချက်ပင်ဖြစ်ကြောင်း 'ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့' က ၁၉၉၉ ဇွန်လတွင် ထုတ်ပြန်ကြေညာခဲ့၏။

မြောက်ကိုရီးယားတွင် တစ်နှစ်လျှင် အစားအသောက်တန်ချိန် ခြောက်သန်း လိုအပ်၏။ ၁၉၉၇ တွင် စိုက်ပျိုးရေးမှရသော စားနပ်ရိက္ခာသည် တန်ချိန် ၂. ၆၆ သန်းရှိ၏။ ပြောင်းဆန် ၁. ၁ သန်းနှင့် ဆန်စပါး ၁. ၅ သန်းဖြစ်၏။ ထို့ကြောင့် နိုင်ငံခြားမှတန်ချိန် ၂ သန်းသာ တင်သွင်းရန် လိုအပ်လာ၏။ ၎င်းတို့ထဲမှတစ်ဝက်သည် တရုတ်ပြည်မှရပြီး ကျန်တစ်ဝက်မှာ ကုလသမဂ္ဂနှင့် အခြားအလှူရှင်နိုင်ငံများမှ ရ၏။ အငတ်ဘေးဆိုက်ရောက်နေချိန်တွင် တရုတ်ပြည်မှ ဆန် စားနပ်ရိက္ခာ တန်ချိန် ၁ သန်း ထောက်ပံ့ကူညီခဲ့၏။

၁၉၉၆ တွင် တရုတ်ပြည်မှ စားနပ်ရိက္ခာတန်ချိန်တစ်သိန်းကို 'ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး - ၃၅ နှစ်မြောက် အထိမ်းအမှတ်' အဖြစ် ထောက်ပံ့ခဲ့သည်။ နောက်နှစ်တွင် ဆန်တန်ချိန် တစ်သိန်းခွဲထောက်ပံ့ကာ ၁၉၉၈ တွင် စားနပ်ရိက္ခာတန်ချိန် တစ်သိန်းနှင့် ဓာတ်မြေဩဇာတန်ချိန် နှစ်သောင်းထောက်ပံ့ခဲ့ကြောင်း သိရ၏။

တရုတ်ပြည်မှ စားနပ်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများကို 'ဆင်နီဂျူ' မြို့မှ တစ်ဆင့် ရထားလမ်း၊ ကားလမ်းတို့ဖြင့် တင်ပို့၏။ တစ်ခါတစ်ရံတွင်လည်း ပြူယမ်းမြို့အနီးရှိ အကြီးဆုံးဆိပ်ကမ်းဖြစ်သော 'နမ်ပို'မှတစ်ဆင့် တင်ပို့ပေး၏။ ကားဂိတ်များ၊ သင်္ဘောဆိပ်များသို့ရောက်ရောက်ချင်း ထိုစားနပ်ရိက္ခာများကို တစ်ပြည်လုံးသို့ ဖြန့်ဖြူးပေးခဲ့၏။ မြောက်ကိုရီးယားတွင် ပုဂ္ဂလိကယာဉ်အဖွဲ့အစည်းများမရှိ၍ တပ်မတော်ယာဉ်များဖြင့်သာ ကုန်စည်များကို ဖြန့်ဖြူးသယ်ဆောင်ရ၏။

ထိုစားနပ်ရိက္ခာများကို နိုင်ငံတော်ရာရှင်စနစ်ဖြင့် ဖြန့်ဖြူးဝေငှပေးသည်။ ထိုစနစ်ကို ပြည်သူ့ဖြန့်ဝေရေးစနစ် (ပီဒီအက်စ်)ဟု ခေါ်၏။ ဤစနစ်၏ ထိရောက်မှုကို ဗြိတိန်နိုင်ငံအခြေစိုက် 'ကလေးများကယ်တင်ခြင်း ရန်ပုံငွေအဖွဲ့' ၏ အထူးကျွမ်းကျင်သူပုဂ္ဂိုလ် 'ကိုလာနာသန်းနေး' ကလည်း 'ပီဒီအက်စ်' စနစ်နှင့် ကိုရီးယားအလုပ်သမားပါတီ၏ စနစ်တကျဆောင်ရွက်မှုများကို မှတ်တမ်းတင်ချီးကျူးခဲ့၏။

တစ်နိုင်ငံလုံးတွင် 'ပီဒီအက်စ်'ဌာနပေါင်း ၃၆၀၀ ဖွင့်လှစ်ထားကာ ပြည်သူ ၁၅. ၄ သန်းကို အချိန်မီမျှမျှတတ စားနပ်ရိက္ခာများကို ခွဲဝေဖြန့်ဖြူးပေးကြ၏။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ဝန်ထမ်း ၅၇ ဦးတို့ကလည်း ပိုမိုစနစ်တကျဖြစ်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်။

ရိုမန်ကက်သလစ်ကူညီရေးအဖွဲ့ကလည်း အမေရိကန် ဒေါ်လာ ၂၇ သန်းဖိုး ကူညီခဲ့၏။ ထိုအဖွဲ့၏ခေါင်းဆောင် 'ကေသီမဲလ်ဝီဂါ'သည် မြောက်ကိုရီးယားသို့ အကြိမ်



၃၀ မျှထိ ကိုယ်တိုင်သွားရောက်ကာ ဒုက္ခသည်များကို ကိုယ်ထိလက်ရောက် ကူညီခဲ့၏။ မြောက်ကိုရီးယားတွင် ကလေးထိန်းဌာနပေါင်း ၂၂,၀၀၀ ရှိကာ လေးနှစ်အောက် ကလေးငယ်ပေါင်း ၁. ၄၇ သန်းကို စောင့်ရှောက်ထိန်း ကျောင်းပေးရ၏။ ထိုကလေးငယ်များ အာဟာရပြည့်ဝရေးအတွက်လည်း ကုလသမဂ္ဂနှင့်အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများက ထောက်ပံ့ကူညီကြ၏။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏အကြီးအကဲ 'ကက်သရင်းဘာတီနီ' သည် မြောက်ကိုရီးယားခေါင်းဆောင် တော်တော်များများနှင့်တွေ့ဆုံပြီး လိုအပ်သမျှကို ကူညီခဲ့၏။

'နိုင်ငံတကာ စိုက်ပျိုးရေးတိုးတက်မှုရန်ပုံငွေအဖွဲ့'၏ ဒုတိယဥက္ကဋ္ဌ 'ကလီးမင်းဇင်ဒါဆင်း' ကလည်း ၁၉၉၈ တွင် မြောက်ကိုရီးယားသို့သွားခဲ့ပြီး အပြန်တွင်မြောက်ကိုရီးယား၏အခြေအနေသည် အလွန်ကျေနပ်စရာကောင်းကြောင်း ထုတ်ဝေကြေညာခဲ့၏။

ဂျိနီဗာအစည်းအဝေးတွင် မြောက်ကိုရီးယားကိုယ်စားလှယ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး 'ချိုင်ဆုဟုန်' က စိုက်ပျိုးရေးစနစ် ပြန်လည်နာလန်ထူလာစေရန် အမေရိကန်ဒေါ်လာသန်း ၂၃၀ လိုသည်ဟု တောင်းခံကြ၏။

၁၉၉၉ တွင် မြောက်ကိုရီးယားစီးပွားရေး ပြန်လည်နာလန်ထူလာ၏။ စိုက်ပျိုးရေးလုပ်ငန်းလည်း ပြန်လည်ရှင်သန်လာ၏။ ကုလသမဂ္ဂ ခေါက်ဆွဲစက်ရုံ၊ ပဲနို့ရည်စက်ရုံများ တည်ပေးကာ ကလေးများအတွက် အာဟာရပြဿနာကို ဖြေရှင်းပေး၏။ ၂၀၀၂ ခုနှစ်တွင် ကုလသမဂ္ဂက အမေရိကန်ဒေါ်လာ ၁. ၅ ဘီလျံတန်ဖိုးရှိသော စားနပ်ရိက္ခာနှင့်အထောက်အကူပစ္စည်း တန်ချိန် ၃. ၅ သန်းမျှကိုလည်း ထောက်ပံ့ခဲ့၏။

နောက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြောက်ကိုရီးယား မပြေမလည်ဖြစ်လာ၏။ ထို့ကြောင့် တရုတ်ထံမှ အကူအညီမရတော့။ တရုတ် အစားအသောက်တွေ မစားနဲ့၊ အဆိပ်သင့် တတ်တယ်။ တရုတ်စီးကရက်တွေ မသောက်နဲ့၊ ပေါက်ကွဲတတ်တယ် ဟူသော ကောလာဟလများပင် ထွက်နေ၏။

■

## ကင်မ်ဂျုံအီ (သို့မဟုတ်) မြောက်ကိုရီးယား၏ ချစ်လှစွာသော ခေါင်းဆောင်ကြီး



# အခန်း ၁၈

# ကင်မ်ဒေးဂျုံနှင့်တောင်ကိုရီးယားလမ်းစဉ်

"ကင်မ်ဒေးဂျုံ" သည် "နေသာပေါ်လစီ" ကို ချမှတ်၏။
ပုံပြင်ထဲတွင် နေနှင့်လေက အငြင်းအခုန်ဖြစ်၏။
မည်သူကြောင့် လူတစ်ယောက်ကို ကုတ်အင်္ကျီချွတ်အောင် လုပ်နိုင်စွမ်းရှိသည်ဟူသော အငြင်းပွားမှုဖြစ်၏။
လေက အတင်းဆင်တိုက်၏ ကုတ်အင်္ကျီမကျွတ်။ နေက အရမ်းပူပြလိုက်မှ လူက ကုတ်အင်္ကျီချွတ်၏။

## ကင်မ်ဒေးဂျုံနှင့် တောင်ကိုရီးယားလမ်းစဉ်

၁၉၉၈ ၏ တစ်ခုသောနေ့လယ်ခင်းတွင် 'ပန်ပွန်ဂျုံ' ဒေသကွင်းပြင်ထဲတွင် နွားအကောင်ငါးရာကို မျက်မှန်တပ်ထားသော လူကြီးတစ်ဦးက ထိန်းကျောင်းနေ၏။ ဇွန်လ နေ့လယ်ခင်းသည် ပူလောင်လှသော်လည်း ထိုသူသည် မိုးကာအကျီကို ဝတ်၊ ဦးထုပ်ကို ဆောင်းထားသည်။ 'ချုံဂျူယုံ'သည် လွန်ခဲ့သောနှစ်ငါးဆယ်က တောင်ကိုရီးယားသို့ ထွက်ပြေးလာခဲ့၏။

သူ၏ရွာမှ နွားတစ်ကောင်ကိုပါ သူခိုးခဲ့၏။ ယခု ထိုအကြွေးကို သူပြန်ဆပ်လိုသည်။ သူ့ဖခင်မှာ ဆင်းရဲသောလယ်သမားတစ်ဦးဖြစ်၏။ 'ချုံ' သည် ယခု 'ဟွန်ဒိုင်း' ကုမ္ပဏီပိုင်ရှင်ကြီးဖြစ်နေပြီ။ သူက ခေတ်နောက်ကျကျန်ရစ်ခဲ့သော မြောက်ကိုရီးယားကို ကျေးဇူးတုံ့ပြန်လို၏။

ယခု သူသည် အသက် ၈၂ နှစ်ရှိနေပြီ။ ၁၉၈၈ တွင် သူသည် မြောက်ကိုရီးယားကို တိတ်တဆိတ်ဆက်သွယ်ခဲ့၏။ ယခုတော့ သူသည် သမ္မတ 'ကင်မ်ဒေးဂျုံ' ၏ ထောက်ခံမှုကိုရခဲ့ပြီ။ 'ကင်မ်ဒေးဂျုံ' သည် မကြာခင်ကမှ အရွေးခံခဲ့ရသူဖြစ်ပြီး သူသည် မြောက်ကိုရီးယားသမ္မတ 'ကင်မ်ဂျုံအီ' နှင့် တရားဝင်အဆက်အသွယ် စလုပ်ခဲ့သူဖြစ်၏။

'ကင်မ်ဒေးဂျုံ' သည် 'ကင်မ်ဂျုံအီ' နှင့် တွေ့ဆုံဆွေးနွေးရန် ကြိုးပမ်းခဲ့၍ သမိုင်းဝင်ဖြစ်ရပ်တစ်ခုဖြစ်ခဲ့ပြီး ငြိမ်းချမ်းရေးဆိုင်ရာ နိုဘယ်ဆုပင်ရခဲ့၏။ ၂၀၀၃ တွင် 'ချုံ' သည်



မြောက်ကိုရီးယားသို့ မသွားဖြစ်ခဲ့။ သူ၏ပဉ္စမမြောက်သား 'ချွန်မုန်ဟွန်' သည် မိမိကိုယ်မိမိ သေကြောင်းကြံစည်ခဲ့၍ဖြစ်သည်။

၁၉၆၁ ခုနှစ်မှစ၍ တောင်ကိုရီးယား၏စီးပွားရေးအခြေအနေ တိုးတက်ခဲ့သည်။ ၁၇နှစ်တိုင်တိုင် 'ချုံ' သည် တောင်ကိုရီးယားစစ်အာဏာရှင်သမ္မတ 'ပတ်ချုံဟီး' နှင့် ပူးပေါင်းဆောင်ရွက်ကာ တောင်ကိုရီးယား၏အချမ်းသာဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်လာခဲ့၏။ 'ပတ်ချုံဟီး' က 'ကင်မ်ဂျုံအီ'ကို အကြီးဆုံးရန်သူအနေဖြင့် ဆက်ဆံခဲ့သည်။ 'ပတ်ချုံဟီး' နောက်တွင် တက်လာသော 'ကင်မ်ဒေးဂျုံ' ကမူ ရိုမန်ကက်သလစ်ဘာသာဝင်တစ်ဦးဖြစ်ကာ ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်ခဲ့သူဖြစ်သည်။ သူ့လက်ထက်တွင် တစ်ချိန်ကစစ်အာဏာရှင် 'ချွန်ဒီးဟွမ်'ကို သေဒဏ်စီရင်ခဲ့ကာ သူ့နောက်မှတက်လာသူ 'ရိုတေးဝူး' သည် ထောင် ၁၇ နှစ် ကျသွားခဲ့၏။ 'ပတ်ချုံဟီး'သည် အသက် ၄၃နှစ်၊ ၁၉၆၁ တွင် နိုင်ငံတော်ကို အာဏာသိမ်းခဲ့သူဖြစ်၏။

'ကင်မ်အီဆွန်း'သည် စတာလင်၏ ဆိုဗီယက်ယူနီယံကို အတုယူကာ သူ့နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်ခဲ့သကဲ့သို့ 'ပတ်ချုံဟီး'ကလည်း ဂျပန်ကိုအတုယူကာ ခေတ်မီနိုင်ငံထူထောင်ရန် ကြိုးပမ်းခဲ့၏။ ကျောင်းပြီးသောအခါ 'ပတ်ချုံဟီး'သည် ဂျပန်စစ်တက္ကသိုလ် ဆက်တက်ခဲ့၏။ အတန်းထဲတွင် ပထမစွဲသဖြင့် သူ့ကိုတိုကျိုစစ်တက္ကသိုလ်သို့ နှစ်နှစ်ဆက်လက် တက်ခွင့်ပြုခဲ့၏။

၁၉၄၅ နောက်ပိုင်းတွင် သူသည် ကွန်မြူနစ်ကလပ်စည်းတစ်ခုတွင် ခေါင်းဆောင်ပိုင်းက ပါဝင်လှုပ်ရှားခဲ့သဖြင့် အဖမ်းခံရ၏။ ထို့နောက် ပုန်ကန်ရန်ကြံစည်မှုဖြင့် သေဒဏ်စီရင်ခြင်းခံရသည်။ ကိုရီးယားစစ်ပွဲကာလတွင် သူသည် တောင်ဘက်ပိုင်းမှ ဝင်တိုက်၏။ ထို့နောက် စစ်ဘက်ဆိုင်ရာတွင် ဆက်လက်အမှုထမ်း၏။

ဂျပန်ဖက်ဆစ်တို့သည် ကိုရီးယားမန်ချူးရီးယားနှင့် တရုတ်(တိုင်ပေ)တို့တွင် ကိုလိုနီသစ်များကို ထူထောင်၏။ မီဆူဘီရှိတို့ကဲ့သို့သော ကုမ္ပဏီများသည် စီးပွားရေးဦးဆောင်မှုအစိတ်အပိုင်းမှ ဝင်လာကြ၏။ 'ပတ်' ကလည်း 'ဟွန်ဒိုင်း' ကုမ္ပဏီကို စီးပွားရေးအရ နယ်ချဲ့ရန် အကူအညီပေး၏။ သူသည် 'ကိုရီးယားဗဟိုထောက်လှမ်းရေးအေဂျင်စီ' (ကေစီအိုင်အေ) ကိုလည်း ထူထောင်သည်။ ထိုအဖွဲ့အစည်းဖြင့် သူ့အာဏာသစ် ပိုမိုတည်မြဲစေရန် ထူထောင်၏။

၁၉၇၀ ပြည့်နှစ်များက ဂျပန်ပုံစံမျိုးချစ်စိတ်ကို သွတ်သွင်းရန်ကြိုးစားသည်။ ထို့ကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ပြန်ပြင်ကာ လူမှုအခွင့်အရေးအချို့ကို ပြန်လည်တင်းကြပ်၏။ ပထမပိုင်းတွင် သူသည် 'အမျိုးသားပြန်လည်ထူထောင်ရေးအတွက်

အမြင့်ဆုံးကောင်စီ' ဆိုသော ပုံစံမျိုးဖန်တီးပြီး အုပ်ချုပ်၏။ ထိုကောင်စီတွင် စစ်ဘက်ဆိုင်ရာ အရာရှိပေါင်း ၃၂ ဦးက ဦးဆောင်၏။ သို့သော်တကယ်တမ်းစိုးမိုးသည်မှာ 'ကေစီအိုင်အေ' ပင်ဖြစ်၏။ 'ကေစီအိုင်အေ'တွင် ဂျပန်နှင့်ပေါင်းပြီး တောင်ကိုရီးယားသို့ ပြေးလာကြသူ မိသားစုများကို အခြေခံကာ လူသစ်စုဆောင်းသည်။ သူတို့၏တာဝန်မှာ ပြည်တွင်း၊ ရန်သူများ၏လှုပ်ရှားမှုကို ထောက်လှမ်းရန်ဖြစ်၏။

'ကေစီအိုင်အေ' သည် အစိုးရအဖွဲ့အစည်းမှ အစိုးရတစ်ခုပုံစံမျိုးဖြစ်နေ၏။ ၎င်းသည် ရေသူရဲကဲ့သို့လက်တံများစွာဖြင့် နေရာတကာ ၎င်း၏သတင်းပေးများဖြင့် ပြည်သူကိုဒုက္ခပေးကြ၏။ ၎င်းအဖွဲ့အစည်းသည် လူတိုင်း၏ ကိုယ်ရေးရာဇဝင်ကို မှတ်တမ်းတင်ထားကာ ဖမ်းစရာရှိသည်ကိုဖမ်းသည်။ နှိပ်စက်ညှင်းပန်းသည်။ 'ပတ်' ၏ရန်သူဟုထင်သမျှကို လုပ်ကြံရန်လည်း ဝန်မလေး။ တောင်ကိုရီးယားတွင် ပြည်သူတို့မှာ ကျီးလန့်စာ စားနေကြရရှာသည်။ သမ္မတကိုလည်းကောင်း၊ အစိုးရကိုလည်းကောင်း လုံးဝဝေဖန်ခွင့်မရှိ။ 'ပတ်ချုံဟီး' သည် သူ့ဩဇာကို သူအတင်းထူထောင်၏။ သူ့ဓာတ်ပုံကို ရုံးတိုင်းတွင် မချိတ်မနေရ ချိတ်ဆွဲထားရန် အမိန့်ပေး၏။

မိသားစုတိုင်း တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် အစည်းအဝေးတက်ရ၏။ အစိုးရ၏လမ်းညွှန်ချက်များကို နာခံရ၏။ ၁၉၇၁ တွင် သူသည် 'ဆေးမူးလ်ဘန်ဒေါင်း' ဆိုသော 'ရွာသစ်လှုပ်ရှားမှု' ကို စတင်ထူထောင်၏။ ကျေးလက်ဖွံ့ဖြိုးမှုအစီအစဉ်ကို ကျေးလက်တွင် စုပေါင်းအဖွဲ့အစည်းများ ထူထောင်ကာကျင့်သုံးစေ၏။

ကျေးလက်ပြည်သူများမှာ နိုင်ငံတော်၏ ၇၀ ရာခိုင်နှုန်းမျှရှိနေရာ ကျေးလက် အဆင့်ကိုမြှင့်တင်မှ တိုင်းပြည်ကောင်းစားမည်ဟု ယုံကြည်ထားသည်။ ထိုလုပ်ရပ်ကို မြောက်ကိုရီးယားကလည်း ထောက်ခံ၏။ ထို့ကြောင့် လမ်းတွေဖောက်သည်။ လျှပ်စစ်မီးတွေ ကျေးရွာအရောက် သွယ်တန်းပေးသည်။ ကျေးလက်လူထုများသည် နံနက်တိုင်း အသံချဲ့စက်မှတစ်ဆင့် 'ဆေးမူးလ်' ကတိသစ္စာကိုနားထောင်ရ၏။ 'ဆေးမူးလ်' သီချင်းကို နားထောင်ရ၏။ ကျေးလက်မှမနိမိုးများကို သွပ်မိုးအဖြစ်ပြောင်းပေးသည်။ 'ကင်မ်အီဆွန်း' ကဲ့သို့ပင် 'ပတ်' သည် ကျေးလက်သို့ဆင်းကာ 'ရှောင်တခင်လှည့်လာရေး' လုပ်တတ်၏။ လိုအပ်သည်များ အကြံပေးလမ်းညွှန်သည်။ ဆုပေးဒဏ်ပေးစနစ်ကို ကျင့်သုံး၏။ နိုင်ငံရပ်ခြားသို့လည်း ခရီးများထွက်ကာ အတုယူစရာများကို အတုယူ၏။

၁၉၆၄ တွင် အနောက်ဂျာမနီသို့ရောက်ခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးစနစ်ကို အလွန်ကြိုက်နှစ်သက်သဖြင့် တောင်ကိုရီးယားတွင် လမ်းပန်းဆက်သွယ်ရေးကို ပြန်လည် ပြုပြင်တည်ဆောက်ခဲ့၏။

the bookhouse
we bring your future



စီးပွားရေး ၅ နှစ် စီမံကိန်းသစ်ရေးဆွဲသည်။ အမြန်အကောင် အထည် ဖော်လိုစိတ်ကြောင့် လူရောစိတ်ပါ အလွန်ပင်ပန်းကြ၏။ ၁၉၆၆ကို 'အလုပ်ကြိုးစားသောနှစ်' ဟု သတ်မှတ်ကာ ၁၉၆၇ ကို 'တိုးတက်မှုရသောနှစ်' ဟုသတ်မှတ်ပြီး ၁၉၆၈ ကို 'အလုပ်လုပ်ရင်း တိုက်ပွဲဝင်၊ တိုက်ပွဲဝင်ရင်း အလုပ်လုပ်' ဟူသော ဆောင်ပုဒ်ကို ပြဋ္ဌာန်းခဲ့သည်။

အခြားသော ဖက်ဆစ်ခေါင်းဆောင်များကဲ့သို့ပင် သမ္မတ 'ပတ်' သည် အာဏာကိုလည်း ယစ်မူး၏။ သူက သူ့နိုင်ငံကို တိုးတက်စေလိုသည်။ သို့သော် သူ့စိတ်ကူးနောက်ကို လက်တွေ့က မလိုက်နိုင်ပါ။ သူကစက်မှုနိုင်ငံကို အတင်းထူထောင်လိုသည်။ အကြီးစားစက်မှု လုပ်ငန်းများကို များစွာတည်ဆောက်သည်။ အထူးသဖြင့် သံမဏိစက်ရုံများစွာ တည်ထောင်သည်။

တောင်ကိုရီးယားသည် စစ်ဥပဒေတစ်ဝက်တစ်ပျက်ဖြင့် အုပ်ချုပ်သောနိုင်ငံဖြစ်၏။ ဆင်ဆာတင်းကြပ်သည်။ ညသန်းကောင်တွင် အပြင်မထွက်ရ အမိန့်ထုတ်ထား၏။ ပြည်သူများသည် ပြည်ပမှတင်သွင်းသောပစ္စည်းများကို မဝယ်ရန်တားမြစ်သည်။ ငွေကြေးကို ခြွေတာစုဆောင်းခိုင်းကာ နိုင်ငံတော်တည်ဆောက်ရေးအတွက် ဘဏ္ဍာငွေအဖြစ် သုံးစွဲရန် စီမံကိန်းများရှိသည်။ သမ္မတ'ပတ်'၏ ခေါင်းဆောင်မှုအောက်တွင် တောင်ကိုရီးယားသည် တတိယကမ္ဘာမှ တစ်ပါတီအစိုးရကဲ့သို့ဖြစ်နေပြီး မြောက်ကိုရီးယားပုံစံနှင့် ဘာမှမခြားလှ။

သို့သော် 'ပတ်' ၏စီမံကိန်းအချို့ အောင်မြင်ခဲ့သည်မှာ 'ချွန်ဂျူယုံ' ကဲ့သို့သော 'ဟွန်ဒိုင်း' ဖခင်ကြီးမျိုး၏အကြံပေးချက်များကို လိုက်နာ၍ဖြစ်၏။ 'ချွန်ဂျူယုံ' သည် စီးပွားရေးအကွက် အလွန်မြင်သူဖြစ်သည်။ သမ္မတ 'ပတ်' သည် ပထမအာဏာသိမ်းစက သူ့စိတ်ကူးမှာ စီးပွားရေးဦးဆောင်ပုဂ္ဂိုလ်များအားလုံးကို ဖမ်းဆီးရန်ဖြစ်၏။ သူက စီးပွားရေးသမားအားလုံးထံမှ အတင်းဖျစ်ညှစ်ပြီး အစိုးရကိုငွေလှူခိုင်းရန် အကြံအစည်ရှိ၏။ ထို့နောက် နိုင်ငံတော်ကိုထိန်းချုပ်မှုအောက်မှ စီးပွားရေးလုပ်ခိုင်းရန် ရည်ရွယ်၏။

သို့သော် မကြာခင် သူစိတ်ပြောင်းသွားကာ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ပူးပေါင်းစီးပွားရေးလုပ်ရန် စိတ်ကူးရလာ၏။ ထို့ကြောင့် စီးပွားရေးကျွမ်းကျင်သူများခေါ်ကာ လုပ်ငန်းကြီး ၄၀ ကျော် ထူထောင်ခဲ့သည်။ ခရစ်ယာန်ဘုန်းတော်ကြီး 'မွန်း' ၏ ခရစ်ယာန် ဘုရားကျောင်းအုပ်စုမှ ကုမ္ပဏီ ၁၆ ခု ပေါ်ထွန်းလာသည်။

'တွန်အီအုပ်စု' ဟု ခေါ်သည်။ အဓိပ္ပာယ်မှာ 'ညီညွတ် ရေးအုပ်စု' ဟူ၍ဖြစ်၏။ ဝါရှင်တန်တွင် တာဝန်ထမ်းဆောင်နေသော 'ကေစီအိုင်အေ'မှ ဗိုလ်မှူးကြီး 'ပတ်ဘိုဟီး' သည် 'မွန်း' ၏ညာလက်ရုံးဖြစ်၏။ ဤအုပ်စုမှ လက်နက်ငယ်များပင် ထုတ်လုပ်နိုင်သည်။

the bookhouse
we bring your future

'ဆမ်ဆောင်း'၊ 'ဒေဝူး'၊ 'ကေအိုင်အေ'၊ 'လပ်ကီးဂိုးလ်စတား' စသည့် ကုမ္ပဏီကြီးများလည်း အလျှိုလျှို ပေါ်ထွန်းလာ၏။

'ပတ်' ၏ဆောင်ပုဒ်မှာ 'နိုင်ငံကိုချမ်းသာအောင်လုပ်၊ တပ်မတော်ကို အင်အားကောင်းအောင်လုပ်' ပင်ဖြစ်သည်။ ဤဆောင်ပုဒ်သည် မြောက်ကိုရီးယားဆောင်ပုဒ်နှင့် ဆင်တူ၏။ မြောက်ကိုရီးယားသည် ၁၉၆၃ မှစ၍ ကာကွယ်ရေးကိုတိုးမြှင့်လုပ်ဆောင်ခဲ့သည်။ တောင်ကိုရီးယားသည် အနောက်တိုင်းအတတ်ပညာကို များစွာအတုယူ၏။ ထိုနည်းပညာဖြင့် ပစ္စည်းများကိုထုတ်လုပ်ပြီး ပြည်ပသို့ပြန်လည်ရောင်းချ၏။

နှစ်စဉ် 'နိုဝင်ဘာ ၃၀ရက်' ကို 'ထုတ်ကုန်နေ့' ဟု သတ်မှတ်ပြီး ရောင်းကုန်ကို မြှင့်တင်ခဲ့၏။ သို့ဖြင့် တောင်ကိုရီးယားထုတ်ကုန်များသည် နိုင်ငံတကာဈေးကွက်တွင် ဝယ်လက်များစွာ ပေါ်လာ၏။ 'ပတ်' အာဏာရယူစဉ် ၁၉၆၁ က လူတစ်ဦးပျမ်းမျှဝင်ငွေသည် တစ်နှစ်ကို ဒေါ်လာ ၈၀ သာရှိ၏။ ဂါနာနိုင်ငံ၊ ဆူဒန်နိုင်ငံတို့နှင့် ဆင်တူ၏။ နိုင်ငံခြားအကူအညီ အထောက်အပံ့တွင်သာ ရှင်သန်နေခဲ့ရ၏။ အစိုးရ၏ဘတ်ဂျက်တစ်ဝက်ခန့်မှာ နိုင်ငံခြားအကူအညီမှရ၏။ အထူးသဖြင့် အမေရိကန်အစိုးရ၏ အထောက်အပံ့ဖြစ်၏။ လူများစုမှာ ဝတ်မွတ်ခေါင်းပါးမှုဒဏ်ကို ခံကြရ၏။

ယခု 'ချုံဂျူယု' အကြောင်း ပြန်ဆက်ပါမည်။ သူသည် ဖခင်လယ်သမားကြီး၏ အလိုဆန္ဒကိုဆန့်ကျင်ပြီး မြို့တက်ခဲ့၏။ သူက လယ်သမားဘဝဖြင့် အရိုးမထုတ်လို။ ပထမဦးစွာ သူသည် သင်္ဘောကျင်းတွင်အလုပ်ရ၏။ ထို့နောက် ဆန်စက်တစ်ခုတွင် တောက်တိုမယ်ရအလုပ်သမား။ ကြိုးစားရင်းနှင့် ၁၉၄၀ တွင် ကားဝပ်ရှော့တစ်ခု ထူထောင်လာနိုင်၏။

ဒုတိယကမ္ဘာစစ်အပြီးတွင် အင်္ဂလိပ်စကားပြောတတ်သော သူ့ညီတစ်ဦး၏ အကူအညီဖြင့် အမေရိကန်စစ်တပ်မှ ဆောက်လုပ်ရေးကန်ထရိုက်အလုပ်ကို ရခဲ့သည်။ တစ်ခါက အမေရိကန်သမ္မတ 'ဒွိုက်အိုက်ဆင်ဟောင်ဝါ' သည် 'ဖူဆန်' မြို့သို့ ရောက်လာကာ ကုလသမဂ္ဂစစ်သင်္ချိုင်းကိုလာရောက်ပြီး ကျဆုံးလေပြီးသောရဲဘော်များကို အလေးပြုရန် အစီအစဉ်ရှိခဲ့၏။

ထိုစစ်သင်္ချိုင်းမှာ ဆောင်းရာသီတွင် ရိုးတံတပြိုင်းပြိုင်း သစ်ခြောက်ပင် များသာ ပြည့်နှက်နေပြီး ပသာဒမရှိလှ။ ဤသည်ကို 'ချုံ'က စိမ်းလန်းသော ဘာလီပင်များကို ချက်ချင်းစိုက်ကာ စိုစိုပြည်ပြည်ဖြစ်အောင် လုပ်ပေးခဲ့၏။ ဘာလီပင်ပေါက် ထရပ်ကား အစီး ၃၀ တိုက် သယ်လာကာ စိုက်ပေးခဲ့ခြင်းဖြစ်၏။

"အဲဒီအချိန်ကစပြီး အမှတ် (၈)တပ်မရဲ့ဆောက်လုပ်ရေးလုပ်ငန်းတွေအားလုံး





ကျွန်တော်တစ်ဦးတည်း ရခဲ့တာပါပဲ"ဟု 'ချုံ'က ပြန်ပြောပြ၏။ သူသည် အမှတ် ၈ တပ်မ၏ ကုလသမဂ္ဂရုံးချုပ်ကို ဆိုးလ်မြို့တွင် ဆောက်ပေးခဲ့ရ၏။ ထို့နောက် 'အင်ချွိယွန်' သင်္ဘောဆိပ်တွင် အမေရိကန်စစ်စခန်းကိုလည်း ဆောက်ပေးရ၏။ 'ချုံ'သည် လုပ်ငန်းများကို လေလံဆွဲရာ၌ အစိုးရထံမှ အနိမ့်ဆုံးဈေးဖြင့် သာဆွဲတတ်၍ အစိုးရကလည်း သူ့ကိုပင် မျက်စေ့ကျခဲ့၏။

ထို့ကြောင့် 'နက်ဂေါင်း' မြစ်ကိုဖြတ်သော 'ကော်ယွန်း' တံတားဆောက်လုပ်ရာတွင်ပင် သူကန်ထရိုက်ရ၏။ ထိုတံတားဆောက်ရာတွင် သူငွေကြေးအတော်များများ အရှုံးခံခဲ့ရ၏။ သို့သော် 'ဟန်' မြစ်ဖြတ်ကူးတံတား ၅ စင်းဆောက်ရာတွင်မူ သူ့အတွက် အမြတ်တော်တော်များများ ကျန်ခဲ့၏။ သို့ဖြင့် ၁၉၆၀ တွင် 'ဟွန်ဒိုင်း'ကုမ္ပဏီသည် နိုင်ငံတွင် ပြိုင်ဘက်ကင်း အကြီးဆုံးကုမ္ပဏီဖြစ်လာ၏။

သမ္မတ 'ပတ်ချုံဟီး'တို့ စစ်တပ်မှ အာဏာသိမ်းပြီးနောက်တွင်မူ 'ချုံ'သည် သမ္မတ၏ယုံကြည်ကိုးစားခြင်းခံရသူ အတိုင်ပင်ခံကြီးဖြစ်လာ၏။ သူသည် ဆိုးလ်မြို့တွင် 'ဟန်မြစ်ကူးတံတား' ကြီးကို ဆောက်ပေးခဲ့ရပြန်၏။ 'ဆိုယန်မြစ်' ကိုတားပြီး တာတမံ ဆည်ဆောက်လုပ်ရာတွင်လည်း သူပင်တာဝန်ယူရ၏။

'ပတ်ချုံဟီး'သည် အမေရိကန်၏ နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီမှ ငွေချေးကာ ဘိလပ်မြေစက်ရုံတည်၏။ ယခင်က ဘိလပ်မြေကို ဂျပန်မှဝယ်ခဲ့ရခြင်းဖြစ်သည်။ ထိုဘိလပ်မြေစက်ရုံကို ဟွန်ဒိုင်းကုမ္ပဏီမှပင် ဆောက်လုပ်ပေးခဲ့၏။ ၁၉၆၆ တွင် ဟွန်ဒိုင်းအလုပ်သမားများသည် ထိုင်းနိုင်ငံသို့သွားကာ အမေရိကန်စစ်တပ်အတွက် လမ်းများဖောက်ပေးရ၏။ ဗီယက်နမ်စစ်ပွဲကာလတွင် တောင်ကိုရီးယားသည် ဗီယက်နမ်သို့ အလုပ်သမား ၂၃,၀၀၀ စေလွှတ်ကာ တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်စေ၏။ သို့ဖြင့် နိုင်ငံ၏ နိုင်ငံခြားငွေ ၂၀ ရာခိုင်နှုန်း ဤလုပ်ငန်းမှ ရခဲ့သည်။ 'ဟွန်ဒိုင်း'သည် တဖြည်းဖြည်းနှင့် အရှေ့အလယ်ပိုင်းဒေသို့ပါ နယ်မြေချဲ့ထွင်ခဲ့ရာ အရှေ့အလယ်ပိုင်းတွင် အကြီးဆုံးကန်ထရိုက်တာ ဖြစ်လာသည်။

အခြားသော 'အာရှကျား'များဖြစ်ကြသည့် တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ စင်ကာပူတို့သည်လည်း ဗီယက်နမ်စစ်ကြောင့် ကြီးပွားလာကြ၏။ တောင်ကိုရီးယားသည်လည်း အခွင့်ကောင်းကိုအရအမိဆုပ်ကိုင်ကာ စီးပွားရေးကို ဖိလုပ်၏။ အဝေးပြေးလမ်းကြီးများ ဖောက်လုပ်ရင်း၊ ဘိလပ်မြေစက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံ၊ သံမဏိစက်ရုံ၊ သင်္ဘောကျင်းစသည်တို့ ဆောက်လုပ်ရာတွင် တောင်ကိုရီးယားကပင် ဦးဆောင်ခဲ့၏။ 'ပတ်' သည် 'အူလဆန်' မြို့တွင် အထူးစက်မှုဇုံတည်၏။ ဤပေါ်လစီများကြောင့် နိုင်ငံတွင်

တင်ရှိသော ကြွေးမြီများ ကျေသွားသည်။ ၁၉၈၀ ပြည့်နှစ်များတွင်မူ တောင်ကိုရီးယားသည် အပြည့်အဝ စက်မှုပါဝါကြီးမားသောနိုင်ငံကြီးအဖြစ်သို့ ရောက်ရှိခဲ့၏။

၁၉၆၇ တွင် 'ဟွန်ဒိုင်း'က မော်တော်ကားစက်ရုံ စတည်၏။ ၁၉၇၅ တွင် 'ဟွန်ဒိုင်း'ကားများ စထွက်သည်။ ၁၉၈၆ တွင် ကမ္ဘာပေါ်ရှိ မော်တော်ကား ထုတ်လုပ်သော လုပ်ငန်းများထဲတွင် အကြီးဆုံးကုမ္ပဏီတစ်ခုအဆင့်သို့ ရောက်ခဲ့၏။

သမ္မတ'ပတ်'က 'ဟွန်ဒိုင်း'ကို 'အူလဘန်' သင်္ဘောကျင်းဆောက်ရန် အလုပ်အပ်နှံသည်။ 'ချုံ'က တန်ချိန် ၂၆၀,၀၀၀ ရှိသော ရေနံတင်သင်္ဘောကြီးများပင် လုပ်ပေးခဲ့၏။ သို့ဖြင့် တောင်ကိုရီးယားသည် ကမ္ဘာ့အကြီးဆုံးသင်္ဘောတည်ဆောက်သည့် နိုင်ငံတစ်ခု ဖြစ်လာသည်။ ၁၉၈၀ တွင် တောင်ကိုရီးယား၏ လူတစ်ဦးချင်း ပျမ်းမျှဝင်ငွေ ဒေါ်လာ ၁၀၀၀ အထိ တက်လာသည်။

■

၁၉၇၀ ပြည့်နှစ်များတွင် အမေရိကန်သည် ဗီယက်နမ်မှဆုတ်ခွာ၏။ တောင်ကိုရီးယားမှ တပ်များလည်း ရုပ်သိမ်း၏။ သမ္မတ'ပတ်' သည် အကြပ်အတည်းတွေ့လာပြီး သူ၏အတိုက်အခံဖြစ်သူ 'ကင်မ်ဒေးဂျုံ' ကို မယှဉ်နိုင်တော့။ 'ကင်မ်ဒေးဂျုံ' ကို ပညာတတ်များရော၊ အလုပ်သမားလူတန်းစားကပါ ထောက်ခံလာကြ၏။ 'ကေစီအိုင်အေ' ကလည်း အတိုက်အခံကို နည်းမျိုးစုံဖြင့် နှိပ်ကွပ်၏။ သို့သော် ၁၉၇၁ တွင် 'ကင်မ်'သည် ကားဖြင့်တိုက်ပြီး အလုပ်ကြံခံရ၏။ အသက်ဘေးမှ သီသီလေးလွတ်ခဲ့သော်လည်း ခြေထောက်မှာ ရာသက်ပန် ထော့နင်းထော့နင်းဖြစ်ခဲ့ရ၏။

'ပတ်'သည် ရွေးကောက်ပွဲတွင် ပွတ်ကာသီကာ အနိုင်ရခဲ့၏။ သူက စစ်ဥပဒေဖြင့် တင်းတင်း ကြပ်ကြပ်အုပ်ချုပ်၏။ 'ကင်မ်ဒေးဂျုံ'သည် အမျိုးစုံအခြိမ်းအခြောက်ခံရသည်။ ၁၉၇၃ တွင် 'ကေစီအိုင်အေ' အဖွဲ့ဝင်များက သူ့ကို တိုကျိုဟိုတယ်တွင်းမှ ပြန်ပေးဆွဲကာ မျက်နှာကိုအဝတ်ဖြင့် စည်းနှောင်ကာ ပင်လယ်ကမ်းခြေတွင် ပစ်ထားခဲ့၏။ ထိုမှတစ်ဆင့် မော်တော်ဘုတ်တစ်စင်းပေါ်တွင် နှစ်ရက်ကြာချုပ်ထားခဲ့သည်။ အမေရိကန်နှင့် ဂျပန်အစိုးရကဝင်စွက်ကာ တောင်းပန်မှ သူ့ကို ပြန်လွှတ်ပေးခဲ့၏။

သမ္မတ'ပတ်'ကို ဟွန်ဒိုင်းဥက္ကဋ္ဌ'ချုံ' သည်ပင်လျှင် မနှစ်မြို့တော့။ 'ချုံ'တွင် ညီငါးယောက်နှင့် ညီမတစ်ဦးရှိ၏။ သူ့မှာ သားရှစ်ယောက်၊ သမီးတစ်ယောက်လည်းရှိ၏။ သူတို့အားလုံးကုမ္ပဏီတွင် ရာထူးကြီးကြီးမားမားဖြင့် ထမ်းဆောင်နေကြသည်။ ညီငယ်တစ်ဦး



ဖြစ်သူ 'ချုံဆီယုံ' သည် ဟွန်ဒိုင်းမော်တော်ကားကုမ္ပဏီ၏ဥက္ကဋ္ဌဖြစ်ကာ နောက်ညီငယ် 'ချုံအင်ယုံ' က ဆောက်လုပ်ရေးလုပ်ငန်း၏ဥက္ကဋ္ဌဖြစ်၏။

၁၉၇၉ တွင် သမ္မတ'ပတ်' ကို သူ၏ 'ကေစီအိုင်အေ' အကြီးအကဲ 'ကင်မ်ဂျေဂျူ'က သေနတ်ဖြင့် ပစ်သတ်လုပ်ကြံခဲ့၏။ အလုပ်သမားများဆန္ဒပြမှုကို မထိန်းနိုင်ရကောင်းလားဟု 'ပတ်'က 'ကင်မ်ဂျေဂျူ'ကို ပစ်တင်မောင်းမဲသဖြင့် ထိုသူက ပစ်သတ်ခဲ့သည်ဟု ဆို၏။

'ပတ်' ကွယ်လွန်ပြီးနောက် သပိတ်မှောက်မှု ဆန္ဒပြမှုတွေ ဆက်တိုက်ပေါ်လာ၏။ ဤတွင် 'ဗိုလ်ချုပ်ချွန်ဒူးဟွမ်' နှင့် သူ၏လက်ထောက် 'ဗိုလ်ချုပ်ရိုတေဝူး' တို့က အာဏာသိမ်းခဲ့၏။ သူတို့နှစ်ဦးသည် စစ်ပြီးကာလ စစ်တက္ကသိုလ်ဆင်းများဖြစ်ကြ၏။ 'ချွန်ဒူးဟွမ်' က အစိုးရဌာနအတွင်း သန့်စင်ရေးများလုပ်ကာ 'ဖြုတ်ပစ် ထုတ်ပစ်' မှုများ လုပ်ခဲ့၏။ အရာရှိပေါင်း ၃၈,၀၀၀ ကို 'ပြန်လည်ပညာပေးရေးစခန်း'တွင်ထည့်ပြီး စစ်ဆေး၏။ စစ်ဆေးနေဆဲ လက်လွန်၍ လူ ၅၀ကျော် သေဆုံးခဲ့၏။ 'ကင်မ်ဒေးဂျုံ'ကို လည်းဖမ်းပြီး နှိပ်စက်၏။ ထို့နောက် အမေရိကသို့ ပြည်နှင်ဒဏ်ပေးလိုက်သည်။

'သမ္မတချွန်ဒူးဟွမ်'သည် စီးပွားရေး လုံးဝနားမလည်။ ထို့ကြောင့် အကြပ်အတည်းများစွာတွေ့၏။ အစိုးရအဖွဲ့တွင် ခြစားမှု၊ လာဘ်ပေး လာဘ်ယူမှုများ ပိုကြီးထွားလာ၏။ ၁၉၈၈ တွင် နွေရာသီအိုလံပစ်ကို တောင်ကိုရီးယားတွင် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရခဲ့၏။ အိုလံပစ်ရွာကို 'ဟန်'မြစ်ကမ်းနဖူးတွင် အမေရိကန်ဒေါ်လာ ၆ ဘီလျံအကုန်ခံကာ တည်ဆောက်၏။ ၎င်းကို အားကျမခံ မြောက်ကိုရီးယားကလည်း အိုလံပစ်ရွာနှင့် ဧရာမ အားကစားရုံကြီး ဆောက်ပြ၏။

တိုင်းပြည်အခြေအနေကို မထိန်းနိုင်၍ ၁၉၈၇ တွင် သမ္မတ'ချွန်ဒူးဟွမ်' ရာထူးမှ ဆင်းပေးရ၏။ သူ့နေရာသို့ 'ရိုတေဝူး' တက်လာကာ ရွေးကောက်ပွဲကျင်းပပေးမည်ဟု ကတိပြု၏။ 'ကင်မ်ဒေးဂျုံ' အပါအဝင် နိုင်ငံရေးအကျဉ်းသမားများကို လွှတ်ပေးသည်။ ရွေးကောက်ပွဲတွင် 'ရိုတေဝူး' အရွေးခံရ၏။ သူ့ကို လူကြီးပိုင်းမျိုးဆက်က ထောက်ခံကြခြင်းဖြစ်၏။ သို့သော် သူသည်လည်း တိုင်းပြည်ကို တည်ငြိမ်အောင် မစွမ်းဆောင်နိုင်။ 'ဟွန်ဒိုင်း' ကုမ္ပဏီမှ အလုပ်သမားများ သောင်းနှင့်ချီ၍ ဆန္ဒပြသပိတ်မှောက်၏။ တပ်ဖွဲ့ဝင်အားသုံးပြီး နှိမ်နင်းရသည်အထိ အခြေအနေက ဆိုးခဲ့၏။

၁၉၉၂ ရွေးကောက်ပွဲတွင် 'ကင်မ်ယုံဘမ်' အနိုင်ရကာ သမ္မတဖြစ်လာ၏။ သူ့လက်ထက်တွင် 'ရိုတေဝူး'နှင့် 'ချွန်ဒူးဟွမ်'တို့၏ ခြစားမှု၊ လာဘ်စားမှုကိုပါဖော်ထုတ်ကာ ရုံးတင်စစ်ဆေးခဲ့၏။ 'ချွန်ဒူးဟွမ်' က သေဒဏ်ကျပြီး 'ရိုတေဝူး'က ထောင် ၁၇ နှစ်ကျ၏။ 'ဟွန်ဒိုင်း' တည်ထောင်သူ 'ချုံ'ပင်လျှင် အသက် ၇၇ နှစ်ကျကာမှ တရားစွဲခံရပြီး ထောင်

the bookhouse

the bookhouse

၃ နှစ် ကျခဲ့၏။ ၁၉၉၇ တွင် 'ကင်မ်ဒေးဂျုံ' ရွေးကောက်ပွဲနိုင်ပြီး သမ္မတဖြစ်လာ၏။ သူ၏ လေးကြိမ်မြောက် ကြိုးပမ်းမှုမှနေ၍ သမ္မတအဖြစ် အရွေးခံရခြင်းဖြစ်သည်။ သူ့လက်ထက်တွင် မြောက်ကိုရီးယားကို ထိပ်တိုက်ရင်ဆိုင်ခြင်းထက် ဆက်သွယ်ပြီး ညှိနှိုင်းခြင်းက ပိုကောင်းမည်ဟု ယုံကြည်ကာလက်တွေ့ဆောင်ရွက်၏။ ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးသည့်နောက်တွင် မြောက်ကိုရီးယားလည်း ပြိုကွဲနိုင်လေရာ မပြိုကွဲမီ အချိန်မီ သူက စေ့စပ်ဆွေးနွေးကာ နှစ်နိုင်ငံပေါင်းစည်းမှု ပြုလုပ်လို၏။

'ကင်မ်ဒေးဂျုံ' သည် 'နေသာပေါ်လစီ' ကို ချမှတ်၏။ အီစွတ်ပုံပြင်ထဲမှ 'လေနှင့်နေ' ပုံပြင်ကို ကိုးကားခြင်းဖြစ်၏။ ပုံပြင်ထဲတွင် နေနှင့်လေက အငြင်းအခုန်ဖြစ်၏။ မည်သူကြောင့်လူတစ်ယောက်ကို ကုတ်အင်္ကျီချွတ်အောင် လုပ်နိုင်စွမ်းရှိသည်ဟူသော အငြင်းပွားမှုဖြစ်၏။ လေကအတင်းဝင်တိုက်၏။ ကုတ်အင်္ကျီမကျွတ်၊ နေက အရမ်းပူပြလိုက်မှလူက ကုတ်အင်္ကျီချွတ်၏။ 'ကင်မ်ဒေးဂျုံ' က 'နေ' ကဲ့သို့ ကျင့်ကြံ၏။

မြောက်ကိုရီးယားကို သူသည် အကူအညီများပေးပြီး စည်းရုံးလို၏။ ထို့ကြောင့် 'ချုံ' ကဲ့သို့သော 'ဟွန်ဒိုင်း' အရှင်သခင်များထံမှ အကြံဉာဏ်တောင်း၏။ သူက 'တောင်နှင့်မြောက် စီးပွားရေးအသိုက်အဝန်း'ကို ထူထောင်ကာ အဆင့်သုံးဆင့် စီမံကိန်းကိုချ၏။ ကိုရီးယားကိုပေါင်းစည်းကာ ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေး ဖော်ဆောင်လိုသော ရည်ရွယ်ချက်ရှိ၏။

၁၉၉၈ တွင် 'ကင်မ်ဒေးဂျုံ' က ဥပဒေပညာရှင်များကို ပြော၏။ "ကြည့်လေ၊ အရှေ့ဂျာမနီနဲ့ ပေါင်းစည်းပြီးတဲ့အခါ အနောက်ဂျာမနီရဲ့စီးပွားရေးက ဘယ်လောက်ပိုတောင့်တင်းလာသလဲဆိုတာ။ ခုလည်း မြောက်ကိုရီးယားကို မပြိုကွဲအောင် လုပ်ရမယ်။ စေ့စပ်ဆွေးနွေးမှု တတ်နိုင်သမျှလုပ်ပြီး စစ်ကိုတတ်နိုင်သမျှ ရှောင်ရမယ်"

'ကိုရီးယားတိုးတက်ရေးတက္ကသိုလ်' ၏ ခန့်မှန်းချက်အရမူ ၂၀၂၀ တွင် တောင်နှင့်မြောက် ပေါင်းစည်းကာ တောင့်တင်းသော စီးပွားရေး အင်အားထူထောင်နိုင်မည်ဟု ဆို၏။ တောင်ကိုရီးယားသည် မြောက်ကိုရီးယား၏ အကြီးဆုံးကုန်သွယ်ဘက်ဖြစ်လာလိမ့်မည်။ ထိုသို့ဖြစ်လာလျှင် စစ်ဖြစ်စရာအကြောင်း မရှိတော့။ ငြိမ်းချမ်းရေး၏ အသီးအပွင့်ကြောင့် ပြည်သူအားလုံး ချမ်းသာလာကြမည်။

'ဟွန်ဒိုင်း' ကုမ္ပဏီက မြောက်ကိုရီးယားရှိ 'စိန်တောင်' တွင် ကမ္ဘာလှည့်ခရီးသွားစခန်းတစ်ခုဖွင့်လှစ်ရန် စီစဉ်၏။ ခရစ်နှစ် ၂၀၀၀ တွင် ခရီးသွား ၂၅၀,၀၀၀ လာကြမည်ဟု ခန့်မှန်းခဲ့၏။ ထို့အတွက် 'ဟွန်ဒိုင်း'က ဒေါ်လာ သန်း ၃၀၀ ရင်းနှီးမြှုပ်နှံခဲ့၏။ မြောက်ကိုရီးယားတွင် ကုမ္ပဏီက အမေရိကန်ဒေါ်လာ ၁၀၅ ဘီလျံဖိုး သုံးစွဲခဲ့၏။



'ကင်မ်ဂျုံအီ'ဘက်မှလည်း အပြောင်းအလဲများစွာ ပြုလုပ်ခဲ့၏။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး 'မယ်ဒလင်းအောဘရိုက်'နှင့်ပင် တွေ့ဆုံ၏။ မြောက်ကိုရီးယားသည် အမေရိကန်နှင့် သံခင်းတမန်ခင်း ပို၍အဆင်ပြေပြေ ဆက်ဆံလာသည်။ မြောက်ကိုရီးယားတွင် တောင်ကိုရီးယားက မော်တော်ကားစက်ရုံကို တည်၏။ ထိုကားများကို မြောက်ကိုရီးယားက ဝယ်သည်။ 'ဟွန်ဒိုင်း'မှ တိုက်ရိုက်ဘတ်စ်ကားများ စီစဉ်ပေးပြီး မြောက်ကိုရီးယားရှိ 'စိန်တောင်'သို့ တိုက်ရိုက်သွားနိုင်ကြပြီ။ တောင်ကိုရီးယားပြည်သူများသည် ကုန်းလမ်းခရီးမှလည်းကောင်း၊ လေကြောင်းမှလည်းကောင်း ပြုံးယမ်းသို့ ဒုတ်ဒုတ်ထိ အရောက် လွတ်လပ်စွာသွားနိုင်ကြပြီ။ ဤသည် တို့မှာ 'ကင်မ်ဒေးဂျုံ' ၏ ကြိုးပမ်းမှုများပင်ဖြစ်၏။

■

ကင်မ်ဂျုံအီ (သို့မဟုတ်)
မြောက်ကိုရီးယား၏
ချစ်လှစွာသော ခေါင်းဆောင်ကြီး



the bookhouse
we bring your future

အခန်း ၁၉

## ကင်မ်ဂျုံအီ၏ နျူကလီးယားဂိမ်းနှင့်ရှေ့အနာဂတ်အလားအလာ

"ကျွန်ုပ်တို့တပ်မတော်၏ ပထမဆုံးသောမူဝါဒသည် တုံ့ပြန်တိုက်ခိုက်မှုကို ပြန်လည်တုံ့ပြန်တိုက်ခိုက်ရန်၊ မာကျောမှုကို ပို၍မာကျောမှုဖြင့် တုံ့ပြန်ရန်၊ စစ်ကို စစ်ဖြင့် တုံ့ပြန်ရန်၊ အကြွင်းမဲ့စစ်ကို အကြွင်းမဲ့စစ်ဖြင့် တုံ့ပြန်ရန်၊ နျူကလီးယားစစ်ကို နျူကလီးယားစစ်ဖြင့် ပြန်လည်တုံ့ပြန်ရန်ဖြစ်သည်"

## ကင်မ်ဂျုံအီ၏ ဈေးကလီးယားဂိမ်းနှင့် ရှေ့အနာဂတ် အလားအလာ

မြောက်ကိုရီးယားနိုင်ငံ၏အဓိကပစ်မှတ်မှာ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ဖြစ်ကြသည်။ ထိုနိုင်ငံများက မြောက်ကိုရီးယားကို ဆယ်စုနှစ်သုံးလေးစုမျှ တောက်လျှောက်ခြောက်လှန့်ခဲ့ကြ၏။ လက်ရှိအနေအထားအရမူ မြောက်ကိုရီးယားသည် လက်နက်ရေးရာစမ်းသပ်မှုတွင် အောင်မြင်မှုများကို တစ်ခုပြီးတစ်ခု ပြသခဲ့ရာ ထိုသုံးနိုင်ငံမှာ စိုးရိမ်မကင်း ဖြစ်လာကြသည်။

၂၀၀၉ခုနှစ် မေလ ၂၅ရက်တွင် ဒုတိယအကြိမ် နျူကလီးယားစမ်းသပ်မှုကို မြောက်ကိုရီးယားက ပြုလုပ်ခဲ့သည်။ မဂ္ဂါတန်ပေါင်းများစွာလေးသည့် နျူကလီးယပ်စ်ကွဲခြင်းဖြစ်စဉ်မှာ အောင်မြင်ခဲ့သည်။ ယခုစမ်းသပ်မှု သည် IBM ခေါ် တိုက်ကြီးတစ်ခုမှ အခြားတိုက်ကြီးတစ်ခုသို့ပစ်နိုင်သည့် တိုက်ခြင်းပစ်ဒုံးကျည် စမ်းသပ်ခြင်းဖြစ်၏။

ဤစမ်းသပ်မှုမှာ မြောက်ကိုရီးယားသမ္မတ 'ကင်မ်ဂျုံအီ' ၏ နျူကလီးယားစစ်အတွက် ဂိမ်းအစီအစဉ်များဖြစ်သည်ဟု ဆိုကြ၏။ မြောက်ကိုရီးယားတွင် သာမိုနျူကလီးယားဗုံးများ စမ်းသပ်ဖောက်ခွဲရန် သင့်လျော်သောနေရာမရှိ။ မြောက်ကိုရီးယားသိပ္ပံပညာရှင်များနှင့်အင်ဂျင်နီယာများကမူ သာမိုနျူကလီးယားဗုံးများ အောင်မြင်နိုင်သည်ဟု ကွန်ပျူတာစမ်းသပ်ချက်များအရ ယုံကြည်မှုအပြည့်ရှိနေကြ၏။

the bookhouse
we bring your future



ထို့ကြောင့် အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့၏ ကာကွယ်ရေးနယ်နိမိတ်တိုင်းအတွင်း ပျော့ကွက်နေရာများသည် မြောက်ကိုရီးယား၏သာမိုနျူကလီးယားလက်နက်များ စမ်းသပ်ရန်နေရာများ ဖြစ်လိမ့်မည်ဟု ဆိုကြ၏။

မြေအောက်နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုများကို သိပ္ပံပညာရှင်များနှင့် အင်ဂျင်နီယာများက ပြုလုပ်ခဲ့ရာ နျူကလီးယားလက်နက်များ စွမ်းအင်မြှင့်တင်ရေး၊ နျူကလီးယား နည်းပညာဖွံ့ဖြိုးရေးတို့ကို အောင်မြင်စေခဲ့ပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပြဿနာများကို ကျော်လွှားနိုင်ပြီဖြစ်ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီ (ကေစီအင်အေ)က ၂၀၀၉၊ မေလ ၂၅ရက် တွင် ကြေညာခဲ့၏။

'ကင်မ်ဂျုံအီ'အစိုးရက နျူကလီးယားတိုက်ခိုက်မှု စွမ်းအင်မြှင့်တင်နေခြင်း၏ အဓိကရည်မှန်းချက်မှာ ကိုရီးယားကျွန်းဆွယ်ကို အမေရိကန်ကျူးကျော်မှုမှ တားဆီးရန်ဖြစ်၏။ နောက်တစ်ချက်မှာမူ မြောက်ကိုရီးယားနှင့်အမေရိကန်စစ်ဖြစ်ပါက နျူကလီးယားဒုံးကျည်များကို ဂျပန်နှင့် အမေရိကန်ပစ်မှတ်များအား ဦးတည်ပစ်ခတ်ရန်ဖြစ်၏။

'ကင်မ်ဂျုံအီ'၏ ဂိမ်းအစီအစဉ်တွင် ရည်မှန်းချက်နှစ်ရပ်ရှိ၏။ ပထမရည်မှန်းချက်မှာ ၂၀၁၂ တွင် မြောက်ကိုရီးယား၏စီးပွားချမ်းသာကြွယ်ဝလာစေရန် စီမံကိန်းများကို အမေရိကန်က ကဖျက်ယဖျက်လုပ်ပါက စစ်ရေးအရ တားဆီးကာကွယ်ရန်ဖြစ်၏။ ၂၀၁၂ သည် မြောက်ကိုရီးယားနိုင်ငံကို တည်ထောင်ခဲ့သူ မဟာခေါင်းဆောင်ကြီး 'ကင်မ်အီဆွန်း' ၏ အနှစ် ၁၀၀ မြောက် မွေးနေ့ဖြစ်၏။

ဒုတိယရည်မှန်းချက်မှာ နိုင်ငံခြားတိုင်းပြည်များတွင် ရောက်ရှိနေကြသူများ အပါအဝင် ကိုရီးယားပြည်သူ သန်း ၇၀ ၏ အမြင်တွင် 'ကင်မ်ဂျုံအီ' သည် အမေရိကန်တို့ကို ကိုရီးယားနယ်မြေတွင်မရှိအောင် စွမ်းဆောင်နိုင်သူဟု ယုံကြည်ထင်မှတ်စေရန်ဖြစ်၏။ လွန်ခဲ့သော နှစ်ပေါင်းထောင်ချီကြာခဲ့စဉ်က 'ဒန်ကွန်နှင့်ဂျူမုံ' တို့ သိမ်းပိုက်ခဲ့သည့် ကိုရီးယားနိုင်ငံသည် ယခုနှစ်ခြမ်းကွဲလျက်ရှိရာ တစ်မိုးတည်းအောက်တွင် ပြန်လည်ပေါင်းစည်းရေးအတွက် အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု 'ကင်မ်ဂျုံအီ' က ယုံကြည်ထားသည်။ သမ္မတ'ကင်မ်ဂျုံအီ' ၏ဂိမ်းအစီအစဉ်တွင် တိုက်ခိုက်မှုပုံစံ ၄ မျိုးရှိ၏။ (၁) လက်ရှိလုပ်ဆောင်နေသော နျူကလီးယားဓာတ်အားစက်ရုံများအား ဗုံးကြဲခြင်း၊ (၂) အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများအနီး ပင်လယ်ပြင်များတွင် ဟိုက်ဒရိုဂျင်ဗုံးများခွဲခြင်း၊ (၃)ထိုသုံးနိုင်ငံ၏အထက် အလွန်မြင့်သည့် အာကာသထဲတွင် ဟိုက်ဒရိုဂျင်ဗုံးများစွာ ဖောက်ခွဲခြင်း၊ (၄) ယင်းနိုင်ငံများ၏ မြို့ပြနေရာများတွင် သာမိုနျူကလီးယားတိုက်ခိုက်မှု ပြုခြင်းတို့ဖြစ်၏။

the bookhouse
we bring your future

"ကျွန်ုပ်တို့ တပ်မတော်၏ပထမဆုံးသောမူဝါဒသည် တုံ့ပြန်တိုက်ခိုက်မှုကို ပြန်လည်တုံ့ပြန်တိုက်ခိုက်ရန်၊ မာကျောမှုကို ပို၍မာကျောမှုဖြင့် တုံ့ပြန်ရန်၊ စစ်ကို စစ်ဖြင့် တုံ့ပြန်ရန်၊ အကြွင်းမဲ့စစ်ကို အကြွင်းမဲ့စစ်ဖြင့် တုံ့ပြန်ရန်၊ နျူကလီးယားစစ်ကို နျူကလီးယားစစ်ဖြင့် ပြန်လည်တုံ့ပြန်ရန် ဖြစ်သည်" ဟု 'ကင်မ်ဂျုံအီ' က အတိအလင်းပင် ကြေညာခဲ့၏။

မြောက်ကိုရီးယားမှ 'တွန်ချန်နီး' ဒုံးလွှတ်စင်ကို ဂြိုဟ်တုမှ ရိုက်ကူးသော ဓာတ်ပုံဖြင့် ကျွမ်းကျင်သူများက လေ့လာကြကာ ၁၀ နှစ်ကြာ အချိန်ယူ တည်ဆောက်ထားသည့် ဤဒုံးလွှတ်စင်မှာ ယခုအခါ ဒုံးပျံလွှတ်ရန် အသင့်အနေအထားရောက်နေပြီဟု ဆုံးဖြတ်ကြ၏။

'ယုန်ဗြွန်' နျူကလီးယားစခန်းသည် အမေရိကန်တပ်များ သတိပြုမိစေရန်နှင့် ကိုရီးယားစစ်အား တရားဝင်ပြီးဆုံးဖို့ ဆွေးနွေးပွဲများ ဖြစ်လာစေရန် ရည်ရွယ်ဖန်တီးထားသောနေရာဖြစ်၏။ ၁၉၈၀ ပြည့်နှစ် အလယ်လောက်မှစ၍ မြောက်ကိုရီးယားသည် အလွန် လျှို့ဝှက်သော လက်နက်အစီအစဉ်ဖြင့် နျူကလီးယားထိပ်ဖူးပေါင်း ၁၀၀ မှ ၃၀၀ ထိ တပ်ဆင်လာခဲ့၏။ ယင်းထိပ်ဖူးများကို တာလတ်ဒုံးကျည်ပေါ်တွင်တင်၍ ပစ်လွှတ်နိုင်၏။

၁၉၈၀ ပြည့်နှစ်လွန်ကာလတွင် တိုက်ခြင်းပစ်ဒုံးကျည် နမူနာတစ်ခုတပ်ဆင်ခဲ့ကာ ၁၉၉၃ မေလ ၂၉ ရက်တွင် ဒုံးကျည်နှစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့၏။ တစ်စင်းသည် ဟိုနိုလူလူကျွန်းအနီးကျခဲ့ကာ နောက်တစ်စင်းမှာ ဂူအမ်ကျွန်းအနီးကျခဲ့၏။ ထိုစဉ်က 'ကင်မ်ဂျုံအီ' သည် အမေရိကန်အစိုးရအား သတိပေးခဲ့သည်။ သို့သော် အမေရိကန်များက ယုံကြည်မှုမရှိခဲ့ကြ။ ပစ်မှတ်များသည် ပိစိဖိတ်သမုဒ္ဒရာနှင့် ဟာဝိုင်ယီကျွန်းအနီးတို့တွင် ဖြစ်ခဲ့၏။

၁၉၉၈ ကျမှ ဒုံးကျည်တစ်စင်း ဂျပန်နိုင်ငံအပေါ်မှ ဖြတ်ကျော်ပျံသန်းခဲ့ပြီး ဟာဝိုင်ယီကျွန်းအနီးတွင်ကျခဲ့ကြောင်း အမေရိကန်ကဂျပန်အစိုးရအား အကြောင်းကြားခဲ့၏။

ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားပြီးနောက် ၎င်း၏စစ်ရေးအနေအထားကို ဆက်လက် မထိန်းနိုင်တော့။ ဤသည်ကို မြောက်ကိုရီးယားက သိသည်။ အဓိကအင်အားကြီးနိုင်ငံတစ်ခုနှင့်လုံခြုံရေးဆက်ဆံမှုပြုရသည်ကို 'ကင်မ်ဂျုံအီ' နားလည်သဘောပေါက်၏။ ထို့ကြောင့် အမေရိကန်နှင့်ဆက်ဆံရေးထူထောင်ရန် ကြိုးပမ်း၏။ ၁၉၉၀ ပြည့်နှစ်လွန်ကာလ စောစောပိုင်းမှစ၍ မြောက်ကိုရီးယားသည် အမေရိကန်နှင့်မကျူးကျော်ရေးစာချုပ်ကို ချုပ်ဆိုရန် ကြိုးပမ်း၏။ တရုတ်၊ ရုရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ အမေရိကန်တို့ ပါဝင်သော

the bookhouse
we bring your future



၆ နိုင်ငံ ဆွေးနွေးပွဲများဖြင့်သာစကားပြောမည်ဟု အမေရိကန်ကဆို၏။ မြောက်ကိုရီးယားကမူ နှစ်နိုင်ငံဆွေးနွေးမှုသာ လိုလား၏။

၂၀၀၉၊ မေလ ၂၅ရက် တွင် မြောက်ကိုရီးယားက ဒုတိယအကြိမ်နျူကလီးယား လက်နက်များစမ်းသပ်ခြင်းကို ပထမအကြိမ်ပြုလုပ်သောနေရာ၌ပင် ပြုလုပ်ခဲ့၏။ ထိုကဲ့သို့ စမ်းသပ်နေသည့် တစ်ချိန်တည်းမှာပင် တာတိုဒုံးကျည်နှစ်စင်းကိုလည်း စမ်းသပ်ပစ်လွှတ်ခဲ့သေးသည်။

မြောက်ကိုရီးယားသည် နျူကလီးယားလက်နက်များ ပိုင်ဆိုင်ရန် ကြိုးပမ်းခဲ့သည်။ အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယားတို့ မဟာမိတ်အသွင်ရှိနေကြခြင်းသည်လည်း မြောက်ကိုရီးယားခေါင်းဆောင်များအဖို့ နျူကလီးယားလက်နက်များကို မထုတ်မဖြစ် ထုတ်လုပ်ရန် တွန်းအားပေးသကဲ့သို့ ဖြစ်လာ၏။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ 'ကျန်ဇီမင်း'၊ ရုရှားမှ 'ဗလာဒီမာပူတင်'၊ တောင်ကိုရီးယားမှ 'ကင်မ်ဒေးဂျုံ'၊ ဆွီဒင်မှ 'ဂိုရန်ပီတာဆင်'၊ အမေရိကန်မှ 'မယ်ဒလင်း အော်ဘရိုက်'စသည့် နိုင်ငံတကာအကြီးအကဲတိုင်းက 'ကင်မ်ဂျုံအီ' နှင့် လူချင်းတွေ့ဆုံစကားပြောပြီးနောက် "ကင်မ်ဂျုံအီဟာ အသိပညာကျယ်ပြန့်သူဖြစ်တယ်၊ ဉာဏ်ထက်မြက်တယ်၊ နှစ်လိုဖွယ်ကောင်းတယ်၊ ဆင်ခြင်တုံတရားရှိသူဖြစ်တယ်" ဟူ၍ တညီတညွတ်တည်း မှတ်ချက်ချခဲ့ကြသည်ချည့်ပင်ဖြစ်၏။ အမေရိကန်သမ္မတဟောင်း 'ဘွတ်ရှ်' ကပင်လျှင် "ကင်မ်ဂျုံအီက ရိုးသားတယ်ဗျ။ သူက ယုံကြည်စရာကောင်းတဲ့သူပဲ"ဟု ပြောသည်။

'ကင်မ်ဂျုံအီ' ကို နိုင်ငံတကာအသိုက်အဝန်းမှ လက်ခံလာကြသည်။ သူ့ကို ဝေဖန်သူထက် ချီးကျူးသူကပိုလာ၏။ သူ့နိုင်ငံအခြေအနေနှင့် သူ့ပြည်သူကို သူ တည်ငြိမ်အောင် အုပ်ချုပ်သွားမှုကို သဘောပေါက်နားလည်သူ များလာ၏။

၂၀၀၀ ပြည့်နှစ်က တောင်ကိုရီးယားသမ္မတ'ကင်မ်ဒေးဂျုံ'နှင့် မြောက်ကိုရီးယားခေါင်းဆောင် 'ကင်မ်ဂျုံအီ'တို့ တွေ့ဆုံကြပြီးနောက် 'နှစ်နိုင်ငံပြန်လည်ပေါင်းစည်းရေးကို ကျွန်တော်တို့ မျှော်လင့်နေကြပါတယ်' ဟူသော သီချင်းကို အတူတူ သံပြိုင်သီဆိုကြသည်။ နှစ်နိုင်ငံပေါင်းစည်းရေးအတွက် နှစ်ဖက်ခေါင်းဆောင်များက နည်းမျိုးစုံဖြင့် အဖြေရှာနေကြ၏။ ညှိနှိုင်းနေကြ၏။ သဘောတူသည့်အချက် ပိုများလာသကဲ့သို့ အချိန်ယူဖြေရှင်းရမည့် ကိစ္စများကလည်း တစ်ခုပြီးတစ်ခုပေါ်လာနေသည်။

၂၀၀၉၊ ဩဂုတ် ၄ရက်တွင် အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်သည် မြောက်ကိုရီးယားနိုင်ငံ ပြုံးယမ်းမြို့သို့ ဆိုင်းမဆင့် ဗုံမဆင့်ရောက်လာသည်။ မြောက်ကိုရီးယားနျူကလီးယားအစီအစဉ်ရေးရာညှိနှိုင်းရေးမှူး 'ကင်မ်ဂျီကွမ်'၊ မြောက်

the bookhouse
we bring your future

ကိုရီးယားပါလီမန်ဒုတိယဥက္ကဋ္ဌ 'ယန်ဟိုဆွတ်'တို့နှင့် တွေ့၏။ ၂၀၀၉၊ ဩဂုတ်လ ၅ရက်နေ့တွင် 'ကလင်တန်' နှင့် မြောက်ကိုရီးယားသမ္မတ 'ကင်မ်ဂျုံအီ'တို့ တွေ့ဆုံ ဆွေးနွေးခဲ့၏။ မြောက်ကိုရီးယားက ထောင်ဒဏ် ၁၂ နှစ်နှင့် အလုပ်ကြမ်းအပြစ်ဒဏ်ချမှတ် ထိန်းသိမ်းထားသော သတင်းထောက် 'ယူနာလီ' (၃၆ နှစ်)နှင့် 'လော်ရာလင်း' (၃၂ နှစ်)တို့ကို လွှတ်ပေးရန်၊ သူ၏အပြန်ခရီးတွင် တစ်ပါတည်းထည့်ပေးလိုက်ရန် 'ကလင်တန်'က တောင်းဆိုသည်။ 'ကင်မ်ဂျုံအီ' က အလွယ်တကူပင် ခေါင်းညိတ်သဘောတူလိုက်သည်။ 'လင်း'နှင့် 'လီ'ကို လွှတ်လိုက်ခြင်းသည် မြောက်ကိုရီးယား၏အမေရိကဆိုင်ရာမူဝါဒကို ပေါ်လွင်စေခြင်းပင်ဖြစ်သည်။

'ကလင်တန်' ကို 'ကင်မ်ဂျုံအီ' က မြောက်ကိုရီးယားအစိုးရ ဧည့်ဂေဟာတွင် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ပြုံးယမ်းမှ 'ကလင်တန်' လေယာဉ်ပြန်အထွက်တွင်လည်း လိုက်ပို့နှုတ်ဆက်သော မြောက်ကိုရီးယားအာဏာပိုင်များသည် ပြုံးပြုံးရွှင်ရွှင် ရှိလှသည်။ 'ကလင်တန်' က သမ္မတ 'ကင်မ်ဂျုံအီ' အား 'လင်း'နှင့် 'လီ'အစားတောင်းပန်စကားဆိုခဲ့သည့်အပြင် မြောက်ကိုရီးယားအပေါ် သဘောထားနှင့်မူဝါဒကိုလည်း ရှင်းပြခဲ့သည်ဆို၏။

မြောက်ကိုရီးယားအစိုးရ၏သတင်းဌာနဖြစ်သော 'ကေစီအင်အေ' ကလည်း အမေရိကန်သတင်းစာဆရာမနှစ်ဦးကို ပြန်လွှတ်ပေးလိုက်ခြင်းသည် မြောက်ကိုရီးယား၏ 'လူသားချင်းစာနာထောက်ထားမှုနှင့် ငြိမ်းချမ်းရေးကိုမြတ်နိုးသောပေါ်လစီ' ကြောင့် ဖြစ်သည်ဟု ကြေညာခဲ့သည်။

၂၀၀၉၊ မေလ ၂၅ရက်တွင် မြောက်ကိုရီးယားမှ နျူကလီးယားစမ်းသပ်မှုအပြီး၌ မြောက်ကိုရီးယား၏အနာဂတ်ခေါင်းဆောင် ရာထူးဆက်ခံမည့်သူကို ထုတ်ပြန်ကြေညာခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင်အဖြစ် 'ကင်မ်ဂျုံအီ' ၏အရိုက်အရာကို ဆက်ခံမည့်သူသည် 'ကင်မ်ဂျုံအွန်' ဖြစ်သည်။ သူသည် 'ကင်မ်ဂျုံအီ' ၏ အငယ်ဆုံးသားဖြစ်ပြီး အင်္ဂလိပ်ဘာသာ၊ ဂျာမန်ဘာသာ၊ ပြင်သစ်ဘာသာတို့ကို ဆွစ်ဇာလန်နိုင်ငံတွင် သင်ယူခဲ့သူဖြစ်၏။ အသက်မှာ ၂၆ နှစ်ရှိပြီး ၂၀၁၂ ခုနှစ်တွင် ဖခင်၏နေရာကို ဆက်ခံမည်ဟု သိရသည်။ သူသည် အထိုက်တန်ဆုံးဆက်ခံသူဖြစ်ကြောင်း ၂၀၁၂ ခုနှစ် မတိုင်မီ ပြည်သူနှင့် တပ်မတော်ကို ပြသရန်ရှိသည်။

ယခုနှစ် နျူကလီးယားစမ်းသပ်အောင်မြင်မှုများသည် 'ကင်မ်ဂျုံအွန်' ၏လက်ရာ အစအနများဖြစ်နိုင်သည်ဟုလည်း သုံးသပ်သူက သုံးသပ်ကြ၏။ 'ကင်မ်ဂျုံအွန်' သည် ဆွစ်ဇာလန်တွင် ပညာသင်ကြားနေစဉ် အမေရိကန်သံတမန်သားသမီးများနှင့် ရင်းရင်းနှီးနှီး

the bookhouse



ပေါင်းသင်းခဲ့သည်။ 'ကင်မ်ဂျုံအီ' ၏သားအကြီးဆုံး 'ကင်မ်ဂျုံနမ်' သည် ၂၀၀၁ ခုနှစ်တွင် ဂျပန်ကို ပတ်စ်ပို့အတုနှင့်သွားခဲ့ရာ လူမိသွားသဖြင့် အရှက်တကွဲဖြစ်ခဲ့သူဖြစ်၏။ သားအလတ် 'ကင်မ်ဂျုန်ချို'ကမူ ကျားကျားလျားလျားမရှိဘဲ အလုပ်လုပ်ရာတွင် နွဲ့လွန်း၊ မိန်းမဆန်လွန်း၍ ခေါင်းဆောင်အရည်အချင်းနှင့်မပြည့်မီဟု သိရ၏။ ထို့ကြောင့် သားအငယ်ဆုံး 'ကင်မ်ဂျုံအွန်' သည်သာ မြောက်ကိုရီးယား၏အနာဂတ်ခေါင်းဆောင်ဖြစ်စရာ လမ်းစရှိသည်။ သားကြီး 'ကင်မ်ဂျုံနမ်'ကို ၁၉၇၁၊ မေလ ၁၀ရက်တွင်မွေးပြီး သားလတ် 'ကင်မ်ဂျုန်ချို'ကို ၁၉၈၀၊ စက်တင်ဘာလ ၂၅ရက်တွင် မွေးကာ အငယ်ဆုံးသား 'ကင်မ်ဂျုံအွန်း'မှာ ၁၉၈၄၊ ဇန်နဝါရီလ ၈ရက် ဖွားဖြစ်၏။

၂၀၀၉ ခုနှစ်တွင်ကျရောက်သော မြောက်ကိုရီးယားနိုင်ငံတည်ထောင်သူ ခေါင်းဆောင်ကြီး 'ကင်မ်အီဆွန်း' ၏ကွယ်လွန်သည့် ၁၅ နှစ်မြောက် အထိမ်းအမှတ်အခမ်းအနား ၂၀၀၉၊ ဇူလိုင်လ ၈ရက်တွင် 'ကင်မ်ဂျုံအီ' တက်ရောက်ဂါရဝပြုခဲ့၏။ အသက် ၆၇ နှစ် ရှိပြီဖြစ်သော 'ကင်မ်ဂျုံအီ' သည် ယခင်နှစ်က ကျန်းမာရေးမကောင်းခဲ့။ ယခုမူ လူပုံအလယ်တွင် ထွက်လာသည်ကိုမြင်ရရာ လန်းလန်းဆန်းဆန်းနှင့် ကျန်းမာသည့်ပုံပေါက်နေ၏။ ယခင်နှစ်က 'ကင်မ်ဂျုံအီ' သည် ပန်ကရိယကင်ဆာရောဂါခံစားနေရသည်ဟု ဆို၏။ ခန္ဓာကိုယ်အလေးချိန်အတော်ကျသွားသည်။

'ကင်မ်ဂျုံအီ'သည် ဇူလိုင်လ ပထမပတ်အတွင်းတွင် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ တောင်ကိုရီးယားအထူးကိုယ်စားလှယ် 'ဝီဆောင်လတ်' နှင့်တွေ့ခဲ့ပြီး ၆ နိုင်ငံ ဆွေးနွေးပွဲပြန်လည်စတင်ရေးအတွက် ညှိနှိုင်းခဲ့၏။ 'ကင်မ်ဂျုံအီ'သာ ကျန်းမာရေးအခြေအနေအရ အနားယူပြီး သားဖြစ်သူ 'ကင်မ်ဂျုံအွန်း' သာ ခေါင်းဆောင်ဖြစ်လာပါက မြောက်ကိုရီးယား၏နိုင်ငံတကာဆက်ဆံရေးမူဝါဒမှာ အပြောင်းအလဲဖြစ်လာနိုင်သည်ဟု နိုင်ငံရေးအကဲခတ်သမားများက ဝေဖန်သုံးသပ်နေကြသည်။

မဟာခေါင်းဆောင်ကြီး 'ကင်မ်အီဆွန်း' နှင့် ချစ်လှစွာသောခေါင်းဆောင် 'ကင်မ်ဂျုံအီ' တို့ကား မြောက်ကိုရီးယားကို တည်ငြိမ်စည်းလုံးပြီး စစ်အင်အားတောင့်တင်းစွာ တည်ထောင်ခဲ့ကြပြီးပြီ။ နောင်လာမည့် မြောက်ကိုရီးယားမျိုးဆက်သစ် ခေါင်းဆောင်လက်ထက်တွင်-ကိုရီးယားနှစ်နိုင်ငံပေါင်းစည်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်သူ အားလုံးချမ်းသာပျော်ရွှင်ငြိမ်းချမ်းစေရေးတို့ကိုကား အားလုံးကမျှော်လင့်ထားကြပါသည်။

ယခုနောက်ဆုံး အမေရိကန်သမ္မတဟောင်း 'ဘီလ်ကလင်တန်' မြောက်ကိုရီးယားကိုရောက်ခဲ့ချိန်၌ မြောက်ကိုရီးယားခေါင်းဆောင်ပိုင်းမှ ကြိုဆိုရာတွင် စည်းစည်းလုံးလုံး နွေးနွေးထွေးထွေး ရှိလှသည်ကိုတွေ့ရ၏။ မြောက်ကိုရီးယားတွင် အာဏာအရှိဆုံးအဖွဲ့

the bookhouse

အစည်းမှာ 'နိုင်ငံတော်ကာကွယ်ရေးကော်မရှင်' (National Defense Commission) ပင်ဖြစ်သည်။ 'ကလင်တန်'ကို ဧည့်ခံကြိုဆိုသော ညစာစားပွဲကို ဤကော်မရှင်ကပင် တာဝန်ယူ ကျင်းပပေးခြင်းဖြစ်ကြောင်း အလွမ်းသင့်သော မိတ်ဆွေဟောင်းတစ်ဦးကို ကြိုဆိုတာထက်များစွာသာလွန်သည်ဟု နိုင်ငံရေးအကဲဖြတ်သမားများက ကောက်ချက်ချကြ၏။ ခေါင်းဆောင်ကြီး 'ကင်မ်ဂျုံအီ'နှင့် 'ကလင်တန်' တို့ စကားပြောကြရာတွင်လည်း သာမန်ဝတ်ကျေတမ်းကျေ သဘောမျိုးထက် ပိုပြီးရင်းရင်းနှီးနှီး ဆွေးဆွေးထွေးထွေးရှိလှသည်ကို တွေ့ရ၏။

ဤဆွေးနွေးပွဲရလဒ်သည် 'ကင်မ်ဂျုံအီ' အနေဖြင့် သူ၏နိုင်ငံရေး အရည်အသွေးတစ်ခုကို ကမ္ဘာသို့ထင်ထင်ရှားရှား ပြသလိုက်ခြင်းပင်ဖြစ်ပါသည်။ သေချာပေါက် ပြောနိုင်သည်ကား မြောက်ကိုရီးယားသည် သူ့အတွက်လမ်းစအသစ်ကို စဖွင့်ခြင်းပင်ဖြစ်သည်။ ခြောက်နိုင်ငံဆွေးနွေးပွဲကိုမတက်ဘဲ အမေရိကန်နှင့်သာ နှစ်နိုင်ငံချင်း ဆွေးနွေးလိုသည်ဟူသော သဘောထားကိုလည်း ထပ်မံပြလိုက်ခြင်းဖြစ်သည်။

မြောက်ကိုရီးယားဘက်ကတော့ လိုလိုလားလား အပြုသဘောကမ်းလှမ်းမှုတွေ ပြုနေပါပြီ။ အမေရိကန်ဘက်ကသာ ပိုမိုကျယ်ပြန့်သောသဘောထားဖြင့် မူဝါဒများကို ပြန်လည်သုံးသပ်ပြင်ဆင်သင့်ပါပြီ။ တစ်ဖက်က လိုလိုလားလားနှင့် ကမ်းလှမ်းချိန်တွင် အမေရိကန်အနေဖြင့် အာရှဒေသတွင်းမှ သူ၏မဟာမိတ်များ၊ မိတ်ဖက်နိုင်ငံများနှင့်ပေါင်းကာ အာရှအရှေ့မြောက်ဒေသတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပူးပေါင်းဆောင်ရွက်မှုနည်းဗျူဟာ ရေရှည်စီမံကိန်းများချမှတ်ရန် အချိန်ရောက်နေပြီဟု သုံးသပ်မိပါသည်။ ဤသို့သော ဝါရှင်တန်-ပြုံးယမ်း တိုက်ရိုက်ဆက်ဆံရေးခြေလှမ်းသစ်စလိုက်ခြင်းသည် ကမ္ဘာကြီးတစ်ခုလုံးအတွက် အတိတ်နိမိတ်ကောင်းများဖြစ်သည်ဟု အကောင်းမြင်ရှုထောင့်မှ မြင်တတ်ဖို့ အရေးကြီးပါသည်။

■

the bookhouse

## နောက်ဆက်တွဲ (က)
## ကင်မ်ဂျုံအီအကြောင်း ဝီကီပီဒီးယားမှ ဘာသာပြန်ဆိုချက်

ဆိုဗီယက်မှတ်တမ်းများအရ 'ကင်မ်ဂျုံအီ'ကို ရုရှားနိုင်ငံ 'ခါဘာ ရောဗ့်'မြို့အနီး 'ဗယတ်စကိုယေး'ရွာတွင် ၁၉၄၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက်က မွေးဖွားခဲ့သည်။ သူ၏ဖခင် 'ကင်မ်အီဆွန်း'သည် ပြည်ပသို့ရောက်နေသော တရုတ်လူမျိုးနှင့် ကိုရီးယားလူမျိုးတို့ဖြင့် ဖွဲ့စည်းထားသော ဆိုဗီယက် အမှတ်(၈၈)တပ်မ၊ ပထမမြောက်တပ်ရင်းတွင် တာဝန်ထမ်းဆောင် နေချိန်ဖြစ်၏။ 'ကင်မ်ဂျုံအီ' ၏မိခင် 'ကင်မ်ဂျုံဆွတ်' သည် 'ကင်မ်အီဆွန်း' ၏ ပထမဇနီးဖြစ်သည်။ ဆိုဗီယက်ယူနီယံတွင်နေထိုင်စဉ် သူ၏ရုရှားဘာသာဖြင့်အမည်မှာ 'ယူရီအာဆင် နိုဗစ်ချ်ကင်မ်' ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန် ၁၉၄၅ တွင် 'ကင်မ်'သည် အသက် သုံး၊ လေးနှစ်ရှိနေပြီ။ ကိုရီးယားသည် ဂျပန်လက်မှလွတ်လပ်ရေးကို ပြန်ရလာချိန်ဖြစ်၏။ ထိုနှစ်စက်တင်ဘာလတွင် သူ့ဖခင်သည် ပြုံယမ်းသို့ ပြန်ခဲ့၏။ နိုဝင်ဘာနှောင်းပိုင်းတွင် 'ကင်မ်'သည် ကိုရီးယားသို့ ဆိုဗီယက်သင်္ဘောဖြင့် ပြန်ရောက်လာ၏။ ထိုသင်္ဘောသည် 'ဆုံဆွန်း'မြို့ ဆိပ်ကမ်းသို့ ကပ်သည်။ မိသားစုသည် ပြုံယမ်းရှိ ဂျပန်အရာရှိတစ်ဦး ယခင်က နေခဲ့သောအိမ်တွင် ပြောင်းနေကြ၏။ ထိုအိမ်တွင် ရေကူးကန်နှင့် ပန်းခြံပါ ပါ၏။

'ကင်မ်ဂျုံအီ'၏ညီဖြစ်သူ 'ရှုရာကင်မ်' သည် ၁၉၄၈ တွင် ထိုရေကန်၌

the bookhouse



ရေနစ်သေခဲ့၏။ ၁၉၄၉ တွင် သူ့မိခင်သည် မီးဖွားချိန်တွင် ကွယ်လွန်ခဲ့၏။ 'ကင်မ်ဂျုံအီ'၏ တရားဝင် အတ္ထုပ္ပတ္တိတွင် သူ့ကို ၁၉၄၂ ဖေဖော်ဝါရီလ ၁၆ရက်၌ မြောက်ကိုရီးယား ရှိ 'ဘိတ်ခဒူတောင်တန်း' ၌ မွေးဖွားခဲ့သည်ဟု ဆို၏။

ထိုနေ့က တောင်တန်းပေါ်တွင် သက်တန့်နှစ်စင်းပြိုင်ထွက်သည့်အပြင် ကောင်းကင် ၌ ကြယ်သစ်တစ်လုံးလည်း ထွန်းလင်းခဲ့သည်ဆို၏။ ၁၉၅၀ စက်တင်ဘာလမှ ၁၉၆၀ ဩဂုတ်လအထိ သူအခြေခံပညာသင်ယူခဲ့သည်။ သူသည် ပြုံယမ်းရှိ အမှတ်(၄)မူလတန်း ကျောင်း၊ အမှတ်(၁) အလယ်တန်းကျောင်း (နမ်ဆန်အလယ်တန်းကျောင်း) တို့တွင် ပညာသင်ခဲ့သည်။ ကျောင်းတက်နေစဉ်ကပင် သူသည် နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။ သူသည် 'ကလေးများသမဂ္ဂ' နှင့် 'ဒီမိုကရက်တစ်လူငယ်အဖွဲ့ချုပ်' တို့တွင် ပါဝင်ပြီး မာက်ခ်ဝါဒနိုင်ငံရေးသဘောတရားနှင့် အခြားစာပေများကို လေ့လာခဲ့၏။ သူသည် အတန်းထဲတွင် စာပေပြိုင်ပွဲများ၊ ဆွေးနွေးပွဲများ၊ လေ့လာရေးခရီးများကို ဦးဆောင် စီစဉ်ပေးသူဖြစ်သည်။ လူငယ်ဘဝတွင် 'ကင်မ်'၏ စိတ်ဝင်စားမှု များထဲ၌ ဂီတ၊ စိုက်ပျိုးရေး၊ မော်တော်ကားစက်ပြင် စသည်တို့ပါဝင်၏။ ကျောင်းတွင် သူသည် ထရပ်ကားများ၊ လျှပ်စစ် မော်တာများကို ဝပ်ရှော့တွင် ပြင်ဆင်ပေးခဲ့သည်။ သူ့အတန်းသားများနှင့်အတူ စက်ရုံများ၊ လယ်တောများကို သွားရောက်လေ့လာခဲ့၏။

၁၉၆၀ စက်တင်ဘာလတွင် သူ ကင်မ်အီဆွန်း တက္ကသိုလ်သို့ တက်၏။ အဓိက သင်ယူသောဘာသာရပ်မှာ မာက်ခ်ဝါဒနိုင်ငံရေး ဘောဂဗေဒဖြစ်၏။ အရန်ဘာသာရပ်များ အနေဖြင့် ဒဿနိကဗေဒနှင့် စစ်ပညာလည်း သင်ယူသည်။ တက္ကသိုလ်တက်နေစဉ် သူသည် ပြုံယမ်းအထည်အလိပ်စက်ရုံတွင် ကုန်ထုတ်လေ့ကျင့်ရေး လက်တွေ့ဆင်းခဲ့၏။

ရုပ်မြင်သံကြားနှင့် အသံလွှင့်ပစ္စည်းများ ထုတ်လုပ်မှုစက်ရုံတွင်လည်း လုပ်အားပေးခဲ့၏။ ၁၉၆၁ ခုနှစ် ဇူလိုင်လတွင် 'ကင်မ်' သည် 'ကိုရီးယားအလုပ်သမားပါတီ' သို့ ဝင်၏။ သူ့ဖခင်၏ပြည်တွင်းခရီးစဉ် လေ့လာစစ်ဆေးရေးတို့တွင်လည်း စတင်လိုက်ပါလာသည်။ စက်ရုံများ၊ လယ်ယာမြေများ၊ အလုပ်ဌာနများ အသီးသီးသို့ သူရောက်ရှိခဲ့၏။ ၁၉၆၄ ဧပြီလတွင် သူသည် 'ကင်မ်အီဆွန်းတက္ကသိုလ်' မှ ဘွဲ့ရသည်။

၁၉၇၈ ခုနှစ် စောစောပိုင်းတွင် 'မောလ်တာတက္ကသိုလ်'တွင် သူအင်္ဂလိပ်ဘာသာ သင်ယူခဲ့သေးကြောင်း သိရ၏။ သူသည် 'မောလ်တာ' နိုင်ငံဝန်ကြီးချုပ် 'ဒွမ်မင်တော့ဖ်' ၏ ဧည့်သည်တော်အနေဖြင့် 'ကင်မ်' သည် 'မောလ်တာ' နိုင်ငံသို့ မကြာခဏ သွားရောက်တတ်သည်။ သူ့ဖခင် 'ကင်မ်အီဆွန်း' သည် နောက်အိမ်ထောင်ထပ်ပြုကာ

the bookhouse

'ကင်မ်ပြုံအီ' ဟူသော သားတစ်ဦးထပ်မွေး၏ (ရေနစ်ကွယ်လွန်ခဲ့သော သား၏အမည်ကိုပင် ထပ်မှည့်ထားခြင်းဖြစ်၏) ၁၉၈၈ မှစ၍ 'ကင်မ်ပြုံအီ'သည် ဥရောပရှိ မြောက်ကိုရီးယား သံရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့၏။ ယခုအခါ သူသည် ပိုလန်နိုင်ငံတွင် မြောက်ကိုရီးယားဆိုင်ရာ သံအမတ်အဖြစ် အမှုထမ်းနေသည်။

၁၉၆၄ တွင် 'ကင်မ်ဂျုံအီ' ဘွဲ့ရပြီးနောက် အာဏာရကိုရီးယားအလုပ်သမားပါတီ (ကေဒဗလျူပီ) တွင် ရာထူးအဆင့်ဆင့် တာဝန်ယူခဲ့၏။ သူ နိုင်ငံရေးလောကဝင်ချိန်တွင် တရုတ်-ဆိုဗီယက် အကွဲအပြဲကြောင့် ကွန်မြူနစ်လောကကြီး အက်ကြောင်းရှိလာသော အချိန်ကာလဖြစ်၏။ 'ကေဒဗလျူပါတီ' သည် မာက်စ်လီနင်ဝါဒကို အဓိကသဘော တရားအဖြစ် မာက်ခ်လီနင်ဝါဒကို အဓိကသဘောတရားအဖြစ်ခံယူကာ ဆက်လက်ကျင့်သုံးခဲ့၏။ သို့သော် ကိုရီးယားကွန်မြူနစ်ပါတီတွင်း၌လည်း 'ပါတီဆန့်ကျင်ရေး ပြန်လည်ပြင်ဆင်ရေးသမား' များ၏ အန္တရာယ်ကိုကြုံတွေ့ပြီး ပါတီသန့်စင်ရေးများကို ပြုလုပ်ရတော့၏။

ဘွဲ့ရပြီး မကြာခင်မှာပင် 'ကင်မ်'သည် ပါတီဗဟိုကော်မတီတွင် ဌာနခွဲမှူး တာဝန်ယူခဲ့၏။ ပါတီ၏အတွေးအခေါ်ပိုင်းကို သူကကိုင်တွယ်ကာ မီဒီယာလောက၊ စာရေးဆရာအနုပညာရှင်များကို စည်းရုံးရေးဆင်းခဲ့သည်။ ၁၉၆၀ ခုနှစ် နှောင်းပိုင်းကာလများတွင် သူသည် ဘောဂဗေဒနှင့်ပတ်သက်သော သဘောတရားများစွာကို ရေးခဲ့၏။ နိုင်ငံအနှံ့အပြားလှည့်လည်သွားလာကာ နည်းပညာပြန်လည်တည်ဆောက်ရေးကို လမ်းညွှန်ခဲ့သည်။

၁၉၆၇ မှ ၁၉၆၉ အထိ ကာလတွင်မူ 'ကင်မ်' ၏ အာရုံသည် တပ်မတော်ဘက် ပို၍အာရုံစိုက်လာ၏။ 'ကိုရီးယားပြည်သူ့တပ်မတော်' (ကေပီအေ)အတွင်းမှ ဗျူရိုကရက်များသည် တပ်မတော်၏နိုင်ငံရေးအဖွဲ့အစည်းများကိုဖိနှိပ်ကာ နိုင်ငံတော်၏ အမိန့်အာဏာများကို သွေဖည်နေကြသည်ဟု သူကယုံကြည်၏။ ဤအချက်များသည် 'ကိုရီးယားအလုပ်သမားပါတီ' က တပ်မတော်အပေါ်ထိန်းချုပ်မှုကို ကလန်ကဆန်ပြုနေကြောင်း သူသိ၏။ ထို့ကြောင့် 'ကိုရီးယားပြည်သူ့တပ်မတော်' ၏ပါတီကော်မတီ စတုတ္ထအစည်းအဝေးတွင် သူကအဖျက်အမှောင့်သမားများကို ထုတ်ပယ်သန့်စင်ခဲ့ရ၏။

ပါတီဗဟို ကော်မတီတွင်တာဝန်ယူစဉ် စောစောပိုင်းက သူသည်ပါတီ၏ဝါဒဖြန့်ချိရေးနှင့်လှုံ့ဆော်ရေးပိုင်းကိုလည်း လုပ်ဆောင်ခဲ့ပြီး ကိုရီးယားအနုပညာကို တော်လှန်ပြောင်းလဲပစ်ခဲ့၏။ အနုပညာရှင်များသည်ပုံသဏ္ဍာန်ရော အကြောင်းအရာပါ အသစ်ဖန်တီးကြရ၏။ ကိုရီးယားရိုးရာစနစ်ဟောင်းများနေရာတွင် စနစ်သစ်နည်းသစ်များဖြင့် အစားထိုးပြုပြင်ပေးခဲ့၏။ ရုပ်ရှင်လောကကိုလည်း တစ်ခေတ်ဆန်းအောင် 'ကင်မ်' ပင်လျှင် ပြုပြင်ခဲ့၏။





ဒုတိယကမ္ဘာစစ်ကာလက 'ကင်မ်' ရေးခဲ့သော 'ပြောက်ကျားညီနောင်ငါးဦး' ဇာတ်ကားမှစ၍ ပြောင်းလဲရိုက်ကူးခဲ့သည်။ ၁၉၇၀ စက်တင်ဘာလတွင် 'ကင်မ်'သည် ပါတီဗဟိုကော်မတီ ဒုတိယညွှန်ကြားရေးမှူးဖြစ်လာသည်။ ၁၉၇၂ အောက်တိုဘာလတွင် ပါတီဗဟိုကော်မတီဝင်အဖြစ် အရွေးခံရသည်။ ၁၉၇၃ တွင် ပါတီဗဟိုကော်မတီ အတွင်းရေးမှူးဖြစ်လာသည်။

၁၉၇၀ စောစောပိုင်းများကပင် 'ကင်မ်'သည် ပါတီအကြီး အကဲများထဲမှ ဗျူရိုကရေစီဆန်သူများကို ဖယ်ရှားခဲ့ရ၏။ ထိုသန့်စင်ခံရသော ပါတီဝင်များကို တစ်လလျှင် ရက် ၂၀ မျှ အလုပ်သမားထုကြားထဲဆင်းကာ ပညာယူစေ၏။

၁၉၇၄ ဖေဖော်ဝါရီလတွင် 'ကင်မ်ဂျုံအီ'သည် ပါတီဗဟိုကော်မတီ၏ နိုင်ငံရေးကော်မတီဝင်အဖြစ် အရွေးခံရ၏။ ထိုအချိန်မှစ၍ သူ့ကို 'ချစ်လှစွာသော ခေါင်းဆောင်ကြီး'၊ 'ဉာဏ်ရည်ထက်မြက်သော ခေါင်းဆောင်' စသည်ဖြင့် ပြည်သူကခေါ်ဝေါ်လာကြ၏။ ထိုနှစ်တွင်ပင် သူသည် 'တော်လှန်သော အဖွဲ့သုံးဖွဲ့လှုပ်ရှားမှု' ကို စတင်၏။ ၎င်းလှုပ်ရှားမှုမှာ 'တော်လှန်ရေးကို လမ်းညွှန်သောနည်းသစ်' ဟု ခေါ်၏။ ဤလှုပ်ရှားမှုတွင် အဖွဲ့များခွဲ၍ နိုင်ငံအနှံ့ သွားရောက်ကာ နိုင်ငံရေး သိပ္ပံပညာနှင့်အတတ်ပညာ လေ့ကျင့်ခန်းများကို ရက်တိုသင်တန်းပေးရ၏။ 'ကင်မ်' သည် စီးပွားရေးစီမံကိန်းများကိုလည်း ချမှတ်ကာ နိုင်ငံ၏စီးပွားရေးဦးမော့လာစေရန် ကြိုးပမ်းခဲ့သည်။ တပ်မတော်ထဲတွင်လည်း နိုင်ငံရေးလှုပ်ရှားမှုများ လုပ်သည်။ ၎င်းတို့အထဲတွင် **'တော်လှန်သော အလံနီလှုပ်ရှားမှု'၊ 'အလံနီအဖွဲ့လှုပ်ရှားမှု'၊ 'အလံနီဦးဆောင် လှုပ်ရှားမှု'** စသည်တို့ ပါဝင်၏။

'ကင်မ်' သည် ကိုရီးယားနှစ်နိုင်ငံ ပေါင်းစည်းရေးကိုလည်း အထူးလုံးပန်းခဲ့၏။ ၁၉၇၇ တွင် လွတ်လပ်ပြီး ငြိမ်းချမ်းသော ကိုရီးယားပေါင်းစည်းရေး နိုင်ငံတကာ အကျိုးဆောင်ကော်မတီကိုလည်း ဖွဲ့စည်းကာ ကိုရီးယားဒီမိုကရက်တစ်သမ္မနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ နှစ်နိုင်ငံရင်ကြားစေ့ရေးကို ဆောင်ရွက်ခဲ့၏။

၁၉၈၀ မှ ၁၉၉၄ အထိ ပါတီအတွင်းရေးမှူးနှင့် ပါတီဦးဆောင် အဖွဲ့ဝင်ဖြစ်လာသည်။ ၁၉၈၀ အောက်တိုဘာ ဆဋ္ဌမမြောက် ပါတီကွန်ဂရက် တွင် 'ကင်မ်ဂျုံအီ'၏ ပါတီအပေါ်ထိန်းချုပ်မှုများ အထွတ်အထိပ်သို့ ရောက်လာသည်။ သူသည် ပေါ်လစ်ဗျူရိုစစ်ကော်မရှင်၊ ပါတီအတွင်းရေးမှူး တာဝန်များအားလုံးကို ယူ၏။

၁၉၈၂ ဖေဖော်ဝါရီတွင် သတ္တမမြောက်ပြည်သူ့ညီလာခံကြီးတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရလာသောအခါ နိုင်ငံတကာအသိုင်းအဝန်းက သူသည် မြောက်ကိုရီးယား၏ ခေါင်းဆောင်အလောင်းအလျာ သေချာပြီဟု အကဲခတ်မိကြ၏။ သူ့ဖခင် 'ကင်မ်အီဆွန်း'

က 'မဟာခေါင်းဆောင်ကြီး'၊ သူ့ကို 'ချစ်လှစွာသော ခေါင်းဆောင်ကြီး' ဟု ခေါ်ဝေါ်ကြသည်။ မီဒီယာများက သူ့အား 'အကြောက်အရွံ့ကင်းသောခေါင်းဆောင်ကြီး' နှင့် 'တော်လှန်ရေးအကျိုးဆောင် အမွေဆက်ခံသူကြီး'ဟု ချီးကျူးရေးသားကြသည်။ သူသည် မြောက်ကိုရီးယားတွင် သူ့ဖခင်ပြီးလျှင် အာဏာအရှိဆုံးပုဂ္ဂိုလ် ဖြစ်လာ၏။

၁၉၉၁ ဒီဇင်ဘာ ၂၄ ရက်တွင် 'ကင်မ်' ကို မြောက်ကိုရီးယားတပ်မတော်၏ ဦးစီးအရာရှိချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ တပ်မတော်သည် မြောက်ကိုရီးယားတွင် အာဏာ၏အခြေခံအုတ်မြစ်ဖြစ်လေရာ ဤအဆင့်သည် အစွမ်းအထက်ဆုံးအဆင့် ဖြစ်သည်။

'ကင်မ်အီဆွန်း' ၏ သစ္စာစောင့်သိဆုံးရဲဘော်တစ်ဦးဖြစ်သော ကာကွယ်ရေးဝန်ကြီး 'အိုဂျင်ဝူ'က 'ကင်မ်ဂျုံအီ'ကို တပ်မတော်၏ခေါင်းဆောင်ကြီးအဖြစ် ထိုးတင်ပေးကာ မြောက်ကိုရီးယား၏နောက်ထပ်ခေါင်းဆောင်အဖြစ် လျာထားပေးခဲ့၏။ခေါင်းဆောင်အဖြစ် ယခင်က အလားအလာရှိပုံရသည့် ဝန်ကြီးချုပ် 'ကင်မ်အီ'ကို ၁၉၇၆ ကပင် ရာထူးမှ ဖယ်ရှားခဲ့ပြီးဖြစ်၏။

၁၉၉၂ တွင် 'ကင်မ်အီဆွန်း' က သူ့သားသည် ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ပြည်တွင်းရေးရာအားလုံးကို စီမံအုပ်ချုပ်သူအဖြစ် လူသိရှင်ကြားကြေညာခဲ့၏။ ၁၉၉၂ တွင် ရေဒီယိုမှအသံလွှင့်ရာ၌ သူ့ကို 'ချစ်လှစွာသောဖခင်ကြီး' ဟူသော အသုံးအနှုန်းဖြင့် ဂုဏ်ပြုခဲ့၏။ 'ကင်မ်အီဆွန်း' ၏ အသက် ၈၀ မြောက် မွေးနေ့ပြီးလျှင် 'ကင်မ်ဂျုံအီ'၏ အသက် ၅၀ ပြည့်မွေးနေ့သည် အကြီးဆုံးအခမ်းအနားဖြစ်လာသည်။

'ကင်မ်ဂျုံအီ' သည် နိုင်ငံ့အရေးအရာများနှင့်ပတ်သက်၍ အသေးအဖွဲမှအစ အသေးစိတ် ကြီးကြပ်စီမံတတ်သည်။ ပါတီအတွင်းရေးမှူးများ၏ နေအိမ်အရွယ်အစား မည်မျှရှိသင့်သည်ကအစ အောက်လက်ငယ်သားများကို လက်ဆောင်ဝေငှသည်အထိ သူသဘောမတူဘဲ ဘာတစ်ခုမှမလုပ်ကြရ။

၁၉၈၀ ခုနှစ်များတွင် မြောက်ကိုရီးယားသည် စီးပွားရေးအကြပ်အတည်းကာလကို ရင်ဆိုင်ရ၏။ 'ကင်မ်အီဆွန်း' ၏ 'ဂျူချေအတွေးအခေါ်' (ကိုယ့်အားကိုယ်ကိုးအတွေးအခေါ်)သည် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုကို ဖြတ်တောက်ပစ်လိုက်၏။ ဆိုဗီယက်ယူနီယံတို့ တရုတ်နိုင်ငံတို့ကဲ့သို့သော မိတ်ဖက်နိုင်ငံများနှင့်ပင် အဆက်အသွယ်ဖြတ်ခဲ့၏။ ၁၉၉၂ တွင် 'ကင်မ်ဂျုံ အီ'၏အသံကို မြောက်ကိုရီးယားတွင် တစ်ခါသာ ကြားရဖူး၏။ စစ်ရေးပြပွဲတစ်ခုတွင် သူသည်စကားပြောခွက်နားကပ်ပြီး 'ပြည်သူ့တပ်မတော်ရဲ့ သူရဲကောင်းပီသတဲ့ရဲဘော်များ အောင်ပွဲရပါစေ'ဟု ပြောဖူးသည်။



၁၉၉၄ ဇူလိုင်လ ၈ ရက်တွင် 'ကင်မ်အီဆွန်း' ကွယ်လွန်၏။ သို့သော် 'ကင်မ်ဂျုံအီ' သည် နောက်ထပ်သုံးနှစ်အကြာမှ အာဏာကိုလက်ဝယ်ရယူ၏။ သူသည် ကိုရီးယားအလုပ်သမားပါတီ၏ အထွေထွေအတွင်းရေးမှူးရာထူးနှင့် အမျိုးသားကာကွယ်ရေးကော်မရှင်၏ဥက္ကဋ္ဌရာထူးတို့ကို ၁၉၉၇ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့ကျမှ တရားဝင်လက်ခံရယူ၏။

၁၉၉၈ တွင် သူ၏ကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌရာထူးသည် နိုင်ငံ၏အမြင့်ဆုံးရာထူးအဖြစ် ကြေညာခဲ့၏။ ထို့ကြောင့် ထိုနေ့မှစ၍ 'ကင်မ်' သည် မြောက်ကိုရီးယား၏ ခေါင်းဆောင်အဖြစ် သတ်မှတ်ရမည်ဖြစ်၏။ ၁၉၉၈ တွင် ပြည်သူ့ညီလာခံကြီးက 'ကင်မ်အီဆွန်း' ကို ဂုဏ်ပြုသောအားဖြင့် 'ထာဝရသမ္မတကြီး' ရာထူးကိုသတ်မှတ်ခဲ့၏။

'ကင်မ်ဂျုံအီ' သည်ကား ဝန်ကြီးချုပ် 'ကင်မ်ယုံအီ'၊ ပါလီမန်ဥက္ကဋ္ဌ 'ကင်မ်ယုံနမ်' တို့နှင့်အတူ နိုင်ငံကိုပူးပေါင်းအုပ်ချုပ်ခဲ့၏။ 'ကင်မ်ဂျုံအီ'က တပ်မတော်ဦးစီးချုပ်၊ 'ကင်မ်ယုံအီ'က အစိုးရအဖွဲ့၏အကြီးအကဲ၊ 'ကင်မ်ယုံနမ်'က နိုင်ငံခြားဆက်ဆံရေးကိုင်၏။ ထိုသို့ ရာထူးတာဝန်ခွဲပေးထားသော်လည်း တကယ်တမ်းအစိုးရနှင့်နိုင်ငံကို လုံးဝ ဥဿုံအုပ်ချုပ်သူကား 'ကင်မ်ဂျုံအီ' ပင်ဖြစ်သည်။ 'ကင်မ်'ကို ငါးနှစ်တစ်ကြိမ် ပြည်သူ့ညီလာခံချုပ်က တညီတညွတ်တည်း ခေါင်းဆောင်အနေနှင့်ရွေးချယ်တင်မြှောက်ရသော ထုံးစံကားရှိ၏။

၁၉၉၅ နှင့် ၁၉၉၆ တွင် မြောက်ကိုရီးယားသည် ရေလွှမ်းမိုးမှုဒဏ်ကို အကြီးအကျယ်ခံရ၏။ ၁၉၉၇ မှစ၍ နှစ်ပေါင်းများစွာ မိုးခေါင်ရေရှားဒဏ်ကို ခံရပြန်သည်။ စိုက်ပျိုးရေးများပျက်စီး၍ အငတ်ဘေးကျရောက်ခဲ့ ရ၏။ 'ကင်မ်ဂျုံအီ' ကမူ 'တပ်မတော်သာလျှင် ပထမ' မူကိုစွဲကိုင်ကာ နိုင်ငံကိုထိန်းသိမ်းခဲ့၏။

၂၀၀၂ တွင် 'ဆိုရှယ်လစ်ပုံစံဈေးကွက်စီးပွားရေး အလေ့အကျင့်'ကို စတင်ခဲ့၏။ ၁၉၉၀ ပြည့်နှစ်များနောက်ပိုင်းတွင် ကုန်သွယ်မှုဖလှယ်ရေး အစီအစဉ်ကို အသေးစားမှ စလုပ်၏။ သို့ဖြင့် စီးပွားရေးနာလန်ပြန်ထလာ၏။ ထိုအချိန်တွင် တရုတ်ပြည်က 'တိန့်ရှောင်ဖိန်' ၏ တံခါးဖွင့်စီးပွားရေးပေါ်လစီကြောင့် ကြီးပွားတိုးတက်လာရာ ၂၀၀၆ တွင် 'ကင်မ်' က တရုတ်ပြည်သို့ အလည်အပတ်သွားရင်းနှင့် ချီးကျူးခဲ့၏။

၁၉၉၈ တွင် တောင်ကိုရီးယားသမ္မတ 'ကင်မ်ဒေးဂျုံ'က 'နေသာချိန် ပေါ်လစီ'ကို ချမှတ်ကာ မြောက်နှင့်တောင်ဆက်ဆံရေး တိုးတက်စေရေးကို စတင်အကောင်အထည်ဖော်သည်။ တောင်ကိုရီးယားကုမ္ပဏီများကို မြောက်ကိုရီးယားတွင် စီမံကိန်းများ စတင်လုပ်ကိုင်ခွင့်ပြု၏။ 'ကင်မ်ဂျုံအီ' ကလည်း နည်းပညာသစ်များဖြင့် မြောက်ကိုရီးယား၏ ဆော့ဖ်ဝဲစက်ရုံကို တိုးမြှင့်တည်ဆောက်၏။ 'ခေးဆောင်းစက်မှုဇုံ' ကို ၂၀၀၇ တွင်

စတင်တည်ဆောက်၏။ ထိုစက်မှုဇုံတွင် တောင်ကိုရီးယားကုမ္ပဏီ ၂၅၀၊ မြောက်ကိုရီးယား အလုပ်သမား တစ်သိန်းကျော် ၂၀၀၇ ခုနှစ်တွင် လုပ်ကိုင်ကြ၏။ သို့သော် ၂၀၀၇ မတ်လတွင် ကုမ္ပဏီ ၂၀ ခုသာ ကျန်တော့ပြီး မြောက်ကိုရီးယား အလုပ်သမား ၁၂,၀၀၀ သာ လုပ်ကိုင်ကြရ၏။

၁၉၉၄ တွင် မြောက်ကိုရီးယားနှင့် အမေရိကန်တို့သည် မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်အစီအစဉ်နှင့် နျူကလီးယားသုံးဓာတ်အားပေးစက် နှစ်လုံး တည်ဆောက်ရန် အကူအညီပေးရေးတို့ကို လဲလှယ်ရေးစာချုပ်ကို လက်မှတ်ရေးထိုးကြ၏။ ၂၀၀၂ ခုနှစ်တွင် 'ကင်မ်ဂျုံအီ' အစိုးရက နိုင်ငံတော်လုံခြုံရေးအတွက် လက်နက် ဆက်လက်ထုတ်ရန် ဆုံးဖြတ်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် အမေရိကန်၏နျူကလီးယား လက်နက်သည် တောင်ကိုရီးယားတွင်ရှိနေ၍ မြောက်ကိုရီးယားကလည်း လက်မဲ့မဖြစ်ရေး အတွက် အကာအကွယ်သဘောဆောင်ထားရန်ဖြစ်၏။

သို့ဖြင့် သမ္မတ 'ဂျော့ဒဗလျူဘွတ်ရှ်' လက်ထက်တွင် တင်းမာမှုအသစ်ဖြစ်ပွား ခဲ့သည်။ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၉ ရက်နေ့တွင် မြောက်ကိုရီးယားဗဟိုသတင်း အေဂျင်စီက မြေအောက်တွင်နျူကလီးယားလက်နက်အောင်မြင်စွာ ဖောက်ခွဲစမ်းသပ် ကြောင်း ကြေညာခဲ့၏။

၂၀၀၈ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် 'ကင်မ်ဂျုံအီ' သည် မြောက်ကိုရီးယား အနှစ် ၆၀ ပြည့်အခမ်းအနားစစ်ရေးပြပွဲကို မတက်နိုင်ခဲ့၍ လေဖြတ်ပြီး အကြီးအကျယ် မမာမကျန်းဖြစ်နေသည်ဟု သတင်းများ ထွက်လာ၏။ ထိုအချိန်တွင် တရုတ်၊ ဂျပန်၊ ရုရှား၊ တောင်ကိုရီးယား၊ အမေရိကန်တို့ပါဝင်သော '၆ နိုင်ငံညှိနှိုင်းရေးအဖွဲ့'က မြောက်ကိုရီးယား ကို နျူကလီးယားလက်နက် မထုတ်လုပ်ရန် ညှိနှိုင်းဖိစေကြ၏။ စက်တင်ဘာလ ၁၀ ရက်တွင် တောင်ကိုရီးယားက 'ကင်မ်ဂျုံအီ' သည် အသေးစားလေဖြတ်မှုဝေဒနာကို ခံရသည်ဟု ကြေညာ၏။

မြောက်ကိုရီးယားအဆင့်မြင့်အရာရှိကြီး 'ကင်မ်ဂျုံနက်' ကမူ "နိုင်ငံတော်၏အနှစ် ၆၀ပြည့် အခမ်းအနားကို အထွေထွေအတွင်းရေးမှူးကင်မ်ဂျုံအီနှင့် ဆင်နွှဲလိုသော်လည်း ယခု ကျွန်ုပ်တို့ဘာသာ ကျွန်ုပ်တို့ဆင်နွှဲလိုက်ရသည်" ဟု ပြောသည်။ နယူးရောက် တိုင်းမ်သတင်းစာမှ 'ကင်မ်သည် အလွန်အမင်း မကျန်းမမာဖြစ်နေပြီး လေဖြတ်ခံရပုံရ၏။ သို့သော် ကွယ်လွန်သည်ဟူသောသတင်းများမှာ မမှန်ကန်' ဟု ရေးသားခဲ့၏။

ဘီဘီစီ သတင်းဌာနကမူ 'ကင်မ်သည် အကြီးအကျယ်နေမကောင်းဖြစ်ဟန် တူသော်လည်း အသက်အန္တရာယ်ကား မစိုးရိမ်ရ' ဟု ကြေညာခဲ့၏။ ဂျပန်ကျိုဒို

the bookhouse



သတင်းဌာနက စက်တင်ဘာ ၁၄ရက်နေ့တွင် ကြေညာရာ၌ 'ကင်မ်သည် ဩဂုတ်လ ၁၄ ရက်နေ့က လေဖြတ်ပြီး ဦးနှောက်သွေးကြောပေါက်ခဲ့သည်။ ပြင်သစ်က တပ်မတော် ဆရာဝန်ငါးဦးကို ပင့်ဖိတ်ပြီးကုသခဲ့သည်' ဟုဆို၏။ ဂျပန်နိုင်ငံ 'တိုကျိုရှင်ဘွန်း' သတင်းစာ ကမူ 'ကင်မ်' သည် ခြေနှင့်လက်လေဖြတ်ခဲ့သည်ဟု ဆို၏။

ဥက္ကဋ္ဌကြီး 'ကင်မ်' သည် ယခုအခါ ပြုံယမ်းမြို့ ဆင်ခြေဖုံးရှိ 'ဘွန်ဟွာ' နိုင်ငံတော် ဧည့်ဂေဟာတွင် အနားယူနေကြောင်း သိရ၏။ အောက်တိုဘာ ၁၉ ရက်နေ့တွင် မြောက်ကိုရီးယားက ၎င်း၏သံတမန်များကို သံရုံးအနီးတွင် နေထိုင်ကြပြီး 'အရေးကြီးသော သတင်း' တစ်ခုထုတ်ပြန်မည်ဟု တပ်လှန့်ထားကြောင်း ဂျပန်နိုင်ငံ 'ယိုမီယိုရီရှင်ဘွန်း' သတင်းစာက ဖော်ပြခဲ့၏။ မကျန်းမမာဖြစ်နေသော ခေါင်းဆောင်ကြီး၏ ကျန်းမာရေးအခြေ အနေကို အသိပေးမည်ဟု သတင်းရခဲ့၏။

၂၀၀၉ ခုနှစ် ဇောဇောပိုင်းတွင် အားနည်းပြီးဖျော့တော့တော့ဖြစ်နေသော 'ကင်မ်ဂျုံအီ' သည် သတ္တုတွင်းတစ်ခုကို လာရောက်စစ်ဆေးနေပုံကို သတင်းထုတ်ပြန်ခဲ့၏။ ၂၀၀၈၊ အောက်တိုဘာလ ၂၉ရက်တုန်းက 'ကင်မ်' ၏ကျန်းမာရေးမှာ ပြန်ဆိုးလာ၍ ဆေးရုံ ပြန်တင်ရကြောင်း သတင်းရခဲ့၏။ ၂၀၀၈၊ အောက်တိုဘာလ ၂၈ရက်တွင် 'နယူးရောက် တိုင်းမ်' သတင်းစာက 'ကင်မ်'ကို ဆေးရုံတင်လိုက်ရကြောင်း သတင်းဖော်ပြခဲ့၏။ 'ပြင်သစ်' မှ ပြင်သစ်အာရုံကြောခွဲစိတ်ပါရဂူတစ်ဦးကိုပါ ပင့်ထားရသည်ဟု ဆို၏။

ထို့နောက် တောင်ကိုရီးယား အမျိုးသားထောက်လှမ်းရေးအဖွဲ့ ညွှန်ကြားရေးမှူး 'ကင်မ်ဆွန်ဟို'က ဆိုးလ်မြို့ရှိ ပါလီမန်တံခါးပိတ် အစည်းအဝေးတွင် "ကင်မ်သည် ကျန်းမာရေး ပြန်ကောင်းလာပြီး နာလန်ထလာကြောင်း၊ မကြာမီ သူ၏လုပ်ငန်းတာဝန် များကို ဆက်လက်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း" ပြောကြား၏။

သို့သော် ဂျပန်နိုင်ငံ 'ဖူဂျီရုပ်မြင်သံကြား' ကမူ 'ကင်မ်' ၏ အကြီးဆုံးသား 'ကင်မ်ဂျုံနမ်' သည် ပါရီသို့ထွက်ခွာကာ ပြင်သစ်ဦးနှောက်ခွဲစိတ်မှုပါရဂူအား ပင့်ဆောင် ခဲ့ကြောင်း ဖော်ပြ၏။ အောက်တိုဘာ ၂၄ ရက်တွင် ပြင်သစ်မှ ပြုံယမ်းသို့ ထိုဆရာဝန်သည် စီအေ ၁၂၃ လေယာဉ်ခရီးစဉ်ဖြင့် လိုက်လာခဲ့ကြောင်း သိရ၏။

၂၀၀၈၊ အောက်တိုဘာလ ၅ရက်တွင်ကား ကိုရီးယားသတင်း အေဂျင်စီက ကိုရီးယားပြည်သူ့တပ်မတော်သားများနှင့် 'ကင်မ်' တွဲလျက် ဓာတ်ပုံရိုက်ထားသော ပုံ ၁၂ ပုံကို ထုတ်ပြန်၏။ သူ၏စွဲနေသောပုံဟန်ဖြစ်သည့် နေကာမျက်မှန်တပ်ထား၊ စစ်ယူနီဖောင်း ဝတ်ထား၊ ဆံပင်ထောင်ထောင်ပုံစံကို ထိုဓာတ်ပုံများတွင် တွေ့ရ၏။

၂၀၀၈ နိုဝင်ဘာလတွင် ဂျပန် 'တီဘီအက်စ်' ရုပ်မြင်သံကြားက 'ကင်မ်' သည်

the bookhouse

ဒုတိယအကြိမ် လေဖြတ်ခြင်းခံရကြောင်း ကြေညာ၏။ ‘လက်၏ဘယ်လက်နဲ့ခြေ မလှုပ်နိုင်ဘူး။ စကားလည်း ပလုံးပထွေးပဲ ပြောလို့ရတော့တယ်”ဟု ဆို၏။ မည်သို့ဆိုစေ တောင်ကိုရီးယားထောက်လှမ်းရေးဌာနကမူ ထိုသတင်းမမှန်ပါဟု ငြင်းဆို၏။ ၂၀၀၉ ဧပြီလတွင် မြောက်ကိုရီးယားက ‘ကင်မ်’ စက်ရုံများသို့ စစ်ဆေးနေပုံသတင်းနှင့် ဓာတ်ပုံများ ထုတ်ပြန်ခဲ့၏။ ၂၀၀၉ ဇွန်လတွင်မူ ‘ကင်မ်’သည် ပန်ကရိယကင်ဆာရောဂါဖြစ်နေကြောင်း သတင်းရ၏။

‘ကင်မ်ဂျုံအီ’တွင် သားသုံးဦးနှင့်သားမက်တစ်ဦးရှိ၏။ ‘အိုကွတ်ရိုင်ယို’ ဆိုသော ဗိုလ်ချုပ်တစ်ဦးကိုလည်း သူ့အရိုက်အရာခံမည့်သူဟု သတင်းရနေ၏။ သို့သော် မြောက်ကိုရီးယားအစိုးရကမူ ထိုအကြောင်းရေငုံနှုတ်ပိတ်နေ၏။ တောင်ကိုရီးယားမီဒီယာများ ကတော့ သူ၏အငယ်ဆုံးသား ‘ကင်မ်ဂျုံအွန်’ ကို တစ်ပေးနေကြ၏။

ထိုသားသည် ဖအေတူသားဖြစ်ပြီး နိုင်ငံရေးအယူအဆလည်းတူ၊ ဒေါသ ထွက်လွယ်တာလည်း တူသည်ဆို၏။ ‘ကင်မ်ဂျုံအီ’ ၏သားအကြီးဆုံးဖြစ်သူ ‘ကင်မ်ဂျုံနမ်’ သည် ဖခင် အရိုက်အရာဆက်ခံမည့်သူဟု ယခင်က သတင်းမွှေးခဲ့သော်လည်း ၂၀၀၁ ခုနှစ်တွင် တိုကျို လေဆိပ်၌ နိုင်ငံကူးလက်မှတ်အတုနှင့်ခရီးသွားရာတွင် ဖမ်းမိသည်မှစ၍ သူ့အတွက် ခေါင်းဆောင်ဖြစ်ရေး မလွယ်လှတော့။

၂၀၀၉၊ ဇွန်လ ၂ရက်တွင် ‘ကင်မ်ဂျုံအီ’ ၏ အငယ်ဆုံးသားဖြစ်သူ ‘ဂျုံအွန်’ သည်သာ မြောက်ကိုရီးယား၏နောက်ခေါင်းဆောင်သစ်ဟူသော သတင်းထွက်လာ၏။ သူသည် သူ့အဘိုး၊ သူ့အဖေကဲ့သို့ပင် ပြည်သူများခေါ်ဝေါ်ကြသော နာမည်တစ်မျိုးရှိ၏။ ‘ဉာဏ်ထက်မြက်သောရဲဘော်’ ဟူ၍။ သူ့ကို ၂၀၁၂ ခုနှစ်တွင် ရာထူးလွှဲပေးမည်ဟု သိရ၏။

၂၀၀၉၊ ဧပြီလ ၉ရက်တွင် ‘ကင်မ်’ သည် ကိုရီးယားနိုင်ငံ အမျိုးသားကာကွယ်ရေး ကော်မရှင်၏ဥက္ကဋ္ဌအဖြစ် ပြန်လည်အရွေးခံရ၏။ သူ့ကို ပြည်သူ့ညီလာခံချုပ်သို့ တက်ရောက်လာသည်ကို အများကမြင်ကြရ၏။ ၂၀၀၈ ဩဂုတ်လကတည်းက သူ အပြင်သို့ မထွက်ခဲ့ရာ ယခုအကြိမ်သည် ပထမအဆုံးအကြိမ် လူလုံးထွက်ပြခြင်းဖြစ်၏။

၂၀၀၉၊ မတ်လ ၁၇ရက်တွင် မြောက်ကိုရီးယားတပ်မတော်က အမေရိကန် ရုပ်မြင်သံကြားသတင်းထောက် ‘ယူနာလီး’ နှင့် ‘လော်ရာလင်း’ တို့ကို ဖမ်းဆီးခဲ့၏။ ဗီဇာမပါဘဲ တရုတ်ပြည်မှမြောက်ကိုရီးယားသို့ ဝင်လာမှုကြောင့်ဖြစ်၏။ ၂၀၀၉၊ ဇွန်လ ၈ရက်တွင် ထိုသူနှစ်ဦးပြစ်မှုထင်ရှားသဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၂ နှစ်ချမှတ်ခဲ့၏။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ‘ဟီလာရီကလင်တန်’ ကမူ အခြေအမြစ် ခိုင်ခိုင်လုံလုံမရှိဘဲ စွဲချက်တင်အပြစ်ပေးသည်ဟု ဝေဖန်၏။





၂၀၀၉၊ ဩဂုတ်လ ၄ရက်တွင် အမေရိကန်သမ္မတဟောင်း ‘ဘီလ်ကလင်တန်’က ပြုံးယမ်းသို့ ဆိုင်းမဆင့် ဗုံမဆင့် သွားခဲ့သည်။ ‘ကလင်တန်’ သည် ‘ကင်မ်ဂျုံအီ’ နှင့်တွေ့ကာ သမ္မတအိုဘားမားထံမှ နှုတ်ဖြင့်ပြောကြားချက်ကို တစ်ဆင့်ပြန်ပြောသည်ဟု သိရ၏။ သို့သော် သတင်းထုတ်ပြန်ရေးအရာရှိ ‘ရောဘတ်ဂစ်ဘိစ်’ ကမူ ထိုအချက် မဟုတ်မှန်ပါဟု ငြင်းဆို၏။

မြောက်ကိုရီးယားနိုင်ငံ၏အာဏာအရှိဆုံးအဖွဲ့အစည်းဖြစ်သည့် အမျိုးသား ကာကွယ်ရေးကော်မရှင်က ‘ဘီလ်ကလင်တန်’ကို ဂုဏ်ပြုညစာစားပွဲ တည်ခင်းဧည့်ခံ၏။ ထိုကော်မရှင်၏ဥက္ကဋ္ဌမှာ ‘ကင်မ်ဂျုံအီ’ ပင်ဖြစ်၏။ ၂၀၀၉၊ ဩဂုတ်လ ၅ရက်တွင် ‘ကင်မ်ဂျုံအီ’က ဖမ်းဆီးထားသော သတင်းထောက်နှစ်ဦးကို လွှတ်ပေးကြောင်း ကိုရီးယား သတင်းဌာနက ကြေညာ၏။

‘ကင်မ်ဂျုံအီ’၏ အိမ်ထောင်ရေးနှင့်ပတ်သက်၍မူ တရားဝင်သတင်းအချက် အလက် အတိအကျမသိရ။ တရားဝင်လက်ထပ်မှု တစ်ကြိမ်ပြုခဲ့ကာ အိမ်ထောင်သုံးဆက် ရှိသည်ဟုသာ သိရ၏။ သူ့မှာ ရင်သွေးငါးဦးရှိ၏။ ‘ဆွန်လ်ဆုံ’နှင့် ‘အီလ်ဆွန်း’တို့မှာ သမီးများဖြစ်ကြပြီး သားများမှာ ‘ကင်မ်ဂျုံနမ်’၊ ‘ကင်မ်ဂျုံချုလ်’နှင့် ‘ကင်မ်ဂျုံအွန်’ တို့ဖြစ်ကြ၏။ ‘ကင်မ်ဂျုံအီ’ ၏ပထမဇနီး ‘ကင်မ်ယုံဆွတ်’မှာ တပ်မတော်အရာရှိကြီးတစ်ဦး၏သမီးဖြစ်သည်။ သူ့ဖခင် ‘ကင်မ်အီဆွန်း’ က သူ့သားနှင့်လက်ထပ်ရန် ခေါင်းခေါက်ရွေးပေးသည်ဟု ဆို၏။ ထိုဇနီးနှင့် ၁၉၇၄ တွင် သမီးတစ်ဦးဖြစ်သူ ‘ကင်မ်ဆွန်လ်ဆုံ’ကိုရ၏။

‘ကင်မ်’ ၏ နောက်အိမ်ထောင်မှာ မြောက်ကိုရီးယားရုပ်ရှင်မင်းသမီး ‘ဆုံဟိုင်ရင်းမ်’ ဖြစ်သည်။ သူနှင့်အိမ်ထောင်ကျသည်ကိုမူ တရားဝင်သတင်းမထုတ်ပြန်ခဲ့။ သူနှင့် ၁၉၇၁ တွင် မွေးသောသား ‘ကင်မ်ဂျုံနမ်’ ကို ရခဲ့၏။ ၂၀၀၂ ခုနှစ်တွင် ‘ဆုံဟိုင်ရင်းမ်’ကွယ်လွန်ခဲ့၏။ နောက်အိမ်ထောင်ကား ဂျပန်ပြည်တွင်မွေးသော ကိုရီးယားလူမျိုးကချေသည် ‘ကိုယုံဟီး’ ဖြစ်၏။ သူနှင့်သားနှစ်ဦးရခဲ့၏။ ၁၉၈၁ တွင် ‘ကင်မ်ဂျုံချုု’ ကို မွေးကာ ၁၉၈၄ တွင် ‘ကင်မ်ဂျုံအွန်’ ကို မွေးခဲ့၏။ ထိုဇနီးဖြစ်သူမှာလည်း ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့၏။

ယခုအခါ ‘ကင်မ်ဂျုံအီ’ သည် ‘ကင်မ်အုတ်’ ဆိုသူ သူ့အတွင်းရေးမှူးနှင့်ပေါင်းသင်း နေသည်ဟု သိရ၏။ သူနှင့် ‘ကင်မ်’သည် နယ်လှည့်ခရီးသွားရာတွင် အတူလိုက်ပါသည်ကို တွေ့ရ၏။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် ‘ကင်မ်’ တရုတ်ပြည်သို့ လျှို့ဝှက်ခရီးသွားခဲ့ရာ၌ ‘ကင်မ်အုတ်’ လည်း လိုက်ပါခဲ့၏။ တရုတ်အာဏာပိုင်များက သူ့ကို ‘ကင်မ်’ ၏ဇနီးအဖြစ် ဧည့်ခံပြုစုခဲ့ကြသည်ဟု သိရ၏။

‘ကင်မ်ဂျုံအီ’ သည် သူ့ဖခင်ကဲ့သို့ပင် လေယာဉ်စီးရမှာ ကြောက်တတ်သူဖြစ်၏။

ထို့ကြောင့် ရုရှားနှင့် တရုတ်ပြည်တို့သို့ သွားခဲ့ရာတွင် သံချပ်ကာရထားဖြင့်သာ သွားခဲ့၏။ 'ကင်မ်'သည် ရုပ်ရှင်ကိုအလွန်ဝါသနာထုံသူဖြစ်ရာ သူ့တွင်စုဆောင်းထားသော ဗီဒီယိုကားပေါင်း ၂၀,၀၀၀ ကျော်ရှိ၏။ သူ့အကြိုက်ဆုံး ရုပ်ရှင်ကားများထဲတွင် 'သောကြာနေ့ ၁၃ ရက်'၊ 'ရမ်ဘို'၊ 'ဂျိမ်းစ်ဘွန်း'နှင့် 'ဂေါ်ဇီလာ' ကားများပါဝင်၏။ ဟောင်ကောင်အက်ရှင်ကားများလည်း ကြိုက်၏။ မင်းသမီး 'အဲလစ်ဇဘက်တေလာ' သရုပ်ဆောင်သော ဇာတ်လမ်းအားလုံးကိုလည်း အသည်းစွဲဖြစ်၏။

'ကင်မ်' သည် အားကစားထဲတွင် ဘတ်စကက်ဘောကို အကြိုက်ဆုံးဖြစ်၏။ နိုင်ငံခြားရေးဝန်ကြီးဟောင်း 'မယ်ဒလင်အောဘရိုက်' က 'ကင်မ်'ကို ဘတ်စကက်ဘောဘောလုံးတစ်လုံး လက်ဆောင်ပေးခဲ့၏။ ထိုဘောလုံးတွင် အမေရိကန်ဘတ်စကက်ဘောလက်ရွေးစင် 'မိုက်ကယ်ဂျော်ဒန်' ၏အမှတ်တရ လက်မှတ်ထိုးထားသည်။

'ကင်မ်' သည် ဂေါက်သီးကစားလည်း ဝါသနာထုံ၏။ သူသည် တစ်ချက်တည်း ကျင်းဝင်မှု သုံးလေးခါရဖူးသည်အထိ ဂေါက်ရိုက်ထူးချွန်၏။ 'ကင်မ်'သည် အော်ပရာ (၆)ခုမျှကို ရေးသားခဲ့ကာ သီချင်းများလည်း ရေးဖူးသည်။ သူ့ကိုယ်သူ အင်တာနက်အိပ်စပတ်ဟုလည်း ပြောတတ်သည်။ 'ကင်မ်' တွင် နေရာဒေသအသီးသီး၌ နန်းတော်တမျှ အိမ်ကြီးအိမ်ကောင်း ၁၇ အိမ်ရှိသည်ဆို၏။ တစ်အိမ်မှာ 'ဘိတ်ဂဒူးတောင်တန်း' အနီးတွင်ရှိပြီး တစ်အိမ်မှာ 'ဝန်ဆန်' ပင်လယ်ကမ်းခြေအနီးတွင်ရှိ၏။ ပြုံးယမ်းရှိ စံအိမ်တော်ကိုမူ သံဆူးကြိုးအထပ်ထပ် ဝန်းရံထားကာ ဘန်ကာ ကတုတ်ကျင်းများ၊ လေကြောင်းရန်ကာကွယ်ရေးအမြောက်များ တပ်ဆင်ထားသည်။

*(၁၄-၈-၂၀၀၉ နေ့ နံနက် ၀၆:၀၅ နာရီအထိ သတင်းအချက်အလက် စုဆောင်းထားသော ဝီကီပီးဒီးယားမှ ထုတ်နုတ်ပြန်ဆိုပါသည်။)*

the bookhouse
we bring your future



## နောက်ဆက်တွဲ(ခ)

## ကင်မ်အီဆွန်းဂျီးယားပန်းသည် လွတ်လပ်ရေးခေတ်အတွင်း လူသားတို့၏ နှလုံးသား၌ ပွင့်ဖူးသော ထာဝရပန်းဖြစ်သည်

***(၆-၄-၂၀၀၅ နေ့တွင် ကျင်းပသော ကိုရီးယားအလုပ်သမားပါတီ ဗဟိုကော်မတီပြန်ကြားရေးဌာနမှ အဆင့်မြင့်အရာရှိများကို ပြောကြားသော ကင်မ်ဂျုံအီ၏မိန့်ခွန်း)***

ရိုးရာ 'ကင်မ်အီဆွန်းဂျီးယား' ပွဲတော်ကို ကျင်းပခဲ့တာ နှစ် ၄၀ ကြာခဲ့ပါပြီ။ 'ကင်မ်အီဆွန်းဂျီးယား' ဆိုတာ ၁၉၆၅ ခုနှစ် ဧပြီလတုံးက သမ္မတ 'ကင်မ်အီဆွန်း' အင်ဒိုနီးရှားနိုင်ငံကို အလည်အပတ်သွားစဉ်မှာ အင်ဒိုနီးရှားသမ္မတဆူကာနိုက အမည်ပေးခဲ့တာပါ။

အခု နှစ်လေးဆယ်ကြာခဲ့ပါပြီ။ သမ္မတ 'ကင်မ်အီဆွန်း' အင်ဒိုနီးရှားကို သွားခဲ့စဉ်က ကျွန်တော်လည်းလိုက်ပါခဲ့ပါတယ်။ အဲဒီနေ့ရက်တွေကို ခုထိ ပြန်လည်သတိရနေပါသေးတယ်။

သမ္မတကြီးရဲ့အင်ဒိုနီးရှားခရီးဟာ ကျွန်တော်တို့သမ္မတနိုင်ငံရဲ့ နိုင်ငံတကာ

the bookhouse
we bring your future

ဂုဏ်သိက္ခာကို ထင်ဟပ်ပေးခဲ့တဲ့ ထူးခြားတဲ့ဖြစ်ရပ်ဖြစ်ပါတယ်။ အသစ်ပေါ်ထွန်းလာတဲ့
နိုင်ငံတွေနဲ့ ပိုမိုစည်းရုံးပြီး ပူးပေါင်းဆောင်ရွက်ခြင်းကို ပြသတာလည်းဖြစ်ပါတယ်။ သမ္မတကြီး
ဟာ အင်ဒိုနီးရှားမှာ ဆယ်ရက်ကြာနေထိုင်စဉ်ကာလမှာ တစ်ရက်ကလေးမှတောင်
အနားမယူခဲ့ပါဘူး။ အသစ်ပေါ်ထွန်းလာတဲ့ နိုင်ငံတွေနဲ့ စည်းရုံးမှုပိုမိုခိုင်မာရေးနဲ့ ပူးပေါင်း
ဆောင်ရွက်ရေးတွေကို အားစိုက်ခွန်စိုက် လှုံ့ဆော်ဆောင်ရွက်ခဲ့ပါတယ်။ သူက 'ဆူကာနို'နဲ့
တွေ့ဆုံတယ်။ စကားတွေ ကြိမ်ဖန်များစွာပြောတယ်။ အင်ဒိုနီးရှားနိုင်ငံက နိုင်ငံရေး၊ လူမှုရေး၊
အတတ်ပညာဆိုင်ရာ ထိပ်တန်းပုဂ္ဂိုလ်ကြီးတွေနဲ့ တွေ့ဆုံတယ်။ သမ္မတကြီးဟာ
အင်ဒိုနီးရှားနိုင်ငံက အလီအာချန်လူမှုသိပ္ပံတက္ကသိုလ်မှာ ဟောပြောချက်တစ်ခု ပြောခဲ့တယ်။

ခေါင်းစဉ်ကတော့ 'ဒီမိုကရက်တစ်ပြည်သူ့ကိုရီးယားသမ္မတနိုင်ငံနဲ့ တောင်
ကိုရီးယားတော်လှန်ရေးတို့အပေါ် ဆိုရှယ်လစ်တည်ဆောက်ပုံ' ဖြစ်ပါတယ်။ ဂျူချေ
အတွေးအခေါ်ကိုထင်ဟပ်ပြီး တော်လှန်ရေးထဲက လွတ်လပ်ရေးလမ်းကြောင်းနဲ့ တည်
ဆောက်ပုံကို တင်ပြတာပါ။ ဒီမိန့်ခွန်းကို အင်ဒိုနီးရှားက လူတန်းစားအလွှာအသီးသီးက
ပြည်သူတွေက တစ်ခဲနက်ဩဘာပေး တုံ့ပြန်ကြပါတယ်။ ဟောပြောချက်ဟာ သမိုင်းဝင်
ဟောပြောချက်ပါ။ တရားသေဝါဒ ဆန့်ကျင်ခြင်းနဲ့ မဟာအင်အားကြီးနိုင်ငံ ကိုးကွယ်ခြင်း
ပြဿနာတွေကို ခွဲခြမ်းစိတ်ဖြာပြီး အဲဒီအချိန်က ရှုပ်ထွေးနေတဲ့ နိုင်ငံတကာအခြေအနေ
တွေကို ဂျူချေနဲ့ ရှင်းပြလိုက်တာဖြစ်ပါတယ်။

သမ္မတကြီးဟာ တော်လှန်ရေးအမြင် ထွင်းဖောက်သိမြင်ပြီး နိုင်ငံတကာ
အခြေအနေရဲ့အနာဂတ် ပြောင်းလဲမှုတွေ၊ တိုးတက်မှုတွေကို ကြိုတင်မြင်ခဲ့တာဖြစ်တယ်။
သူအင်ဒိုနီးရှားကိုရောက်ရှိချိန်မှာ အင်ဒိုနီးရှားနိုင်ငံဟာ ၁၀ ကြိမ်မြောက် ဘန်ဒေါင်း
ညီလာခံကျင်းပ နေချိန်ပါပဲ။ အဲဒီနိုင်ငံတကာညီလာခံဟာ ၁၉၅၅ မှာ အင်ဒို နီးရှားနိုင်ငံ
ဘန်ဒေါင်းမြို့မှာ ကျင်းပခဲ့တာပါ။

အာရှ-အာဖရိကက အသစ်ပေါ်ထွန်းလာတဲ့ နိုင်ငံတွေအချင်းချင်း စည်းလုံး
ညီညွတ်မှု ခိုင်မြဲအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ကျင်းပတဲ့ ညီလာခံဖြစ်ပါတယ်။ သမ္မတကြီး
'ကင်မ်အီဆွန်း' ဟာ ညီလာခံတက်ရောက်ပြီး အသစ်ပေါ်ထွန်းလာတဲ့ နိုင်ငံတွေက
ခေါင်းဆောင်တွေ၊ အစိုးရအကြီးအကဲတွေ၊ နိုင်ငံရေးသမားတွေနဲ့ တွေ့ဆုံခဲ့တယ်။ သူတို့နဲ့
ရင်းရင်းနှီးနှီး စကားပြောခဲ့တယ်။ ဒီဖြစ်ရပ်ဟာ နှစ် ၄၀ ကြာခဲ့ပေမယ့် ကျွန်တော်တို့
နိုင်ငံရဲ့သံတမန် ဆက်သွယ်ရေးသမိုင်းမှာ ထာဝရထွန်းလင်း တောက်ပနေမှာဖြစ်ပါတယ်။

သမ္မတကြီး အင်ဒိုနီးရှားမှာရှိနေစဉ် အဲဒီနိုင်ငံက ခေါင်းဆောင်နဲ့ ပြည်သူတွေဟာ
အနွေးထွေးဆုံး ကြိုဆိုကြပြီး သူမတူအောင် ဧည့်ဝတ်ကျေခဲ့ကြတယ်။ မြို့တော် ဂျာကာတာ



မှာရော၊ ဘန်ဒေါင်းတို့၊ ဆိုဂေါတို့နဲ့ တခြားမြို့တွေမှာရော သူသွားလေရာရာကို လူထုကြီးက
ကကြခုန်ကြ၊ သီချင်းတွေ သီဆိုကြပြီး ကြိုဆိုကြတယ်။ သူ့ကို နိုင်ငံတော်ရဲ့ဂုဏ်အမြင့်ခံရဆုံး
ဧည့်သည်တော်ကြီးအနေနဲ့ ဆီးကြိုကြတယ်။

သမ္မတ 'ဆူကာနို' ကသမ္မတ 'ကင်မ်အီဆွန်း' အပေါ် ဧည့်ဝတ်ကျေပွန်မှုဟာ
အထူးတလည်ကို နွေးထွေးလှိုက်လှဲလှပါတယ်။ သမ္မတကြီး 'ကင်မ်အီဆွန်း' ကို သမ္မတ
'ဆူကာနို' က အထူးတလည်လေးစားပြီး အရိုးသားဆုံးနဲ့ ဧည့်ဝတ်ပျူငှာခဲ့တယ်။ သမ္မတကြီး
'ကင်မ်အီဆွန်း' က ပြည်တွင်းဒေသအသီးသီးကိုသွားတဲ့အခါတိုင်း သူက တပူးတွဲတွဲ
လိုက်ပါပြီး ဧည့်သည်တော်ကို အထူးဂရုစိုက်ခဲ့တယ်။ အဲဒီချစ်ကြည်ရေးခရီးအတွင်းမှာ
ကျွန်တော်တို့ဟာ ဧပြီလ ၁၅ ရက်နေ့ကိုလည်း ဖြတ်သန်းခဲ့ကြတယ်။

သမ္မတ 'ဆူကာနို' ကသမ္မတ 'ကင်မ်အီဆွန်း' ရဲ့ ၅၃နှစ်မြောက်မွေးနေ့ကို
တက်ရောက်ပြီး လက်ဆောင်မွန်ကို ပေးခဲ့တယ်။ သူ့ကို အင်ဂျင်နီယာပါရဂူဂုဏ်ထူးဆောင်
ဘွဲ့အပ်နှင်းခဲ့တယ်။ အဲဒီခေတ်ကာလက ဆူကာနိုဟာ နိုင်ငံတကာနယ်ပယ်မှာ နာမည်
ကျော်တဲ့ နိုင်ငံရေးသမားကြီးပဲ။ သူက ကျွန်တော်တို့သမ္မတကြီးကို သူ့အသည်းနှလုံးထဲကနေ
လေးစားရိုသေခဲ့တယ်။ သူက သမ္မတကြီးရဲ့အတွေးအခေါ်တွေနဲ့ ခေါင်းဆောင်မှုကို
နားလည်တယ်။ သမ္မတကြီးရဲ့ကြီးမြတ်မှုကို အလေးထားတယ်။

သမ္မတကြီး 'ကင်မ်အီဆွန်း' အင်ဒိုနီးရှားကို မလာရောက်မီတစ်နှစ်က 'ဆူကာနို'
ဟာ ကျွန်တော်တို့နိုင်ငံကို ရောက်ခဲ့တယ်။ သမ္မတ 'ကင်မ်အီဆွန်း' ရဲ့ မိမိဘာသာ
မိမိအားကိုးမှုကိုအခြေခံတဲ့ နိုင်ငံတည်ဆောက်မှုတွေကို သူမျက်မြင်ကိုယ်တွေ့ တွေ့မြင်
ခဲ့ရတယ်။ သမ္မတကြီး 'ကင်မ်အီဆွန်း' ဟာ ဒေသပြည်သူ့အတိုင်ပင်ခံညီလာခံ အင်ဒိုနီးရှားမှာ
ကျင်းပတဲ့အခါ တက်ရောက်ခဲ့တယ်။

အဲဒီညီလာခံမှာ 'ဆူကာနို' က မိန့်ခွန်းပြောကြားရာမှာ နိုင်ငံသစ်တစ်ခုကို
မိမိဘာသာမိမိ ပြည်တွင်းအားကို အားကိုးပြီး ကိုယ့်ဘာသာကိုယ် ရပ်တည်နိုင်တဲ့ စီးပွားရေးနဲ့
တည်ဆောက်သင့်တယ်လို့ မိန့်ခွန်းပြောခဲ့တယ်။ သူက စိတ်ပါလက်ပါ မိန့်ခွန်းခြွေရာမှာ-
"လေးစားရပါသော ဝန်ကြီးချုပ် 'ကင်မ်အီဆွန်း' ဟာ ကိုယ့်အားကိုယ်ကိုး မူဝါဒရဲ့ဖန်တီးရှင်
ပါပဲ။ သူက ကိုယ့်ဘာသာကိုယ်ရပ်တည်နိုင်တဲ့ စီးပွားရေးစနစ်ကိုလည်း ရဲဝံ့အောင်မြင်စွာ
တည်ဆောက်သူ ဖြစ်တယ်။ အဲဒီလေးမြတ်ဂုဏ်ယူစရာပုဂ္ဂိုလ်ကြီးကိုယ်တိုင် အခု ညီလာခံကို
တက်ရောက်နေပါတယ်" လို့ ပြောခဲ့တယ်။

ဘိုဂေါရုက္ခဗေဒဥယျာဉ်ကို ကျွန်တော်ရောက်တော့ သမ္မတ 'ဆူကာနို' ဟာ
သမ္မတကြီး 'ကင်မ်အီဆွန်း' ကို ဘယ်လောက်ထိ ရိုသေလေးစားသလဲဆိုတာ ကျွန်တော်

ပိုခံစားမိတယ်။ ဒီကမ္ဘာကျော်ရုက္ခဗေဒဥယျာဉ်ဟာ သမိုင်းကြောင်းရှည်လျားစွာရှိခဲ့တာမို့ ရောက်ရတာတန်ပါတယ်။ သစ်ခွပန်းမျိုးစုံနဲ့ တခြားရှားပါးတဲ့ပန်းမျိုးစိတ်တွေ အများကြီး ဖူးပွင့်နေကြတယ်။ ကမ္ဘာ့ပန်းပြပွဲထဲရောက်နေသလို ကျွန်တော်ခံစားရတယ်။ ရုက္ခဗေဒ ဥယျာဉ်ထဲက ပန်းပျိုးအိမ်တစ်ခုကို ရောက်သွားတဲ့အခါ 'ဆူကာနို'က ပန်းခြံညွှန်ကြား ရေးမှူးဆီက ပန်းအိုးတစ်လုံးတောင်းပြီး သမ္မတ'ကင်မ်အီဆွန်း' ကို ဒီပန်းတွေ သူ ဘယ်လောက်ကြိုက်နှစ်သက်ပုံကိုပြောပြတယ်။

ပန်းခြံညွှန်ကြားရေးမှူးက ဒီပန်းမျိုးက သိပ်ရှားလို့ ထင်ရှားကျော်ကြားတဲ့ ပန်းပညာရှင်တစ်ဦးက အချိန်အကြာကြီးယူပြီး တယုတယ မျိုးထောင်ခဲ့ပုံ၊ သုတေသနကို ဒုက္ခခံ အချိန်ကုန်ခံပြုလုပ်ခဲ့ပုံ၊ ဒီပန်းက တစ်နှစ်မှာ နှစ်ကြိမ်သာပွင့်တတ်ပုံ၊ တစ်ခါပွင့်ရင်လည်း နှစ်လ၊ သုံးလ ကြာတတ်ပုံတွေ ရှင်းပြတယ်။ ဒီပန်းကို ခဏစိုက်ကြည့်ပြီး သမ္မတ 'ကင်မ်အီဆွန်း' က ဒီပန်းက သိပ်လှတာပဲ၊ ဒီလိုပန်းမျိုးကို ပြတဲ့အတွက် သိပ်ကျေးဇူးတင်တာပဲလို့ပြောတယ်။

ဒါနဲ့ 'ဆူကာနို'က ဒီပန်းကို "သမ္မတကင်မ်အီဆွန်းပန်း" လို့ နာမည်ပေးချင်ကြောင်း ပြောလိုက်တယ်။ ရုက္ခဗေဒဥယျာဉ်က ညွှန်ကြားရေးမှူးကလည်း 'ကင်မ်အီဆွန်း ကိုးယားပန်း' လို့ ချက်ချင်းပဲ နာမည်ပေးလိုက်တယ်။ သမ္မတကြီး 'ကင်မ်အီဆွန်း' ကလည်း လက်မခံဘူး။ အတင်းငြင်းပယ်တယ်။ သူက ဘာတစ်ခုမှ လုပ်မပေးရပါဘဲလျက် ဒီပန်းဟာ သူ့နာမည်နဲ့ မထိုက်တန်ပါဘူးလို့ ပြောတယ်။

အဲဒီအခါ 'ဆူကာနို' က တစ်ခွန်း ဝင်ပြောတယ်။ "မဟုတ်တာဗျာ၊ သမ္မတကြီးက လူသားတွေအကျိုးကို အကြီးအကျယ်ဆောင်ကြဉ်းပေးတဲ့သူပဲ။ ဒါကြောင့် ဂုဏ်ပြုတဲ့အနေနဲ့ ဒီနာမည်ပေးတာကို လက်ခံပါ"လို့ ပြောတယ်။ ဒါပေမဲ့ 'ကင်မ်အီဆွန်း'က လက်မခံဘူး။ ဂျာကာတာရောက်တော့လည်း ဒီကိစ္စကို ကျွန်တော်တို့ကို သူလာပြောတယ်။ ဒါကိုကြားတဲ့ အခါ 'ကင်မ်အီဆွန်း' က သမ္မတ 'ဆူကာနို'ရော၊ အင်ဒိုနီးရှားပြည်သူတွေရော ဒီနာမည်ကို သိပ်ပေးချင်ကြတယ်ဆိုရင်တော့ ပြည်သူတစ်ရပ်လုံးကို လေးစားသောအားဖြင့် ပေးလိုက်ပါလို့ ပြောတယ်။ ဒီလိုနဲ့ပဲ လူ့သမိုင်းမှာ နှစ်ပေါင်းထောင်နဲ့ချီသက်တမ်းရှိခဲ့တဲ့ ဒီပန်းဟာ သမ္မတကြီး 'ကင်မ်အီဆွန်း' အမည်ကို ပေးအပ်ခြင်းခံခဲ့ရတာ ပထမဆုံးအကြိမ်ပါပဲ။

ရှေးခေတ်ကတည်းက ပန်းဆိုတာ အလှအပ၊ ချစ်ခြင်းမေတ္တာ၊ ငြိမ်းချမ်းမှု၊ ဆုမွန်ကောင်းတို့ရဲ့ သင်္ကေတအဖြစ် ရပ်တည်ခဲ့တာ ကြာပါပြီ။ တချို့ပန်းတွေက သူတို့ရဲ့ ပုံပန်းသဏ္ဌာန်တွေ၊ ဒါမှမဟုတ် အရည်အသွေးတွေအပေါ် မူတည်ပြီး နာမည်ပေးကြတယ်။ တချို့ကျတော့လည်း လူ့နာမည်တွေ ပေးကြတာလည်းရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့

the bookhouse



'ပုန်ဆန်' ဆိုတဲ့ ကောင်မလေးတစ်ယောက်ကိုအမှီပြုပြီး 'ပုန်ဆန်ပန်း'ဆိုတာမျိုးရှိတယ်။

တရုတ်ပြည်မှာလည်း 'ယန်ဂွီဖိုင်' ဆိုတဲ့ပန်းဟာ တန်ခေတ်အလှအပကို အစွဲပြုမှည့်ခေါ်တဲ့ပန်းပဲ။ ပန်းမျိုးစပ်သူ၊ အပင်စုသူတွေရဲ့နာမည်တွေကို အစွဲပြုမှည့် ကြတာမျိုး လည်းရှိကြတယ်။ ဒါပေမဲ့ ခေါင်းဆောင်ကြီးတစ်ယောက်ရဲ့ နာမည်နဲ့မှည့်တဲ့ ပန်းရယ်လို့က ဘယ်တုံးကမှ မရှိခဲ့ဘူး။ လူသားမျိုးနွယ်တွေအတွက် တောက်ပတဲ့ အလုပ်အကျွေးပြုခဲ့သူ ပုဂ္ဂိုလ်ကြီးတစ်ဦးရဲ့ နာမည်နဲ့ပန်းတစ်မျိုးကို မှည့်ခေါ်တာဟာ ဒီပုဂ္ဂိုလ်ကြီးကို အထူးတလည်ဂုဏ်ပြုခြင်းရဲ့သင်္ကေတပါပဲ။ 'ကင်မ်အီဆွန်း' ဟာ ဘယ်လောက်အထင်ကရပုဂ္ဂိုလ်ကြီးဖြစ်သလဲဆိုတာ ကျွန်တော်နက်နက်ရှိုင်းရှိုင်း ခံစားမိတယ်။ ကျွန်တော်ဟာ သူ့လူ၊ သူ့ရဲ့သာဝက ဖြစ်ရတာကိုလည်း သိပ်ဂုဏ်ယူမိတယ်။

သမ္မတ'ဆူကာနို'က ဒီပန်းကို ပြုစုပျိုးထောင်ဖို့နည်းတွေရှာပြီး တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ကျွန်တော်တို့နိုင်ငံကို ပို့မယ်လို့ ကတိ ပေးတယ်။ ဒါပေမဲ့ အင်ဒိုနီးရှားမှာ အာဏာသိမ်းပွဲ ဖြစ်ပြီးတဲ့နောက် ဒီအစီအစဉ်ဟာ ပျက်ခဲ့ရတယ်။ နောက်ပိုင်းကျတော့ 'ဆူကာနို'က နိုင်ငံရေးက အနားယူခဲ့တယ်။ ဆိုဂေါ်ရုက္ခဗေဒဥယျာဉ်က ညွှန်ကြားရေးမှူးရော၊ ပန်းပင်ပျိုးထောင်သူ ပညာရှင်ရော ဘယ်ပျောက်သွားကြသလဲ အစရှာမရတော့ဘူး။ ဒါပေမဲ့ 'ကင်မ်အီဆွန်း ကိုးယားပန်း'ကတော့ ရှိနေဆဲပဲ။

အင်ဒိုနီးရှားမှာ သမ္မတ 'ကင်မ်အီဆွန်း' ကို သိပ်ပြီးလေးစားကြည်ညိုသူ တွေလည်း ရှိနေဆဲပဲ။ ကျွန်တော်က ၁၉၇၇ မှာ ကျွန်တော့်ရဲ့ အင်ဒိုနီးရှားက အရာရှိတွေကို ပန်းကို ရှာခိုင်းတယ်။ ဌာနေပြည်သူ တွေရဲ့အကူအညီနဲ့ သူတို့ရှာရပြီး ပန်းအိုးနှစ်အိုးကို ကျွန်တော်တို့ နိုင်ငံကို သယ်လာကြတယ်။ 'ကင်မ်အီဆွန်းကိုးယား' ပန်းဟာ သစ်ခွတစ်မျိုးပဲ။ ပွင့်ဖတ်အရောင်က ပန်းရောင်နဲ့ခရမ်းရောင် စပ်ကြားပဲ။ ပုံစံက ကြက်သရေရှိတယ်။ ကြော့ကြော့မော့မော့ရှိတယ်။ နှိုင်းပြမရလောက်အောင် လှတယ်။ ခံစားမျိုးစုံကို မွေးဖွား ပေးနိုင်တယ်။

အင်ဒိုနီးရှားနိုင်ငံမှာ နိုင်ငံရေးအခြေအနေပြောင်းသွားတော့ ဆိုဂေါ်ရုက္ခဗေဒ ဥယျာဉ်က ညွှန်ကြားရေးမှူးလည်း အလုပ်ကထွက်ပြီး ဟိုတယ်တစ်ခုမှာ ဥယျာဉ်မှူး လုပ်ခဲ့ရတယ်။ သူ့ကို ကျွန်တော့်လူတွေကရှာတွေ့တော့ 'ကင်မ်အီဆွန်းကိုးယား' ပန်းမျိုး လေးကို ပျိုးထောင်တဲ့ ရုက္ခဗေဒပညာရှင်ကို ထပ်ရှာကြတယ်။ ဒါပေမဲ့ ဘယ်လိုမှရှာမရဘူး။ ခြေရာကောက်လို့မရနိုင်ဘူး။ ညွှန်ကြားရေးမှူးက ကွယ်လွန်ခါနီးမှာ သူ့သားကိုတာဝန်ဆက် ပေးခဲ့တယ်။ "ငါ့သား မရရအောင်ရှာပြီး ကင်မ်အီဆွန်းကိုးယားပန်းကို သမ္မတ 'ကင်မ်အီဆွန်း' ဆီ အရောက်ပို့ပေးပါ" ဆိုပြီး ကတိတောင်းတယ်။ သူ့သားကလိုက်ရှာရင်း နောက်ဆုံးမှာ

the bookhouse

တွေ့တယ်။ အဲဒီလိုနဲ့ဒီပန်းဟာ ကျွန်တော်တို့အမိမြေကို ရောက်လာတာပဲ။

'ကင်မ်အီဆွန်းဂျီးယား' ဟာ သဘာဝအနေနဲ့ လှပတဲ့ပန်းဖြစ်ရုံမကဘူး။ သမ္မတကြီး 'ကင်မ်အီဆွန်း' ရဲ့ကြီးမြတ်မှု သင်္ကေတပြုရာလည်း ရောက်တယ်။ ဒီပန်းဟာ လွတ်လပ်ရေးခေတ်က ပြည်သူတွေရဲ့ နှလုံးသားမှာ၊ ပုဂ္ဂိုလ်ကြီးတစ်ဦးကို ဂုဏ်ပြုဖို့ ပွင့်ဖူးလာတာဖြစ်တယ်။ ပန်းမျိုးပေါင်း ဒီမြေကမ္ဘာမှာ သောင်းနဲ့ချီပြီးရှိပါတယ်။ ဒါပေမဲ့ 'ကင်မ်အီဆွန်းဂျီးယား' ပန်းလောက် အဓိပ္ပာယ်ပြည့်ဝတဲ့ပန်းတော့ မရှိပါဘူး။

ကျွန်တော်တို့နိုင်ငံကို ရောက်လာတဲ့အခါ ဒီပန်းကို ဗဟိုရုက္ခဗေဒဉယျာဉ်ကို ပို့တယ်။ ဆက်လက်ရှင်သန်ဖို့ နည်းတွေရှာတယ်။ တကယ်တော့ ရေမြေသဘာဝခြင်း မတူညီတဲ့နေရာမှာ ဆက်လက်ရှင်သန်ဖို့ မလွယ်လှဘူး။ ကျွန်တော်တို့ဆီက ပညာရှင်တွေက မဖြစ်ဖြစ်အောင် လုပ်ကြမယ်ဆိုပြီး ကြိုးစားကြတယ်။ နောက်ဆုံးမှာ တစ်သျှူးကိုင်းကူး ကိုင်းဆက်နည်းကို တွေ့ကြရတယ်။ ဒီပန်းကို ဖြီတိန်မှာရှိတဲ့ သစ်ခွမျိုးနွယ်အသင်းမှာ သိပ္ပံနာမည်တစ်ခုပေးပြီး မှတ်ပုံတင်တယ်။ ၁၉၈၀ ပတ်ဝန်းကျင်လောက်ကပေါ့။

ဒီနေ့မှာတော့ 'ကင်မ်အီဆွန်းဂျီးယား' ပန်းဟာ ဒီနိုင်ငံမှာ နေရာအနှံ့ စိုက်လို့ရလာပါပြီ။ နိုင်ငံအနှံ့ ဒီပန်းစိုက်ဖို့ ပန်းအိမ် ၃၀၀ ကျော်ရှိတယ်။

'ကင်မ်အီဆွန်းဂျီးယား' ပွဲတော်ကိုကျင်းပတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ သစ္စာစောင့်သိတဲ့လူတွေက ပုဂ္ဂိုလ်ကြီးတစ်ဦးကို ဂုဏ်ပြုတဲ့အနေနဲ့ ပန်းပင်လယ်ကြီး ဖန်ဆင်းနိုင်ခဲ့ပါပြီ။ ပန်းပြပွဲတွေ ကမ္ဘာအနှံ့ အများကြီးကျင်းပကြပါတယ်။ ရှားပါးပန်းတွေ အများကြီး ပြသကြပါတယ်။ ဒါပေမဲ့ 'ကင်မ်အီဆွန်းဂျီးယား' ပွဲတော်နဲ့တော့ မတူပါဘူး။ ဒီမှာက ပန်းတစ်မျိုးတည်းကိုပဲ ပန်းပင်လယ်ကြီးအသွင် ပြသထားတာပါ။ ရှေ့လာမယ့် နှစ်ပွဲတော်မှာ 'ကင်မ်အီဆွန်းဂျီးယား' ပန်းတစ်သောင်းပြနိုင်လိမ့်မယ်။ သိပ်ကိုခမ်းနားမှာ သေချာတယ်။

'ကင်မ်အီဆွန်းဂျီးယား' ဟာ အမျိုးသားရတနာပါ။ ကိုရီးယားပြည်သူတွေအတွက် သမ္မတကြီး 'ကင်မ်အီဆွန်း' ကို အစွဲပြုနာမည် ပေးထားတဲ့ပန်းမို့ ထာဝရပန်းပါ။ ဒီပန်းမျိုးကို မျိုးဆက်တစ်ခုပြီးတစ်ခု ဆက်ထိန်းသွားကြရမယ်။ နိုင်ငံအနှံ့စိုက်ပျိုးကြရမယ်။ ရုက္ခဗေဒ ပါရဂူတွေသာမကဘူး တစ်နိုင်ငံလုံးပြည်သူအားလုံးကပါ ဂရုတစိုက် စိုက်ပျိုးထိန်းသိမ်း ကြရမယ်။ ဒီပန်းကိုစိုက်တာဟာ ပါတီနဲ့ခေါင်းဆောင်အပေါ် သစ္စာစောင့်သိရှိသေရာလည်း ရောက်ပါတယ်။

'ကင်မ်အီဆွန်းဂျီးယား' ပန်းပွဲတော်ဟာ နိုင်ငံရေးပွဲတော်ပါ။ သမ္မတကြီး 'ကင်မ်အီဆွန်း' အပေါ်ဂုဏ်ပြုပြီး သူ့လမ်းကြောင်းကို သစ္စာရှိစွာလိုက်နာမယ်ဆိုတာကို

the bookhouse
we bring your future



ကမ္ဘာကို ခင်းကျင်းပြသလိုက်တာပါပဲ။

ပြည်သူ့တပ်မတော်ကလည်း 'ကင်မ်အီဆွန်းဂျီးယား' ပန်းကို စိုက်ပျိုးကြပါတယ်။ ဂရုတစိုက်နဲ့တယုတယ စိုက်ပျိုးပြီး ပွဲတော်မှာပြသနေပါတယ်။ တပ်မတော်က ခေါင်းဆောင်ကြီးအပေါ်မှာ မပြောင်းမလွဲ သစ္စာစောင့်သိတဲ့သာဓကပါ။ အရပ်သားတွေကလည်း တပ်မတော်သားတွေနဲ့ အချိတ်အဆက်မိမိ သစ္စာစောင့်သိကြရပါမယ်။

ကျွန်တော်တို့ရဲ့ အရာရှိတွေကလည်း "ကင်မ်အီဆွန်းဂျီးယားပန်း" ကို အောင်မြင်စွာ ပျိုးထောင်စိုက်ပျိုးကြမယ်လို့ ယုံကြည်ပါတယ်။ ဒီပန်းကတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်နဲ့ ပညာပေးစည်းရုံးကြလိမ့်မယ်လို့လည်း ကျွန်တော် ယုံကြည်ပါတယ်"

the bookhouse
we bring your future

## နောက်ဆက်တွဲ(ဂ)
## References


1. BODANSKY, Yossef - Crisis in Korea.N.Y., SPI, 1994.
2. BRADLEY, Martin - Under the Loving Care of the Fatherly Leader.N.Y., Thomas Dunne, 2006.
3. BECKER, Jasper - Kim Jong IL.N.Y., Oxford, 2006.
4. FOREIGN LANGUAGES PUBLISHING HOUSE - Kim Jong IL : Biography (1) Pyongyang, 2005.
5. FOREIGN LANGUAGES PUBLISHING HOUSE - Kim Jong IL : Biography (2) Pyongyang, 2006.
6. FOREIGN LANGUAGES PUBLISHING HOUSE - Kim IL Sung : Condensed Biography Pyongyang, 2001.
7. KIM JONG IL - On the Juche Idea. Pyongyang, FLPH , 1982.
8. KIM JONG IL - Let US Unify the Country Independently and Peacefully through the Great Unity of the Entire Nation - Pyongyang, FLPH, 1998.
9. KIM JONG IL - The Democratic People's Republic of Korea is a Juche - Oviented Socialist State with Invincible Might. Pyongyang, FLPH, 2008.
10. KIM JONG IL - Kimilsungsa is an Immortal Flower That Has Bloomed in the Hearts of Mankind in the Era of Independence. Pyongyang, FLPH, 2006.
11. TAKEO, Tagaki - Kim IL Sung : Master of Leadership, Pyongyang, FLP, 1976.
12. The Pyongyang Times Weekly
13. Democratic People's Republic of Korea 1,2,3,4 (2009).
14. ဟေယွန်ကူ - ရဲဘော်ကင်မ်အီဆွန်း၏ တော်လှန်ရေးလှုပ်ရှား မှုများ သမိုင်းအကျဉ်းချုပ်။ ရန်ကုန်၊ ကောင်စစ်ဝန်ချုပ်ရုံး (၁၉၇၅)
15. စစ်ပညာအသင်း - ကိုရီးယားတိုက်ပွဲများ။ ရန်ကုန်၊ စစ်ပညာ အသင်း (၁၉၆၀)


ဟိန်းလတ်

the bookhouse

✪ 'ကင်မ်ဂျုံအီ'၏ သက်တော်စောင့်များသည် နေ့ဘက်အချိန်တွင် ကိုက်တစ်ရာကို တစ်ယောက် စောင့်ကြပ်ကြရပြီး ညဘက်တွင် ကိုက်ငါးဆယ်တွင် တစ်ယောက်နှုန်း စောင့်ကြရ၏။



✪ 'ကင်မ်ဂျုံအီ'၏ ချူကာလီးယားဂိမ်းအစီအစဉ်တွင် ရည်မှန်းချက် နှစ်ရပ်ရှိ၏။ ပထမရည်မှန်းချက်မှာ ၂၀၁၂ တွင် မြောက်ကိုရီးယား၏ စီးပွားချမ်းသာ ကြွယ်ဝလာစေရန် စီမံကိန်းများကို အမေရိကန်က ကဖျက်ယဖျက်လုပ်ပါက စစ်ရေးအရ တားဆီးကာကွယ်ရန်ဖြစ်၏။

✪ ကျွန်တော်တို့ ပြည်သူ့တပ်မတော်ကတော့ အမေရိကန်ကို ရန်သူလို့ သတ်မှတ်ထားတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပြည်သူ တွေအနေနဲ့တော့ အမေရိကန်နဲ့ ကုန်သွယ်မှုကို လေးလေးစားစား လုပ်ကြရမယ်။ ဒါကို 'အတွင်းမာ၊ အပြင်ပျော့' မူဝါဒလို့ ခေါ်တယ်"